

www.burmeseclassic.com
လရောင်မီ
www.burmeseclassic.com

www.burmeseclassic.com

# လရောင်ချို

ဂျူကာ

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၇၃၅၀၅၀၆
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၇၃၀၀၅၀၇

၂၀၀၆ ခုနှစ်၊ မေလ၊
ပထမအကြိမ်
တန်ဖိုး - ၁၀၀၀/-
အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်စိန်(၀၁၈၀၉) ချစ်မင်းလျှံစာပေ
အမှတ်-၄၃/က၊ မယ်ခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

# လရောင်ချို



## ဂျူကာ

မောင် ကျော် လှိုင်
စေတနာစာပေ
မှ
စီစဉ်သည်။

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



ငါ့တူကျီကာ

မနှစ်က ငေါ်ရွာမှာ ဘုန်းကြီးပျံရှိခဲ့ မင်းလာလို့ပွဲပျက်ခမန်း ဖြစ်ခဲ့ပြီးပြီ။ မင်းရန်ကြောက်လို့ တို့ရွာတောင်ကျောင်းက သက်တော်ရှည်ဆရာတော်ကြီးတောင် ဂိလာနဖြစ်နေရာက ထူထူထောင်ထောင် မြဲမြဲဖြစ်နေပြီကွ။ မင်းနဲ့ ငေါ်ရွာနဲ့အဆက်မပြတ်သေးသမျှ မှာ ပျံလွန်တော်မူရဲ့တဲ့ဘဝဖြစ်နေရသကိုး။ တူမောင်ရာ…မင်းမလဲ လူတကာက ရုတ်ပုတ်ထုတ်လို့ ဘော်လီဘောကြီးလိုကိုဖြစ်လို့၊ လိမ္မာအောင် နေစမ်းပါဟတ်ကောင်ရာ။ ဒီလို ဦးကြီးကဆုံးမခဲ့ ကျွန်တော်က ချိုးတေးပြုဖြစ်နေလို့လားမသိ အတွန့်ကတက်ဦးမယ်။ မင့်ကြောင့် ခြည်မလေး၊ မယ်နွေးမှာ စိတ်ညစ်နေရရှာတယ်။ တိုင်ရှာပါတယ်

www.burmeseclassic.com



ငါ့ဆီကို လူကြုံနဲ့စာတွေပို့ပြီးတော့ တိုင်ရှာတယ်။ မင့်အမေကလည်း သူ့ရုံးအလုပ်နဲ့သူ အပေါင်းအသင်း ဘိုင်တူဘကြိုင်တွေကလွဲရင် သားသမီးဆိုတာ မလိမ္မာရင်ဆုံးမကောင်းတဲ့အရာလို့ သိပုံမပေါ် ဘူး... ဟူး...မင်းကိုဆုံးမရမဲ့စာတွေသာရေးလိုက်ရမယ်ဆိုရင် ကိုးခန်းပျို့ နဲ့မလုံလောက်တဲ့အပြင် မှန်နန်းရာဇဝင်တော်ကြီးလောက် ကို ထုထဲအောင်ရေးလိုက်ရမှာမျိုး။ ရေးရင်းနဲ့ မင်းအကြောင်းတွေး မိပြီး ငါ့စိတ်တိုလာပြီ။ ဒီနှစ်ဆယ့်ရှစ်တန်းတက်ဖို့ စာမေးပွဲဖြေပြီးရင် ငါတို့ရွာလာခဲ့ဦး နင့်ကိုပြုစုဆုံးမချင်လို့ ထားဝယ်ကြိမ်စည်းလိုက် ဝယ် ဆောင်ထားတယ်။

ဒါပဲ...

မှားလျှင်ပြင်ဖတ်၊ လက်ရေးသီးခံ

လက်ရေးမလှ၊ တို့ဘဝ

မင်းရဲ့ဦးကြီးသခံ (ညောင်မုတ်ဆိတ်ရွာ)

ဂျိုကာဆိုသော ရဲကျော်စွာထံ လွန်ခဲ့သောနှစ်လစေ့ကရောက် ရှိလာသောစာကို ဂျိုကာပြန်ဖတ်ကြည့်ရင်း ခေါင်းထဲမှာ လက်ခံ





အကြွေပေါ်သွား၏။ ဆယ်တန်းစာမေးပွဲဖြေဆိုပြီးစီးသွားချိန်လည်းဖြစ် နေသည့် ယခုအခါမှာ ဘကြီးဦးသံခဲ၏စာသည် ဂျိုကာ့အတွက် ထွက် ပေါက်တစ်ခုဖြစ်နေ၏။

သုံးနှစ်ဆက်တိုက်ဖြေဆိုရသော ဆယ်တန်းတင်စာမေးပွဲပြီးက နေရာတကာပါလေရာလုပ်တတ်ပြီး ပွလီရှုပ်တတ်တွေနှင့် ပြဿနာ ရှင်းရလွန်းသော ဂျိုကာ့ကို မိခင်ဖြစ်သူ ဒေါ်ပန်းမွှေးက အိမ်မှာ အကျယ်ချုပ်ချထားခဲ့၏။ ဒေါ်ပန်းမွှေးတစ်ယောက်တည်းနှင့် မနိုင်မနင်း ဖြစ်မှာစိုး၍ ဖခင်ဖြစ်သူ၏အစ်မ အဒေါ်ကြီးဒေါ်ယမုံ(ဝစီဝစ်များလွန်း သူ)ကို စစ်ကူခေါ်ပြီး စောင့်ကြည့်နိုင်းထားသည်မှာ ရက်သတ္တတစ် ပတ်မျှရှိခဲ့လေပြီ။ အိမ်ပြင်ထွက်ဖို့မဆိုထားနှင့် အိမ်သာထဲဝင်လျှင် တောင် နာရီနှင့်မှတ်ပြီး မျက်စိဒေါက်ထောက်စောင့်ကြည့်နေခြင်းက (ဖွေထောက်ဖွေပါသော) ဂျိုကာ့အတွက် အလွန်တရာစိတ်ညှိုးကျပ် စရာကောင်းလွန်းနေ၏။ ဖခင်ဖြစ်သူက လူအေး။ ရုံးအားရက်ဆိုလျှင် အရုပ်တစ်ခုပ်နှင့်နပ်ပြီး သူ့သဘောသူဆောင်နေတတ်သူ။

မိခင် ဒေါ်ပန်းမွှေးက စည်းကမ်းကလေးများသောအ၊ အိမ်ထောင် ဦးစီးသပြီ ဖခင်ဖြစ်သူ၏သူငယ်ချင်းတွေက သားထိန်းကောင်းခဲ့



www.burmeseclassic.com

www.burmeseclassic.com



မိန်းမဟု မကြာခဏနောက်ပြောင်တတ်ခြင်းခံရတတ်သူ။ မိခင်ဖြစ်သူရဲ့ တင်းကျပ်စွာအုပ်ချုပ်ဆုံးမမှုကို ဂျိုကာနှင့် ငါးနှစ်မျှကွာခြားပြီး မွေးလာသော ညီငယ်နှင့်ညီမငယ်တို့သာ အုပ်စည်းမပျက်လိုက်နာနိုင်ကြ၏။ သားကြီးဩရသဖြစ်သော ဂျိုကာကိုတော့ မိခင်ဖြစ်သူဘယ်လိုပင်စည်းကမ်းတင်းကျပ်ပြီး အုပ်ချုပ်ကွပ်ကဲလို့မှမရ။ မိခင်ဖြစ်သူရဲ့ ကြိမ်လုံးတွေသာ ဂျိုကာ့ကိုရိုက်ရလွန်းလို့ တစ်ချောင်းပြီးတစ်ချောင်း ကျိုးကုန်ကြ၏။ ဂျိုကာကတော့ အရင်လိုပင် ပစ်တိုင်းထောင်။

ရိုက်ရလွန်း၍ မိခင်ဖြစ်သူရဲ့လက်မောင်းတွေသာ ကိုက်ခဲသည့်ဒဏ်ပေါ်လာ၏။ ဂျိုကာကတော့ မဖြုံမတုန်။ အကြောမာချက်ကလည်း ကမ်းကုန်။ မိခင်ဖြစ်သူက ရိုက်မနိုင်၍ ပါးစပ်နှင့်တိုင်အော်တုတ်လျှင် ဆဲနည်းတစ်ခွန်းသာ ထပ်တလဲလဲထွက်လာတတ်၏။

"ဟဲ့နွား…နွားကြီး…လူလိုနားလည်အောင် ပြောဆိုဆုံးမလို့ မရတဲ့နွားလိုကျွဲလိုကောင်"

"ကျွန်တော်က ဘယ်သူ့ကိုမှ ဒုက္ခမပေးပါဘူး…မတရားမလုပ်ဘူး…မကောင်းတာမကြံစည်ပါဘူး လူတွေကိုအကူအညီပေးရင်းနဲ့ တလွဲတချော်တွေဖြစ်ကုန်ရတာပါအမေရာ အမေပြောသလို





တစ်နေ့ ကျွန်တော့်စေတနာ ကျွန်တော့်ကိုပဲအကျိုးပေးမှာပါ…ကဗျာဆရာတွေပြောသလိုဆိုရင် ကိုယ်ကျဲပက်ခဲ့ရတဲ့မျိုးစေ့တွေကိုပဲ ကိုယ်ပြန်ရိတ်သိမ်းရလိမ့်မယ်ဆိုသလိုပေါ့…ရိတ်သိမ်းတဲ့နေရာမှာ ကိုယ်မကျဲပက်မိပဲနဲ့ သူ့အလိုလိုပေါက်နေတဲ့ ပေါင်းတွေမြက်တွေကိုရောပြီး ရိတ်သိမ်းရတာတော့ ကျွန်တော်လည်းမတတ်နိုင်ဘူး၊ သိပ္ပံပညာလောက ဓာတ်ပညာ၊ ဆေးဝါးကုန်ထုတ်လုပ်မှုတွေမှာတောင် အသုံးဝင်တဲ့ကုန်ချောပစ္စည်းတစ်ခုကိုလိုချင်ရင် အဲဒီပစ္စည်းရဲ့အကျိုးဆက်အနေနဲ့ ဖြစ်ပေါ်လာတဲ့ဘေးထွက်ဆိုးကျိုးကိုလည်း တစ်ဝါတည်းလက်ခံရယူကြရသေးတာပဲ။ အမေ့သားလည်း ဒီလိုပေါ့ ကောင်းစေချင်လို့လိုက်ကူညီရာက မတော်တဆ ကမောက်ကမတွေအမြဲလုပ်လုပ်မိသွားတာ ဘေးထွက်ဆိုးကျိုးဖြစ်ဖြစ်သွားရတော့တာ"

"နင့်ကို ငါဆုံးမနေတာ…နင်ကငါ့ကိုပြန်ဆုံးမနေစရာမလိုဘူး…နင့်ကိုမွေးရတာ ဝမ်းရေစပ်တာပဲအဖတ်တင်တယ်…သားကြီးဩရသမို့လို့ မိဘတွေမှာ အားကိုးရမယ်လို့မှတ်တယ်…ဒုက္ခတွေပေါင်းများလို့ ဒီမှာကြည့်စမ်း…ငါ့မှာ ငယ်ငယ်ရွယ်ရွယ်နဲ့ လင်မုဆိုးမလို ဆံပင်ဖြူတာမြန်ကုန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါများ ရှင်းရှင်းပြောရောပေါ့ မာဓိမားသားမေမေရော…ဆံပင်ဖြူနုတ်ခိုင်းချင်လို့ ကျွန်တော့်ကို တမင်ဆူနေတာမဟုတ်ဝ်လား…အဲဒါလည်း စေတနာပဲအမေရ…အမေဆံပင်ဖြူပေါက်တာများလို့ ခေါင်းယားတိုင်း ကျွန်တော်နုတ်ပေးနေရရင် အမေထိပ်ပြောင်ကြီးဖြစ်သွားလိမ့်မယ်…အခုတောင် ငယ်ထိပ်မှာ ဆံပင်တွေကျဲပြီး ကွက်ချင်ချင်ဖြစ်နေပြီ အဲ့ဒါကြောင့် မနုတ်ပေးတာပါဗျာ"

"ငါမေ့တယ်…ဘေးလူမပြောနဲ့ နင့်ကို ငါတောင် တစ်စစီဆွဲဖြဲပစ်ချင်တယ်…နင့်ကိုဆံပင်ဖြူနုတ်မပေးလို့ဆူနေတာမဟုတ်ဘူး၊ လမ်းထိပ်က ကြက်ကင်ရောင်းတဲ့ ခါတမာဘီရဲ့ခါးကို ယောင်တတ်မှန်းသိရဲ့နဲ့ နင်ဘာလို့လက်နဲ့သွားတို့ပြီးစ,ရတာလဲ…အဲဒါကို ငါဆူဆဲပြီးဆုံးမနေတာဟဲ့"

"အဲ့ဒီအကြောင်းကို ကျွန်တော်ရှင်းပြပြီးပြီပဲ…ခါတမာဘီကိုက နမော်နမဲ့နိုင်တာ…ကြက်ကင်ကင်ရင်းနဲ့ သူ့ခါးမှာ ဒိုးထားတဲ့ လက်သုတ်ဝတ်ကို မီးစွဲပြီး လက်သုတ်ဝတ်မီးပေါက်နေတာ ခါတမာဘီမသိဘူး၊ မီးထလောင်ခံရမှာစိုးလို့ ကျွန်တော်က လက်သုတ်ဝတ်မှာ မီးပေါက်နေတာကို လက်နဲ့အမြန်လှမ်းပြီး ဖျစ်ညှစ်မီးသတ်ပေး





လိုက်တာ ဖြစ်ချင်တော့ ခါတမာဘီရဲ့ခါးကို လက်ကသွားထိမိရော…အဲ့ဒီမှာတင် ကုလားလိုရောပြီး ထယောင်ပြီး သူ့ခါးကို သူ့လက်နဲ့ပွတ်လိုက်တာ မီးငြိမ်းသွားတယ်။ ကျွန်တော်က ရှင်းပြတယ်…သက်သေပြစရာ မီးက သူ့လက်နဲ့ယောင်ပြီးပွတ်သပ်မိလို့ ငြိမ်းသွားပြီ…အဝတ်ကိုမီးစွဲတဲ့ညှော်နံ့တလည်း ကြက်ကင်ဆီအထပ်ထပ်ပေနေတဲ့အဝတ်စုတ်မို့ ကြက်ကင်နံ့ပဲထွက်နေတော့ ခါတမာဘီက လောင်တယ်ကိုမထင်ဘူး…မီးပေါက်ရာကိုပြတော့ အစကတည်းက သူ့အဝတ်စုတ်က မီးပေါက်ရာပလပ္ပနဲ့ဖြစ်နေရော အဲ့ဒီမှာတင် အထင်လွဲပြီး ခါတမာဘီက အမေ့ကို လှမ်းကြုံတာနဲ့တိုင်လိုက်တော့တာပဲ"

"အဲ့ဒါ နင်အနေမတော် အထိုင်မတော်တာပေါ့…သူ့ဘာသာ အဝတ်စုတ်မီးစွဲလောင်ရုံမကလို့ တစ်ကိုယ်လုံးပဲကျွမ်းလောင်ပြာကျနေပါစေ နင်နဲ့အနေသာကြီး…ဟော့ဒီရပ်ကွက်နဲ့ ဒီလမ်းထိပ်က နင့်ဆိုအကောင်းမြင်ကြတာမဟုတ်ဘူး…နင်ကလဲ ဖြစ်လိုက်ရင် ဘာမှမဟုတ်တဲ့နကို ဟိုးလေးတကြော်ကြော်…ဟိုတလောကလဲ လမ်းပေါ်မှာ ဘောလုံးကန်ကြတဲ့ကလေးတွေ ရမ်းသမ်းကန်လို့ ဘောလုံးက ဗိုက်ကြီးသယ်သွားမှန်တယ်…အဲ့ဒါကို ဘောကန်တာထိုင်ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



တယ်. . နင်က နင်ကန်လို့မှန်တာမဟုတ်ဘဲနဲ့ ဘာကိစ္စကြောင့် ဗိုက်ကြီးသယ်ရဲ့ဗိုက်ကို ပြေးမွတ်ပေးရတာလဲ''

''ဗိုက်ထဲကကလေးကို ထိမှန်သွားတယ်ထင်ပြီး သနားသွားလို့ပါ''

''အဲဒါတွေကြောင့် နင်ပြဿနာတက်ရတာပေါ့ . . . ဗိုက်ကြီးသည်က သူ့ကိုမဟုတ်မဟုတ်တာလုပ်ပါတယ်ဆိုပြီး ရုံးတိုင်လို့ ငါတို့မှာ လိုက်ရှင်းလိုက်ရတာလေ. . တော်သေးတာပေါ့ ဗိုက်ကြီးသယ်ရဲ့ယောက်ျားက ဦးနောက်ရှိတဲ့လူမို့ ခွင့်လွှတ်ကျေအေးပေးလိုက်လို့ပေါ့ . . . နို့မို့ကတော့ နင်အကြီးအကျယ်ဒုက္ခရောက်ပြီမှတ် . . .''

''အမေကလဲဗျာ . . .''

''အမေကလဲဗျာမနေနဲ့ . . . ဒီနေ့ကစပြီး အိမ်အလုပ်ဝင်ကူလုပ် လုပ်စရာမရှိရင် ခြံထဲမှာအမှိုက်ရှင်း၊ ဘာအလုပ်မှလုပ်စရာမရှိရင် အိမ်ထဲက အိမ်ပြင်မထွက်ဘဲ အေးအေးဆေးဆေးထိုင်စားနေ''

အမေ့ကိုယ်စား ဒေါ်မျှစ်တောက်ဘွဲ့ရထားသော အန်တီယမုံက ဝင်ပြောလာခြင်းပင်။ နှစ်ဘက်ညှပ်ပိတ်တိုက်စစ်ဒဏ်မခံနိုင်၍ သူ လက်နက်ချသလို မာန်ချပြီး ငြိမ်ငြိမ်နေပေးလိုက်ရ၏။ အကျယ်ချုပ်





ခြင့် ထွက်ပေါက်ပိတ်နေသည့်ဘဝမှာ အိပ်ခန်းထဲဝင်ပြီး ဟိုလှန်ဒီမှ လုပ်နေရာမှ ကျောင်းစာအုပ်ကြားထဲက ဘကြီးဦးသံခဲစာကို တွေ့လိုက်ရသောအခါ ဝမ်းသာအားရဖြစ်သွားမိ၏။

မိခင်ဖြစ်သူကို တပြပြီး မြို့ပြရဲ့မွန်းကျပ်မှုတွေနှင့် ကင်းဝေးရာ သီးသန့်ကမ္ဘာဖြစ်သော မိခင်ဇာတိရွာလက်တောရွာဆီ စိတ်ပြေလက်ပျောက်ခရီးနှင်ဖို့ခွင့်ယန့်မိ၏။ ဂျိုတွာ့အကြောင်းကိုသိနေ၍ မိခင်ဖြစ်သူက ခါးခါးသီးသီးငြင်း၏။ အန်တီယမုံကလည်း အဆိုးဆုံး တူသားကိုပင် အချစ်ရဆုံးမို့ ဂျတ်ကွယ်ရာတိုပေးမလွှတ်စေချင်။ ဖခင်ဖြစ်သူထံအပူကပ်သောအခါ

''နွေရာသီကျောင်းပိတ်တာပဲ ဒေသန္တရဗဟုသုတရအောင် လှုငယ်ဆိုတာ ခရီးထွက်ပေးရတာပဲ . . . လွှတ်လိုက်ပါမပန်းမွေး ရယ် . . .''

''တော်ဘာသိလို့လဲ . . . တော့်သားက ဒီမှာတောင်ထိန်းရခက်နေတာ . . . တမြန်နှစ်က ညောင်မှတ်ဆိတ်ကိုပို့ပေးတုန်းက အဲ့ဒီမှာ ကသောင်းကနင်းတွေဖြစ်ကုန်တယ်လေ . . . အဲဒါရှင့်သားကြောင့်ဆိုပြီး တစ်ရွာလုံးကလက်ညှိုးထိုးလွှတ်လိုက်ကြတယ်။ မိပန်းမွေးတို့က ရွာမှာ



www.burmeseclassic.com

www.burmeseclassic.com



ထော်ထော်ထထတည်းက ဘယ်သူ့မှနေနေကြည့်တာတောင်ခံခဲ့တာမဟုတ်ဘူး…ဒီသားကြမှ အပြောအဆိုခံရတာတော့ ရင်ရောကျော့ပါနော တယ်…မလွှတ်ဘူး…တော်ရွှားအကြောက လွှတ်လို့ကိုလုံးဝမဖြစ်ဘူး"

"မင်းတယ်စက်ပါလား…လူ့လောကအတွေ့အကြုံယူတဲ့နေရာမှာ မှားမိတဲ့အခါလည်းရှိချင်ရှိမှာပေါ့ကွ…နောက်တော့ သူ့အသိစိတ်ခေတ်နဲ့သူ ပြင်သွားမှာပေါ့…ငါတို့သားက မိုက်ရိုင်းဆိုးသွမ်းနေတာမှမဟုတ်တာ…ဒီကောင့်အကျင့်နဲ့ စိတ်ကိုက ပျော်ပျော်နေတတ်ပြီး လူတစ်ဖက်သားကိုကူညီချင်တတ်တာမျိုးပါ…အဲဒါကို လူတွေကသဘောမပေါက်ဘူး…ဒီကောင့်လုပ်ရပ်တွေ လွဲချော်သွားတဲ့အပေါ်မှာပဲ အပြစ်တင်ကြတယ်…ဒီမှာဟော့ တရုတ်စကားပုံတစ်ခုရှိတယ်…လဲကျတဲ့နေရာကနေပြန်ထပါတဲ့…လဲတဲ့အတိုင်းလေးဖက်ထောက်သွားပြီးမှ တခြားနေရာကပြန်ထရင် ပိုအရှက်ကွဲဦးမယ်…မင်းသား အဲဒီမှာ စေတနာတွေလွဲချော်ခဲ့ရတယ်မဟုတ်လား…အဲဒီကလူတွေရှေ့မှာတင် အဲဒီလွဲချော်မှုမျိုးတွေဆင်ခြင်ပြီး စေတနာလုပ်ရပ်အသစ်တွေနဲ့ အဲဒီလူတွေရဲ့ချစ်ခင်အားပေးမှုကို ပြန်တည်ဆောက်ရှင်ပြုလိုက်စမ်းပါ"





ဂျိုကာက ဖခင်ဖြစ်သူရဲ့စကားကို လက်ခုပ်တီးပြီးထောက်ခံလိုက်၏။ မိခင်ဖြစ်သူက မဲ့ရွဲ့ပြီး

"ရှင် အဲဒီလိုကျွစ်ကျွစ်အလိုလိုက်…နမ်းတစ်ခုစ်နိုက်စားတာကိုမရိုက်မိလို့ နောင်တရမဲ့အပြစ်မျိုးတွေဖြစ်လာလိမ့်မယ်…ရှင်ဟာလေ အပြစ်လုပ်လာရင် ဆုံးမစကားကို ဒီလောက်ရှည်ရှည်ဝေးဝေးမပြောဘူး…ဒီလိုနေရာမျိုးကြရင်တော့ ကရားရေလွှတ် တလွှတ်လွှတ်ပြောတတ်ပါ့တော်…ရေမဲတုံးက မီးပွားထပေါက်သလို ယုံနိုင်စရာတောင်မရှိဘူး…"

အန်တီယမုံကပါ–

"မင်းသားကို သိပ်မမြှောက်စားနဲ့အောင်လေး…မင်းသားက လွှတ်ချင်နေပြီ…အချိန်မီထိန်းတာတောင် စော်ကားမကြဘူး…ညောင်မှတ်ဆိတ်ရွာက ဘုန်းကြီးပျံမှာ မင်းသားလုပ်ပုံကောင်းသလား။ ဘုန်းကြီးပျံမှာ မျောက်ပွဲလာပြတဲ့လူနဲ့ မင်းသားက အလောင်းအစားသွားလုပ်တယ်လေ…မျောက်လက် မီးတုတ်အစ်လိုက်သလိုပဲဆိုတဲ့စကား ဘိုမယုံဘူး…မျောက်ကမီးကြောက်တယ်…မီးတုတ်တောင်ကိုင်ရဲမှာမဟုတ်ဘူးဆိုပြီး မင်းသားကသွားပြင်းတော့ မျောက်သခင်က မီးတုတ်



www.burmeseclassic.com

www.burmeseclassic.com



ဖြီး ဝေသောင်းချွေးဟစ်ပြီး သူ့မျောက်ကို မီးတုတ်ကိုင်နိုင်းလိုက်တာ ဘာပြောကောင်းမလဲ ဘုန်းကြီးပုံ့က ယေင့်ကျူးလို့ကောင်းနေတုန်းပဲ ရှိတယ် မီးတုတ်ကိုင်ထားတဲ့မျောက်က လောင်တိုက်ပြဿဒ်တွေရော ယေင့်ကျူးတဲ့မဏ္ဍပ်တွေရော ပွဲခင်းတွေထဲရော…ကောက်ရိုးပုံတွေရော အကုန်ပတ်ပြေးပြီး မီးရှို့သလို မီးတုတ်နဲ့ဝှေ့ယမ်းသွားခဲ့လို့ အကုန်မီးလောင်ကုန်ရော…ယေင့်ကျူးတဲ့မင်းသမီးတောင် ပဝါနဲ့ဆံပင်တွေ မီးစွဲပြီး ကတုံးတုံးရတဲ့ ကတုံးမဘာဝကိုရောက်သွားရတယ်… ပွဲခင်းထဲလည်း ရုတ်ရုတ်သဲသဲ အုတ်အော်သောင်းတင်းဖြစ်ကုန်ပြီး လဲသူလဲ၊ ကွဲသူကွဲနဲ့ အကုန်ထိတ်လန့်ကြောက်ရွံ့ကုန်ကြရတော့တာပဲ…တော်သေးတာပေါ့ ကိုသံခဲကြီးကောင်းလို့ ရွာမှာ ဥက္ကဋ္ဌဆိုတော့ ဖြစ်ရတဲ့အကြောင်းကို စုံစမ်းရင်းနဲ့ ကိုယ့်လူပါနေတော့ ဖုံးဖုံးဖိဖိနဲ့ လျှော်ကြေးတွေပေးလိုက်ရတာ လောင်တိုက်ပြဿဒ်တွေအမြန်ပြန်ဆောက်ပေးရတယ်…ဆရာတော်ရှင်ကဿပလည်း ဘာမှမဖြစ်သွားအောင် ဒကာတွေစောင့်ရှောက်နိုင်လိုက်ကြလို့ပေါ့…နို့မို့ကတော့ မင်းသား ထောင်နန်းစံရက်ဒိမ်းပဲ…နေရာကကာ ပါလေရာဂျိုကာရဲ့ လုပ်ပုံတွေလေ…မလွှတ်ပါနဲ့ငါ့မောင်ရယ်…"





"အန်တီကလည်း အမေပြောတာ အကုန်ယုံတယ်…အဲ့ဒီတတ်လမ်းကို အမေပြောပြထားတာမဟုတ်လား…ပြောတိုင်းယုံရင် ပေါက်သင် ညီဖြစ်တတ်တယ်ဗျ…ကျွန်တော်က မျောက်ဆရာနဲ့ လောင်းရုံတင်လောင်းလိုက်တာ…မျောက်ဆရာက သူ့မျောက် မီးတုတ်ကိုင်ရင် ဘာမှမဖြစ်စေရဘူးဆိုပြီး အာမခံတယ်လေ…မျောက်လက်မှာ မီးတုတ်ကိုတောင် ကြိုးနဲ့မြဲမြဲချည်ပြလိုက်သေးတယ်…အဲ့ဒီမှာတင် မျောက်လည်း ထိတ်လန့်ပြီးလောင်ပြီး သူ့သခင်ကိုပြန်ကုတ်ပြန်ကိုက်ပြီး အတင်းထွက်ပြေးတော့တာပေါ့…အဲ့ဒါ မျောက်ဆရာကြောင့်ဖြစ်ရတာ…ကျွန်တော့်ကြောင့်မှမဟုတ်တဲ့"

"ကိုတုတ်ပကြီးမောင်ဂျိုကာရယ် မင်းပယောဂပါလို့ တစ်ရွာလုံးကမင်းကို အစုထက်ထိအဖြစ်မြင်နေကြတာပေါ့ဟဲ့…မင်းဦးလေး ကိုသံခဲလျှော်လိုက်ရတာတင် သိန်းဂဏန်းကျော်တယ်…မျော တော သူ့ရွေးမှိုခံသာတာပေါ့…ဒီလိုမှမဟုတ်ရင် ဟင်း…ခင်းဓာ၂၇ ဘယ်လိုစခန်းသွားနေရမလဲဆိုတာ မြင်စမ်းစေရှင်သေးတယ်"

ဖခင်ဖြစ်သူလည်း စပ်ဖြုံးဖြုံးလုပ်ပြီး ဂျိုကာ့ကို ပနံးတွန့်ပြလိုက်၏။ ပြောလို့မနိုင်၍ လက်လျှော့လိုက်ပြီပေါ့။ ဖခင်က တအုပ်



www.burmeseclassic.com

www.burmeseclassic.com



ဆက်ဖတ်နေ၏။ ဂျိုကာက ခေါင်းတညိတ်ညိတ်လုပ်ပြရင်း

"ဒါဆိုလဲ ကောင်းပါပြီဗျာ…ကျွန်တော့် ဂျိုကာ အပိုမဆလာတွေမပြောတော့ဘူး…အမေနဲ့အန်တီပြောသလိုသာ ငြိမ်ငြိမ်ကလေးနေပေးမယ်…ပစီပစင်ဗျစ်တောက်ဗျစ်တောက်တွေမဆူကြပါနဲ့တော့ အိမ်ရှေ့ရင် လာဘ်တိတ်လို့ပါ"

မိခင်ဖြစ်သူပြောနေကြအတိုင်း "အိမ်ရှေ့ရင်လာဘ်တိတ်တယ်" ဆိုသည့်စကားဖြင့် ကပ်နိုင်ပြီး အိပ်ခန်းထဲဝင်အောင်းနေလိုက်၏။ ညဖက်ရောက်သည်အထိ နှစ်နှစ်မြိုက်မြိုက်အိပ်ချလိုက်၏။ အိပ်ရေးဝမှ ညဘက်လုပ်ငန်းစလို့ရမှာကိုး။

* * *





တံခါးလာထုနှိုးမှ နိုးလာ၏။ အန်တီယမုံက ထမင်းစားဖို့လာခေါ်ခြင်းပင်။ ဟန်မပျက် ထမင်းထွက်စားလိုက်၏။ ညရှစ်နာရီထိုး။ အိပ်ခန်းထဲပြန်ရောက်သောအခါ အဝတ်အစားတွေအိတ်ထဲသွပ်သည့်လိုက်၏။ လက်ပတ်နာရီ၊ ဟမ်းချိန်း၊ လက်စွပ်တွေဝတ်ဆင်ထားလိုက်၏။ ကိုးနာရီခွဲခန့်မှ တံခါးဟပြီးချောင်းကြည့်လိုက်တော့ မိသားစုအားလုံး အငြိမ့် C.D ထိုးကြည့်ပြီး တဝါးဝါးတဟားဟားရယ်နေကြ၏။ အားလုံးအလစ်မှာ မီဘနစ်ပါးအိပ်သည့်အခန်းထဲ လှစ်ခနဲဝင်လိုက်၏။ ဘီရိုအံဂုက်ထဲမှ မီးခံသေတ္တာသော့ကိုနှိုက်ယူလိုက်ပြီး မီးခံသေတ္တာကို အမြန်ဖွင့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မီးခံသေတ္တာသော့ထားနေကြနေရာကို လျှို့ဝှက်ထားသော်လည်း ဂျိုကာကတော့ သိနေပြီးသားပင်။ မီးခံသေတ္တာထဲမှ ငွေသားတစ်ထပ်ကို အကျီထဲဝှဖောင်းသွားအောင် ထိုးထည့်လိုက်၏။ နောက်အထပ်မှ ငွေသားတွေ ရှေ့တိုးပြည့်ထားလိုက်၏။ ရုတ်တရက်ကြည့်လျှင် ငွေတွေလျော့နေပုံမပေါ်တော့။ လက်ဝတ်ရတနာတွေထည့်ထားသော ဘူးတွေကိုဖွင့်မကြည့်တော့။ ဂျိုကာလိုချင်တာက ငွေ။

ဂျိုကာလက်ထဲမှာ ငွေသုံးသိန်းထောက်ပါလာ၏။ မိခင်ကို ကြိုတင်အပ်ထားသော ငွေသုံးသိန်းကို ပြန်လည်ထုတ်ယူသွားပြီဖြ ကြောင်း ရေးထားသည့် စာတိုလေးကို မီးခံသေတ္တာထဲ ထည့်ထား ခဲ့လိုက်လေသည်။ မိခင်ဖြစ်သူ မီးခံသေတ္တာဖွင့်ကြည့်လျှင် စာဖတ်မိ ပြီး နားလည်သွားပါလိမ့်မည်။ ငွေသုံးသိန်းကို သည်အတိုင်း ပြ တောင်းနေလျှင် ဘာလုပ်ဖို့လဲ၊ ဘာကိုင်ဖို့လဲနှင့် မေးမြန်းလာမှာစိုး သောကြောင့်ဖြစ်၏။ ဤငွေသုံးသိန်းမှာလည်း ဂျိုကာ ရရှိခဲ့သည့် မုန့်ဖိုးတွေကို တစ်နေ့နည်းနည်းဖြင့် မိခင်ထံ အပ်နှံ ကာ စာရင်းမှတ် စုထားခြင်းဖြစ်သည်။

သော့ကို ပုံစံမပျက်ပြန်ထားပြီး အိပ်ခန်းထဲက ပြန်ထွက်လာ





လိုက်၏။ မိခင်နှင့် အဒေါ်ဖြစ်သူတို့မှာ ဂျိုကာငြိမ်သွား၍ စိတ်ချမ်း သာသွားကြပြီး စိတ်လိုလက်ရ ရယ်မောနေကြသည်မှာ ပါး...ခ်တွေ နားရွက်တက်နိုတ်မတတ်ပင်။

ဂျိုကာ ကိုယ့်အခန်းထဲပြန်ရောက်သည်နှင့် အိတ်ထဲကိုငွေတွေ ဝစ်ထည့် စေ့ပိတ်ပြီး စာအမြန်ရေးကာ အခန်းတံခါးရှေ့မှ တိတ်နှင့် ကပ်ထားလိုက်၏။ ပြီးလျှင် အခန်းတံခါးကိုလော့ခ်ချလိုက်၏။ ဂျိုကာ ကပ်ထားသောစာမှာ-

(ယနေ့ည အားရအောင်အိပ်ချင်၍ အိပ်ဆေးသောက်အိပ်ထား သည်။ မနက်ကိုးနာရီအထိ မည်သူမှမနိုးပါရန်။ အရေးကြီးလို့နိုး လည်း လုံးဝထမည်မဟုတ်ပါ။

ပုံ/ ဂျိုကာ)

အခန်းထဲမှ ပြတင်းတံခါးကိုဖွင့်လိုက်၏။ သံပန်းတံခါးချိတ် တွေကို ဂျိုကာ့ဘာသာ မူလီပြန်လျော့ထားပြီး အရှင်လုပ်ထား၏။ တစ်ထပ်တိုက်မို့ ပြတင်းကကျော်ဆင်းလိုက်တာနှင့် ခြံထဲရောက်ပြီ။ ခြံထဲရောက်တော့ ခြံစောင့်ရန်လုံက ဝုတ်ခနဲဟောင်ပြီး လှစ်မ်းအမှတ်



www.burmeseclassic.com

နှင့် ကိုက်ခဲဖို့ပြေးလာ၏။ လေချွန်သံတိုးတိုးလေးပေးမှ သခင်မှန်းသိပြီး အမြီးလေးလှုပ်ယမ်းကာ တအီအီနှင့်နှုတ်ဆက်ရှာ၏။

ခြံရှေ့ကထွက်လျှင် အိမ်ထဲကလှမ်းမြင်နိုင်၏။ အုတ်တံတိုင်းစည်းရိုးကိုကျော်ထွက်လိုက်၏။ မြောင်းခြားထားသောလမ်းကြားဘေးသားပေါ် အသာကပ်မှေးလျှောက်ပြီး လမ်းသွယ်ရောက်အောင်လာရ၏။ အဝတ်အစားအိတ်ကြီးနှင့်မို့ အိမ်နီးချင်းတွေအမြင်ခံလို့မဖြစ်။ နေတိုးဦးထုပ်က လျှာရှည်ရှည်နှင့်မို့ ခပ်ငိုက်ငိုက်ဆောင်းပြီး လမ်းသွယ်အတိုင်း လမ်းထိပ်ရောက်အောင်ထွက်လာလိုက်သည်။

လမ်းထိပ်မှာတော့ လူစည်၏ အသိအကျွမ်းပေါ၏။ ထို့ကြောင့် လမ်းထိပ်မရောက်ခင်ထိုးထားသော (ကက)တစ်စီးကိုငှားစီးလိုက်၏။ သူငယ်ချင်းတွေ ယခုအချိန်ထိုင်တတ်ရာ ဂိမ်းစင်တာစနက်ဘားဆီအငှါးကားဖြင့်ရောက်အောင်လာလိုက်၏။ ထင်သည့်အတိုင်းပင် ဂိမ်းဆော့ပြီး အဆောမြေသွပ်မျိုနေသည့်

ဥက္ကာလင်းထွန်းနဲ့ ဒီဘရစ်တို(ခေါ်) ငပေါ် (ခ) မင်းရဲသီဟတို့နှစ်ယောက်ကိုတွေ့လိုက်ရ၏။ ဥက္ကာလင်းထွန်းက ဖက်တီးကပ်စီး၊ မင်းရဲသီဟက အဘိုးပေါ်တူဂီလူမျိုးမို့ ဒီဘရစ်တိုနာမည်ရထားသူ၊





ကျောင်းအမည်ကို မြန်မာမိခင်က မင်းရဲသီဟဟု ပေးထား၏။ သူငယ်ချင်းအချင်းချင်းကတော့ ပေါ်တူဂီသွေးပါလို့ ပေါ်တူဂီလို့စခေါ်ရာကနောက်တော့ အတိုကောက် 'ငပေါ်'လို့သာခေါ်ဖြစ်ကြတော့၏။ (ငပေါ်=ပေါ်တူဂီ=ဒီဘရစ်တို=မင်းရဲသီဟ)

ဒိုမိနိုနှင့် အဆော့တစ်ကိတ်တွေ စားသောက်နပ်နေကတည်းက ဒကာတော်ရေမြေ့ရှင်မှာ ငပေါ်မှန်း ဂျိုကာအတပ်သိလိုက်၏။ ဥက္ကာလင်းထွန်းဆိုလျှင် ရေခဲရေလောက်နှင့်ပွဲပြီးမည့်သူ။ ဥက္ကာတို့က မျိုးနှင့်ရိုးနှင့်ကို ကပ်စေးနည်းကော်တရာတွေ။ နပ်ချိုးတိုင်ငပိလှုပ်စားကြသူတွေ။

"ဟာ…ဒီည မင်းမလာတော့ဘူးထင်နေတာ…အရင်နေ့တွေလည်း ပျောက်ချက်သားကောင်းနေတယ်…ပူလိုက်ရတာသူငယ်ချင်းရာ…ချီကားတိုက်လို့ ရေခဲတိုက်ထဲများရောက်နေသလား လို့တောင်ထင်နေတာ"

ဂျိုကာ့တိုစတွေ့တာနှင့် အပြောနှင့်ဒေါက်ဖြုတ်လိုက်သူကဥက္ကာ။ ငပေါ်က လက်ဝါးထောင်မြှောက်ပေး၏။ ဂျိုကာက လက်ဝါးချင်းရိုက်ပြီး ဝင်ထိုင်လိုက်ကာ

www.burmeseclassic.com



"အချိန်သိပ်မရှာဘူး…ဒီညတွင်းချင်း ငါခရီးထွက်မလို့ မင်းတို့လိုက်ကြမလား"

"ဟ‥ဘယ်လိုဖြစ်လာရတာလဲ…မထိတ်သာမလန့်သာရှိလိုက်တာ"

"ဘာမှဖြစ်မလာဘူး…ငါဦးကြီးရဲ့ရွာကို သွားလည်မလို့ကွာ အဲဒါ ငါ့အိမ်ကပေးမသွားဘူး…အဲဒါနဲ့ ခရီးစရိတ်သုံးသိန်းယူပြီး အလ ၁စ်မှာ ခိုးထွက်လာတာ…ငါ့ဦးကြီးရွာက တကယ်ပျော်ဖို့ကောင်းတ ယ်… မြို့ပြမှာပျော်ရတဲ့အပျော်နဲ့ တခြားစီပဲ…ရွာနောက်မှာ ဒ ခနောက်ရိုးမ တောင်တန်းကြီးရှိတယ်…ရွာက တောင်ခြေနဲ့ မလှမ်းမကမ်းမှာတည်ထားတာ…ချောင်းတွေမြောင်းတွေလည်းရှိတယ်။ အင်းတွေအိုင်တွေလည်းရှိတယ်…သဘာဝအလှအပတရားတွေ အပြည့်အစုံခံစားနိုင်တဲ့နေရာပေါ့ကွာ အဲဒီအရသာကို ခံဖူးရင် မင်းတို့ဘဝမှာ တစ်သက်မမေ့နိုင်စရာဖြစ်သွားလိမ့်မယ်…ပေါက အမဲလိုက်ဝါသနာပါတယ်မဟုတ်လား…ရွာမှာ မုဆိုးတွေရှိတယ်…စိတ်ကြိုက်လိုက်စမ်း…အနောက်ရိုးမတောင်တန်းနဲ့ တောမြိုင်ဂနိုင်ကြီးမှ ဟီးဟီးထနေတာပဲ…တောင်သုံးလေးလုံးကျော်လိုက်တာနဲ့ သားကောင်တွေ





ဘာပေါသလဲမမေးနဲ့ ဂေါ်ဇီလာနဲ့ ကင်းကောင်တောင် ပစ်ဖမ်းလို့ရတယ်"

"အဲဒါတော့ ပိုလွန်းအားကြီးသွားပြီ…လေနည်းနည်းလျှော့ဦး ဂျိုကာ…"

"ရှူး"

"အေး…ပုံမှန်အတိုင်းပြော…တော်ကီရှော့(ပ်)တွေလုပ်မလာနဲ့နော်"

"ဘလက်(ခ်)ကော်ဖီပဲမှာကွာ"

"ဥက္ကာက ဓကာခံနေတာကွ…သူကြီးဒေါ်ကြီးဆုံးသွားတာ ဘဲ့လို့ဆိုပြီး ဓကာခံနေတာ‥အမွေရလိုက်လို့လေ…"

"တော်တော်ချစ်ဖို့ကောင်းတဲ့ တူသားနောင်မယ်ပါလား… ဆိုရင်တော့ ဒီလောက်နဲ့ဘယ်ဖြစ်မလဲ ပျော်ပွဲစားရုံလစ်ကြမယ် "

ဂျိုကာနှင့် ပေါက်တို့ အပြန်အလှန်ပြောနေကြစဉ် ဥက္ကာကဝင်

"စေတနာပျက်အောင်မလုပ်ကြနဲ့…ဒါနဲ့ပဲ ရောင့်ရဲတင်းတိမ်…



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့သတင်းစာမဖတ်ကြဘူးလား…မြို့မြဲချေတာခြင်းဟာလည်း ဓါးလာတစ်ပါးပဲကွ"

ငပေါက အစာမကြေ လေချဉ်တက်ဟန်ဖြင့် 'ဂေ့'ခနဲလုပ်ပြ၏။ ဂျိုကာက

"ဒါတွေအရေးမကြီးပါဘူးကွာ…ငါ့ဦးကြီးရွာကို မင်းတို့ အလည်လိုက်မယ်မဟုတ်လား…မင်းတို့နှစ်ယောက်စလုံး တကယ့် ကျေးလက်တောရွာမျိုးလေးတွေဆီ ပီပီပြင်ပြင်ခရီးထွက်လေ့လာချင် တယ်လို့ စာမေးပွဲမဖြေခင်ကပြောခဲ့တာလေ မှတ်မိသေးလား"

"မှတ်မိပါတယ်…ပင်လယ်ကမ်းခြေတွေ၊ နယ်စပ်မြို့တွေ ဘုရားစုံဖူးတဲ့ခရီးစဉ်တွေ အထူးအဆန်းနေရာမျိုးစုံတွေ မြန်မာပြည်မှာ မရောက်ဖူးတဲ့နေရာ ကုန်သလောက်ဖြစ်အောင်အစုံရောက်ဖူးနေပြီ… မင်းပြောတဲ့ ကျေးလက်ခရီးတော့ ငါတို့နှစ်ယောက်မရောက်ဖူးကြသေး ဘူးကွ…တကယ်ပီပြင်တဲ့ကျေးလက်တောရွာမျိုးကိုပြောတာနော်"

"ဘာ့ပီပြင်သလဲမမေးနဲ့…ရောက်ဖူးသွားရင် သိလိမ့်မယ်"

"အမဲပစ်လို့လည်းရတယ်နော်"

"အမဲပစ်ရုံတင်မဟုတ်ဘူး…ငါးရှာ၊ ပုစွန်လုံးနှိုက်၊ စိမ့်စမ်း





ရေထဲမှာ ရေဆင်းကူး၊ လှည်းစီး၊ လှေစီး၊ ကောက်ရိုးပုံကြီးပေါ်တက် ပြီး ဂျမ်းထိုး…ကြိုက်သလိုပျော်လို့ရတယ်ကွာ…ပျော်စရာတွေမှ တစ်ပုံ ကြီးပဲ…သဘာဝကျကျပျော်ရတာမျိုးလေးတွေပေါ့"

"စိတ်ဝင်စားတယ်ဂျိုကာရာ ဒီညသွားမှာဆိုတော့ ဖုတ်ပူမီး တိုက်ကြီး ဘာမှမပြင်ဆင်ရသေးဘူး…ဘာနဲ့သွားမှာလဲ"

"မင်းအိမ်ကဂျစ်ကားနဲ့ပေါ့…မင်းမိဘတွေ နိုင်ငံခြားမှာ အလုပ်လုပ်နေကြတယ်…မင်းကို အုပ်ထိန်းဖို့ထားတဲ့ ဦးလေးလင် မယားကိုလည်း မင်းကပြန်အုပ်ချုပ်နေတယ်ဆိုတော့ မင်းမိဘတွေပိုင် တဲ့ဂျစ်ကားအသစ်ကျပ်ချွတ်ကြီးကို မင်းခြေမင်းလက်နဲ့ မင်းကိုယ်တိုင် မောင်းပြီးလိုက်ခဲ့ရင်ပြီးရောပေါ့ ငပေါ်ရာ"

"ကောင်းကွာ…ဆိုဖို့တော့ မင်းမျှခံရမယ်နော်"

"အသေးအမွှားတွေလာမပြောနဲ့… ရေသုံးပုံးလောက်ကလေး ပဲခပ်လာခဲ့တယ်…ဒီကောင်ဥက္ကာသာလိုက်ဖြစ်မလိုက်ဖြစ် ညှိကြည့် ဗျာ"

ဥက္ကာက ခေါင်းကုတ်ရင်း

"ငါလိုက်ဖြစ်မယ်မထင်ဘူး…ငါ့အိမ်ကခွင့်မြူမှာမဟုတ် ဘူး



www.burmeseclassic.com

www.burmeseclassic.com



နိုးထွက်မှုပဲရတယ်…ပြီးတော့ ငွေရေးကြေးရေး ခြေသလုံးမွေးဆိုပေ မဲ့ ဟိုတုန်းကလို ငါလက်ဆော့ပြီးရိုက်မိလိုက်လို့ ငါ့လက်ထဲမှာ တက်တက်ပြောင်နေတယ်…အခု ဒကာခံတဲ့ငွေက ငါ့ကြီးတော်ကြီး မေမြို့မှာဆုံးသွားတာ အမွေရလို့ ကြိုထုတ်ထားတဲ့ငွေစကြေးစလေး ထဲက ထုတ်သုံးနေရတာကွ…ဒီမှာပျော်အောင်နေရတာ တစ်လှည့်စီ ပြောင်းလှည့်နေရလို့ အာရုံတွေလည်း ညောင်းလှပြီ…ဂိမ်းဆော့လွန်း လို့လဲ မျက်မှန်တပ်နေရပြီ…လိုက်ချင်တယ်ကွာ တောလမ်းကလေး မှာ တောပန်းလေးတွေကိုရှုပြီး ကွင်းပြင်ကျယ်ကြီးကိုဖြတ်တိုက်လာ တဲ့ လတ်ဆတ်သန့်ရှင်းတဲ့လေညှင်းကို အသက်ရှူင်းပြီး အားရပါးရ ရှူရှိုက်ပစ်လိုက်ချင်တယ်"

"ဆန္ဒရှိနေရင် ရှုံ့စားရမှာပေါ့ကွာ…ငါတောင်ရအောင်ဖောက် ထွက်ခဲ့သေးတာပဲ…မင်းလည်းထွက်ပေါက်ဗိတ်ရင် ဖောက်ထွက်ပြီး လိုက်ပေါ့"

"လိုက်ချင်တယ်…အဓိကကရေပြဿနာ"

"ကပ်စီးကတော့ ခရီးမစခင်ကတည်းက ကျနေပြီ…မပူနဲ့ ငါ့မှာရေသုံးပုံးပါတယ်…လိုရင် ငါ့ဦးကြီးဆီက လိုသလောက်ခွဲသုံး





ရတယ်…အဓိကက မင်းလိုက်ဖြစ်ဖို့ပဲ…ငါတစ်ယောက်တည်းလစ် ည်းဖြစ်တယ်…မင်းတို့က သွားချင်တယ်လို့ စကားခံထားဖူးတာ တ်ရလို့ တမင်လာခေါ်တာ"

ဥက္ကာစဉ်းစားနေ၏။ ဂျိုကာက ငပေါ့ကို ကားနှင့်အဝတ်အစား ပြယူခိုင်းလိုက်၏။ ငပေါ ထသွားရုံရှိစမှာပင် ဥက္ကာက…

"ဘာဖြစ်လို့ ဒီလောက်လောနေတာလဲ…ငါက အိုက်(စ) ရင်ခံနေတာကွ…မင်းတောင်သွားရဲသေးတာပဲ ငါလည်းလိုက် ယ်…အခုတလော ငါ့ဝေမီနဲ့ဒက်ဒီကလည်း မပြေလည်ဘူး…ငါ ဘူးထဲက စိတ်ညစ်နေတာကြာပြီ… ငါစိတ်ညစ်ပြီးထွက်သွားတယ် ဘိုး စာရေးထားခဲ့လိုက်မယ်…ဒါဆို ငါ့အပြစ်လွတ်ပြီ…ငပေါ်ကားနဲ့ ပြန်လိုက်သွားမယ်…ထည့်စရာရှိတာထည့်ပြီး ပြန်လာခဲ့မယ်… ဒီမှာပဲစောင့်"

ဥက္ကာက မှန်တံခါးဝရောက်နေသော ငပေါ့ကိုလှမ်းခေါ်ပြီး (သ်) ရှင်းကာ ထလိုက်သွား၏။ ထည့်ရှင်းပေးထားသော သက်(ခ)ကော်ဖီကို တစ်ခါထဲမော့သောက်လိုက်ပြီး ဂိမ်းစင်တာ င်တာ ဂိမ်းကစားနေလိုက်၏။ တစ်နာရီခွဲခန့်အကြာမှာ ပြန်ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာကြ၏။ တိုးရစ်တွေတောထဲ ခရီးသွားမည့်အတိုင်း ဝတ်စားဆင်ယင်ထားကြ၏။ ဥက္ကာက အပွပိုင်းသစ်တောခရီးထွက်သည့်ဝတ်စုံဖြစ်သော ကာကီရောင်အင်္ကျီ၊ ဘောင်းဘီတိုပွပွ၊ ခြေအိတ်နှင့် တောစီးကြိုးသိုင်းဖိနပ်နှင့်။ အမဲလိုက်ဓားက ခါးမှာလွယ်ထားသေး၏။ မှန်ပြောင်းက လည်ပင်းမှာချိတ်လျှက်သား။ အိတ်တွေကို ကားပေါ်မှာထားခဲ့ဟန်တူ၏။

ငပေါက အနက်ရောင်တီရှပ်လည်ရှည်ဆွယ်တာအပေါ်မှာ ရေစကုတ်ထပ်ဝတ်ထား၏။ အနက်ရောင်ဂျင်းဘောင်းဘီနှင့် တောစီးလည်ရှည်ဖိနပ်ကို စီးထား၏။ သူ့မှာလည်း အမဲလိုက်ဓားတစ်ချောင်း၊ ခေါက်ခါတ်မီး၊ စစ်ပိုမီးခြစ်အိတ်။ အချက်ပြမီးကျည်အတောင့်ငယ်တွေ ပတ်လည်စီထားသော ခါးပတ်နှင့်။

"ဟေ့ကောင်တွေ ဒီညတွင်းချင်း တောပစ်ထွက်မှာမဟုတ်ဘူးနော်…ရွာရောက်အောင်သွားရမှာက တစ်ညခရီးမကရှိတယ်…ရွာမှာ သုံးလေးရက်အနားယူပြီးမှ အမဲပစ်ထွက်ချင်ထွက်မှာ"

"သိပါတယ်ကွာ…ခရီးဝေးထွက်မှာဆိုတော့ အပြည့်အစုံပါလာလေ ပိုကောင်းလေပဲမဟုတ်လား…အရင်ကလို လေသေနတ်ကိုင်





ခွင့်ရရင် လေသေနတ်တွေယူလာဖြစ်ဦးမှာ…မင်းအိတ်ယူခဲ့လေ…မင်းပုံစံက စတိတ်ရှိုးတက်ဆိုမဲ့ပုံစံပါလားဂျိုကာ…လည်သာဂျာကင်၊ ကော်ကိုင်းဘလူးရောင်ဂျင်းပန့်(လ်)နဲ့၊ ကန်းထရီးရှူးနဲ့…သွားလာရတဲ့အခါ သိပ်ကျဉ်းကျပ်နေမလားလို့"

"ငါက ကန်းထရီးစတိုင်(လ်)ကြိုက်လို့ ဘယ်သွားသွား ဒီလိုပဲဝတ်တတ်တာ အကျင့်ပါနေပြီ…ကဲ လူစုံ…ပစ္စည်းစုံရင်လည်း ကားပေါ်တက် ခရီးထွက်ရအောင် မင်းတို့မှတ်ပုံတင်တွေပါတယ်နော်…မေ့နေမှာစိုးလို့"

"ပါတယ်…ခဏလေး…ဘီယာဘူးတစ်ကတ်လောက် ကားပေါ်ဆွဲတင်ခဲ့မယ်…ရှိန်ဘူးကို ဟိုးရှေ့ကအရောင်းကောင်တာမှာ မင်းသွားဝယ်လိုက်…"

"ပိုင်ငါးလုံးနဲ့…ဖော်လကာနှစ်ပုလင်း…ဘရန်ဒီ သုံးလုံး…စက်69နှစ်လုံး…"

ခုမှာနေသောဥက္ကာကို ဂျိုကာပိတ်အော်ပစ်လိုက်၏။

"ဟေ့ကောင်…မင်းရှင်းပေးမှာမို့လို့ အဲ့ဒီလောက်တောင်မှာနေတာလား…ငါမပြောလိုက်ချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သင့်တော်သလိုဝယ်ခဲ့တဲ့ ပေါ်ရေ…ရေသန့်ဘူးလဲမမေ့နဲ့ တစ်ဒါဇင်လောက်ဆွဲခဲ့…ကင်တာကီကြက်ကြော်ရယ်…ဒီးယန်းသီးနဲ့ ယူအက်(စ်)ပန်းသီးတွေပါဝယ်ခဲ့ဦး…"

"ဗွတ်မှာနေပြန်ပြီကွာ…တစ်ဝတစ်ပြဲလည်း စားသောက်ထား သေးတယ်…တော်သင့်ရုံဆို လုံလောက်တော့ပေါ့…"

"မလုံလောက်နိုင်သေးဘူး…လမ်းမှာရက်စတော့ရင့်ရှေ့ ခဏ ရပ်နိုင်းရမယ်…အခေါက်ကင်၊ ဘဲကင်၊ နီကင်၊ ကြက်ကင်တွေပါ အမြည်းစားဖို့ဝယ်တင်သွားရမယ်…အပျော်ခရီးထွက်တာပဲ ငွေကို ရေလိုသုံးမှပေါ့ ဂျိုကာရယ် ကပ်စေးနှေးမနေပါနဲ့"

"ပြေးကာဝဲ ပြရသေးတယ်…ငါ့ငွေမို့လို့ မင်းဖြုန်းတီးအား ကောင်းကောင်းနဲ့ အားပေးနေတာမဟုတ်လား…မင်းတို့ မေမြို့ကို သွားလည်ဖို့ခေါ်လို့ ငါတို့လိုက်တုန်းက မင်း ငါတို့ကို တစ်လမ်းလုံး ရေသန့်ဘူးတွေ့ဖွတ်ကိုက်ပြီး ကောက်ညှင်းပေါင်းတွေ နင်းကန်ကျွေးခဲ့တာ မှတ်မိသေးလား…ဟိုဟာစားမယ်ဆိုလည်းမတည့်ဘူး…ဒီဟာစားမယ် ဆိုလည်း ယင်နားစာတွေမို့မစားရဘူး…တည့်တာ ယင်မနားအောင် ဖုံးအုပ်ထားတဲ့ဟာစားမယ်ဆိုတော့လဲ ရေပြောင်းရေလွှဲမှာ အစားအစာ





ကိုဆင်ခြင်ရတယ်…ဟော…မင်းတို့စားသင့်တာလာပြီ…ဟော ပူပူ နွေးနွေးကောက်ညှင်းပေါင်း ဒီကိုလာဦး…ဆိုပြီး နှပ်ချီးငပိလှုပ်ကျွေး ခဲ့တာလေ…အခု ငါတို့အလှည့်ရောက်ပြီ…စိတ်ချ မင်းမှာတာတွေ အကုန်ဝယ်တင်လာမယ်…ဒါပေမဲ့ မင်းကိုတစ်ခုမှမကျွေးဘူး… မှတ်မှတ်ရရ လမ်းမှာကောက်ညှင်းပေါင်းသယ်ကို ရှာပြီးဝယ်ကျွေးဦး မယ်…မင်းပြောသလို မြန်မာရိုးရာအစားအစာ အဟာရအပြည့်နဲ့ အလွန်ကောင်းတာဆိုတာလေးပေါ့…မေ့မလျော့ပြောပစ်လိုက်ဦးမယ် အန်ကယ်(လ်)တပ်စီးဦး နှပ်ချီးငပိရွာရေ…"

ဝယ်စရာရှိတာတွေဝယ်၊ တင်ဆောင်စရာရှိတာတွေ ကားပေါ် တင်ဆောင်ပြီး ခရီးထွက်ဖြစ်ကြတော့ ညဆယ်နာရီ။ ဂိမ်းစင်တာက ကိုးနာရီခွဲပိတ်ချိန် ထွက်လာပြီး ရက်စတောရင့်မှာ ပါဆယ်တွေဝင် ထုပ်နေသဖြင့် ဆယ်တစ်နာရီမှ မြို့ပြင်ရောက်လာ၏။ ခြောက်လမ်း သွားလမ်းမကြီးပေါ်မှာ Hip Hop တေးသွားဖွင့်ပြီး ဘီယာဘူးတွေ တဖောင်းဖောင်းဆွဲဖောက် စားသောက်အော်ဟစ်ပြောဆိုနေကြသည်မှာ နိုဂရိုးရပ်ကွက် မီးလောင်တာထက်ပိုဆိုးလှမ်မည်ထင်စရာ။

ယာဉ်မောင်းနေရာမှ ပေါ်က ကက်ဆက်စက်ပိတ်ပြီး ရက်(၄)

www.burmeseclassic.com



သံစဉ်ဖြင့် လှမ်းမေးလာ၏။

"ဟတ်ကောင် ဂျိုကာ…ငါတို့သွားရမဲ့ခရီးကဘယ်မှာလဲ၊ ဘယ်လောက်တောင်ဝေးသလဲ…ပြောပါ"

ဂျိုကာက Hip Hop သံစဉ်ဖြင့်

"ဒီလမ်းအတိုင်းပြေး…မိုင်တစ်ရာသုံးဆယ်နီးပါးဝေး…အောင်မင်္ဂလာရွာကိုရောက်…မြေညီလမ်းသားဖောက်တာတွေ…တွေ့တဲ့လမ်းအတိုင်း…အာဇရိကမြင်းရိုင်းလိုမောင်း…ဖုန်တထောင်းထောင်း…တာဆုံတစ်ခုမှာလှည်းလမ်းကြောင်းတစ်ခုတွေ့…လှည်းလမ်းကြောင်းထဲကျွေ့ချ…အနောက်တောင်ခြေပျပျ…အမြင်နီးပြီးကြည်လင်လှပ…မြင်ရမှ မြင်ရမှ…ညောင်မှတ်ဆိတ်ရွာရောက်ရ…ဟာဟာ…ဖင်းနစ်(ရှ်)…ပြီးပြီ"

သည်မှာတင် ဥက္ကာရဲ့ ရော(နှ်)တေးသွားကထပ်မံပေါ်လာပြန်၏။

"ဦးသံခဲအိမ်…ဘယ်မှာလဲ…ရေးရေ့ အိုးဝိုးဝို…"

ဂျိုကာက Hip Hop နှင့်ပြန်ဖြေလိုက်ပုံမှာ-

"ရွာလယ်မှာ…ရွာလယ်မှာ…ဖာသယ်အိမ်ရှိတယ်… ရောင်း





တယ်…နီးကြောဟာရောင်းတယ်…ဖာသယ်အိမ်ရဲ့မျက်စောင်းထိုးမှာ မျက်ရိုးကျိုးတဲ့ နတ်ကတော်…အရပ်အခေါ် မထော်အိမ်ရှိတယ်…မထော်အိမ်နောက်၊ သုံးအိမ်မြောက်…ရွာဝိုင်းဗဟိုမှာဆောက်တဲ့ အိမ်ကြီးဟာ…ဦးသံခဲဂေဟာ…အားဟာ…စတော့(ပ်)…ရပ်ပြီ"

ဂျိုကာက ရက်(ပ်)သံစဉ်ဖြင့် ပြန်ဖြေလိုက်ခြင်းပင်။ သုံးယောက်သား ဘီယာရှိန်လေးဖြင့် မူးကြောင်ရူးကြောင်တေးစပ်ဆိုရင်း တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ခွက်ထိုးခွက်လန်ရယ်မိကြသည်မှာ လမ်းဘေးကားထိုးရပ်လိုက်ရသည်အထိပင်။ အားရအောင်ရယ်မောပြီးမှ ခရီးဆက်ထွက်လာဖြစ်၏။ ဥက္ကာက ဂျစ်ကားကိုအမိုးဖွင့်နိုင်းပြီး ရှေ့ကားတွေကိုကျော်တက်မောင်းနှင်ရတိုင်း လက်ခေါက်အချွန်မှုတ်ရင်း စိတ်လွတ်ကိုယ်လွတ် ဩဘာသံဖြင့် ပါးစပ်ထဲရှိရာတွေပာစ်ကြွေးနေတော့၏။

ပဲခူးဝင်ခါနီးမှာ ကားရော၊ လူပါ အရှိန်သပ်လိုက်ရ၏။ ယာဉ်မောင်းကို ဘီယာနှစ်ဘူးသာပေးတိုက်၍ ငပေါ် ပွစိပွစိဖြစ်နေ၏။ မြို့ကြီးထဲအဖြတ်မှာ စည်းကမ်းမဲ့လို့မဖြစ်။ ခရီးလမ်းမှာ လယ်ကွင်းမြင်ကွင်းတွေသာရှိ၍ စိတ်ကြိုက်ပျော်မြူးစီးနင်းနိုင်သော်လည်း မြို့ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ လူကြီးလူကောင်းတွေကဲ့သို့ ငြိမ်ငြိမ်ဆိတ်ဆိတ်ပင်ဖြတ်ကျော်ဖြစ်ကြရ၏။

ရွှေမော်ဓောစေတီတော်မြတ်ကြီးကို ကားပေါ်ကသာ လက်အုပ်ချီပြီး ရှိသေလေးမြတ်စွာဖြင့် ရှိခိုးကော်ရော်မိလိုက်ကြ၏။ ပဲခူးမှပြန်အထွက်မှာ သံစဉ်တွေ ကျယ်လောင်စွာပြန်ဖွင့်ရင်း ဥက္ကာတစ်ယောက် နီဂရိုဟန်ပန်ဖြင့် ခွတ်ကနေလေတော့သည်။

ဒိုက်ဦးရောက်သောအခါ နှစ်နာရီထိုးနေလေပြီ။ လူတွေလည်း မောပြီးငြိမ်ကုန်၏။ အရှိန်လေးနှင့် ဥက္ကာကနောက်ခန်းထဲဝင်ခွေပြီး ဝက်တစ်ကောင်လို ခလောသွား၏။ ဂျိုကာနှင့် ပေါ်တို့သာ စကားတပြောပြောနှင့် တောကျွဲအင်းနှင့် ကညွတ်ကွင်းကြားရှိ အောင်မင်္ဂလာကျေးရွာကို နံနက်လေးနာရီမှာ ဆိုက်ရောက်လာ၏။ နွေရာသီမို့ တာဆုံလမ်းချိုးမြေလမ်းအတိုင်း ဆက်လက်မောင်းနှင့်လာခဲ့၏။ ဆင်မလုပ်ရွာ၊ သရက်စိမ်းရွာတွေဖြတ်သန်းပြီး အနောက်တောင်ခြေသို့ လမ်းညွှန်သည့် တာဆုံတစ်ခုကိုရောက်တော့ စပ်လှမ်းလှမ်းရွာတွေမှ ငါးနာရီအချက်ပေးတုံးမောင်းခေါက်သံကို သဲ့သဲ့ကြားလိုက်ရ၏။ တာဆုံကအကြော်တဲသေးမှာခဏရပ်ပြီး တပေါ့တပါးသွားကာ ကိုယ်လက်ဆန့်





ပြီး အညောင်းအညာဖြေကြ၏။ အဝတ်အစားတွေ ဖုတ်ဖတ်ခါချကြရ၏။ ညပိုင်းမို့ ထော်လာဂျီတွေ၊ လယ်ထွန်စက်တွေနှင့်ဝန်တင်ကုန်ကားတွေ အသွားအလာနည်းနေ၏။ နေ့ပိုင်းသာဆိုပါက အခြားကားတွေဖြတ်သန်းမောင်းနှင်မှုကြောင့် သူ့ကားက ဖုန်တထောင်းထောင်း၊ ကိုယ့်ကားက ဖုန်တထောင်းထောင်းနှင့် လေလမ်းကြောင်းပိတ်ပြီး ကောင်းကောင်းအသက်ရှူရဖို့ပင်မလွယ်။

ဂျိုကာတို့ကားတစ်စင်းထဲလာစဉ်မှာပင် လမ်းမ ဖုန်တထောင်းထောင်းထကျန်ရစ်ခဲ့၏။ ကားတုံ့လိုက်တိုင်း ခေတ္တရပ်လိုက်တိုင်း ဖုန်တိုင်းကြီးတွေ ဝေ့သီလာတတ်စမြဲ။ မျောက်ဖြူသုံးကောင်ဝမှာ ဖြစ်နေကြ၍ ဖုန်အမြန်ခါပြီး ကျန်းမာရေးအတွက် ရိုးပြတ်တောထဲပြေးဆင်းကြရ၏။ ပေါ်က အိမ်သာသုံးစက္ကူမဲ့မလျော့ယူလာ၍ အဆင်ပြေသွား၏။ ပါလာသည့်ရေသန့်ဘူးတွေဖောက်ပြီး မျက်နှာသစ်၊ သွားတိုက်လုပ်ကာ ခန္ဓာကိုယ်တွေကို နည်းနည်းပြန်ရှိုင်းကြရ၏။ နို့မို့ မျောက်ဖြူသုံးကောင်ရောက်လာသည်ဟု ရွာကထင်ချေဦးမည်။

ရှိုင်းပြီးသည်နှင့် အကြော်ဝယ်စားပြီး နံနက်စာ ဝမ်းမီးငြိမ်းလိုက်၏။ အရုဏ်ရောင်နီဖျိုးလာသော ကျေးလက်ရဲ့အလှကို တစ်ဝကြီး

www.burmeseclassic.com



ငေးမောဖြစ်၏။ ခပ်လှမ်းလှမ်းရွာတွေဖက်မှ တွန်လိုက်သောကြက်တွန်သံတွေက စဉ်ဆက်မပြတ်။ တာလမ်းမဘေးမှာစိုက်ပျိုးထားသော မြေပဲခင်း၊ နှမ်းခင်း၊ ငရုတ်ခင်း၊ ပြောင်းခင်း၊ နွေစပါးစိုက်ခင်း၊ ဖရဲခင်း၊ ခရမ်းသီးခင်း၊ ခရမ်းချဉ်သီးခင်းတွေက တမျှော်တခေါ်။ တချို့လယ်တဲလေးတွေမှာ ဘူးစင်ကလေးတွေ၊ ပဲသီးစင်လေးတွေနှင့် ချဉ်ပေါင်၊ ငှက်ပျော၊ သင်္ဘော၊ နာနတ်၊ ကွမ်းအစရှိသဖြင့် စားဖွယ်ပင်မျိုးစုံလင်စိုက်ပျိုးထားကြပြန်သေး၏။ စိုက်ပျိုးရေကို ယခင်က ရိုးရာချောင်းကလေးကရေစုပ်တင်ယူကြပြီး၊ ယခုအခါ ဆည်မြောင်းတွေ ဖောက်သွယ်ထား၍ ဆည်ရေကိုယူကြ၏။ လျှံသုံးရေကို မြေတွင်းတူးပြီး ဝါးလက်တံဖြင့်ခပ်တင်ကြ၏။ တချို့မှာ ရိုးပြတ်တွေကို မြေလှန်ပြီး နွေစပါးအတွက် ပြင်ဆင်ထားကြပုံရ၏။

တမျှော်တခေါ်လယ်ကွင်းစိမ်းစိမ်းစိုစိုကြီးကိုကြည့်ပြီး ပေါ်က လေတစ်ချက်ချွန်လိုက်၏။ မနည်းနိုး၍ အကြော်ထစားပြီး အိမ်ချင်းမှ တူးဖြစ်နေရာက လယ်ကွင်းတွေကြည့်ပြီး စိတ်တွေလန်းဆန်းလာသော ဥက္ကာက-

"သဘာဝတရားနဲ့ လူသားတို့ပေါင်းစပ်မွေးမြူးလိုက်တဲ့ ကျေး





လက်အလှတရားပါပဲလား ဂျိုကာရာ"

"ကဲ…ရွာရောက်ဖို့ နည်းနည်းလိုသေးတယ်…သွားကြစို့"

ညောင်မှတ်ဆိတ်ရွာကို (၂)မိုင်နှင့် (၄)ဖာလုံခန့်လိုသေး၍ ကားပေါ်တက်ကာဆက်လက်ထွက်လာခဲ့ကြ၏။ တောလမ်းဖြစ်နေ၍ ကားတစ်စင်းလုံး ဂျိုးဂျိုးကျောင်းကျောင်းမည်နေ၏။ ရောက်ဖူးသောဂျိုကာက လမ်းပြလုပ်နိုင်၍ လမ်းမမှားကြခြင်းဖြစ်၏။ ကားနှင့်မလိုက်နိုင်ပါက ခြေလျင်လျှောက်ရမည့်ခရီးအကွာအဝေးမှာ မသက်မသာ။

ခြေလျင်မလျှောက်လိုပါက ထော်လာဂျီစောင့်စီးပြီးရောက်နိုင်သလောက်မှာ ဆင်းနေ။ နောက်ထပ် တောင်ခြေသွားမည့်သစ်ကား၊ (သို့မဟုတ်) လုပ်ငန်းခွင်သုံးဝန်တင်ကားတွေ အဖိုးအခပေးပြီး ကပ်စီးလိုက်ရပေလိမ့်မည်။ နေ့လယ်ဖက် ဖုန်ထူလမ်းမှာစီးကြသူတိုင်းဆိုး၊ သဘက်တွေ အမြဲအပိုယူလာတတ်ကြ၏။ လမ်းခရီးမှာ ဖုန်တွေ မြူလိုပိန်းပိတ်အောင်ဝေနေလျှင် အာရပ်တွေလို ပုဆိုးနှင့်ပဝါတွေ ခေါင်းပေါင်းပြီး လေကို ပုဆိုးပိတ်ပါး၊ ပဝါပိတ်ပါးခံပြီး ဖုန်မှုန့်စစ်ခံ၍ မှုန်းကျပ်သည့်ဒဏ်ဖြင့် လေသန့်ရအောင် လေကိုရှိုက်ရှူကြရ၏။

ကိုယ့်ကားနှင့်ကိုယ် ဖုန်လွှတ်အောင်မောင်း၍ ဖုန်မှိုးဝေပြီး မှန်းကျွစ်သည့်ခဏ်ဖြင့် သိပ်မခံလိုက်ရ။ ညောင်မှတ်ဆိတ်ရွာအဝင်မှ ညောင်မှတ်ဆိတ်ပင်ကြီးကိုလှမ်းမြင်မှ ဂျိုကာသက်ပြင်းချလိုက်ရ၏။ မိုးစင်စင်လင်းမှ ရွာထဲရောက်၏။ လူတွေက မျက်နှာသစ်ရင်း၊ ထင်းခွဲ၊ ရေခပ်ရင်း၊ နွားစာထည့်ရင်း၊ ရေနွေးအိုးတည်ရင်း၊ အိမ်ဘေးစိုက်ခင်းရေလောင်းရင်း၊ ခြံဝိုင်းထဲတံမြက်စည်းလှည်းရင်း ကြည့်လိုက်ကြသည့်မျက်လုံးတွေ။ ကားသံကြားလို့ထင်ပါရဲ့။ ကားအရောက်အပေါက်ရှိသည့်နေရာမို့ ကားကိုမတွေ့ဖူးကြတာမဟုတ်။

ကားပေါ်မှာ ဘယ်လိုဧည့်သည်များပါလာသလဲဟု စပ်စုစူးစမ်းကြည့်ကြခြင်းသာ။ နေကာမျက်မှန်တပ်ကာ ရှပ်ပျက်ထားပြီး လှကောင်ထွားလာသော ဂျိုကာ့ကို ရုတ်တရက်ဖြင့် ရွာကလူတွေ မမှတ်မိကြ။ တောပစ်ထွက်လာသော မြို့ပြကအမဲပစ် ဝါသနာအိုးတွေဟု ထင်မှတ်သွားကြပုံရပြီး ကိုယ့်အလုပ်ကိုယ် ပြန်လုပ်ကုန်ကြပြန်၏။

ဦးကြီးဦးသံခဲ အိမ်ရှေ့မှာရပ်ပြီး ဟွန်းသံပေးလိုက်တော့ အိမ်ထဲက ဦးကြီးနှင့် သူ့မိန်း အဒေါ်ကျော့တို့ ဝရန်တာကလှမ်းကြည့်ပြီး





"ဘယ်ကဧည့်သည်တွေလဲဗျို့...ဘယ်သူ့အိမ်သွားကြမလို့လဲ"

ဂျိုကာက နောက်ပြောင်ချင်လာ၍

"ဦးသံခဲအိမ်သွားမလို့"

"ဒါဆိုရင် အိမ်မှားလာပြီ...သူ့အိမ်က ရွာမြောက်ပျားမှာ...ထမ်းအတိုင်းသွားကြပါ...ရွာက ရွာတန်းရှည်မဟုတ်ဘူး ရွာဝိုင်းကြီးဆိုတော့ မကြာခင်ရောက်လိမ့်မယ်...ပန်းပဲလုပ်တဲ့ဦးသံခဲအိမ်မဟုတ်လား"

"မဟုတ်ဘူး...ညောင်မှတ်ဆိတ်ကျေးရွာဥက္ကဋ္ဌ ဦးသံခဲအိမ်"

"ဟာ...အဲ့ဒါဆို ကျုပ်အိမ်ပဲ...လာကြပါ ထိုင်ကြပါ...မယ်ကျော့ ရေနွေးလက်ဖက်ပွဲ အမြန်ပြင်လကွဲ့"

အိမ်အောက်ထပ်ဝင်းလာ၏။ စားပွဲတန်းလျားမှာထိုင်ဖို့ ပျာပျာသဲဧည့်ဝတ်ပြုကြ၏။ အိမ်အောက်ထပ်မှာ စပါးကျီရှိ၏။ ကြက်နှင့်ဝက်မွေးထားသောခြံရှိ၏။ အိမ်ဘေးပတ်လည်မှာ ငရုတ်၊ ခရမ်းချဉ်သီး၊ ပဲသီးတောင့်နှင့် ဘူးစင်တွေစိုက်ပျိုးထား၏။

ဂျိုကာနှင့်တွေ့သည်အထိ ဦးကြီးသံခဲက မမှတ်မိ။ နေကာမျက်



www.burmeseclassic.com

www.burmeseclassic.com



မှန်ချတ်လိုက်ပြီး

"ထီတွေဘာတွေထိုးထားသေးလား ဦးသံခဲ"

"ဗျာ…ထီ…ဟုတ်စ…အင်း…မြို့သွားတုန်းက ထိုးမိတယ်

ဗျ…ကားနဲ့လာရောင်းတဲ့ထီပဲ…"

"ဦးသံခဲ သိန်းသုံးရာပေါက်လို့ လာအကြောင်းကြားတာ"

"ဗျာ…တ…တကယ်…"

ဥက္ကာကပါ အတည်ပေါက်နှင့်-

"သိန်းသုံးရာပေါက်လို့ မဟာကံထူးရှင်ဖြစ်သွားပြီ၊ နောက်ထပ်

မှဆုကြီးကားတစ်စီးနဲ့ ရွှေစင်ဆယ်ပိဿာလက်ဆောင်ပါပေးဦးမှာ"

"မယ်…မယ်…မယ်ကျော့ရေ…င…တို့…ချမ်းသာပြီ

ဟ…မယ်ကျော့…လာပါဦးဟ…ဟေး…ဝမ်းသာလိုက်တာဟ…

အမလေး ပေါက်ပြီ ပေါက်ပြီ ငါတော့သေပျော်ပြီ…"

"ကိုသံခဲ ဘော်ဘာပေါက်နေတာလဲ"

"ထီဟ ထီ သိန်းသုံးရာကြီးတောင်ပေါက်တာ အပိုဆုတွေက

လဲ ရွှေစင်ဆယ်ပိဿနဲ့ ကားတစ်စီးတဲ့ဟ…တို့ချမ်းသာပြီ…ကို

ကျိုတက်ကိုချမ်းသာပြီ မိန်းမရ"





"အို…ဟုတ်လား…ဟုတ်ရဲ့လား ကိုသံခဲရယ်"

ဂျူကာက ဦးကြီးသံခဲတို့ဇနီးမောင်နှံကိုကြည့်ပြီး မထိန်းနိုင်ပဲ ဝါးလုံးကွဲထရယ်သော်အခါ ဥက္ကာနှင့် ပေါ်တို့ပါ အူနှိပ်ပြီးလှိမ့်ရယ်ကုန်ကြ၏။ ဦးကြီးသံခဲမျက်လုံးပြူးကြီးနှင့် ခေါင်းပေါင်းထားသော တဘက်ကြီးကိုဆွဲချတ်လိုက်ပြီး

"မောင်ရင်တို့ ဘာလို့ ဒီလောက်တောင်ရယ်နေကြတာလဲ"

"ကျွန်တော့်ကိုမမှတ်မိဘူးလား ဦးကြီးသံခဲရ…ဦးကြီးရဲ့ညီမ အထွေးဆုံး ဒေါ်ပန်းမွှေးကမွေးတဲ့ သားကြီးဩရသ ရဲကျော်စွာ(ခေါ်) ဂျူကာလေ"

"ဟား…ဒီမအေပေးလေးတော့ကွာ…ကြည့်စမ်း မယ်ကျော့ နှင့်တူနောက်ချက်ကတော့ ကမ်းကုန်ရော…"

"ဟုတ်ပါ့တော်…တသွေးတမွေးကြီးကိုပြောင်းလဲသွားတာ ကိုး…ဟိုကစ်ခေါက်လာတုန်းက ပိန်ခြောက်ခြောက် ကုတ်ကိုင်းကိုင်းနဲ့ အခုကြတော့ အသားအရည်စိုပြေပြီး မင်းသားကိုရှုံးရောပဲ"

"လာ…လာ…ထိုင်ကြ…ငါလန့်းတယ်မှပဲ…ငါ့ ထီပေါက် တာမှတ်လို့ ဝမ်းသာလုံးကိုဆို့ရောပဲ…နောက်ကဘယ်သူတွေလဲ မင့်



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေလား…ဟေ့ဟေ့ နားကွင်းတွေကော သံကြိုးတွေ ကော…ဒါတွေရော ရှပ်ယှက်ကိုစတ်လို့ပါလားဟေ့"

"ကျွန်တော့်သူငယ်ချင်းတွေပါ…အလည်လိုက်လာကြတာ ဒီ ဖက်တီးက ဥက္ကာတဲ့"

"ဟေ…အုတ်ကာ…တော်သေးတာပေါ့…ထရံကာလို့ မှည့် လို့"

"ဦးကျီးကလဲ ပြန်နောက်တာတ်သားပဲ…ဟဲ ဟဲ ဟဲ"

"ဒီတစ်ယောက်က ပေါ်တူဂီခေါ် ငပေါ်တဲ့ ငပေါ်လို့ပဲလွယ် လွယ်မှတ်ထားဝါ"

"မင်းဟာတွေက လူဆန်းသလို နာမည်တွေကလည်း ဆန်းချက် ကွာ…ငပေါ်…ဟုတ်စ…ဒီကောင့်ကြည့်ရတာ အိပ်ရင်အကုန်ပေါ် တယ်နဲ့တူတယ်…ဒီလိုဆို မဖြစ်ဘူး အခန်းထဲသိပ်ရေးမှပဲ"

"ဦးကြီးသံခဲ သိပ်မနောက်နဲ့…ဒီကောင်တွေက ရှက်တတ် တယ်…ကျွန်တော်တို့သုံးယောက်ရောက်လာတာလည်း ဦးကြီးသံခဲ နဲ့ အရီးကျော့တို့အတွက် သိန်းသုံးရာပေါက်သလို ဝမ်းသာရတာပဲ မဟုတ်လား…တစ်ယောက်ကို သိန်းတစ်ရာတန်ကြေးရှိတဲ့ မြို့သား





လေးတွေလို့ မှတ်လိုက်ပေါ့"

"ဟာဟ…လုပ်လာပြန်ပြီ မယ်ကျော့ရေ…မင့်တူလုပ်ပုံ လုပ်ပုံ… ဟင်း ဟိုတစ်ခါ တစ်ယောက်တည်းတောင် တစ်ကိုယ်တော် အစွမ်းပြသွားတာ…ဟေ့ဟေ့ ဒီတစ်ခါ သုံးယောက်ပေါင်းလောင်း ကျော်တော့မယ်တူတယ်ဟ…တို့ပိုင်တဲ့လယ်စတေ မြောက်ဆယ်နဲ့ ကျွဲ နွားအရှည်းနှစ်ဆယ်ရယ် ဟော့ဒီအိမ်နဲ့ခြံပိုင်းကို အကုန်ရောင်း…တော့ မိုးမြန်ပြောင်းပြေးကြရင်ကောင်းမယ်ထင်တယ် ဟင်"

"ဦးကြီးသံခဲကလည်းဗျာ ဒီတစ်ခါ လိမ္မာသွားပါပြီ အရင် တစ်ခါလိုမဖြစ်ရတော့ပါဘူး…လောင်းလောင်းအဝိုးမှာကျွန်ခဲ့တာတွေ မြို့မှာမှစမ်းပါနဲ့ဗျာ…ဒီနေ့ကစပြီး ဦးကြီးသံခဲနဲ့ အရီးကျော့တို့ ပျော် သွားစေရမယ်"

"ဟုတ်မှလည်းလုပ်ပါ ငါ့တူရာ…ဥကမက်တဲ့အိမ်မက်ထဲမှာ ဦးခေါင်းကိုဆင်ကနင်းမလိုလုပ်ပြီးမှ ပြောင်းပြန်လှည့်ပြီး ဆင်ချေးတုံး ကြီးတွေ ပါချသွားတယ်လို့ အိပ်မက်မက်တယ် ဒီနေ့မနက်လင်းလို့ မီးဖိုထဲက မျက်နှုံးတွေ လှုပ်လိုက်တာ မင်္ဂလာဦးည မင်္ဂလာဆောင် တဲ့အိမ်နဲ့ ငါ့မျက်နှုံးများ မှားလှုပ်နေသလားမှတ်ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဦးကြီးကတော့လုပ်ပြီ…ဒါနဲ့ ဦးကြီးသမီး ကျွန်တော့်အစ်မ မမတင်နဲ့ မမခင်တို့ရော မနိုးကြသေးဘူးလား"

"နိုးပါ့ဗျာ…မနေ့ညနေက ခူးထားတဲ့ခရမ်းသီးတွေ ညဦးကတည်း လှည်းနဲ့တိုက်ပြီး အောင်မင်္ဂလာပို့ထားတာလေ…မင်းအစ်မ နှစ်ယောက်စလုံး အောင်မင်္ဂလာက အသိအိမ်မှာသွားအိပ်ကြသကွဲ့… မနက်သုံးနာရီလောက်ထပြီး ကုန်တင်ကားနဲ့ ခရမ်းသီးခြင်းတွေတင်၊ လူကိုယ်တိုင်လည်းလိုက်သွားပြီး ကျောက်တံခါးတို့ ညောင်လေးပင်တို့မှာရှိတဲ့ဈေးအရောက် ဖောက်သည်သွားသွင်းကြလေရဲ့…ဒီနေ့လယ် ရောက်ရင်ရောက် မရောက်ရင် ညနေပြန်ရောက်မပေါ့…"

"ဩော်…ရွာက ခွေမျိုးနီးစပ်တွေကော အားလုံးနေကောင်းကြရဲ့လား ဦးကြီး"

"ကောင်းသမှ ခေါင်ခေါင်မြည်တွေပါပဲဗျာ…ကဲ…ငါ့တူတို့ ခရီးပန်းလာတယ် မနက်စာလေးစားပြီး နားကြအိပ်ကြပါဦး…မယ် ကျွှရေ မင့်တစ်ယောက်တည်းမနိုင်ရင်လည်း အိမ်ဘေးက ကလေးနဲ့ မခင်မှီကလေးခေါ်နိုင်းလိုက်ပါလားကွယ်…အဲဒီကလေးမလုပ်တာ သေသေသပ်သပ်ရှိတယ်…မြို့ကကလေးတွေက အသန့်ကြိုက်တွေ…





ချက်တာပြုတ်တာကအစ သူ့အစ်မတွေရောက်မလာခင် မခင်မှီပဲချက်ပါစေပေါ့…မင်းက အသက်ကြီးတော့ မချက်တာကြာလို့ ချက်နည်းတွေမေ့ကုန်ပြီ…ကလေးတွေအတွက် အခန်းရှင်းပြီး အိပ်ရာသာပြင်လှည့်ပါကွယ်"

"ကျုပ်သိပါတယ်တော်…တော်မလဲ ပါးစပ်ကလေးနဲ့ခိုင်းရလွန်းလို့ မောလှရှာမယ်…အဲဒီမှာ လာပို့ထားတဲ့ရေနွေးကြမ်းလေး သောက်လိုက်ပါဦး…စိတ်မော လူမောနဲ့ အာတွေဘာတွေခြောက်နေမှာစိုးလို့"

"တယ်…ဒီမိန်းမ…ကလေးတွေရှေ့မှာမို့နော်…ဟင်း ဟင်း ဟင်း…ခိုင်းရင်လုပ်လိုက် ပြီးပေါ့…နင်မတော့ အိမ်ဦးနတ်ကို အတွန့်မြှံတက်ပြနေသေးတယ်…ငါလုပ်ကျွေးလာလို့ မင့်တို့ ခုလိုတင့်တင့်တယ်တယ်ကြွယ်ကြွယ်ဝဝနေနိုင်ကြတာမဟုတ်လား…ပါးစပ်ကလေးနဲ့ထိုင်ခိုင်းနေတာ ငါ့နဂိုမူလအကျင့်မဟုတ်ဘူးဟေ့…ရွာကအတွင်းရေးမှူးနဲ့ ဆယ်အိမ်ခေါင်း၊ ရာအိမ်ခေါင်းတွေကြောင့်ပေါ့…ငါတစ်ခုခုလုပ်မယ်ပြင်တိုင်း ဥက္ကဋ္ဌကြီးနေ ဘာမှမ ‌ဥပ်နဲ့ ကျွန်တော်တို့လုပ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



မယ်…ဟိုဟာလုပ်လည်း ကျွန်တော်တို့လုပ်မယ်…ဒီဟာလုပ်လည်း ကျွန်တော်တို့လုပ်မယ်နဲ့ ကြာတော့ ငါက ပါးစပ်နဲ့ပြောတတ်ရုံပဲဖြစ်လာတော့တယ်…လုပ်မယ်ကြံတိုင်း သူတို့က ကြိုလုပ်လုပ်ပေးသွားလွန်းလို့ ဒီကောင်တွေကို ငါ့အိမ်မခေါ်ရဲဘူး…စည်းဝေးပွဲရှိရင် ရွာရုံးမှာပဲတွေ့နေရတယ်…အဖြစ်က အဖြစ်က"

ဦးကြီးသိမ်စကားကြောင့် ရေနွေးသောက်နေရာမှ ဖူးခနဲဖြစ်ပြီး ရေနွေးတွေသီးသွားသူက ဥက္ကာ။ ပေါ်ကတော့ သံပြောင်ရယ်လျှက်သား။

မနက်စာအဖြစ် ကောက်ညှင်းဝါးနှင့် အကြော်စုံပူပူလေးရောက်လာ၏။ စားပြီးပြီ အတင်းငြင်းလည်းမရ။ ဝင်သလောက်ဗိုက်လှပ်ရဲပြီး စားကြရ၏။ ဗိုက်လေးတော့ တစ်လမ်းလုံးအိပ်ရေးပျက်လာသည့်ဒဏ်ဖြင့် ငိုက်မြည်းချင်လာ၏။ ဦးကြီးကလည်း ပါးချင်သည့်နေရာမှာ လှစ်နေအောင်ပါးတတ်သူ။ ချက်ဆို နားရွက်ကမီးတောက်ပြီးသားလူစားမျိုး။

"ကဲ…အပေါ်တက် အိပ်လှည့်ချေတော့"





ဥက္ကာက-

"အိပ်တာတော့ဟုတ်ပါပြီ ဦးကြီး…လှည့်တာက ဘယ်လိုလှည့်ရမှာလဲ…အိပ်ရင်းနဲ့ ကိုယ်ခန္ဓာကိုလှည့်ပေးနေရမှာလား…"

"ဟော…ဦးကြီးပြောတာ အိပ်ကြတော့ဆိုတဲ့သဘောပါကွ…ခင်းကိုလှည့်နိုင်းနေရအောင် မင်းကနာရီထဲကစက္ကန့်လက်တံမှမဟုတ်တာ…ဝင်းထရံကာရယ်"

"ဟာဗျာ…ဥက္ကာပါဦးကြီးရ…ဦးကြီးလုပ်တာနဲ့ နာမည်တော့ချက်ပါပြီ ဝင်းထရံကာတဲ့"

သုံးယောက်သား ပြောတတ် နောက်တတ်သော ဦးကြီးသိမ်၏ သဘောကျပြီး အိမ်ပေါ်ရောက်လာကြ၏။ ခွံမာသောသော ပျဉ်ပတ်ချည်ကား ခြေလေးချောင်းထောက်ကျူးလက်ဓါးဖိုမှာ မီးတောက်မီးပြောင်းနှင့် မီးမှုတ်နေသော အရိုးကျော့ကိုလှမ်းတွေ့ရ၏။ အရိုးကျော့နှင့် ဂျိုကာတို့ မနစ်ကအကြောင်းတွေ ဆော်ပြောရွေးနွေးပြီး အိပ်ရာထဲဝင်ကာ နစ်လိုက်ကြသည်။ ပင်ပန်းလာလွန်း၍လားမသိ။

ခေါင်းအုံးပေါ်ခေါင်းချလိုက်သည်နှင့် အိပ်ပျော်သွားကုန်ကြ၏။ အိပ်မက်တွေမက်ကြ၏။ သူတို့အိမ် သူတို့ပြန်ရောက်သွားကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ပိုးဟာရဲ့အမေမှာ ဂျိုကာတစ်ပတ်ရိုက်သွားတာကိုခံလိုက်ရ၍ ဒေါသတကြီးနှင့် ဆွေ့ဆွေ့ခုန်နေ၏။ အန်တီယာမုံက တံခါးမှာကပ်ထားသော စာတန်းကို အံကြိတ်ခွဲဖြဲရင်း-

"ကောင်စုတ်ကလေး…ငါတို့ကို ဒိတ်အောက်နေတဲ့အဘွားကြီးတွေဆိုပြီး ပညာပြသွားတယ်…ဟွန်း…ပြန်လာပါစေဦး…သိမယ်…ဟင်း…သိမယ်"

ဥက္ကာတစ်ယောက် အိပ်မက်မက်ပြီး အိမ်ကိုရောက်သွားတော့-

စာကိုဖတ်ရှုပြီးစီးသွားသည့် မိဘနှစ်ပါးမှာ (၃)နှင့်(၄)လိုကျောခိုင်းပြီး အတွေးကိုယ်စီနှင့်ရပ်နေကြ၏။ ယခင်က ဥက္ကာပြောခဲ့သည့် စကားကို လင်မယားနှစ်ယောက်လုံး အမှတ်ရနေကြ၏။

"ဒက်ဒီဖက်ကလည်း နည်းနည်းလျှော့…မာမီဖက်ကလည်း နည်းနည်းလျှော့…အဲဒါမှ အဆင်ပြေမှာပေါ့…နှစ်ဖက်စလုံးတင်းကုန်ရင် ပြတ်ထွက်ကုန်တော့မှာပေါ့…တစ်ဖက်ကတင်းရင် တစ်ဖက်က လျှော့ပေးတော့ ဘယ်လိုမှမပြတ်နိုင်တော့ဘူးလေ…အခုကြည့်ပါဦး ဒက်ဒီနဲ့မာမီတို့ထိုင်နေကြပုံတွေက (၃)နဲ့ (၄)လိုကျောခိုင်းပြီး ဥပေက္ခာပြု မျက်နှာလွှဲနေကြတယ်…အဲဒီလို (၃)နဲ့(၄)ကိုပေါင်းရင် လပ်ကီး





ဂဏန်း(၇)တောင်ဖြစ်နိုင်သေးတာပဲ…ဒက်ဒီနဲ့မာမီတို့ (၃)နဲ့ (၄) လိုပေါင်းကြည့်ပြီး ကျွန်တော့်ကို လပ်ကီးဂဏန်း(၇)ဖြစ်အောင် ပြုစုပျိုးထောင်ပေးကြပါလားဗျာ"

"မာမီက အသာငုံ့ပြီး ဒက်ဒီကိုကြည့်လိုက်၏။ ဒက်ဒီကလည်း အသာငုံ့ပြီး မာမီကိုကြည့်လာ၏။ အကြည့်ချင်းဆုံအတိုက်မှာ ဒက်ဒီက-

"သားနောက်ကို ဘယ်လိုလိုက်မလဲ"

မာမီက-

"ရှင်နဲ့ကျွန်မ ကွာရှင်းဖို့ပြင်ဆင်ထားသမျှ သားပြန်လာမှာ မဟုတ်ဘူး…သားဖြစ်စေချင်တဲ့ဆန္ဒကို လိုက်လျှောပေးနိုင်မှ သားပြန်လာမှာရှင့်"

"သားဟာ ကိုယ်တို့ရဲ့အသက်နဲ့ ဘဝပါ…သားဆန္ဒကို ကောင်အထည်ဖော်ဖို့ ကိုယ်ဆုံးဖြတ်ထားတယ်"

"ကျွန်မက မိခင်ပါ…သားအတွက်ဆို ဘာမဆိုရှင်လုပ်နိုင်တာထက်ကို နှစ်ဆပိုမဲ့သူပါ"

ဒက်ဒီက ပြုံးပြီးလှည့်ကြည့်၏။ မာမီက ရှက်ပြုံးနှင့် ခေါင်းငုံ့၏။ ဒက်ဒီက မာမီ့လက်ကိုလှမ်းကိုင်လိုက်၏။ မာမီဘာမှမပြော။



www.burmeseclassic.com

www.burmeseclassic.com



အက်ဒီနှင့်ဓာမီတို့ ဖြစ်ပျက်နေသမျှ စိတ်ထဲအထိ ဥက္ကာမြင်နေရ
အိပ်မက်ကောင်းလေးပြီးဆုံးသွားမှာကိုစိုး၍ အတင်းဖက်တွယ်ဆ
မက်နေဆဲ။ ပေါ်တူဂီ (ခေါ်) ပေါ် အိပ်မက်မက်နေသည်မှာလည်း

ပေါ်ပျောက်သွား၍ ဦးလေးနှင့် အဒေါ်တို့ဝမ်းသာနေကြ
ပေါ်ရှိလျှင် အလကားနေရင်း အပေါက်ခံနေရ၏။ ပေါ့်ကို ထိ
ဖို့ ပေါ့်မိဘတွေက ပေါ့်ဦးလေးအောင်ဝင်းနိုင်တို့လင်မယား
ခေါ်ထားခြင်းဖြစ်၏။ အောင်ဝင်းနိုင်က ပေါ့်ကိုမနိုင်။ ပေါ်ပေ
တိုင်းခံနေရာက ပေါ့်ဆို အလိုလိုနေရင်းကြောက်နေရရှာ၏။ ပေ
အိမ်မှာမရှိလေ ပိုကောင်းလေမို့ ပေါ်ခရီးထွက်မည်ဆိုကတည်း
အားဘက်သရေပင် ကားကိုစစ်ဆေးပေးလိုက်၏။ ဆီဖြည့်ပေးလို
၏။ ခြံတံခါးကို အပီအပြင်ဖွင့်ပေးထားလိုက်၏။

ပေါ်ခရီးထွက်သွားတော့မှ-

"ဘယ်တော့မှပြန်မလာလေ ပိုကောင်းလေပဲ ဒီဘရစ်
ပေါ်တူဂယ်(လ်)ကြီးရေ့"ဟုပြောပြီး အိမ်ထဲဝင်ကာ မင်္ဂလာ
မိန်းမငပိန်မနှင့် နပ်နေလိုက်သည်မှာ မနက်ကိုးနာရီထိုးသည်အထိ မ

အိပ်မက်ထဲမှာမို့ ပေါ်က အောင်ဝင်းနိုင်ရဲ့တင်ပါးတွေ ဆေ





ကန်လို့မရ။ မထိ။ လေဟပ်သလိုရှိ၍ ယားတားတားဖြစ်သွားလျှင်
အောင်ဝင်းနိုင်က ပွေးဝဲညှင်းတွေ မွေးမြူထားသော သူ့တင်ပါးကို
တဗျင်းဗျင်း၊ တဗြိဗြိကုတ်ဖွဲ့ပါလေတော့၏။ ထိုလက်ဖြင့်ပင် သူ့မိန်းမ
ငပိန်မလေး မချေးကိုဖတ်ပွေ့လိုက်သေး၏။ သုံးယောက်သား အိပ်
မက်တွေမက်လို့ကောင်းနေကြဆဲတွင်

"ဝုန်း…ဒိုင်း…ဖောင်း…ဒုံး…ဝှမ်း…ဖုန်း"

* * *



www.burmeseclassic.com

www.burmeseclassic.com



ကျယ်လောင်စွာ အိမ်တံခါးကိုထိမှန်သံ၊ ရေအိုးတွေကျကွဲသံ၊ အိမ်တိုင်ကို ဝါးရင်းတုတ်ဖြင့် လွဲရိုက်သံ၊ တံခါးကို ခြေဖြင့်ဆောင့်ကန်သံ၊ ပန်းကန်လုံးဖြင့် နံရံကိုပစ်ပေါက်ခွဲသံ အစရှိသဖြင့် သံမျိုးစုံလင်အောင် ဆူညံသွား၍ ဂျိုကာတို့သုံးယောက်သား လန့်ဖျတ်ပြီး နိုးထလာကုန်ကြ၏။ ရွာထဲကို စားမြဝင်တိုက်သည်ထင်ပြီး အလန့်တကြား နားစွင့်နေစဉ်

"ဟ ... ကျွ ... အရီးကျော ... ကျုပ်ရဲ့မခင်မှိုကို ဘာလို့လာခေါ်သွားတာလဲဗျ ... အရီးကျော့ကို ကျုပ်ပြောပြောထားတာ ဘယ်နှစ်ခါရှိပြီလဲ ... ညှေသည်လာတိုင်း မခင်မှိုကိုလာခေါ်မခိုင်းပါနဲ့ဆိုတာ ပြောလို့ကိုမရဘူး ... ကျုပ်စိတ်ကို တမင်ဆွနေတာလား ... ကျုပ်သောင်းကျန်းရင် အားလုံးမသာပေါ်ကုန်လိမ့်မယ်နော် ... ဘယ်မှာလဲ မခင်မှို ... အခုထုတ်ပေး ... ထုတ်ပေး ... မပေးရင်တော့ ... ကျုပ်ကိုယ်တိုင် အိမ်ပေါ်တက်လာပြီး လက်ထဲကဓွနဲ့ မြင်သမျှလူ အကုန်ခွဲပစ်တော့မယ် ... အရီးကျော ... အရီးကျော့ ... ဘာမှကိုပြန်မထူးဘူး ... ကျုပ်ကို မောမခန့်လုပ်နေတာပေါ့လေ ... ရတယ် ... ရတယ် ... တစ်နှစ်သုံးဆိုလို့မှ ထွက်မလာရင် ကျုပ်လာကြမ်းပြီမှတ် ... စရေတွက်ပြီနော် ... တစ် ... နှစ် ... သုံး ... ရောက်တော့မယ်နော် ... ဟာ ... တောက် ... သုံးကွာ ... လာပြီပေါ့ ... မိဂျမ်းတဲ့ စမ်းချင်ရာစမ်း ကြမ်းပြီးသားပဲ"

အိမ်လှေကားပေါ် တဝုန်းဝုန်းခုန်တက်လာသံကြောင့် ဥက္ကာက-

"ဟာ ... လူမိုက်တွေနဲ့တွေ့တယ်ကွ ... အရီးကျောတို့ အကြောင်းသိလို့ ဘယ်သွားပုန်းကုန်ကြပြီလဲမသိဘူး ... အိမ်ပေါ်တက်လာပြီ ငါတို့ခံရတော့တယ် ... ဘယ်လိုလုပ်မလဲ ဂျိုကာ"

"မပူပါနဲ့ကွာ ... မင်းသိပ်ကြောက်တတ်နေရင်လည်း ဟိုဖျာလိပ်ထဲဝင်နေ ... ငပေါ်ရော ... ငပေါ်ဘယ်ရောက်သွားပြီလဲ"

"ရှူး ... ငါထုတ်တန်းပေါ်မှာကွ"

"မြန်လိုက်တဲ့ကောင် ဘယ်အချိန်ကတက်သွားမှန်းတောင်





စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



သေလိုက်ရဘူး…မင်းတို့ ဘာမှမကြောက်နဲ့ ဒီရွာမှာ အဲဒီလိုသောင်းကျန်းတဲ့လူမိုက်မရှိခဲ့ဖူးပါဘူး…ဒါသက်သက်မဲ့ ခေါင်းမကောင်းတဲ့ ညောင်နာနာအရူးတစ်ယောက် သောင်းကျန်းနေတဲ့အသံပဲ ငါထွက်ထိန်းလိုက်မယ်…”

ဂျီကာကပြောပြီး အိပ်ခန်းထဲမှ ရင်ကော့ထွက်သွား၏။ အိပ်ပေါ်ထပ်ပထမဆင့်ပေါ်မှာ တဒိုင်းဒိုင်းနှင့် ဒေါကန်လျှောက်လာသော ခြေသံရှင် ကြိမ်းဝါးသူကြီးနှင့် ပက်ပင်းဆုံ၏။

“မင်းဘယ်သူ…ဟေ့…ဟေ့”

“ဖောင်း…”

“အား…”

“ဘုတ်”

“အမင်းငိုး”

“ကဲဟာ…”

“ဘုတ်”

“အား…”

လေးခွနှင့် အနီးကပ်ပစ်ခံလိုက်ရ၍ ဂျီကာမှာ ခေါင်းတစ်ချက်





ရင်ဘတ်တစ်ချက်၊ ကျောကုန်းတစ်ချက် ထိမှန်ခံရပြီး အိပ်ခန်းထဲကို အနာကျင်ကျင်နှင့် ဝင်ပြေးပြီး တံခါးအမြန်ပိတ်လိုက်ရ၏။

“လာလေ…ဘယ်ကလူလဲ…သူခိုးဓားပြမဟုတ်လား…အရိုးကျော့တို့ကိုဖမ်းထားတာမဟုတ်လား…ထွက်ခဲ့”

“ကျား”

“ဟင်…”

“ဖုတ်…ဝုန်း…ဂလောင်း…”

“အား…အမေရေ…ခါးကျိုးပါပြီ…အား…လွှတ်…”

“မလွှတ်ဘူး…ယောက်ျားလျှာမလေး…မင်းဘာလို့ ဒီလောက်တောင်ဗွာနေရတာလဲ…ငါ့သူငယ်ချင်းကို သုံးချက်တောင်မှန်သွားပြီကွ…မင်းစော်ထားတာ တရားလွန်နေပြီ…”

ထုတ်တန်းပေါ်မှငပေါက လေးခွကိုင်ပြီးရန်မူကာ ရန်သူရှာနေသော ယောက်ျားစိတ်ပေါက်နေသည့် ကောင်မလေးအပေါ် ခုန်အုပ်လိုက်ခြင်းဖြစ်၏။ ခုန်အုပ်လိုက်၍ နှစ်ယောက်သား ကြမ်းပြင်ပေါ်လုံးထွေးပြီးလဲကျသွားရာ ငပေါက သူမအပေါ် အတင်းတက်ဖိပြီး လက်နှစ်ဖက်ကို ချုပ်ကိုင်ထားခြင်းပင်။ အောက်မှာပိနေသော သူမက

www.burmeseclassic.com



အတင်းရှုန်းကန်ပြီး အော်နေ၏။ ပေါ်က လေးဝွကိုဆွဲလုပြီး ပြတင်းပေါက်အပြင်ဖက်ကို လှမ်းလွှင့်ပစ်လိုက်၏။ လောက်စာထည့်သောလွယ်အိတ်ကလေးထဲမှ ရွှံ့လုံးအခြောက်ခံ လောက်စာတွေ ကြမ်းပြင်ပေါ်ပြန့်ကျဲကျန်၏။ အိမ်ပေါ်က ယခုမှ လူတွေပြေးတက်လာသံကြားရ၏။ ဦးသံခဲ၊ ဒေါ်ကျော့နှင့် တောသူအပျိုချောမလေးတစ်ယောက်ပြောင်းဖူးတွေချိုးထည့်ထားသော တောင်းကြီးတွေနှင့်။

"ဟ…ဟ…မယ်ကျော့ရေ မင့်တူမ မင့်တူမမိကျွမ်း…လွန်လွန်းတယ်…ကြည့်စမ်း မြို့ကဧည့်သည်ရောက်တာမှ နာရီပိုင်းတောင်မရှိသေးဘူး ခုတ်လမ်းဖြစ်နေပြီ…ခုတ်ကြမ်းခန်းတောင်ရိုက်နေပါလားဟ…"

"မိကျွမ်း…မိကျွမ်း…"

"အစ်ိုးကျော့…ကျုပ်ကိုကယ်ပါဦး…ဒီလူ ကျုပ်ကိုအတင်းချုပ်ထားတယ်…ဒီလူ ဘယ်ကကလေကဝလဲ…ဟောလူ…လွှတ်ဗျ…ကျုပ်လက်တွေနာလှပြီ…အား…ကျုပ်ခါးက ဗျစ်ခနဲမျက်သွားတာ…အား…ကျွတ်ကျွတ်…ကျွတ်…မမှီ…ဘာလုပ်နေတာလဲ…ကျုပ်ကိုလာကယ်ပါဦးဗျ"





"မင်းကိုလွှတ်ပေးရင် မင်းရန်ရှာမှာလား ကောင်မလေး"

"သေနာကြီးနော်…ကျုပ် ခင်ဗျားကိုမကျေနပ်ဘူး…"

"ဟော့…ဟော့…မောင်ငပေါ်…ဘယ်လိုတွေဖြစ်ရတာလဲကွယ်…လွှတ်ပေးလိုက်ပါ…မင်းလုပ်ပုံက မြင်မကောင်းဘူး…အဲဒါ အပျိုလေး မိန်းကလေးကွ…ယိုသူမရှက် မြင်သူရှက်တော့ဖြစ်ကုန်ပါပြီ"

"ဦးရီးတို့တယ်သွားနေလို့လဲမသိဘူး…အိမ်ထဲမှာ တစ်ယောက်မှမရှိတုန်း ဒီကောင်မလေးရောက်လာပြီး ကြိမ်းမောင်းဆဲဆိုတယ်…လေးဂွနဲ့အိမ်နံရံတွေအကုန်လှော်ပစ်ပြီး…မခင်မှီကိုအတင်းထုတ်ပေးနိုင်းတယ်…ကျွန်တော်တို့လဲ လန့်နိုးကုန်တယ်…ဧည့်သည်တွေဖြစ်နေတော့ ဒီကောင်မလေးကို ဖိုလား မလားတောင်မသိပါဘူး…လူနိုက်လူကြမ်း လာရမ်းကားနေတာလို့ထင်လိုက်မိတယ်…အဲ့ဒီမှာတင်ခေင်မှီကိုမထုတ်ပေးရကောင်းလားဆိုပြီး အိမ်ပေါ်တက်ပြီး မြင်တဲ့လူ လေးဂွနဲ့ပစ်တာ…ဦးကြီးတို့ ဂျိုကာကို သုံးချက်တောင်ထိသွားတယ်…အခန်းထဲမှာ ဂျိုကာဘာဖြစ်သွားသလဲမသိဘူး…ကျွန်တော်က ဒီလောက်ရမ်းကားလွန်းလို့ ဆက်မရမ်းကားနိုင်အောင် အခုလို

www.burmeseclassic.com



တက်မိပြီးဖမ်းချုပ်ထားရတာပါ…ဦးလေးမှာ ထိတ်တုံးရှိတယ်မဟုတ်လား…ခတ်ထားလိုက်ပါဗျာ ဆိုးလွန်းလို့”

ဦးကြီးသံခဲတို့ ယခုမှပင် စာတ်ရည်လည်ကုန်ကြ၏။

“ဖြစ်မှဖြစ်ရလေကွာ…ကဲ…ကဲ…မိဂျမ်း…နင်လည်း ရှုံးမှုပြီး ဆက်မရမ်းနဲ့တော့…ဆက်ရမ်းရင် နင့်ကို ငါကိုယ်တိုင် ရဲစခန်းပို့တော့မယ် ကြားလား…”

“အင်း…ဒီကောင်ကြီးကို ကျုပ်အပေါ်က အမြန်ဖယ်ခိုင်း”

“မောင်ပေါက ဖယ်ပေးလိုက်ပါကွယ်…မိဂျမ်းက ဒီလိုပဲ တစ်ခါတလေ သူလုပ်ချင်တာမလုပ်ရရင် သိပ်ဆိုးတာ…ဦးကြီး မိန်းမ မယ်ကျော့ရဲ့မောင်က မွေးတာလေ…နာမည်က မိဂျမ်းတဲ့…သူ့အမေက မနှစ်က ငှက်ဖျားပိုးဦးနှောက်ထဲရောက်ပြီး ဆုံးသွားရှာတယ်…သူ့အမေက ပန်းနာရင်ကျပ်ရောဂါသည်…မိဂျမ်းက မောင်နှမလေးယောက်ထဲမှာ အကြီးဆုံးနဲ့ အားအကိုးရဆုံးပေါ့…သူ့အမေ ထားခဲ့တဲ့လယ်ကို မိန်းကလေးတန်မဲ့ ထမီတိုတိုဝတ်ပြီး အလုပ်နဲ့ လက် မပြတ်အောင်လုပ်လိုက်တာ တစ်နှစ်အတွင်း အိမ်ပြန်ဆောက် နိုင်တယ်…နှစ်နှစ်အတွင်း ဗီဒီယိုရုံထောင်နိုင်တယ်ဗျာ…အရင်က





မိဂျမ်းတို့ ဂျင်ခြေလည်အောင်လုပ်ခဲ့ရသမျှ မိဂျမ်းအောက်က မိသန်းတို့ မောင်ကံတို့ မွေးလာတဲ့ကြီးလာကြလို့ မိဂျမ်းအနားရပြီး သက်သာနေတာ ဘာကြာသေးလို့တုန်း…မိဂျမ်းတို့မိသားစုကို မယ်ကျော့ကပဲ စောင့်ရှောက်နေတာပေါ့ကွယ် ဦးကြီးတို့မှာ သားသမီးမထွန်းကားတော့ တူတွေတူမတွေကိုပဲ ချစ်နေကြရတာ…မယ်ကျော့က ဖတာဆိုးလေးမိဂျမ်းကို ချစ်လွန်းတော့ အလိုလိုက်ထားတယ်…မိဂျမ်းက မယ်ကျော့နဲ့ဦးကြီးဆိုရင် အခုတွေ့တဲ့အတိုင်း ဆိုးချင်တိုင်းဆိုး လုပ်ချင်တိုင်း လုပ် နိုင်ချင်တိုင်း 'နိုင်နေတော့တာပဲလေကွယ်”

“ဦးကြီးရေ့…ဒီမှာသေတော့မယ်…ဒီကောင်ကြီးက မဖယ်ပါလားဗျ…”

“ဟုတ်သားပဲ မိဂျမ်းအကြောင်းပြောနေတာနဲ့…ဖယ်ပေးလိုက်ပါကွဲ့”

ငပေါက ဖယ်ပေးလိုက်၏။ မိဂျမ်းက ခုန်ထပြီး လောက်စာလုံးတွေကိုလက်ထဲဆုပ်ပြီး ငပေါ့ကို အားနှင့်လွှဲလွှဲပေါက်တော့၏။

“(ဖေါက်)…အား…(ဖတ်)…အဲ့…(ဒုတ်)…အီး…ဦးကြီး လုပ်ပါဦး…မိဂျမ်း အဲ့ဒီလိုကြမ်းမှာစိုးလို့ ကျွန်တော် တော်သေးတာနဲ့



www.burmeseclassic.com

www.burmeseclassic.com



မထွက်ရဲတာ အခုကြည့်ပါဦး”

“မိဂျမ်း…တော်စမ်းဟေ့ တော်စမ်း”

ဦးကြီးစကားကြောင့် မိဂျမ်းက ခြေဆောင့်ကာ စိတ်ဆိုးမာန်ပြင်းသံဖြင့် ငပေါ့ကိုလက်ညှိုးထိုးပြရင်း–

“ဒီလူ ဘယ်သူလဲ…ဘယ်ကလူလဲ…မိဂျမ်းကို ဟိုအပေါ်ကနေ ခုန်အုပ်လိုက်တာ…အား…ကျွတ်…ကျွတ် ခါးမျက်သွားတယ်…ဒီမှာကြည့်ပါဦး လက်ကောက်ဝတ်တွေ နစ်ဖက်လုံးနီရဲနေပြီ…မတရား အနိုင်ကျင့်တယ်…ဦးကြီး အဲ့ဒီလူကိုဆုံးမပေး အမြန်ဆုံးမပေးပါ”

“ဟ…အဲ့ဒါ ညည့်သည်ဟ…ဒီမနက်ပဲ မြို့ကရောက်လာတာ…အဲ့ဒါ ငါ့တူရဲ့သူငယ်ချင်း…”

“ဟုတ်လို့လား…မညာနဲ့ မဝါနဲ့နော်…”

“နင့်အရီးကျော့မေးကြည့်တော့ဟေ့…နင်ကလဲ ဘာလို့ ညည့်သည်တွေကို လောက်လေးနဲ့ပစ်ရတာလဲ…ဘယ်လောက်အားနာဖို့ကောင်းသလဲ…နင်ရိုင်းတာတွေ ဆိုးတာတွေကလွန်တယ်၊ ကမ်းကုန်ပဲ…ဘယ့်နှယ်ကွာ”

“ဦးကြီးဘာသိလို့လဲ…အိမ်ထဲမှာဘယ်သူရှိလဲမေးတာ သူတို့ဖြန့်ထူးလို့လား…မထူးလို့ မိဂျမ်းတက်ပစ်တာပေါ့…အိမ်ပေါ်မှာ အိမ်ရှင်တွေမတွေ့ဘဲ လူစိမ်းကိုတွေ့တော့ အိမ်ရှင်ကိုဒုက္ခပေးပြီး ဓားပြတိုက်နေတယ်ထင်သွားလို့ ဗိုတ်ပစ်တာပေါ့…အဲ့ဒါ မိုက်ရိုင်းဆိုးသွမ်းသလားဦးကြီး…”

“အယ်…အဲ့ဒါတော့…အဲ့ဒါတော့ နင် ဂယနဂသိအောင်ရှိ စမ်းပြီးမှလုပ်ရောပေါ့ဟ”

“ဓားပြတကယ်တိုက်ခံနေရရင် ဂယနဂသိအောင်လုပ်ဖို့ အချိန်ရွဲနေရဦးမှာလား ဦးကြီးရဲ့”

“နင်ပြောတာလည်းဟုတ်နေတာပဲ”

အရီးကျော့ကဝင်၍

“တိုသံခဲရှင်းမှ ရှုပ်ကုန်ပြီတော့…တစ်ယောက်နဲ့တစ်ယောက် အထင်မှားပြီးဖြစ်ကုန်ကြတာ…ကျုပ်အထင်တော့ မခင်မိုကိုခေါ်ခိုင်းတာ မိဂျမ်းကမကြိုက်ဘူး…ကျုပ်ကလဲ မခင်မိုကို မိဂျမ်း လယ်ထဲသွားနေတုန်း အလစ်မှာ ခဏတဖြုတ်လေးခေါ်ထားလိုက်တာပါ…ကဲ ချင်တော့ မိဂျမ်းလယ်ထဲက ဓာတ်မြေဩဇာပြန်ယူရင်းနဲ့ မခင်မိုကို ကျုပ်ခေါ်သွားတယ်ဆိုတာကြားပြီး ဒေါသထွက်တော့မှာပေါ့…







www.burmeseclassic.com

www.burmeseclassic.com



ဒီကို ခေါ်နဲ့မောနဲ့လိုက်လာပြီး ကျုပ်ကိုကြိမ်းဝါးပြောဆိုလုပ်မှာပေါ့… အဲ့ဒီလိုမှပြောလို့အားမရသေးပြန်တော့ မိဂျမ်းငယ်ငယ်က သူလိုချင်တာမရရင် ပတ်ကြမ်းတိုက်တတ်သလို ပတ်ကြမ်းတာနဲ့ ဒီညှော်သည်ကလေးတွေ မြန်းစားကြီး ဘုမသိဘမသိနဲ့ သွားဆုံကုန်ကြရာက ပြဿနာတက်ရတော့တာပဲ…ဖြစ်ချင်လို့ပါတော်…မိဂျမ်းလာရမ်းတဲ့အချိန် ကျုပ်ဖြစ်ဖြစ် တော်ဖြစ်ဖြစ် ခင်မှိုဖြစ်ဖြစ်ရှိနေရင် ဒီလောက်ဖြစ်ကုန်ကြမှာမဟုတ်ဘူး…အသာချော့မော့ပြီး ပြေရာပြေကြောင်း ပြောပြပြန်လွှတ်လိုက်ရင် မိဂျမ်းကရပါတယ်…ဖြစ်ချင်တော့ ညှော်သည်တွေ ညတိုင်ကျရင်စားရအောင်…ဒီနေ့လယ် ညနေနီးလာရင်လည်း စားရအောင်ဆိုပြီး ကျုပ်ရယ်၊ ခင်မှိုရယ်က ရွာအရှေ့ကိုင်းထဲက ကိုယ့်အခင်းမှာ ပြောင်းဖူးသွားချိုးနေမိတယ်လေ…တော်က ကြာလို့ဆိုပြီး လိုက်လာချိုးတဲ့အချိန်မှာ မိဂျမ်းရောက်လာတာပဲဖြစ်လိမ့်မယ်…အဲ့ဆို တော်ရှည်တာ…တော်လိုက်မလာလဲ ဒီမှာထိုင်နေလိုက်ရင် ပြီးရော…အချိန်တန် ကျုပ်ပြန်လာမှာပေါ့…ဘာစိတ်မချစရာရှိသလဲ… အသက်တွေပဲကြီးလာပြီ"

"မင်းက သွေးတိုးရှိတော့ နေပူရှိန်ပြင်းရင် မူးလဲနေမှာစိုး…





ဝါ မယ်ကျော့ရယ်…အခန်းထဲက ညည်းသံကြားတယ်…ငါတူကို လောက်လေးမှန်သွားတယ်ဆိုတော့…ဂျိုကာရေ…ဟော့ဂျိုကာ…"

"ဗျာ…ဦးကြီး"

"ဒဏ်ရာတော်တော်ပြင်းသွားသလား…"

"လက်သံပြောင်တယ်ဗျာ ခေါင်းမှာ ဘုကြီးဟီးထွက်လာပြီ…ရင်ဘတ်နဲ့ကျောမှာလဲ ဘုထွက်နေပြီ"

"မိဂျမ်း…မိဂျမ်း နင်လုပ်လိုက်ရင်တော့ သောက်ရမ်းချည့်ပဲ…သွားတော့ နင့်အိမ်နင်ပြန်…မယ်ကျော့ မင့်တူမကို သူ့အိမ်ရောက်အောင်လိုက်ပို့ပေးလိုက်"

"လာ…မိဂျမ်းလာ"

မိဂျမ်းက ပမာမခန့်ဟန်ဖြင့် ငပေါ့ရှေ့မှာခါးထောက်ပြီး

"အဲ့ဒါ အကင်းပဲရှိသေးတယ်…မှတ်ထား"

ပြောပြီး အရီးကျော့နှင့် လက်ချင်းချိတ်ပြီးလိုက်ပါသွား၏။ ခင်မှိုကိုပါ လက်ဆွဲပြီး ပါအောင်ခေါ်သွားသေး၏။

ဦးကြီးသံခဲက တဖျစ်တောက်တောက်ပြောရင်း ဆေးလွယ်အိတ်ကြီး မ,ယူလာကာ



www.burmeseclassic.com

www.burmeseclassic.com



"ထွက်ခဲ့တော့ ဂျိုကာရေ…ဒီမှာ ဆေးလေးဘာလေးလူးရအောင်…အဲ့ဒီကောင်မလေးကတော့ အဲ့ဒီလိုပဲ…ဟုတ်ပါ့ကွာ…ငါ့အိမ်ကိုလည်း လောက်လေးနဲ့ပစ်ထားတာ မှန်ကိုကြဲရောပဲ ါဟင်း…မယ်ကျော့မျက်နှာထောက်နေရလို့ပေါ့ကွာ"

ဂျိုကာကို ဥက္ကာကတွဲပြီးထွက်လာရ၏။ ဦးကြီးက ဂျိုကာ့ကို ဆေးလူးပေး၏။ ငပေါက

"ညောင်မုတ်ဆိတ်ရှာသူတွေကလဲ အာဂမီးခဲတွေပဲ ဒါတောင် အကင်းပဲရှိသေးတယ် လုပ်သွားသေးတယ်"

ဂျိုကာက-

"နောက်တစ်ခါဆို ဦးကြီးတို့အပြင်သွားရင် တံခါးအလုံပိတ်ပြီး အပြင်ကသော့ခတ်ထားကြပါဗျာ…နောက်တစ်ချီ ဒါမျိုးခံရမယ်ဆိုရင် အသက်ထွက်လိမ့်မယ်…"

ဥက္ကာက-

"အဲ့ဒါကြောင့် မင်းကိုထွက်မတွေ့ပါနဲ့လို့ပြောတာ…နေရာတိုင်းမှာ ပြောင်းလဲမှုရှိတယ်…အရင်အတိုင်းပဲ မှတ်မနေနဲ့"

ဦးကြီးသံခဲက-





"ဒါတွေ ထိုးအရှင်တစ်ခေါက်ကတွန်းကာ ဒီကောင်မလေး ဒီမှာ ကျွ…ဈောင်ပေါ်မှာ မီးသွေးဖုတ်နေတယ်လေ…အခုမှ မီးသွေး ပ်နဲ့ဖြတ်ပြီး ရွှမြန်နေတာ…ဒီကောင်မလေးက မိုဇိတ်ပေါက် မခင်မို့ကိုစောင့်ရှောက်နေရှာတာ…မခင်မို့က ဆင်းရဲတော့ သူက ပြုတ်ကောက်မှုနေသေးတယ်…ခင်မို့အလုပ်လုပ်ရင် သူကမကြိုက် …ခင်မို့ပင်ပန်းတာ သူရှုအနိုင်ခံပြီး အလုပ်လုပ်တာဆိုရင် သူ့ကျော့အိမ်မှာလုပ်တာတောင်လက်မခံဘူး…ဟိုတလောက ခင်မို့ ခေါ်နိုင်းလို့ သူ့အမိုးကျော့ကို လာရန်တွေ့မြီးပြီလေ…"

ငပေါက-

"ဆိုတောက်ဖားလေးနဲ့ ချစ်စရာတော့အကောင်းသားနော် …"

ဂျိုကာက-

"လောက်လေးမှန်တာမခံရဖူးလို့ချစ်စရာကောင်းနေတာ… ခံရ မှန်သွားအောင်တောင်းပစ်ချင်တဲ့စိတ် ပေါက်တဲ့အထိ မှန်းသွား မယ်…အား…ကျွတ်…ကျွတ်…ကျွတ်"

ဥက္ကာတို့-



www.burmeseclassic.com

www.burmeseclassic.com



"မခင်မှီကလေးကမှ ဆံပင်အရှည်လေးနဲ့ ပါးကွက်ကျဲလေး ဗိုင်းထားတာ…အသားညိုစိမ့်စိမ့်နဲ့ တကယ့်ညိုချောလေး…ငါ့ပု ပေါက်ကနေချောင်းကြည့်နေတာ…ငပေါ်ပြောတဲ့ မိဂျမ်းကတော့ အသားလတ်ပြီး စိတ်ကြမ်းကိုယ်ကြမ်းကြီးပါကွာ"

ဦးကြီးသံခဲက-

"ဂျိုကာရေ…မင့်ကောင်တွေတော့ မျက်မမြင်ပွဲသွားခြော ယောက်ဖာတ်ကို ခင်းချင်နေကြပြီနဲ့တူတယ်…စိတ်မှန်းနဲ့ရမ်းသ ထင်မနေကြနဲ့…ငတို့ရွာက ကာလသားတွေတောင် မိဂျမ်းနဲ့သူ့ မခင်မှီဆိုရင် ဝေးဝေးရှောင်ပေးကြရတယ်…သွားမစမ်းနဲ့မောင် ဂျိုကာ လိုကောင်တောင် ဘုထွက်နေတာပဲကြည့်ကြတော့"

ဂျိုကာက-

"ဦးကြီးသံခဲလုပ်တာနဲ့တော့ သမိုင်းတွင်ပါပြီဗျာ…ဘာ ပြောချိန်မရလိုက်အောင်ကို ဝှနဲ့ဆော်သွားတဲ့မိဂျမ်း…တွေ့မယ်… ခင် က ဝှနဲ့ဆော်တော့ ဂျိုကာဆိုတဲ့ ကျွန်တော်က ဂေါ်နဲ့ဆွပြမယ် ဟာင်း"

ဥက္ကာက-

"ဂေါ်နဲ့ဆွမယ်ဆိုတာ ဂျိုနဲ့ခွေ့မှာကိုပြောတာလား"





ဦးကြီးသံခဲကြီး ဟောဟော ဟောနဲ့ရယ်ပွဲဖွဲ့ကုန်၏။ ငပေါ်က ဘားတွေ၊ ဆိုင်ကယ်(လ်)တွေမှာ တပ်ဆင်သော ရယ်သံအတိုင်း ရယ်ပြနေ၍ ဦးကြီးသံခဲသောက်သည့် ပြောင်းဖူးဖက်ဆေးလိပ်တိုကြီး နှင့် ငပေါ်ပါးစပ်ကို ထိုးပိတ်လိုက်မှ ရပ်တော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



ရွာမှာ သုံးရက်လောက်နေသွားကျလာသောအခါ မျက်နှာစိမ်းနေသူတွေ၊ မျက်နှာကျက်ဖြစ်လာကုန်ကြ၏။

ရာအိမ်မှူး ကိုဒွေါင်း၊ ဆယ်အိမ်မှူး ကိုပန်ဆယ်၊ ကာလသားခေါင်း ကိုပြောင်ကြီး၊ အလှူခံ ဦးရွှေတလူနှင့် ရွာမိ ရွာဖလူကြီးများအဖွဲ့၊ မုဆိုး ~~ကြီး ကိုခေတ်မောင်၊ အပျိုထိန်း မငွေစိမ်း၊ ကာလသားနောက်ပေါက် နောက်တိုးများဖြစ်သော ကျော်မင်းဦး၊ ခင်မောင်သန့်၊ နိုင်မင်းဇော်၊ ကျော်သူအောင်၊ ကာလသားဟောင်း လူပျိုသိုးကြီးများဖြစ်သော ကိုမွတ်၊ တင်မောင်ကြိုင်၊ ဘဝင်း၊ ကြွက်ပု၊ စိန်





မိုးတို့အဖွဲ့။ အပျိုးသမီးခေါင်းဆောင် မတင်စော၊ နန်းစန္ဒာ၊ မယ်ဥမ္မာတို့နှင့် နောက်ပေါက်ကာလသမီးပျိုများဖြစ်သော မိကျမ်း၊ မခင်မို၊ ကျော့သူဇာ၊ လည်လည်၊ ကျိုကြီးမ၊ ငုံးဥ၊ မှုံးမြသင်း၊ ကြည်ကြည်နိုင်၊ တင်မိမခြိမ်း၊ စိမ်းစိမ်းလဲ့၊ နွဲ့ယမင်းသွင် အစရှိသဖြင့်တို့နှင့် ဦးကြီးသိခဲတို့လင်မယားမိတ်ဆက်ပေးမှုဖြင့် သိကျွမ်းခင်မင်ခဲ့ရ၏။

ထိုအထဲ၌ မိကျမ်းနှင့် မိကျမ်းရဲ့အချစ်တော် မခင်မိုတို့မှ ခင်မင်၍မရသော ခြင်းချက်အပျိုဝင်များဖြစ်နေကြ၏။ အလှူ၊ ကထိန်၊ မင်္ဂလာဆောင်၊ သာရေးနာရေးပွဲများမှာ ဦးကြီးသိခဲ၏သမီးနှစ်ယောက်ဖြစ်သော မခင်နှင့်မတင်တို့မှာ အိုးသူကြီးများ၊ မုန့်ပွဲကိုင်များဖြစ်ကြပြန်၏။

မတင်နှင့် မခင်မှာ အရယ်သန်လွန်း၍ သွားဖုံးတွေလနီအောင်၊ ထမီကျွတ်မတတ်ရယ်ကြလွန်း၍ ကြိုက်မည့်ယောကျ်ားတော်တော်များကာ အပျိုကြီးစာရင်းဝင်နေကြသူတွေဖြစ်၏။ ကျန်းမာရေးမှူး ကိုအောင်တိုးက ညီအစ်မနှစ်ယောက်ကို ကျိတ်မိုးခဲ့ဖူးသော်လည်း တစ်မြန်နှစ်မိုးတွင်းက ကိုအောင်တိုး စက်ဘီးကြီးနှင့် မှောက်ထဲလဲပြီး ရွှံ့တွေထဲနှစ်နေတာကို ညီအစ်မနှစ်ယောက်တွေ့ကာ ခွက်ထိုးခွက်လန်ရယ်မောကြ၍ ကိုအောင်တိုးရှက်ပြီး တစ်ဖက်ရွာက ကျွမ်းတောင်ပိုင်၊



www.burmeseclassic.com

www.burmeseclassic.com



ပန်းတောင်ကိုင်မလေး မရွှေကြည်ကို မင်္ဂလာဆောင်သွားသဖြင့် ညီအစ်မနှစ်ယောက်မှာ ကျန်ရစ်ကြီးတွေဖြစ်နေကြဆဲပင်။

ယခုလည်း တွေ့ရှိမှု ဘာမျှမကြာသေး။ ဥက္ကာ၊ ငပေါ်တို့နှင့် အဖွဲ့ကျသွားသည်မှာ စကားကိုအမျှင်မပြတ်နိုင်တော့။

ဥက္ကာက-

"ဟုတ်တာပေါ့ မမတင်ရာ…ဒီခေတ်တောရွာတွေက အရင်လို ခေတ်မမီတာမရှိတော့ဘူး…ရွာထဲမှာဆို အိမ်ဆယ်လုံးမှာ တစ်လုံး လောက်နှုန်းရှိနေတာ…ဗီဒီယိုရုံတွေကလည်း ရွာတောင်တစ်လုံး ရွာမြောက်တစ်လုံးနဲ့ မြို့ကပေါ်တဲ့ကားမျိုးစုံကို ထည့်လဲကြည့်နေ တာ ခေတ်မီနေကြပြီ…သတင်းဆက်သွယ်ရေးကွန်ယက်ကြီးက ခေတ် မီမြန်ဆန်နေတော့ ကမ္ဘာကြီးဟာ ရွာကြီးတစ်ရွာလောက်ကို ကျဉ်း ကျုံ့သွားပြီပေါ့"

မမခင်က-

"ဘယ်နှယ့်ပြောလိုက်ပါလိမ့်…ကမ္ဘာကြီးက အကြီးကြီးပါ တော်…မြို့သားတွေဖြစ်ပြီး ဗဟုသုတကလည်းနည်းလိုက်တာ…ဘယ်





သူကပြောလဲ ကမ္ဘာကြီးဟာ ရွာတစ်ရွာလောက်စာပဲရှိတယ်ဆိုတာ… အဲဒါ ရှူးလို့ပြောတာဖြစ်လိမ့်မယ်"

ငပေါ်က ဥက္ကာကိုအသာလက်တို့လိုက်ပြီး

"ဟုတ်တာပေါ့…မမခင်ပြောလည်း ပြောစရာပဲ…ကျွန်တော် တို့က ဗဟုသုတနည်းတယ်…လို့အပ်တယ်ထင်တိုင်းသင်ပေးနော်… သိလို့မေးရဦးမယ်…ဂဏန်းကောင်လေးတွေက ဘာဖြစ်လို့ ဘေး တိုက်သွားကြတာလဲဟင်…ပြီးတော့…လင်းနို့ကြွက်တွေ ဘာဖြစ်လို့ ဇောက်ထိုးအိပ်ကြတာလဲ…ထိကရုံးပင်လေးတွေ ထိလိုက်တာနဲ့ ဘာလို့ အိပ်သွားကြတာလဲဟင်"

မမခင်ရော၊ မမတင်ပါ တအင်းအင်းနဲ့စဉ်းစားသွားကုန်ကြ၏။ ဥက္ကာက-

"အစ်မတွေညှိတယ်လို့ထင်ရင် ရာဇဝင်ရိုင်းတော့မယ်ဗျာ"

မမခင်က ချက်ချင်းပင်-

"ဂဏန်းတွေဘေးတိုက်သွားတာက ရှပ်ရှင်မင်းသားဝင်းဦး ဆတ်ကားကြည့်မိလို့…လင်းနို့ကြွက်တွေဇောက်ထိုးအိပ်ရတာက မိုးပြို မှာကြောက်လို့…ထိကရုန်းပင်လေးတွေထိလိုက်တာနဲ့ အိပ်သွားရတာ



www.burmeseclassic.com

www.burmeseclassic.com



— မိသားစုမှာတော့ သိနေကြတယ်လေ..မင်းတို့လက်နှင့်ထိလိုက်တဲ့ ကို ချွေးသေးပျံးတဲ့ဆင်လိုက်လို့တော်ခဲ့ရဲ့"

* * *





ဦးကြီးသိန်ခတို့အိမ်မှာ ရွာလူကြီးတွေစုလင်နေကြ၏။ ဂျိုကာတို့သုံးယောက်မှာ မုဆိုးကြီးကိုခေါ်ဆောင်ဆေ့ မုဆိုးအဖွဲ့အကြီးနှင့် ရွာနှိုးအိမ်တွေနားသောင်ပြီး နောက်တစ်ခါတောလည်ရှင်ခေါ်မှု ယမကာပုလင်းလေး လက်ဆောင်ပေးဖြစ်နိုင်ကြပြီး ပြန်လာကြစဉ် တွေ့လိုက်ရခြင်းပင်။

ဝင်ဆိုင်ပြီး နားထောင်စဉ်မှ ရွာဦးစေတီဘုရားပွဲတော်ကျင်းပဖို့ အကြောင်းဖြစ်နေ၏။ ယခင်က ပွဲမရှိမလုပ်ဖြစ်သလိုဖြစ်ပြီး ဒွေး အေးနေကြရာမှ ဘုရားပွဲကျင်းပဖို့ရက်ဖြစ်သည့် ရက်သတ္တတစ်ပါတ် အလိုမှာ သက်ဆိုင်ရာက ပွဲမိုးဖြိုးပေး၍ ဘုရားပွဲတော်အတွက် အလှူခံမြန်မှစုကြဖို့ ဆွေးနွေးတိုင်ပင်နေကြခြင်းပင်။



www.burmeseclassic.com

မြို့တက်ပြီး စတင်ကြမည့်အဖွဲ့၊ ဓာတ်ရုံထိုးပြီး ဆိုင်ခန်းဆောက်မည့်အဖွဲ့၊ မီးစက်နှင့် အသံချဲ့စက်အဖွဲ့၊ လုံခြုံရေးအဖွဲ့၊ ပြန်ကြားရေးဆပ်ကော်မတီ၊ ညှိနှိုင်းဆိုရေးနှင့် အာဂန္တုရပဟန်းတော်များကို ဝေယျာဝစ္စပြုကြမည့်လူအင်အား စသည်ဖြင့် တာဝန်အသီးသီးခွဲဝေပေးနေကြ၏။ ဖန်ခွက်ရှိပြီးသားမို့ အလှူခံမည်တကဲကဲလုပ်နေသော ဦးရွှေတရုတ်ကို ပြန်ကြားရေးကော်မတီမှ မိုက်ခွက်တပ်ပေးမည်ဟု ချော့မော့လိုက်ရ၏။

ရှာဘုရားပွဲနှင့်ကြုံကြိုက်ရတော့မည်မို့ ဂျူကာတို့သုံးယောက်ပါ ပျော်ရွှင်သွားကြ၏။ ရှာဘုရားပွဲကျင်းပမည်ဆိုသည့်သတင်းက တစ်ရွာလုံးပျံ့နှံ့ရုံတင်မက ရွာနီးချုပ်စပ်တွေပါ ကူးစက်သွား၏။ ရွာသူရွာသားတွေလည်း လှုပ်လှုပ်ရွရွဖြစ်ကုန်ကြ၏။ ဓာတ်ရုံထိုးဖို့ တောင်ပေါ်တက်ပြီး ဝါးခုတ်ကြမည့်အဖွဲ့တွေကလည်း လှည်းတွေပြင်ကုန်ကြ၏။ မုဆိုးကြီးက ဝါးခုတ်အဖွဲ့နှင့်လိုက်သွားလျှင် တောင်ပေါ်တက်သက်သာမည်ဆို၍ ဂျူကာတို့အဖွဲ့လည်း လိုက်ပါဖို့ပြင်ဆင်ရတော့၏။

နွားလှည်းထက် ကျွဲလှည်းတွေက တောင်တက်ခရီးလမ်းမှာ အသုံးဝင်၏။ လူဆင်းပြီး ကြိမ်ဝင့်ကာ အပြင်းမောင်းတင်ရသည့်အခါ





တွေလည်းရှိ၏။ တောင်ပေါ်မှာ တောင်ယာတွေရှိ၏။ ယာလုပ်သူတို့တဲတွေရှိပြီး လူတွေပါနေထိုင်ကြ၏။ မီးသွေးဖုတ်သူတွေ၊ သစ်ခွဲသူတွေနှင့် ပထမတောင်ကြောမှာ လူသွားလူလာကွင်းဆက်မပြတ်။

သစ်ခုတ်စခန်းမှတစ်ဆင့် မုဆိုးကျော်ကြီးဦးဆောင်မှုဖြင့် သူတို့ခြေလျင်တက်ရ၏။ ရိုင်ဖယ်သေနတ်ကိုင်ထားသော မုဆိုးကြီးနောက်မှ သူတို့က ဖိုင်ဘာလေးမြားတွေကိုင်ဆောင်ပြီး လိုက်ကြ၏။ ဖိုင်ဘာလေးမြားတွေကို ပေါ်က ကြိုတင်လျှို့ဝှက်ယူလာခြင်းပင်။ တောလည်ခြည်ဆိုမှ ထုတ်ကိုင်ဖြစ်ကြခြင်းပင်။

ဂျူကာက တောလည်သည်ကို လေ့လာရုံသက်သက်သာ။ လေးမြားလက်နက်မကိုင်။ ရိုးမတောင်တန်းတောနက်ရာထဲသို့ ရိက္ခာအခြေအနေကိုကြည့်ပြီး သိပ်မတိုးဖြစ်ကြ။ လျှိုတွေ။ မြိုင်တွေထဲသာတိုးပြီး မျောက်တွေ၊ ရစ်တွေပစ်တာလောက်နှင့် တင်းတိမ်ကြ၏။ ဂျူကာက သတ္တဝါတွေပစ်ခတ်တာကို အားမပေး၊ အသားလည်းမစား။ တောလည်ရက်မြန်မြန်ကုန်ဆုံးအောင်ပင် ဆုတောင်းရ၏။ တောမဝင်ခင် တောပိုင်တောင်ပိုင်တွေကို တင်မြှောက်ပူဇော်ရသည့်မလေ့ကထူးဆန်းမှတ်သားစရာပင်။

www.burmeseclassic.com

"သတ္တဝါတွေအသက်ကို မသတ်ချင်စမ်းပါနဲ့ကွာ…ကိုယ့်စိတ်
ပျော်ရွှင်မှုအတွက်နဲ့ သူများအသက်ကိုစတေးတာတော့ မိုက်ရိုင်း
လွန်းပါတယ်"

"မင်းပဲ အဖော်ရအောင် ငါတို့ကိုခေါ်လာတာမဟုတ်လား
ဂျိုကာ…"

"မင်းတို့လိုက်ချင်အောင် ဆွဲဆောင်လိုက်တာပါ…ဒါပေမဲ့
တခြားစိတ်ပျော်စရာတွေ အများကြီးရှိပါတယ်…လောကမှာ တရား
တဲ့ပျော်ရွှင်မှုတို့ပဲ ရှာသင့်တယ်…မတရားတဲ့ပျော်ရွှင်မှုကို မရှာသင့်
ဘူး…ငါးကလေးတွေမွေးတယ်၊ ကြက်တူရွေးလေးတွေမွေးတယ်
သတ္တဝါတွေကိုမွေးတယ်ဆိုတာ သူတို့ကို အကျဉ်းချလိုက်တာနဲ့ အတူ
တူပဲ…အိမ်မွေးသတ္တဝါဖြစ်တဲ့ ကြောင်တွေ၊ ခွေးတွေမွေးတာက
အကြောင်းမဟုတ်ဘူး…သူတို့က မျိုးဆက်နဲ့ချီပြီးတော့ကို အိမ်မွေး
သတ္တဝါအဖြစ်နဲ့နေလာကြတာ…စိတ်ကျောင်ထားတော့ သိပ်မခံကြရဘူး
တခြားသတ္တဝါတွေကြတော့ အစာကျွေးတယ်၊ ကျောင်အိမ်တွေ က
သိတ်ဘောင်တွေနဲ့ထားတယ်ဆိုတော့ အကျဉ်းချပြီး မသေအောင်
အစာကျွေးနေတာနဲ့ အတူတူပဲ…ကိုယ့်စိတ်ပျော်ရွှင်ကြည်နူးမှုရ

သဘာဝကိုဖန်ဆင်းပေးသနားထားတဲ့သတ္တဝါတွေရဲ့ဘဝကို ဖျက်စီး
လိုက်တာနဲ့အတူတူပဲ…တခြားဖြိုပြတ်တာစ်ခုခုပေါ်က ဖြိုပြစ်သွား
တွေကလူတွေကို အထူးအဆန်းအလှကြည့်သတ္တဝါအဖြစ်နဲ့ အကျဉ်းချ
အစာကျွေးပြီးမွေးမယ်ဆိုရင်တော့ ဘယ်လိုလူသားမျိုးက ခံချင်ကြ
တဲ့လဲ"

"မင်းပြောတာနဲ့ မှုဆိုးကြီးချက်ကျွေးတဲ့ မျောက်ချေးခါးဟင်းချို
သောက်ချင်တော့ဘူး"

"နောက်ဆို မင်းတို့ဝါသနာကြီးရင် မင်းတို့ဘာသာ အမဲပစ်
နောက်ကိုလိုက်ကြတော့…ငါကတော့ သတ္တဝါတွေသေကြေပျက်စီးရ
တာမြင်ရင် စိတ်ဆင်းရဲတယ်…ရွာမှာပဲနေခဲ့တော့မယ် မလိုက်ချင်ဘူး"

ဂျိုကာ့စကားကြောင့် ဥက္ကာနှင့်ငပေါ်တို့ တစ်ယောက်မျက်နှာ
တစ်ယောက်ကြည့်လိုက်ကြ၏။ ခမ်ဲလှမ်းလှမ်းမှာ ရှုက်ပြတ်နေသော
မုဆိုးကြီးကတော့ သူ့အလုပ်နှင့်သူရှုပ်နေ၍ ဘာမှကြားသိမည်မထင်။

ငပေါ်က-

"မင်းခေါ်လို့ ငါတို့လိုက်လာရတာပါကွာ…မင်းမကြိုက်ရင်
ငါတို့လည်း တွေ့ကလည်းမလိုက်တော့ဘူး…ဗဟုသုတရချင်လို့ပါ…

www.burmeseclassic.com



ကောင်းမွန်းသိပြီပဲ ဒီဝါသနာမျိုးကို စွန့်သင့်ရင်စွန့်ပစ်ရမှာပေါ့"

ဂျိုကာက ငပေါ်ပခုံးကိုအသာပုတ်လိုက်၏။ ဥက္ကာက

"နေပါဦး အခု ငါတို့က ရွာမှာဘယ်လောက်ကြာအောင်နေကြ မှာလဲ ဆယ်ရက်လား…ဆယ့်ငါးရက်လား…အရက်နှစ်ဆယ်လား"

"စားမေးပွဲအောင်စာရင်းထွက်တဲ့အထိပေါ့ ဥက္ကာရာ"

"အဲဒါပဲကောင်းပါတယ်…ငါ့အိမ်ကလည်း ဘာအခြေအနေမှ မှန်းသိရသေးတာမဟုတ်ဘူး…ငါတို့က နေရတာပျော်နေပြီ…မင်းဦး ကြီးသံခဲအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်မှာစိုးလို့ပါ"

"ငါ့ဦးကြီးက မင်းတို့နေမယ်ဆိုရင် နှစ်နဲ့ချီကျွေးနိုင်သေးတယ် တောသူဌေးတွေကို အထင်မသေးနဲ့"

ဥက္ကာက-

"ဒါဆိုရင် အဆင်ပြေတာပေါ့…တစ်သက်လုံးနေမယ်ဆိုလည်း တင်ကျွေးထားနိုင်တာပဲဟာ"

ငပေါ်က-

"တစ်သက်လုံးနေချင်ရင်တော့ ဂျိုကာ့ရဲ့အစ်မတစ်ခမ်းကို မမတင်ကိုဖြစ်ဖြစ် မမခင်ကိုဖြစ်ဖြစ် မင်းလက်ထပ်မှပဲရလိမ့်မယ်"





"ဟာကွာ…ငပေါ်ကလဲ ဂျိုကာကိုအားနာစရာ"

"အားမနာပါနဲ့ကွာ…ကြိုက်ရင် ယူသာယူ သဘောတူ တယ်…နေစမ်းပါဦး မင်းက ငြင်းချင်ချင်ဖြစ်နေပါလား…ငါ့အစ်မ တွေက ရုပ်မဆိုးပါဘူး…သဘောလဲကောင်းကြပါတယ်…ဘာငြင်း စရာရှိလဲ…"

"မရှိပါဘူး ဂျိုကာရာ…ဒါပေမဲ့ အားအားနေအရယ်သန် တယ်ကွ…သူတို့ရယ်သံနဲ့တင် အိပ်ချိန်လည်းအိပ်ရမှာမဟုတ်ဘူး… ထမင်းစားချိန်လည်း ထမင်းတွေသီးကုန်ရမှာ…အဲဒီအကျင့်ကြီးကိုလန့် တာ"

ငပေါ်က-

"အလကား ဒီကောင်လျှောက်ပြောနေတာ ဂျိုကာ…ဒီကောင် က မခင်မိုကို ကြွေချင်နေတာ မိဂျမ်းရဲ့လေးဂွကိုလန့်လို့"

"ဟော့ကောင် ငပေါ်…မင်းမဖော်နဲ့နော်…မင်းကမှ မိဂျမ်း ဂျမ်းနဲ့ တစ်မိထဲဂျမ်းနေတာ…မနေ့က ဂျိုကာအိပ်နေတုန်း ငါ့ကို ခေါ်ဆွဲခေါ်ပြီး မိဂျမ်းတို့အိမ်ဖက်သွားကြည့်သေးတယ်…မိဂျမ်း က ကလေးတွေနဲ့ ဖန်ခုန်တမ်းကစားနေတာကို လက်ခုပ်လက်ဝါးတီး

www.burmeseclassic.com



ပြီး အားပေးသလိုလို နှုတ်ဆွဲသွားလုပ်တာ…မိကျမ်းက လေးခွနဲ့လှိုက်ပစ်လို့ အသည်းအသန်ပြန်ပြေးလာရတယ်"

"မှင်းကော ဒီလိုလား ဥက္ကာ…မင်းကော့ ဘာထူးလို့လဲ မခင်မှီကိုတွေ့ချင်တယ်ဆိုလို့ မခင်မှီပဲခွတ်နေတဲ့လယ်ထဲကို ဘေးအိမ်ကကိုသာဒင်ကြီးလှည်းနဲ့ မောင်းပြီးလိုက်သွားတာလေ…မခင်မှီ ပဲခွတ်တဲ့အနားမှာ စကားရောဖောရောနဲ့ ဂေါ်ရေးဂေါ်ရာတွေပြမိလို့ ခပ်လှမ်းလှမ်းမှာနွားကျောင်းနေတဲ့ မိကျမ်းမြင်ပြီး ဂွနဲ့လိုက်ထုတော့ လှည်းမောင်းပြီးပြန်လစ်ပြေးလာရသေးတာပဲ မဟုတ်လား…ကိုသာဒင်ကြီးဆို အဲဒီအကြောင်းပြောရင် ရယ်လို့ကိုမဆုံးတော့ဘူး…"

ဂျိုကာက-

"မိကျမ်းကိုတော့ လက်တည့်သွားမစမ်းကြပါနဲ့ကွာ…ကျားဖျင်သာ ပြေးနိုက်လိုက်စမ်းပါ…လန့်လွန်းလို့…"

ငမျော်က-

"နေပါဦး ဂျိုကာ…မှင်းကရော ဒီရွာမှာ မွေးခံမျိုးခံရှိနေတာ ရွာထွက်ကူ ဘာမပ်အမျိုးမျှော်လို့မှ သဘောကျစရာမရှိခဲ့ဖူးဘူးလား"

"ရှိတာပေါ့ကွ…မတင်ရွှေတဲ့…လုံးကြီးပေါက်လှကြီး…ရွှေ





အေးငါးကြီးလိုပဲ ကလေးတစ်ယောက်နဲ့ မုဆိုးမကွ…ငါကလည်း လူပျိုပေါက်…ဦးကြီးသံခဲတို့မသိအောင် ချစ်လိုက်ကြတာကွာ…ဘာကြာလိုက်လို့လဲ…ဦးကြီးသံခဲနားပေါက်ပြီး…မုဆိုးမမှတြိုက်ရသလားဆိုပြီး ငါ့ကိုနရင်းအုပ်ထည့်လိုက်တာ ကြယ်တွေလတွေမြင်သွားတာပဲ…မမတင်တို့ မမခင်တို့ကလည်း ထမီစွန်တောင်ဆွဲပြီး မတင်ရွှေကို သွားရန်တွေကြတာလေ…ရွာမှာ ဘုန်းကြီးပျံပွဲမလုပ်ခင်နှစ်ရက်လောက်အလိုမှာပဲ ရုက်ရုက်နဲ့ မတင်ရွှေ တခြားရွာထွက်သွားတော့တယ်…အပြီးပြောင်းသွားတာ…ငါလည်း တော်တော်ညစ်သွားတယ်ချစ်သဘောချိုး စမ်းသပ်မိခဲ့တာကိုး…အရူးအမဲသားကျွေးမိသလိုဖြစ်ရော…ငါ့လိုက်ရှာတာပေါ့ ခတွေ့ပါဘူး…အဲ့ဒီမှာတင် ရွာပြန်လာပြီး ဘုန်းကြီးပျံပွဲမှာ ညစ်ညစ်မူးမူးဖြစ်ရာက မျောက်ပွဲလာကြတဲ့မျောက်ဆရာနဲ့ အလောင်းအစားလုပ်မိတယ်…ပြဿနာကို အတောင့်ကြိုက်တက်တော့တာပဲ"

"သြော်…ကြိတ်ခုတ်ခဲ့တဲ့စာတ်လမ်းလေးလည်း ရှိခဲ့ဖူးတာကိုး…မင်းပြောတော့ ဆယ်တန်းနှစ်ကျတွေစုတက်တဲ့ စာသင်ဝိုင်းက 'အကလျာ'ကို မင်းရင်ခုန်နေတာဆို"



www.burmeseclassic.com

www.burmeseclassic.com



"တစ်မျိုးစီပေါ့ကွာ…ဒီတစ်ခေါက်ပြန်လာတော့ ငါနဲ့မတင်ရွှေကိုအောင်သွယ်ပေးတဲ့ ကိုကြီးဘာဒင်က မတင်ရွှေအကြောင်းပြောပြတယ်…သရက်စိန်ရွာက ထွေးကြီးခေါ် ဗိုက်ပူနဲ့ မတင်ရွှေလိုက်ပြေးသွားပြီတဲ့…လွမ်းစရာလေးတွေဖြစ်ကုန်တာပေါ့ကွာ…ဗွိဗွိ"

"လွမ်းတာတော့ဟုတ်ပါပြီ…ဗွိဗွိဆိုတာကဘာသံလဲ"

"နပ်ညှစ်သံလေ…မိုးဥတုသီချင်းဆိုရင် မိုးဥတုနဲ့လိုက်ဖက်တဲ့ ဖားအော်သံလေးတွေ မိုးပေါက်ကျသံလေးတွေ ထည့်ပေးရသလိုပေါ့…လွမ်းတဲ့ခံစားမှုမှာလဲ တကယ်နပ်မထွက်တော့ တိတ်ခွေအသံထွက်ဓာတ်လမ်းတွေလို နပ်ညှစ်သံလေးထည့်ပေးရတာပေါ့…မင်းတို့ကလဲတုံးလိုက်တာ…ရွာတွေမှာလော်ဖွင့်ရင် တောသဘာဝ သီချင်းသံတွေ မကြားဖူးဘူးလား…ညပိုင်းကျရင် အသံသွင်းဓာတ်လမ်းဖွင့်တာကွ…အခုတော့ ရွာတွေလည်း အဆင့်မြင့်လာလို့ မင်္ဂလာဆောင်တွေ၊ ကထိန်တွေ၊ အလှူပွဲတွေဆိုရင် ကက်ဆက်ဓာတ်လမ်းခွေကို လော်နဲ့တစ်ရွာလုံးကြားအောင်ဖွင့်တဲ့အလေ့အထခေတ်မစားတော့ဘူး…ဗီဒီယိုပြတယ်၊ ဆောင်းဘောက်(စ်)တွေနဲ့ ရွှေဝါ့တေးတွေ၊ ဟသာတတွေ…လုပ်ကုန်ကြပြီ…လိုအပ်ရင် အရင်ကလို လော်ကြီးနဲ့ အသလွှတ်အော်





ဆိုကြတော့ဘူး…ကာရာအိုကေနဲ့အပြတ်ဟဲနေကြပြီ"

"မင်းနပ်ညှစ်သံရှင်းပြတာကလဲ ကုလားကားတစ်ကားစာ ကြာကြာ ရှည်လိုက်တာ…ဟော…ဟိုမှာ ဟင်းတွေချက်လို့ကျက်ပြီနဲ့တူတယ်…စားခါနီးလေး မျက်နှာသစ်ပြီး ပိုင်းကွလုပ်ပေးလိုက်ရအောင်"

ငပေါ်စကားကို ဥက္ကာက ဟား၏။ ဂျူကာကတော့ မတင်ရွှေ ရာမှာ အစားထိုးဖို့ ရွာမြောက်ပိုင်းက ထော်လာဂျီသုံးစီးပိုင်၊ အိမ်ကြီးကြီးဖွင့်ထားသည့် ဒေါ်သိန်းညွန့်ရဲ့သမီး ငွက်ထော်ကို မျက်စိ နေတာပြန်တွေးမိ၏။ ငွက်ထော်လေးက ကိုယ်လုံးတိုယ်ပေါက်လှ မျက်နှာဝိုင်းလေးနှင့်။ ဂျူကာနှင့်လမ်းမှာဆုံတိုင်း ရှက်ပြုံးလေး ပြုံးသွားတတ်သည်မှာ လှပတစ်လစ်ကလေးနှင့်။ မုဆိုးမဒေါ်သိန်း ညွန့်ရဲ့သမီးနှင့်ဆိုလျှင်တော့-

ဦးကြီးနှင့်အစ်မဝမ်းကွဲများ သဘောတူလောက်ပါလိမ့်မည်။ ညတို့၊ မိအေးတို့၊ ဝိုင်းစိန်တို့၊ ထွေးညိုတို့ကြတော့ သီချင်းဖွဲ့ဆိုထားရှိ၏။ ငွက်ထော်ကြတော့ ဘာလို့မရှိသေးတာလဲမသိ။

ကိုယ့်ဘာသာကိုယ်စပ်မိလျှင်လည်း ရက်(ပ်)သံစဉ်တွေနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကိုးလို့ကန့်လန့်ဖြစ်နေပေလိမ့်မည်။ စိတ်ထဲက တေးသွားအစမ်း
ကြည့်လိုက်၏။

(ငှက်တော်×××ချက်ပေါ်×××ကောက်ရိုးပုံပေါ်တက်အော် ××
နှင့်အမေကြားတော့×××ငါ့ကို ကောက်ရိုးပုံပေါ်တက်ဆော်×××အေ
×××အော်×××အော်×××ဒီမှာတင် ငါက×××မခံနိုင်အောင်ဖြစ်ရ××

* * *





တောလည်ခရီးနှစ်ရက်တာနှင့် ရွာပြန်ရောက်လာ၏။ ရွာဦး
ကျောင်းစေတီတစ်ဖက်ရှိ လယ်ကွင်းထဲမှာ ဓာတ်စင်ကြီးကို အားကြိုး
မာန်တက်ဆောက်လုပ်နေတာ လှမ်းတွေ့ရ၏။ ဆိုင်ခန်းတွေက ဓာတ်
စင်ကို ပစောက်ပုံရံခထား၏။ ရွာနီးချုပ်စပ်တွေမှ ရောက်လာကြမည့်
လူစည်းရုပ်ရန်နေရာမှာ ပစောက်ပုံအဝိုက်ထဲမှာ ကျယ်ပြန့်စွာရှိနေ၏။
ဦးကြီးသံခဲမှာ ဓာတ်စင်ကိုပြေးလိုက်၊ ရွာဦးကျောင်းကိုပြေး
လိုက်နှင့် အလုပ်ရှုပ်နေ၏။ စေတီတော်မှာ ဘုရားပွဲဖြစ် မဖြစ် မသေချာ
သော်လည်းက ရွှေသင်္ကန်းကပ်လှူပူဇော်ပြီးလေပြီ။ ထီးတော်အသစ်
ကပ်လှူပူဇော်ပြီးလေပြီ။ စေတီတော်ဝန်းကျင် သန့်ရှင်းရေးကို ကာလ

www.burmeseclassic.com



သားခေါင်း ဦးဆောင်သော ကာလသားတွေက ဝိုင်းဝန်းကူညီ
ပြီး လုပ်ဆောင်နေကြ၏။

ရွာဘုရားပွဲကြလျှင် ဝတ်ဖို့အဝတ်အစား၊ မျက်နှာချေနှင့်
အစရှိသဖြင့် မြို့တက်ဝယ်သည့် လူညီးတွေ၊ ဆော်လာဂျီတွေကလည်း
ရွာထဲဝင်လိုက်ထွက်လိုက်နှင့် ဘုရားပွဲလုပ်ခွင့်ရမှ ငြိမ်ချက်သားကျ
နေသော တစ်ရွာလုံးလည်း လှုပ်လှုပ်ရွရွအသက်ဝင်လာရတော့
အစပိုင်းက ရွာကလူတွေ ဂျိုကာကိုသိပ်မကြည်ကြ။ ဦးငြိ
သံခဲကောင်းမှုကြောင့် အမြင်ပြန်ကြည်လာကြ၏။ ဂျိုကာကလည်း
သတိကြီးကြီးထားပြီး ကူညီစရာရှိလျှင် အပြတ်အသတ်ကူညီတ
၏။

ဝမ်းဆွဲသည်နှင့် ကျန်းမာရေးမှူးခရီးလွန်နေ၍ မီးမဖွားနိုင်
နေသော ကိုဖိုးပိန်ရဲ့မိန်းမ မရွှေတုတ်ကို ငပေါ်ဂျစ်ကားဖြင့် မြို့ရော
အောင် အချိန်မီမောင်းပို့နိုင်ခဲ့၍ လူကြီးရောကလေးပါ အသက်
သာရာရခဲ့၏။ နို့မို့ နေ့ဇေ့လဇေ့ မီးနေသည် ရေပေါင်နေတာ
ရက် ရွှေ့နေလျှင် လူကြီးရောကလေးပါ ဒုက္ခရောက်သွားနိုင်
ရွာကလူ တွေ ကျေးဇူးဝိုင်းတင်ကြ၏။ မယုံမရဲနှင့်ပေါ့။





ကိုကြက်ပုအိမ်တလေး ရွာပြင်ခပ်ကျကျဆောက်ထားတာ လေ
ငြင်းတိုက်လို့ လဲပြိုသွားပါလေရော။ ကိုကြက်ပုခမျာ မိခင်အိုကြီး
နှင့် နေရရှာပြီး တစ်နေ့လုပ် တစ်နေ့စားသမားဘဝ။ ဂျိုကာက ငွေ
စိုက်ထုတ်ပြီး အိမ်တောင့်တောင့်တစ်လုံးဖြစ်အောင် အမြန်ဆောက်လှူ
လိုက်၏။ ရွာဦးကျောင်းက ဓမ္မာရုံမှာ သွပ်အချပ်ငါးဆယ်လိုတာကို
လည်း လှူ၏။ ရိုးချောင်းကူးသည့်ပေါင်းမိုးနှင့် တံတားလေးဆွေးမြည့်
ပျက်စီးသောအခါ လယ်ထဲသွားသည့်ရွာသားတွေ ရိုးချောင်းထဲဆင်း
ခွတ်ရ၍ ဒုက္ခရောက်ကြရ၏။ ဂျိုကာက တံတားပြင်ဆောက်ပေး
လိုက်၍ နတ်လူသာခုခေါ်ကုန်ကြ၏။ ကုန်ကျသမျှ ဦးကြီးသံခဲဆီက
ချေးသုံးပြီး အမေ့ဘီ(လ်)ထဲ ထည့်နိုင်းလိုက်သည်မှာ မကြာခဏ ဂျိုကာ
ကောင်းမှုအကြောင်းပြုပြီးတော့လည်း ရွာသားတွေ အမြင်ကြည်လင်
လာကြခြင်းဖြစ်၏။ ကတ်သီးကတ်သတ်ပြဿနာ တက်ချင်တာလေး
တွေက ဖြစ်လာတတ်သေး၏။ ဂျိုကာပြင်ပေးလိုက်သည့်တံတားမှာ
ဘန့်လန့်လမ်းပိတ်ပြီး အိပ်တာကို အစောင့်အရှောက် လောကသား
တွေကမကြိုက်ဟု သတင်းကြီးနေ၏။ ကာလသားတွေ တံတား
ဝိုင်းပြင်နေရာကနေ လူစုမိတော့ အာချောင်ကုန်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ကာလသားအိုကြီးတွေပြောတာကို ကာလသားပျိုလေးတွေ
လက်မခံချင်ကြ။

"လမ်းပိတ်ပြီးအိပ်တော့ ဘာဖြစ်မှာမို့လို့လဲဗျာ"

"မင်းမသိဘဲနဲ့ ရမ်းမပြောနဲ့ကျော်မင်းဦး…ဒီတံတားက
မည်ကြီးကွ…မင်းတို့လူမဖြစ်ခင်ကတည်းက အဲဒီလိုပိတ်အိပ်တာ
မကြိုက်တာ"

"ကိုဘဝင်းကလဲဗျာ…တံတားဆိုတာသက်မဲ့ပါ…ကိုယ်
ချင်သလိုနေလို့ရပါတယ်ဗျ"

"နိုင်မင်းဇော်ကလဲ ဝင်အာနေပြန်ပြီ…မင်းတို့နောက်ပေါ
ကာလသားတွေ ငတို့ပြောတာမယုံရင် စမ်းကြည့်ရဲလား…ဒီညတစ်
ရှိ ဒီတံတားမှာ ငါးယောက်လောက်ကန့်လန့်ဖြတ်လာအိပ်ရဲကြလား…
ငါတို့ ခပ်လှမ်းလှမ်းက ဓါတ်မီးတွေနဲ့အခြေအနေစောင့်ကြည့်ပေးမယ်
လေ…စိန်ရဲလား"

"သိပ်စိန်ရဲတာပေါ့ဗျာ…စိတ်ချ ဒီည အိပ်ပြမယ်…အိပ်
ဘာမှမဖြစ်ရင် ကိုဘဝင်းတို့ခွဲက ဘူးသီးနဲ့ ကိုတင်မောင်ကြိုင်တို့ခွဲ
ကြက်နှစ်ကောင်၊ ကိုမှတ်ကြီးဆိုင်က ထွေးညို လေးလုံးနဲ့ ကျူပ်တို့





တို့ပြုစုရမယ်…ဘယ့်နယ့်လဲ စိန်မလား"

ကိုမှတ်ကြီးက–

"ဒီလောက်တောင်ဖြစ်တဲ့ကောင်တွေ စိန်တယ်ကွာ…အိပ်နေ
ရာကနေ လန့်ပြီးခွေးအော်ဝက်အော်ပြေးမလာနဲ့…မြေကျစ်ခဲနဲ့ ပိုင်း
ထုပြမယ်"

ဤကာဝင်တားသော်လည်း အရှိန်ရသွားပြီမို့ သူတို့အချင်းချင်း
နားလည်မှုနှင့် ဆက်လိုမ့်သွားကုန်ကြ၏။ ည နာရီပြန်နှစ်ချက်တီးကြ
တော့ ရွာထဲမှာ ဆူဆူညံညံအသံတွေကြားရပါလေတော့၏။ ဓါတ်မီး
တဝင်းဝင်းနှင့်။ ရေမန်းတွေတောင်းပြီး အလောင်းအစားလုပ်ကာ တံ
တားပေါ်ကန့်လန့်အိပ်သည့် ကျော်မင်းဦးတို့အဖွဲ့ကို တိုက်ကြရ၏။

ဦးကြီးသံခဲက အကုန်လုံးကို သူ့အိမ်အောက်ကိုခေါ်ပြီး အပေါ့
အား မီးစက်ကိုနှိုးကာ မေးမြန်းစစ်ဆေးတော့၏။ ကိုတင်မောင်ကြိုင်
က စကားအထစ်အထစ်နှင့် ဝင်ရှင်းပြနေ၍ အတွင်းရေးမှူးက် ထ
ခေါက်ရ၏။

"ဒီကောင်…ကောင်…ကောင်လေးတွေ…တံ…တန်…
တန်တံတားပေါ်…အိပ်ကြတာလေ အဲဒါ…"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ရှင်းရင် မိုးလင်းတောင်ပြီးမှမဟုတ်ဘူး…တော်တော် တင်ဆောင်ကြိုင် ဘဝင်းပြောစမ်းကွာ"

ကိုဘဝင်းက အလောင်းအစားပြုမိကြတာကို ရှင်းပြ၏။ ပြီးမှ တံတားပေါ်ကို ညတစ်နာရီ လက်နက်မျိုးစုံနှင့် ကျော်မင်းဦးတို့ ကာလ သားပျိုငါးယောက် သီချင်းတအေးအေးနှင့် ကန့်လန့်ဖြတ်တွေ့မိတ် ထားပြီး လှဲအိပ်လိုက်ကြ၏။ ကြည်ဝေါက်နေသောည။ ကောင်းကင် မှာ လခြမ်းကွေးလေးရေးရေးသာနေချိန်။

ခစ်လှမ်းလှမ်းပေါက်ဝင်ကြီးအောက်မှာ ကာလသားလက် ဟောင်းကြီး ကိုဘဝင်းတို့အဖွဲ့ စောင့်ကြည့်နေကြပါသတဲ့။

ညတစ်နာရီနှင့် မီးနစ်နှစ်ဆယ်လောက်မှာ တံတားဖက်မှ ဝှန်း ဒိုင်း ဖုံးခွမ်းအသံနှင့် အမလေးအော်သံတွေ ထွက်ပေါ်လာပြီး ကျော်မင်း ဦးတို့ငါးယောက် ခွေးပြေးဝက်ပြေး ပြေးလာကြတာကို တွေ့ရပါသတဲ့။ ပထမတော့ ကိုဘဝင်းတို့လည်း စောင့်ခေါ်ပြီး မေးမြန်းအနိုင်ယူဖို့ ပြင်ထားကြပါသတဲ့။ ကျော်မင်းဦးတို့ ငယ်သံပါအောင်အော်ပြေးလာ တော့ ကိုဘဝင်းတို့အဖွဲ့ပါ ကြောက်လန့်ပြီး ရွာအရောက်ပြန်ပြေးလာ ခဲ့ကြပါသတဲ့။ ကျော်မင်းဦးတို့ ဘာကိုတွေ့ပြီး ဘယ်လိုလန့်အော်ပြေး





ခဲ့သည်ကို မမေးရသေး၍ ဥက္ကဋ္ဌကြီးကိုယ်တိုင်သာ ကျော်မင်းဦးကို မေးကြည့်ပါဟုပြောလာ၏။

"ကဲ…ကျော်မင်းဦး…ဖြစ်လာသမျှကို ဖြစ်ကြောင်းကုန်စင် သံတော်ဦးတင်စမ်း…အဲလေ…ငါ့နှယ်…ယောင်လို့…အကုန်ပြောပြ စမ်း"

"ဒီလိုပါ ဥက္ကဋ္ဌကြီး…ကျွန်တော်တို့ငါးယောက်လည်း သိပ္ပံ ခေတ်ကျေးလက်ကာလသားတွေပီပီ မယုံတာနဲ့ တမင်ဓာတ်လမ်းပိတ်ပြီး အိပ်နေကြတာ…လေကလေးတဖြူးဖြူး၊ သီချင်းကလေးတအေးအေး နဲ့ အိပ်ပျော်သွားကုန်ကြပါတယ်…အိပ်နေရင်းနဲ့ ဗိုက်ပေါ်ကို ခြေ ထောက်နဲ့တက်နင်းပြေးသွားသလို နာနာကျင်ကျင်ခံစားရလို့ လန့်နိုး ပြီး ထထိုင်ကြည့်ကြတော့ မည်းမည်းကြီးဗျာ… ဟိုဖက်ထိပ်ပြေးသွား လိုက်… ဒီဖက်ကိုပြန်ပြေးလာပြီး ထပ်တက်နင်းမယ်အလုပ်မှာ ကျွန်တော်တို့လည်း အသကုန်အော်ပြီး အသံကုန်ထပြေးကြရတော့ တာပါပဲခင်ဗျာ"

ဥက္ကဋ္ဌကြီးနှင့် အတွင်းရေးမှူးတို့ စဉ်းစားရကျပ်ကုန်၏။ အလောင်းအစားလုပ်သည့်အတွက်ကိုသာ ဖိအားပေးပြီး ဆူပူကြ၏။



www.burmeseclassic.com

ချော်ချော်ပြီး တက်နှင်းသွားတယ်ဆိုသည့်ပြဿနာကို မဖြေရှင်း တတ်၍ မဖြေရှင်းပဲထားလိုက်၏။

နောက်တစ်နေ့မနက်ကြမှ ငိုအားထက်ရယ်အားသန်သောအဖြစ် မှန်ကို သိကြရတော့၏။ မနေ့ညက ရိုးချောင်းတစ်ဖက်ကမ်းရွာမှ ကျွဲသိုးဆိုသည့် အသားမည်းကျုတ်ကျုတ် ရွာသားတစ်ယောက်မှာ သူ့နွားပျောက်၍ လိုက်ရှာရာ မတွေ့ဘဲ စိတ်ညစ်ညစ်နှင့် အရက်တွေ မိသောက်ပြီး လယ်ကွင်းတွေဖက် တစ်ယောက်တည်းထွက်ရှာရာက ရိုးချောင်းကူးသည့်တံတားပေါ်ရောက်လာပါသတဲ့။ တံတားပေါ် ဖြတ်နှင်းတော့ ပျော့စိစိနဲ့ဖြစ်နေတာမို့ မှုးမှူးနဲ့ တံတားကြမ်းခင်းကို ဆိုဖာတွေ ခင်းထားတယ်ထင်ပြီး နောက်တစ်ကြိမ် အရသာခံနင်းပြန် သတဲ့။ တဖန် ပြန်နင်းဖို့ပြေးအလာ တံတားပေါ်က မကောင်းဆိုးဝါးတွေ အသံနက်ကြီးနှင့် ထအော်လို့ ကိုကျွဲသိုးကြီးလည်းလန့်ပြီး အမူးပြေကာ သရဲတွေတွေ့သွားမှာကြောက်လို့ ရိုးချောင်းတံတားပေါ်က ရေထဲကို ဒိုင်ဗင်ထိုးချပြီး ရေထဲမှာ သရဲတွေမမြင်အောင် ရေငုပ်ပုန်းခဲ့ရပါ သတဲ့... သူ့ရဲတွေမရှိနိုင်တော့တဲ့နေရာရောက်အောင် ပက်လက် ကလေးမျောကူးပြီး လွတ်လောက်သည်ထင်သောနေရာရောက်မှ ကမ်း





ပေါ်တက်ကာ ရွာကိုတစ်ချိုးတည်းသုတ်ခြေတင်ခဲ့ပါသတဲ့။

ညအခါကာလ၊ မှောင်ရိပ်မှုန်ဝါးမှာ သူ့သရဲထင်၊ ကိုယ့်သရဲ ထင်ပြီး နှစ်ဖက်လန့်ကုန်ကြသည့်အဖြစ်။ ကျော်မင်းဦးဆို သုံးရက် လောက်ကို လန့်ဖျားဖျားပါလေရော။ ကိုကြွက်သိုးက သိပ်မလန့်ရှာ ပါဘူး၊ တစ်ပတ်လောက်ကို ပယောဂကပ်သလိုဖြစ်လို့ ပယောဂဆရာ ပင့်ပြီး ကုလိုက်တာ ဆရာက ကျွဲရိုက်နွားရိုက် ရိုက်စစ်ပစ်လိုက်လို့ ကိုကြွက်သိုးတစ်ယောက် ဆေးရုံကို လန့်ချီတက်လိုက်ရပါသတဲ့။ ကိုကြွက်သိုးအတွက် အဆိုးထဲကအကောင်းဖြစ်လာရခြင်းမှာ သူ့သိပ် ချစ်သော ဂျိုကားနွားထီးကြီး သူ့ဘာသာ တောလည်ရာမှ ချည်တိုင် ရှိရာ အိမ်ကိုပြန်ရောက်လာခြင်းပင်။

ကျေးလက်တောရွာဇာတ်ပုံပုံမှုသုတဖြစ်စရာတွေကို ဂျိုကာ ကို့သုံး ယောက်တွေ့မြင်ခံစားလိုက်ကြရ၏။ ကျေးရွာတွေမှာသာပေါပေါများ များတွေ့ရတတ်သော ကွင်းပိုင်တွေတင်မြှောက်ပသခြင်း၊ ဇလိနတ်စာ ကျွေးခြင်း၊ ခေါ်စာပစ်ခြင်း၊ တစ္ဆေစာကျွေးခြင်းတွေ အမျိုးမျိုးတွေ့ လာရ၏။ အရေးထဲ နတ်ကတော်တွေကတမျှောင့်။ ထူးထူးဆန်းဆန်း အမကျွန်းဖြစ်ပြီး ငန်းဖမ်းသလိုယောင်ယမ်းပြီး တွေ့ရာပြောဆိုနေပါက

www.burmeseclassic.com



တောမှောက်တာ၊ နတ်ကိုင်တာ၊ စုန်းပြူစားတာ၊ တောမှားတာ အစရှိသဖြင့် စိတ်ဝဓယာဂကုထုံးနှင့် ပရလောကကုထုံးတွေက ဝင်လာကြကုန်တော့၏။

သတင်းဆက်သွယ်ရေးပညာပေးအစီအစဉ်တွေ T.V နှင့် VIDEO တွေမှာ ကြည့်နေရသော်လည်း ရိုးရာအစဉ်အလာကောင်းများသာ မထိန်းချင်မထိန်းချည်၊ မကောင်းသည့်အစွဲအလမ်းကိစ္စတွေကိုဖြင့် ထိစ်ခနဲရှိ ယုံလိုက်ကြသည့်အဖြစ်က ရှင်သန်နေဆဲ။

နောက်တစ်နေ့ နေ့လယ်စာထမင်းဝိုင်းမှာ ပဲဟင်း၊ မန်းကျည်းရွက်သုပ်၊ ငါးကြော်နှပ်နှင့် လက်ဖက်စုံသုပ်တို့ဖြင့် အားပေးလို့ကောင်းနေကြစဉ် အနားမှာ ယပ်ခတ်ပေးနေသော မမတင်က-

"စားဝင်ကောင်းကြရဲ့လား…မောင်ဝင်းထရံကလည်း အစားနည်းလိုက်တာ…တို့များတောမှာကတော့ ဟင်းစားသယ်လည်ရောင်းမှပဲ ဟင်းကောင်းစားရတာ…ဒီနားမှာက ဝက်တွေအမဲတွေ မသတ်ကြဘူး…ဟိုးရှေ့နားက အင်းဝိုင်းကြီးရွာဆို ရွာလုံးကျွတ်နီးပါး သက်သတ်လွတ်စားကြတာကွယ့်…ဒီရွာမှာ ကြက်တွေဘဲတွေပေါတာပဲလွှန်လှနေပြီ…တောသူတောင်သားကတော့ အ ပုပ်ပန်းလို့လားမသိ





ငပိချက်နဲ့လည်း တစ်ယောက်ဆို နို့ဆီဘူးလေးလုံးချက်လောက်တော့ အသာလေးပဲစားကုန်တယ်"

"ကောင်းပါတယ် မမတင်…ကောက်ညှင်းမုန့်တွေအစားများလို့ပါ…မခင်မှီတို့အိမ်ကလာပို့တဲ့ မုန့်တွေလေ ကောင်းတာနဲ့ထိုင်စားမိသွားလို့"

ဥက္ကာရဲ့စကား။ ငပေါက-

"မခင်မှီကျွေးရင် ဥက္ကာက သေသေးလဲစားမှာပဲတဲ့ မတောင်"

"ဟော့တော်…မောင်ဝင်းထရံက ခင်မှီလေးကို ချိန်နေတာ…"

ဂျိုကာကပါဝင်နောက်လိုက်ပုံမှာ-

"ချိန်တာ ဘယ်လောက်သားရှိလဲ…အချိန်တစ်ရာလောက်ရှိမှာ…ဟုတ်လားဥက္ကာ"

"မင်းတို့ကလဲကွာ…မမတင်က အဟုတ်ထင်ပြီး သွားပြောမယ်"

မမတင်ကရယ်နေ၏။ ဟင်းချိုပွဲလာဖြည့်ပေးသော မမခင်ကဲ



www.burmeseclassic.com

www.burmeseclassic.com



"တို့အကုန်ကြားတယ်ဟေ့…မတင်မပြောလဲ ကော့ဒီက မိမ်
က တစ်ရွာလုံးလည်ပြောမှာပါ မပူပါနဲ့…ဟော့တော်…အဟုတ်မှတ်
လို့ မောင်ဝင်းထရံခမျာ မျက်နှာလေးငယ်သွားလိုက်တာ နံနံပင်ရွက်
လောက်ကလေးပဲရှိတော့တယ် ဟေးဟေးဟေး"

ထိုစဉ်မှာပင်

"မကြီးတင်…မကြီးခင် အိမ်ပေါ်မှာဘယ်သူရှိလဲ"

"မခင်…ဒါမိဂျမ်းအသံပဲ သွားတွေ့လိုက်…"

"မကြီးခင်ရော မကြီးတင်ရောရှိပါတယ် မိအေပြုံရဲ့…လက်ထဲ
မှာလည်း ချိုင့်ကြီးနဲ့ ဘာတွေလာပို့တာလဲ"

"အမေပေါ့ဗျာ…ကျုပ်လောက်လေးနဲ့ပစ်မိလို့ ညှိုသည်တွေ
ကို အားနာလို့တဲ့ ဟင်းချိုင့်ပို့ခိုင်းလိုက်တယ်…ရှော…ရှော…ကျုပ်
ကပို့ချင်တာမဟုတ်ဘူး…အမေအတင်းခိုင်းလို့သာပေါ့"

"မိဂျမ်းတို့ကတော့ ပြောလိုက်ရင် ဒုတ်ယိုးအိုးပေါက်ရှည့်ပဲ…
ဟဲ့…ဘာဟင်းတွေလဲ"

"ဘဲသားနဲ့ခရမ်းသီးနှပ်"

"ညှိုသည်တွေတော့ စားမြိန်ဦးတော့မှာပဲ…အိမ်ပေါ်တက်





…ညှိုသည်တွေက ထမင်းစားနေကြတုန်း…နင့်မကြီးတင်လည်း
ယ်"

"မတက်တော့ဘူး…ဟိုနဘူးကြီးကိုမတွေ့ချင်ဘူး…ချိုင့်
မြန်မြန်လှယ်ပါဗျာ"

ပေါ်က ထမင်းစားလက်စနှင့် အပေါက်ဝထသွားပြီး

"ဘယ်သူလဲကွ…ငါ့ကိုနဘူးလို့ပြောတာ"

"ကျုပ်ပြောတာ…ဘာဖြစ်လဲ"

"ဟေ့…မှတ်ထား…ပုထုစဉ်ယောကျ်ားမှန်ရင် နဘူးရယ်…
ဘူးရယ်ပဲရှိတယ်…နဘူးမဟုတ်ရင် ဂန်ဒူးဖြစ်မှာစိုးလို့ ဘူးရတာ
…မင်းလို ဟိုမရောက်ဒီမရောက်…ရောက်…အမလေး မမခင်
အခဲကြီးကောက်ပြီး လှမ်းပေါက်မလို့လုပ်နေပြီ"

"မိဂျမ်းရယ်…ညှိုသည်တွေက နောက်တတ်တာပါ…စိတ်
ငါ့ညီမရေ…အမေပြန်လာတာနဲ့တိုးရင် ဟိုတစ်ခါတည်းက
မိလေးနဲ့ပစ်လို့ ဒေါကန်နေတာ…ဒီတစ်ခါ မဲ့ထုရင် ငါ့ညီမကို
ရှိတော့မယ်"

"မကြီးခင်တို့လူက တရားလွန်အောင်နောက်တာကိုးဗျ…အဲ



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေသိလို့ ချိုင့်မြန်မြန်လှယ်နိုင်းတာ မကြီးခင်ကိုက နေးတဲ့နေ

နဲ့ အာပေါ်နေတယ်…အဲ့ဒါကြောင့် ယောကျ်ားမရတာ”

“အလိုလေးတော်…တဆိတ်ရှိ အပျိုကြီးဖြစ်တာကိုပဲ

စော်ကားကားပြောချင်နေကြတယ်…ဒီမှာ မယူချင်လို့ မိခင်တို့

ရင်ကော့နေတာ…ယူချင်ရင်လေ ဟောတစ်ယောက် ဟော

ယောက်နဲ့ ခေါင်းခေါက်ရွေးယူလို့ရတယ်”

“လုပ်မနေပါနဲ့…အဲ့ဒီအိုက်တင်က ဟိုဗီဒီယိုကားထဲက

သမီးပြောသွားတဲ့စကားနဲ့ အိုက်တင်တွေ…တော်ပြီ မကြီးခင်ပဲ

ဆေပြီး အိမ်လာပို့တော့…မိကျွမ်းကို မတုရဲဘူးထင်ပြီးစမ်းရင် တ

ထုပြမယ်”

မိကျွမ်းပြန်သွားမှ ပေါ်လည်း အသံထွက်အောင်ရယ်ရဲ

၏။ မကြီးခင်က-

“မိကျွမ်းတို့ကတော့ အဲ့ဒီအချိုးချည့်ပဲ ဟင်း…”

ထမင်းစားသောက်ပြီးစီးသည်နှင့် ဂျူကာက

“ငါက မိကျွမ်းအပေါ် ဘာစိတ်မှမရှိဘူး…ငါပဲချိုင့်ပို့လိုက်

မယ်…တော်ကြာ မကြီးခင်နဲ့ မိကျွမ်းတို့ ချိုင့်ပို့ရင်းနဲ့ စကားများ





ဦးမယ်”

ပေါ်က-

“ငါပို့မယ်ကွာ…ပြဿနာမတက်စေရဘူး…မကြီးခင် ချိုင့်

ဆေး”

“ဟဲ့…ငါ့မောင်…ဖြစ်ပါ့မလား”

မကြီးခင်က စိုးရိမ်စိတ်နှင့် တား၏။ မကြီးတင်က-

“ချိုင့်ပြန်ပို့တာပဲ ရည်းစားစကားပြောတာမှမဟုတ်တာ…

သွားပို့ပါစေ…တစ်ယောက်နဲ့တစ်ယောက် အကြောင်းသိသွားတော့

နောက်နောင် ပေါင်းလို့သင်းလို့ရတာပေါ့”

ပေါ်က ချိုင့်ယူပြီး ရင်ကော့ဆင်းသွား၏။ ဥက္ကာက-

“ဟိုတစ်ခါ ဂျူကာခံလိုက်ရတာလဲ အဲ့ဒီပုံစံမျိုးပဲ…”

“အဲ့ဒါက ဂျူကာ…ငါက ပေါ် မတူဘူး”

ပေါ် ချိုင့်သွားပို့သံကို အိမ်ပေါ်မှပင် နားစွင့်နေလိုက်၏။

သိပ်မကြာ။ ဆူဆူညံညံ အော်ဟစ်သံပေးပြီး ပေါ်ပြန်ပြေးလာတာကို

တွေ့လိုက်ရ၏။ နောက်မှ ကျားပေါက်ဆိုသောခွေးက အတင်းလိုက်

ဆွဲနေ၏။ အိမ်ပေါ်ကို လှေကားထစ်တွေခုန်ကျော်တက်ပြီး ပေါ်



www.burmeseclassic.com

www.burmeseclassic.com



[illegible]ရောက်လာ၏။ ဂျိုကာကသီးမေး၏။

"ဘယ်လိုဖြစ်လာရတာလဲကွ"

"ဟောဟဲ…ဟဲဟော…ဟောဟူး…မိဂျမ်းလေ…ချိုင့်ယူ ပြီး တာနဲ့ ခွေးနဲ့ရှူးတိုက်လွှတ်တယ်…သူ့အမေအော်တားတာတောင် မရဘူး…အား…ခြေသလုံးကိုကိုက်မိသွားတယ်"

"ငါပြောသားပဲ…ခုတော့ခံရပြီမဟုတ်လား…ခွေးရူးပြန် ကာကွယ်ဆေးက ဈေးကြီးပါဘိသနဲ့…မြို့နယ်ဆေးရုံမှာတောင် ရှိချင်မှရှိမှာ…ခရိုင်ဆေးရုံတက်ထိုးရကိန်းတော့ဆိုက်ပြီ"

"ဟယ်…မောင်လေးတို့ တောင်ငူကို ကားနဲ့သွားကြတော့မှာ ပေါ့…အဲ့ဒါဆို အစ်မတို့ညီအစ်မလည်းလိုက်မယ်…ဒီနားကဲ မြို့တွေ ကဝယ်ထားတဲ့ပိတ်စတွေကို မကြိုက်လို့ တောင်ငူလိုက်ဝယ်မယ်… ဘုရားပွဲဝတ်ဖို့လေ…မိတ်ကပ်၊ နှုတ်ခမ်းနီ၊ ပါးနီ၊ မျက်တောင်ကော့ ဆေးတွေပါဝယ်ရမယ်"

တအီးအီးနှင့် ညည်းနေသော ပေါ်ကို ပြုစုရင်းမှ ဂျိုကာနှင့် ဥက္ကာတို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်၏။

အသည်းအသန်ဖြစ်နေတာတောင် မိန်းမ ခတွေဝီဝီ အလှအပ





ဆွည်းဝယ်ဖို့အရေးကို ဦးစားပေးနေကြသေး၏။

"ဒါဆိုလည်း ပြင်ကြ…ကျွန်တော်ကိုယ်တိုင်မောင်းပြီး တောင်ငူသွားပြကြမယ်…."

ပြင်ဆင်ပြီး ကားပေါ်တက်နေကြစဉ် ဦးကြီးသံခဲရောက်လာ၏။ အကျိုးအကြောင်းမေး၏။ ရှင်းပြလိုက်သောအခါ ဒေါသူပုန်ထ၏ မိဂျမ်းကို မှတ်လောက်အောင်ဆုံးမရမယ်ဆိုပြီး ကြိမ်လုံးကိုင်ကာ ဂျမ်းတို့အိမ်ဖက်ကို ခေါင်းတင်မောင်းတင်ထွက်ချသွား၏။

ဦးကြီးသံခဲကို စိတ်ပူပြီး ဂျိုကာလိုက်ချသွား၏။ လက်လွန် ခြိမ်မတွေဖြစ်ကုန်မှ ဒုက္ခ။ အသက်ကြီးမှ ထောင်ကျခံနေရဦးမည်။ ထိုလှမ်းလှမ်းမှ ဓွက်ထော်တို့ဖြတ်သွားတာကိုပင် မြင်သော်လည်း ဂရုတိုက်မမှုနိုင်။ မိဂျမ်းတို့အိမ်ရှေ့မှာ ပွဲကြမ်းကုန်ပြီလားမသိ။

ဂျိုကာတစ်ယောက် မိဂျမ်းတို့အိမ်ရောက်သွားတော့ ထင်ခဲ့သမျှ ထင်ကြေးနှင့် မြင်တွေ့ရသည့်မြင်ကွင်းက ပြောင်းပြန်ဖြစ်ကုန်၏ ဦးကြီးသံခဲကို မိဂျမ်းကတွဲကိုင်ပေးမလို့။

"ဦးကြီးသံခဲ"

"ဟော…ငါ့နယ်ကွာ…ဒီခွေးမလေးကြောင့် ဒေါသထွက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့တာ မြောင်းထဲချော်ကျလို့ ခြေသပ္ပတ်တိုင်လည်သွားပြီနဲ့တူ…
တယ်…အောင်မလေးဗျာ…နာလှချည်ရဲ့ အမေရဲ့…"

"ဦးကြီးသံခဲအမေ ကျွန်တော်တို့အတွားဆုံးတာ ဘယ်လောက်…
ကြာပြီလဲ…အခုဆို အရိုးတောင်ဆွေးလောက်ပြီ"

"ငါသိတယ် ဂျိုကာ…နာလွန်းလို့ မြည်တမ်းမိတာပါကွာ…
အတိအကျကြီးစဥ်းစားမပြောပါနဲ့…လျှောပေါ့ဖြည့်စွက်ပြီး စဥ်းစား…
ပြောဝါဟဲ့"

"ဦးကြီးကလဲ ဒီမှာအေးထည့်ပေးရမှာလား…ဦးကြီးတူနဲ့ အိ…
ပြန်လိုက်မှာလား"

"ငါတူနဲ့ပဲပြန်လိုက်မယ်…နင့်ကိုမရိုက်ရမချင်း ငါမကျေနပ်…
ဘူးဟဲ့ မိဂျမ်းရဲ့"

မိဂျမ်းက ဦးကြီးသံခဲကို တွဲထားရာက လွှတ်ဖယ်ရန်းထွက်…
လိုက်၏။ ပုံခနဲလဲကျသော ဦးကြီးကို ဂျိုကာပြေးဖက်လိုက်၏။ …
ချည်ကို လက်နှင့်ထိုးပြီး ဖြေထုတ်သလိုဖြစ်၍ ဦးကြီးသံခဲ လုံချည်…
ကျွတ်ကျသွား၏။ ရောမအောက်ခံဘောင်းဘီကြီးဝတ်ထားလို့သာ…
တော်တော့၏။ မိဂျမ်းဆို ပုဆိုးကျွတ်စကတည်းက လန့်ပြီးနောက်…





…ထုတ်ကာ မျက်နှာကမန်းကတန်းလွှဲပြီး

"ဦးကြီး…ဒုက္ခပဲဗျာ…ပုဆိုးမနိုင် ပဝါမနိုင်နဲ့…ဒီမှာ မိန်း…
…လေးဗျ"

"ဩော်…မိန်းကလေးဟုတ်လား…ဒါမျိုးကြတော့ မိန်းက…
…ဖြစ်သွားပြီလား…ငါမပြောလိုက်ချင်ဘူး…ဟွန့် ဘောင်းဘီပါ…
…ယ်ပေါ့…အဖြစ်သည်းမနေနဲ့ တမင်ချွတ်ချတာမဟုတ်ဘူး…ငါ့…
…လက်နဲ့ မတော်တဆခိုက်မိလို့ ကျွတ်သွားတာ…လာ…ငါ့တူ…
…မယ် ဦးကြီးကိုတွဲစမ်း…ဟင်း…မိဂျမ်း…နင်နဲ့နောက်မှတွေ့မယ်…
…အမေက အိမ်ထဲကအိမ်ပြင်မထွက်ရအောင် ဘာလဲ…သူက ဘိုင်…
…တော်မင်းသမီးလား…ငါမပြောလိုက်ချင်ဘူး"

"ဦးကြီးနော်…အမေ့ကို အဲ့ဒီလိုမပြောနဲ့…အမေရွာထဲခဏ…
…နေတယ်ဗျ…ဦးကြီးမလာခင်ကလေးတင်ထွက်သွားတာ"

ဂျိုကာက ဦးကြီးသံခဲကို မျှောင်းဖူပြီးခေါ်လာခဲ့ရ၏။ ဦးကြီး…
…တော့ တစ်လမ်းလုံး မိဂျမ်းကိုကြိမ်းဝါးလို့မဆုံး။ ယာထဲကပြန်လာ…
…ာ အရိုးကျော့နှင့် ခြံဝင်းဝမှာဆုံတော့ အရိုးကျော့ရဲ့အမျိုးတွေ…
…ဘြင့်ဟုဆိုကာ အရိုးကျော့ပါဆက်ဆူနေ၏။

www.burmeseclassic.com



အဒီးကေျာ၊ မမတင်၊ မမခင်တို့လည်း ပျာယာခတ်ကုန်[illegible]
ဦးကြီးခြေသပွတ်တိုင်လည်တာကို ဝိုင်းဝန်းပြုစုကြကုန်၏။ ဦးကြီးသ[illegible]
တို့သားအမိတွေ သားအဖတွေဖြစ်ပျက်နေတာကိုကြည့်ပြီး ပေါ်[illegible]
ဥက္ကာတို့ ကျိတ်ဟားကုန်ကြ၏။ မိကျွမ်းကတော့ လာစမ်းသည့်လူ[illegible]
သမျှ လွှမ်းသွားမဲ့မိကျွမ်းအဖြစ် သူတို့သုံးယောက်ယုံလိုက်ကြရတော[illegible]
၏။

* * *





"မခင်မှို ဟင်းစားလာခူးတာလား"

တောရွာတွေမှာ ဟင်းတစ်ခွက်စာအတွက် အသီးအရွက်တွေ ပေါလွန်းလှ၏။ မည်သည့်အိမ်က အခွင့်တောင်းပြီးခူးခူး၊ အဖိုးအခ ပေးစရာမလို။ လတ်လတ်ဆတ်ဆတ်ခူးပြီးချက်စားရုံပင်။ ယခုလည်း မခင်မှိုတစ်ယောက် ဦးကြီးသံခဲကိုခွင့်တောင်းပြီး ပဲတောင့်ရှည်တွေ လာခူးနေ၏။ ဥက္ကာက လှမ်းတွေ့ပြီး ဝင်ကူခူးပေးကာ စကားစတင် လိုက်ခြင်းပင်။

မခင်မှိုက ပင်ကိုယ်အနေအေးပြီး သဘောကောင်းသူဖြစ်၏။ ဘာပြောပြော သွားတက်ကလေးပေါ်အောင်ပြုံးပြီး လေအေးကလေး



www.burmeseclassic.com

www.burmeseclassic.com



နှင့်ပြန်ပြောတတ်၏။ မင်းကြိုက်စိုးကြိုက်နိုင်သည့် တော်ပန်းကလေး သဖွယ်။

"ဟုတ်ကဲ့အစ်ကို…အိမ်အတွက် တစ်ခွက်စာလောက်ရရုံပါ… နေပါစေ ခင်မိုဘာသာ ခင်မိုခူးပါ့မယ်"

"ကျွန်တော်လည်း ခူးချင်လို့ပါဗျာ…ပဲတောင်ရှည်လေးတွေက ဖြောင့်စင်းနေတာပဲ…လှတယ်နော်"

"ဟုတ်ကဲ့…"

"အစိမ်းစားလို့လည်းကောင်းတယ် စိမ့်တယ်…"

"ဟုတ်ကဲ့…"

"မခင်မို ပဲတောင်ရှည်ကြိုက်လား…"

"ရှင်…အင်း…ကြိုက်ပါတယ်"

"ကျွန်တော်လည်း မခင်မိုကိုကြိုက်တယ်"

"ရှင်…"

"သြော်…မခင်မိုလိုပဲ ပဲတောင့်ရှည်ကိုကြိုက်တယ်လို့"

"ဟုတ်ကဲ့…"

"ကျွန်တော်ဘာပြောပြော မခင်မိုက ဟုတ်ကဲ့လို့အမြဲပြော





တတ်နေရင် သိပ်ကောင်းမှာပဲ…"

"ရှင်…ဘာဖြစ်လို့လဲအစ်ကို…"

"ကျွန်တော်က ရည်းစားစကားပြောချင်နေတာ…ကျွန်တော့်ကို မခင်မိုချစ်လားဆိုရင် "ဟုတ်ကဲ့"လို့ ပြန်ဖြေတော့ ကျွန်တော် ပျော်သွားရမှာပေါ့…မဟုတ်ဘူးလား…ဟုတ်ကဲ့လို့ပြောပါဦးလား"

"အို…အစ်ကိုကလဲ"

မခင်မိုရှက်ပြီး ပဲစင်အောက်က မျက်နှာလေးဖွက်ကာ ပြေးထွက်သွား၏။ လုံမငယ်လေး အရှက်ကြီးရှက်ပြီး ပဲသီးတောင့်တွေ ခူးပြီးသားကို ယူမသွား။ ရှက်၍ မေ့ထားခဲ့ဟန်တူ၏။

"မခင်မို…မခင်မို…ဒီမှာပဲတောင့်ရှည်တွေလေ…လာယူဦးလေ…ဒီမှာ"

ဥက္ကာခေါ်သော်လည်း လှည့်မကြည့်။ နွားစာင်းကုပ်ဖက်မှ ခြံပေါက်ကျယ်အတိုင်း ရွာလယ်လမ်းမကိုပြေးထွက်မည့်အပြင် မမတင် နွားကျောင်းပြီး ပြန်လာကာ ခြံထဲမောင်းသွင်းလိုက်သော ကျွဲနွားအုပ် နှင့် မခင်မိုတည့်တည့်တိုးရလေတော့၏။ တချို့ကျွဲပေါက် နွားပေါက် တွေက ကဆုန်ပေါက်ပြီး ဆော့ပြေးတတ်၏။ အကောင်နှစ်ဆယ်ခန့်

www.burmeseclassic.com



ရုံးပြီး ဖြဲထဲဝင်လာသောကြောင့် မခင်မှီလန့်သွား၏။ ကြောင်ကြည့်နေ၏။ ဝင်တိုက်ခံရမှာကြိမ်းသေနေ၏။ အနားကို လျှပ်စီးလက်သလို ရောက်လာသောဥက္ကာက မခင်မှီရှေ့မှ ဖတ်ခနဲကာကာ လက်နှင့်ထုတ်စီးတိုးသလိုတားပြီး နွားတွေကို မီးပြတိုက်လို အန္တရာယ်အချက်ပြဖြင့် တားမြစ်လိုက်၏။ ဥက္ကာလုပ်ရပ် ထိရောက်မှုရှိ၏။ နွားတွေကျွဲတွေက ဥက္ကာနှင့်မခင်မှီကိုရှောင်ကွင်းသွားကုန်ကြ၏။

စိတ်ချသွားသလိုရှိမှ ဥက္ကာက မခင်မှီဖက်ကိုလှည့်ပြီး

"ကျွန်တော့်ကိုချစ်တယ်မဟုတ်လားဟင်"

"ဟို…ဟို…အို…"

"မရှက်ပါနဲ့ ရဲရဲဖြေ…"

"အို…ဟို…"

ဥက္ကာနောက်မှ အင်အားကြီးမားသောအရှိန်ဖြင့် ဝင်တိုက်ခံလိုက်ရ၏။ သတိနှင့်မြင်နေရသော မခင်မှီက အချိန်မီရှောင်လိုက်နိုင်၏။ ဥက္ကာမှာသာ ရှေ့ကိုဝမ်းလျားထိုးမှောက်လဲပစ်ကျပြီး နွားချေးပုံလတ်လတ်ဆတ်ဆတ်ပေါ် မျက်နှာဖွက်ခနဲအပ်သွားမိ၏။

- ဥက္ကာနောက်မှ နွားသိုးကြီးက ဝင်ဆောင့်တိုက်လိုက်ခြင်းဖြစ်





၏။ မခင်မှီ အတင်းအော်ငေါက်ဟစ်ဟောက်မောင်း၍သာ ဥက္ကာ ကွမျှားမသွားခြင်းပင်။ နို့မို့ လဲကျနေသောဥက္ကာကို နွားသိုးကြီးက နွားချေးပုံလို ဂရုမထားဘဲ ခွာဖြင့်တက်နင်းချသွားမှာကြိမ်းသေ၏။ ဥက္ကာအဖြစ်ကို နွားကျောင်းလိုက်ပါလာသော မမတင်က အူနှိပ်ပြီး ရယ်ပါလေတော့၏။ မခင်မှီလည်း ဣန္ဒြေဆယ်ပြီးရယ်နေရာက မထိန်းနိုင်ဲ အားရပါးရဟားတော့၏။ နွားချေးတွေ မျက်နှာပေကျံပြီး ကုန်းထလာသောဥက္ကာတစ်ယောက် ငိုရမလို၊ ရယ်ရမလိုဖြစ်နေ၏။ မခင်မှီ က တော်ရှာပါ၏။ ဥက္ကာကို လက်တွဲခေါ်ပြီး မျက်နှာလိုက်သစ်ပေး၏။ မခင်မှီရဲ့ ကြင်နာဂရုစိုက်မှုဖြင့် မျက်နှာပေါ်ကနွားချေး (ခေါ်) နောက်ချေးတွေပြောင်စင်သွားသော ဥက္ကာမှာ ရေစိုစက်လက်မျက်နှာ နှင့် မခင်မှီရဲ့ ရေစိုလက်ကလေးကို ဖမ်းဆုပ်ကိုင်တွယ်ထားလိုက်၏။

"အို…အစ်ကို"

"သိပ်ချစ်တယ် ခင်မှီရယ်"

မခင်မှီက ရှက်မျက်နှာတစ်ဖက်လွှဲပြီး -

"လွှတ်ပါတော့ရှင်…ဟိုမှာ မမတင်တို့မြင်သွားပြီ ခက်ရချည်

မခင်မှီတို့က ဆင်းရဲနွမ်းပါးပါတယ်…လက်လုပ်လက်စားတော



www.burmeseclassic.com

www.burmeseclassic.com



ကောင်သားတွေပါ…အစ်ကိုတို့လို မြို့ကသူဌေးသားတွေကို မမှန်

ပါဘူး"

"မှန်းလိုက်ပါခင်မီရယ်…အချစ်မှာ မမှန်းရဲတာ ဘာမှ

ပါဘူး…ခင်မီ့ရဲ့အချစ်ကိုသာ ကိုယ်ရရင် အားလုံးပြီးပြည့်စုံသွားပြီ…

တောမှာလန်းတဲ့ သဘာဝယန်းလေးကိုမှ ကိုယ်ကနမ်းပြီး တန်ဖိုးထား

ချင်တာ…မှန်းလိုက်ပါနော်…မှန်းလိုက်ပါ"

"အစ်ကိုရယ် ခက်တော့တာပဲ"

"မခက်ပါဘူး…ခင်မီခေါင်းညိတ်လိုက်ရင်…ဟုတ်ကဲ့

ပြောလိုက်ရင် အားလုံးလွယ်သွားမှာပါ…ကိုယ့်ကိုချစ်တယ်မဟုတ်

လား ခင်မီ…ခေါင်းညိတ်လိုက်လေ…ဟုတ်ကဲ့လို့ပြောလိုက်လေ"

"ခင်မီရှက်တယ်အစ်ကိုရဲ့"

"ဘယ်သူ့ကိုရှက်ရမှာလဲ…ဒီမှာ ရေတွင်းနံရံကြီးကွယ်နေတ

မမတင်က တင်းကုပ်ထဲမှာ နွားတွေအကောင်နစ်ဆယ်လောက်

လိုက်ချည်နေရတုန်း…ကျိုကာနဲ့ပေါ်တို့က စာတ်စင်ဆောက်တဲ့နေ

ရောက်နေတယ်…ဦးကြီးသံခဲနဲ့ အရီးကျော့တို့ မနက်ကတည်း

လယ်ထဲသွားပြီးချိန်းတွေ့နေကြတာ ပြန်ရောက်မလာသေးပါဘူး"





"လူကြီးတွေကို မဟုတ်တာမပြောပါနဲ့အစ်ကိုရယ်"

"ဦးကြီးသံခဲတို့ ချိန်းသွားကြတာ တကယ်ပဲ…အရီးကျော့က

ခရမ်းသီးခူးထွက်သွားတာ…ဦးကြီးက နွားစာကောက်ရိုးသွားတိုက်

ပြီး အပြန်မှာ အရီးကျော့ကိုတင်ခေါ်မယ်လို့ ချိန်းသွားတာ အစုလောက်

ဆို တွေ့နေရောပေါ့…အဲဒီလိုချိန်းတွေ့တာကိုပြောတာပါ ခင်မီရဲ့"

"ခင်မီကြောက်တယ်…"

"မကြောက်ပါနဲ့ အစ်ကိုက ကိုက်မစားတတ်ပါဘူး"

"အစ်ကို့ကိုမဟုတ်ဘူး…"

"ခင်မီ့အမေကိုလား"

"ဟင့်အင်း…မိဂျမ်းကို"

"မိဂျမ်းကိုဘာကြောက်စရာရှိလဲ…ဘာဆိုင်လို့လဲ"

"မိဂျမ်းက ခင်မီ့ကို ညီအစ်မရင်းလိုချစ်တာ…ညည်းစားလုံးဝ

မထားရဘူး…ထားရင် သူကိုယ်တိုင်သတ်မယ်လို့ ကြိမ်းထားတာ"

"အဲဒီ မရိုမခြောက်စကားများ အရေးထားလို့…အစ်ကိုတစ်

ယောက်လုံးရှိတယ်…အစ်ကိုဖြေရှင်းပေးမယ် အစ်ကိုကို အားကိုးစမ်း

ပါ…အားကိုးရင် အစ်ကို့အချစ်ကိုလက်ခံ…ခံမယ်မဟုတ်လား



www.burmeseclassic.com

www.burmeseclassic.com



ခင်မှီ''

''အင်း…ဟင်း…''

''သက်ပြင်းချတာလား…''

''အစ်ကိုကလဲ နားမလည်ဘူးလား…ခင်မှီရှက်လာပြီကွယ်''

''ဪ…လက်ခံတယ်ပေါ့''

''ဒီလောက်ကြီးတောင် သူများလက်ကိုကိုင်ထားပြီးတော့''

''ကိုင်သာကိုင်ရတယ် ခင်မှီ့လက်ကလည်း ကျားလျှာကြနေတာပဲ ကြမ်းထော်နေတယ်…အလုပ်ကြမ်းတွေလုပ်ရလွန်းလို့နဲ့တူတယ် သနားလိုက်တာခင်မှီရယ်…အစ်ကိုနဲ့သာရရင်လေ ခင်မှီ နတ်သမီးလို နေရမယ်''

''ဟုတ်ပါရဲ့အစ်ကိုရယ်…အစ်ကိုလက်ကနဖတ်နေတာပဲ ပြောင်းပြန်ဖြစ်နေပြီ…မိန်းကလေးလက်ကကြမ်းပြီး ယောက်ျားလေးလက်က နုရတယ်လို့…ခင်မှီလေ အစ်ကိုပြောသလောက် မမွန်းရဲပါဘူး…အစ်ကို့အချစ်ကို 'လက်ခံရုံသလက်ခံရဲသူပါ''

''ပြောတတ်လိုက်တာ ခင်မှီလေးရယ်…နားထဲကိုစွဲပြီး စိမ့်သွားတာပဲ…အစ်ကို့ကိုလက်ခံပြီဆိုတော့ အစ်ကိုအရမ်းပျော်သွားပြီ…





ခေတ်ယောင်းရုပ်ရှင်ထဲက အောင်းဦးတင်မောင်နဲ့ ဒေါ်ကြည်ကြည်ဌေးတို့အသံသွင်းသရုပ်ဆောင်ထားတဲ့ သီချင်းလေးတစ်ပုဒ်ကို သွားအမှတ်ရတယ်…ဟဲ့ ရွှေကြည်×××မောင့်ရွှေကြည်×××မောင့်ဒေဝီမဟေသီလေးရယ်×××ဒီတစ်မိုးကုန်ကာ တစ်နွေဝင်ရင် လက်ထပ်ဖို့အရေး×တွေး×××တွေးပြီးပျော်တော့မယ်×××ဆိုတဲ့သီချင်းလေ၊ ရသလောက်ဆိုပြတာ…စာသားအမှားပါရင်လည်းပါမယ်၊ ခင်မှီ အဲ့ဒီစာတ်ကားက T.V ခဏခဏလာတာကြည့်ဖူးတာ…တစ်ခါတလေ ခေတ်ဟောင်းရုပ်ရှင်တေးတွေ ပြန်လွှင့်ပေးတဲ့အခါ တကူကူးကူတို့လိုသီချင်းမျိုးတွေလိုပဲ အမြဲလွှင့်တတ်တဲ့သီချင်းလေ''

''ကြည့်ဖူးသလိုလိုပဲ…ပြန်ဆိုတေးတွေထဲမှာ အဲ့ဒီသီချင်းကြားဖူးတယ်အစ်ကို…ဟိုစာသားလေးလောက်တော့ ခင်မှီ မှတ်မိတယ်၊ မောတယ်×××ပန်းတယ်×××သဘောမှာမထားလို့ရယ်××× မုန့်ညှပ်ရောင်းကာ မောင့်ကိုကျွေးပါ့မယ်×××ဆိုတာလေ၊ ရသလောက်ဆိုပြတာ''

''ဟုတ်တယ်…အဲ့ဒီသီချင်းပဲ…ကိုယ်ကလေ အဲ့ဒီသီချင်းထဲက 'ရွှေကြည်'ဆိုတဲ့နေရာမှာ 'ခင်မှီ'လို့ပြောင်းပြီး 'ဟဲ့ခင်မှီ×လေး



www.burmeseclassic.com

www.burmeseclassic.com



ဆောင့်ခင်မို×××ကိုယ့်ခင်မို×××ခင်မို×××ခင်မိုလို့ပြောင်းစပ်ပြီး အာ…
ပါးရသီချင်းဆိုပစ်လိုက်ချင်တယ်"

ဥက္ကာက မခင်မိုလက်ကလေးကို မလွတ်တမ်းဆုပ်ပြီး ရင်…
ထွေးကပ်ကာ နှုတ်မြွက်ခွန်းမြွေ ဗီလင်တက်နေမိခြင်းပင်။ ထိုစဉ်…
ဝဲ ရေတွင်းဘောင်အကွယ်မှ ဘွားခနဲပေါ်လာပြီး လက်ခုပ်လက်ဝါး…
ကာ အားပေးကြသူတွေက မမတင်နှင့် မမခင်တို့ ညီအစ်မ။

ခင်မိုက ရှက်ပြီး ဥက္ကာကိုဆောင့်တွန်းကာ ထွက်ပြေးသွ…
တော့၏။ ဥက္ကာမှာ ဖွက်ထဲပက်လက်လန်လဲပြီး ရှက်စိတ်ဖြင့် ခေ…
လဲရောထိုင်ကာ တဟဲဟဲလုပ်နေလိုက်ရ၏။ စိတ်ထဲကတော့
ဝင်ရှုပ်ပြီး ဟီလာတိုက်နေသော အဖျိုကြီးညီအစ်မကို…

* * *





BURMESE CLASSIC

ရွာကဆောက်သော စာတ်စင်ဆိုငြား၊ နိုင်ခံ့မှုနှင့် ကျယ်ဝန်းမှုကို အသားပေးထား၏။ စာတ်သမားတွေ နားနေစည့်နေရာကို သေသေချာချာ သက်ကယ်တွေနှင့် စေ့လုံအောင်မိုးပေးထား၏။ မြို့က စာတ်ရုံတွေလို ကျူဖျာလေး ဟိုတစ်ချပ် ဒီတစ်ချပ် ထပ်တင်ထားပြီး လေဝင်လေထွက်ကောင်းအောင်ဟု အကြောင်းပြကာ ကပ်စေးနှည်းတွန့်တိုသမှုမပြုကြ။ ဗလာစာတ်ပွဲဖြစ်သဖြင့် ကွင်းပြင်ကြီးထဲ အရှစ်သုံးမျက်နှာမှာ စိတ်ကြိုက်သာကြည့်ကြပေတော့။

ရုံမပါ၊ ဗလာကရမည်ဆိုတော့ စာတ်ကြီးတွေငှားမရ။ စာတ်ထိတ်ကလေးတွေသာငှါးလို့ရ၏။ စာတ်ငှါးသည့်အဖွဲ့တွေလည်း သိတ်



www.burmeseclassic.com

www.burmeseclassic.com



ထောင်းကောင်းရဲရန် ရန်ကုန်တက်သွားကြလေပြီ။ ညွှန့်ခံကြီးဆိုရ
အဖွဲ့တလည်း ချက်ပြုတ်ကျွေးမွေးဖို့ ထင်းတွေစုကြ။ ကုန်ခြောက်
တွေသယ်ကြ။ ဘုရားဝေယျာဝစ္စအဖွဲ့နှင့် ဝတ်ရွတ်အဖွဲ့တွေလည်း
မနေမနားကြိုးစားပြီး ကိုယ်ဝန်းကိုယ်ရိုတ်နေကြလေပြီ။

စာတ်စင်မှာ ဦးကြီးသံခဲကိုယ်တိုင် ကြီးကြပ်ဆောက်လုပ်
သည်ဖြစ်၍ ရွာအပျိုခေါင်းတွေက စေတနာရှင်လုပ်သားမောင်တွေကို
မနက်စာတစ်မျိုး၊ နေ့လယ်စာတစ်ဖုံ အစားအသောက်အမယ်စုံပို့သပြီး
ညွှန့်ခံရ၏။

အစာပို့သည့်အပျိုတွေက အလှည့်ကျ။ ဖြစ်ချင် ကြုံကြိုက်ချင်
တော့ ဥက်ထော်တို့ မုန့်လာပို့သည်နှင့် ဂျိုကာတိုးရတော့၏။

ဥက္ကဋ္ဌကြီးက မုန့်အရင်တီးရသူမို့ အနားမှာရှိနေသော ဂျိုကာ
က

"ဥက်ထော်...ဘာမုန့်တွေလဲ"

"ငှက်ပျောပေါင်း အုန်းနို့ဆမ်း"

"ဒီလောက်နေပြင်းနေတာ ဦးနှောက်သွေးကြောတွေပြတ်သေ
ကုန်အောင်လို့ အုန်းနို့ဆမ်းလုပ်ပေးလိုက်တာလားဟ"





ကိုကြီးသာဒင်က ငုတ်ရိုက်နေရာမှ လှမ်းပြောလာ၏။
ဥက်ထော်နှင့် မသန်းဆင့်က ကိုသာဒင်ကိုမဲ့ကြည့်လိုက်ပြီး

"ပြောပြီး စောနေသူပဲ ရှေ့ဆုံးကမျိုဆို့ပါလိမ့်မယ်"

ပါးကွက်ကြားပါးပါးလေးနှင့် မေးချွန်ချွန်လေးထွက်အောင်
မှူသွားသောဥက်ထော်ကိုကြည့်ပြီး ဂျိုကာ့ရင်ထဲ မရိုးမရွဖြစ်သွား
၏။ အနားမှာ အထာသိနေသော ပေါ်က မသန်းဆင့်ကို စာတ်စင်
ဘက်မှာ မသန်းဆင့်အတွက် စပါယ်ရှယ်ဆောက်ပေးထားတာရှိတယ်
လိုက်ကြည့်ပါလားဆိုပြီး လှည့်ဖြားခေါ်ဆောင်ပထုတ်သွား၏။

ဥက်ထော်က ရှက်ရှက်နှင့် နသထ်ကဆံပင်ကိုသာ ခွသပ်နေ
၏။

"နင် တစ်နေ့တခြားလှလာတယ်...ဘာဆေးတွေစားလို့လဲ"

"ကေသီပန် သောက်တယ်ရှင့်"

"ကြော်ငြာဝင်တာလား"

"တကယ်သောက်လို့ပြောတာပါ ကိုကြီးဂျိုကာရဲ့"

"ငါမကြီးသေးပါဘူး...ကြီးဆိုတာဖြုတ်ခေါ်စမ်းပါ"

"ကိုဂြိုဟ်လို့ခေါ်ရမလား...ကိုကာလို့ခေါ်ရမလား"



www.burmeseclassic.com

www.burmeseclassic.com



"ကိုဂျူကာအခို လုံလောက်ပါပြီ ဖွက်ထော်ရယ်...လှယဉ်ကျေးမယ်ဖြိုင်ပွဲတွေဘာတွေ ဝင်ပြိုင်ပါလား...နင်က တောသူသာဆိုတယ် အသားအရည်ကဆင်စွယ်ရောင်...သွားက ဝရကပ်ပုလဲလေးတွေလို ပဲ...ဖြူးအလှပိုင်ရှင်ဘွဲ့ရပြီး Eva လို ပေါင်မုန့်အသစ်တစ်မျိုးကို နင်ကြော်ငြာချင်ကြော်ငြာရမှာဟ"

"ဟုတ်ကဲ့ပါ ဦးလေးကြီး"

"ဘယ်လိုဖြစ်ပြီး နေရင်းထိုင်ရင်း ငါကဦးလေးကြီးဖြစ်သွားရတာလဲ..."

"ဟိုသီချင်းထဲကလိုလေ...နင်တစ်နေ့တခြားလှလာတယ် ××× နင်ဘယ်နှစ်တန်းရောက်ပြီလဲ×××နင်တောင် အပျိုကြီးဖြစ်လို့လာပြီ ဟယ်×××ဦးလေးကြီးလို့ခေါ်ထားမှ×××ဘရိုက်အုပ်မယ်×××ဦးလေး ကြီး ဆိုတဲ့သီချင်းလေ...ကိုဂျူကာကြီးကြည့်တာ ပြောတာသိပ်မရိုး ဘူး...အဲ့ဒါကြောင့် ဦးလေးကြီးလို့ခေါ်ထားတာ"

"သမီးရဲ့ဦးဖြစ်ချင်လို့လား"

"ဝှစွန်ဆီတ်ကလေးဘယ်လိုငယ် ပင်လယ်ကူးတတ်တယ်"

"ဖွက်ထော်ကလည်း နောက်တတ်တယ်နော်...နင်မဆိုးဘူး





နီးမလှူရှင်တော်လုပ်ရင် ကြိမ်းသေဖြစ်နိုင်တယ်"

"ခုနက လှယဉ်ကျေးမယ်ဆို...ဖြူးအလှပိုင်ရှင်ဆို...ကြော်ငြာမယ်ဆို"

"ဖွက်ထော်က နောက်ပြောင်နေတာကိုး"

"အိမ်မှာဆို ဒီလိုပေါ်နေကြမို့ပါ"

"ပြောတာလား ပေါ်တာလား"

"နှစ်မျိုးစလုံးပဲ...ဒါခြောင်ရှက်လို့ နို့မှုံ့ဆို အိမ်က T.V က လာတဲ့ ကြော်ငြာထဲက ရာဇာနေဝင်းလို စုပါမစ်တီးသိပ်ကိုသောက် တော့×××တကယ်ကိုလန်းထွက်တယ်×××ဆိုတဲ့ အိုက်တင်တွေလုပ် ပြီးကုန်လိမ့်မယ်"

ဂျူကာက သူ့ထက်ပိုစွာ ပေါ်တောနေသော ဖွက်ထော်ကို ပြုံးပြုံးနှင့်ကြည့်နေမိ၏။ ကိုသာဒင်ကြီးက အမောပြေရေနွေးကြမ်း သောက်ရင်း

"ဥတ္တမြကြီးကတော့ သိပ်စေ့စပ်သေချာတာ...ဟိုမှာကြည့် အရမ်းအချိန်လည်း မနားဘူး၊ သူများတွေရှည်သွားတဲ့နှီးချက်ကို ကြိုက်လို့ သူ့ဘာသာတက်ချည်နေတယ်...ဒါနဲ့ နေပါဦး ခုနက



www.burmeseclassic.com

www.burmeseclassic.com



ဥက်ထော်ကိုပြောနေတာ ငါအကုန်ကြားပါတယ်…ဘာတွေလဲ"

"ကိုသာခင်ကလဲ ကြားရင်မေးနေရသေးလား"

ဥက်ထော်က-

"အဲ့ဒီလူကြီးဝင်ပြောရင် စကားဝိုင်းတိုင်းပျက်တာချည့်ပဲ"

"အံမယ်…ဥက်ထော်ကလာသေးတယ်…ဂျိုကာ…ဟို တစ်နေက ဥက်ထော်ရေချိုးရင်း သီချင်းဆိုနေတာ လမ်းကဖြတ်သွားလို့ ငါကြားပြီး လန့်ပြေးလာရတယ်"

"ဟုတ်လား…ဘာဖြစ်လို့လဲ"

"ဥက်ထော်တို့ရေတွင်းက လမ်းနဲ့ကပ်နေတာ စည်းရိုးပဲခြားတယ်လေကွာ…ငါကလဲ မြင်မြင်ခြင်းပဲချစ်မိတယ်ဆိုတဲ့သီချင်းလေး ငါ့ဘာသာညည်းဆိုလာတာ…ဥက်ထော်ရေချိုးတဲ့နေရာနားလည်း ရောက်ရော ဥက်ထော်ထဆိုလိုက်တာက အခုတလောခေတ်စားနေတဲ့ သီချင်းလေကွာ…ထွန်းအိန္ဒြာဗိုလ်ဆိုထားတာ…ဘာတဲ့…ငါလေ××× ဖြစ်နိုင်ရင်×××နှင့်ကို×××ပြချင်တယ်×××တဲ့ ဥက်ထော်က ရေ့ဆက် ရမဲ့သီချင်းစာသားလည်းမရဘူးလား၊ တခြားဘာလားညာလား လည်းမသိဘူး ငါလေ×××ဖြစ်နိုင်ရင်××နှင့်ကိုပြချင်တယ်×××ဆိုတာ





ပဲ ထပ်ဆိုနေတာနဲ့ ငါလည်း လန့်ပြီးပြေးလာရတော့တာပဲ"

ဂျိုကာရယ်တော့ ဥက်ထော်က ကိုကြီးသာခင်ကျောကို တအုံး အုံးနှင့် လိုက်ထုပါလေရော။ ဥက္ကဋ္ဌကြီးက တိုင်ပေါ်ကလျှောဆင်းလာပြီး မောမောနှင့် ခတ်စင်ပေါ်ကနေလှမ်းယောက်ပါလေရော။

"အဲဒါက ဘာဖြစ်နေကြတာလဲ…ခတ်ရှင်ရိုက်နေတယ်ထင် နေသလား…ဒီလောက်အလုပ်တွေများနေတာကိုကွာ…ခတ်စင်ရှေ့ တာပြီး သူငယ်ပြန်ရောဂါထနေကြတယ်"

ဥက္ကဋ္ဌကြီးပြောလို့မှမဆုံးသေး။ ခတ်စင်ဘေးက မသန်းဆင့် တစ်ယောက် ပူလောင်စွာကျယ်နှင့် အော်ဟစ်ပြောဆိုပြီး ထွက်လာ၏။ နောက်ပါးမှ တခွီးခွီးနှင့်ရယ်ပြီး လိုက်လာသူက ငပေါ။ မသန်းဆင့် ပါကန်လာ၏။

"ဘယ့်နှယ့်တော် လူကိုများ ဘာမှတ်နေသလဲမသိပါဘူး အ…ငါ့အတွက် စပါယ်ရှယ်ဆောက်ထားတာပြမယ်ဆိုလို့ ဘာများ မှတ်ပြီး လိုက်ကြည့်ပါတယ်…အဲ့ဒီနောလေးပြလိုက်တာက အိမ် တွေလေ…ထွီး…ရှုံလိုက်တာ…အိမ်မှာညစ်ပတ်မှာစိုးလို့ အိမ်သာ ဆောင်မထားဘူး…နောက်ဖေးချုံထဲသွားတဲ့မိန်းမပော…အဲ့ဒီလေကာ



www.burmeseclassic.com

www.burmeseclassic.com



သွန့်တဲ့ဟာကို ညစ်ပတ်တဲ့အိမ်သာလာပြတယ် ဘယ်လောက်စိတ်ဆိုး ရောကောင်းသလဲ…ဂျိုကာစဉ်းစားကြည့်ပါဦး"

ဦးကြီးသံခဲက စာတ်စင်ပေါ်ကဆင်းပြီး ဂျိုကာတို့အနားကို လျှောက်လာ၏။

"ဟဲ့…သန်းဆင့် ထမီစွန်တောင်ဆွဲပြီး ပွစိပွစိဖြစ်လာတာ နင့်ကိုဘာကောင်လိုက်ကိုက်လို့လဲ"

"ဥက္ကဋ္ဌကြီးရဲ့ညွှန်သည်ပေါ့…ကောင်းကြသေးရဲ့လား"

"ငါ့ညွှန်သည်တွေ ကောင်းမကောင်းသိချင်ရအောင် နင်က မြည်းကြည့်ချင်လို့လား"

"ဦးကြီးသံခဲနော်…သန်းဆင့်ကို ဒီလိုမပြောနဲ့ သန်းဆင့်စိတ်ပျက်ရင် တစ်ရွာလုံးသိပ်ခက်ကုန်ကြလိမ့်မယ်ဆိုတာ နားလည်လား… သန်းဆင့်တို့က မျိုးနဲ့ရိုးနဲ့ ဒီရွာမှာအရေးပါအရာရောက်လာတာ… နာမည်ကျော်ပါတယ်ဆိုတဲ့ စိန်စတင်းတို့ စိန်မျက်ပြူးတို့လက်သံကို ညတိုင်းကြားချင်လို့ မကြားရဘူး…သန်းဆင့်ယောကျ်ားရဲ့လက်သံကို တစ်ရွာလုံးညတိုင်းကြားရတယ် မှတ်ထား"

ဂျိုကာက-





"မသန်းဆင့်ယောကျ်ားက ဘာအလုပ်လုပ်လို့လဲ"

"ဟဲ့…ရွာမှာ မီးကင်းစောင့်တဲ့လူလေ…လခနဲ့စောင့်တာ ညတိုင်းသံချောင်းခေါက်နေတာ သူပေါ့ဟဲ့"

"တိတ်စမ်းသန်းဆင့်…နင့်အလုပ်က မုန့်ဖို့ပြီးရင် ပြန်…ဒါပဲ ဟုတ်လား"

"ဟုတ်တယ်လေ…ဦးကြီးသံခဲရဲ့ညွှန်သည်က ကျပ်ကို …ကက်နေလို့ပေါ့"

"ဂျိုကာ…မင်းလဲမနောက်နဲ့…"

"ဂျိုကာမဟုတ်ဘူး…ဟိုးမှာ ပေါ်ဆိုတဲ့ကောင်လေး"

"ငါဆုံးမလိုက်မယ်…လာ…နင်တို့ပြဿနာ ငါရှင်းပေး …ယ်…လိုက်ခဲ့"

ဦးကြီးသံခဲက စာတ်စင်ဘေးမှာရပ်နေသော ပေါ့ထံကို မသန်း …င့်ပါခေါ်သွား၏။ ကိုသာဒင်ပါ လိုက်စနည်းနာ၏။ ဂျိုကာနှင့် …ည် ထော်တို့နှစ်ဦးသာ ကျန်ရစ်ခဲ့၏။

"ဗွက်ထော်…ဘုရားပွဲကြရင်…နင့်ကိုငါပြောစရာရှိ တယ်… …ရွှေဖျား ရေပ်ခင်းနားက ခေါ်စိန်တို့ကောက်ရိုးပုံကို ညရှစ်နာရီ



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကြရင် လာခဲ့ပါလား…အဖော်တစ်ယောက်ခေါ်လာခဲ့ပေါ့"

"အို…လူကို ဘာထင်နေသလဲ"

"လူပျိုစကားပြောရုံတင်ပြောမှာပါ"

"အဲဒီညကြီးမလာနိုင်ဘူး…အဲဒီနားကဆေးရိုးပင်မှာ သရဲလျှာနီကြီးရှိတယ်လို့ လူကြီးသူမတွေပြောဖူးတယ်…ပြောချင်ရင် ဘာစကားဖြစ်ဖြစ် အခုပြော"

"နေပူတယ်နော်"

"ပူတော့ဘာဖြစ်လဲ"

"ချွေးထွက်တာပေါ့ဟ…နင့်ဆီက ချိုင်းပတ်နံ့ထွက်လာတာနဲ့ ငါပြောချင်တာလေးတွေ ဘယ်တောင်ရောက်ကုန်ပြီလဲမသိဘူး"

"ချွေးထွက်ရင် လူတိုင်းနံစော်တာပဲ…အပုပ်ကောင်ကို ရုပ်ဆောင်ထားတာ…ရှင်သဘောပေါက်ရဲ့သားနဲ့ ကျုပ်ကိုပိုရှက်အောင်မလုပ်နဲ့နော်…ရှင်ကကျုပ်ပဲကာနိုင်တာ လက်ဝါးတော့မကာနိုင်ပါဘူး"

ဂျိုကာနှင့်ဂွက်ထော်တို့စကားပြောရတာ နိုးလို့ခုလုဖြစ်နေစဉ်ခပ်လှမ်းလှမ်းမှာ နွားကျောင်းရင်း နွားတွေကို စားကျက်ပြောင်းလာသော မိကျမ်းကို လှမ်းတွေ့လိုက်ရ၏။ မိကျမ်းက ဂွက်ထော်နှင့် အကြော





တည့်။ ဂွက်ထော်တို့က ရွာမှာကြေးရတက်။ ပလွှားထောင်ထားကြသူတွေ။ မိကျမ်းက ကြည့်မရ။ ဂွက်ထော်ရဲ့အစ်ကို ဖိုးပေက မိကျမ်းကိုအသေကြိုက်ပြီး အသည်းအသန်လိုက်ပိုးဖူး၏။ မိကျမ်းက လောက်လေးစာကျွေးလိုက်၍ ဖိုးပေ တော်တော်အထိနာသွား၏။ ဂွက်ထော်တို့မိသားစုက မခံနိုင်။ မိကျမ်းကို ရှုံးတက်တိုင်၏။ လုပ်ကြံလီဆယ်ပြီး ငွေဝိတ်နှင့်ဖိကာ မိကျမ်းကိုလုပ်ကြံတိုင်တန်း၏။ မိကျမ်း အချုပ်တစ်ရက်ကျခံလိုက်ရ၏။ နောက်ပိုင်း ရွာလူကြီးတွေဖြန်ဖြေလိုက်၍အမှုကို ဖိုးပေတို့ဖက်မှ ရုပ်သိမ်းသွား၏။ မိကျမ်းက သူမအချုပ်တစ်ရက်ကျခံလိုက်ရသည့်ကိစ္စကို မကျေ။ ဖိုးပေနှင့်လမ်းတွေ့တိုင်း ဘုဆောက်ကျနေမြဲ။ ဂွက်ထော်ရှေ့မှာ ဖိုးပေနှင့် မိကျမ်းဘုဆောက်ကြပြီးအဲဆိုဖြစ်ကုန်သေး၏။ ဂွက်ထော်က သူမအစ်ကို ဖိုးပေဖက်မှပါပြီးမိကျမ်းကို နွတ်သီးကောင်းလျှာပါးရန်တွေ့ထားတာတွေရှိ၏။ မိကျမ်းသလည်း ပတ်ကြမ်းတိုက်၏။ အဲချုပ်ကျမှာစိုး၍ လေးခွကိုအားမကိုးတာ။ ယခင်က ဇာတ်လမ်းဟောင်းတွေရှိခဲ့ကြဖူးတာ မမတင်တို့ပြောပြ၍ ဂျိုကာသိထားဖူး၏။

ယခုလည်းကြည့်။ မိကျမ်းနှင့်ဂွတ်ထော်တွေ့လိုက်သည်နှင့် ဂျိုး



www.burmeseclassic.com

www.burmeseclassic.com



ဓိမ်းနှင့် စိတ်သလင်ဖြစ်ကုန်ကြ၏။ မိဂျမ်းက

"ဟဲ့…ဟာ ဒီနွားမတော့နော် သေတော့မယ်…နွားသိုး

မြင်တာနဲ့ ငမ်းငမ်းတက်ကိုနေတော့တာပဲ…အရက်ကိုမရှိဘူး…

နွားသိုးကြီးနောက် အတင်းလိုက်နေပြန်ပြီ…ဟဲ့…(ဖြန်း)…သွား

နွားမစုတ်တော့…ငါလေ…ဟင်းဟင်းဟင်း"

စောင်းရွဲ့ပြောသလိုဟန်ဖြင့် နွားမတစ်ကောင်ကို ကြိမ်နှင့်ရိုက်

မောင်းနေ၏။ ဂွက်ထော်က ခါးထောက်ပြီး မိဂျမ်းကိုလှမ်းကြည့်

ပြီးလျှင် ဂျိုက်ာကိုပြောသလို ဟန်ဆောင်လိုက်ပြီး

"အဲဒါပေါ့ ကိုဂျိုကာရဲ့ လူဆိုတာ ကိုယ့်ဘဝကိုယ်သိရတာ

ငါးဆိုရင်လည်း ရိုရင်ရို ခြောက်ရင်ခြောက်ရတာပဲ…မစိုမခြောက်

ကျတော့ ပုပ်စော်ကိုနံရော…လူမှာလည်း မစိုမခြောက်ဖြစ်ရင်

စော်ပုပ်စော်နံတတ်တာပဲလေ…ကိုဂျိုကာ အခု မိုးမိပြီး အခုနေပူ

နေပူစံကြည့်ပါလား မစိုမခြောက်နဲ့ အနံ့ဆိုးတွေထွက်ကုန်မှာပေါ့…

စောင်းတယ်မြောင်းတယ်ဆိုတဲ့လူတွေဟာ နောက်ဘဝကြရင်

ခွေးစောင်း၊ စိတ်ကောင်းမရှိဖြစ်တတ်တယ်…မြောင်းထဲပြုတ်ကျ

ဘဝမျိုး ရောက်ရတတ်တယ် ကိုဂျိုကာရဲ့…အဟင်းဟင်းဟင်း"





(လျောင်ရယ်သံ)

ဒီလိုပြောတာကြားတော့ မိဂျမ်းက ပါးပါးလှစ်လှစ်ကလေး။

ထမီခါးတောင်းကျိုက်ပြီး ဂျိုကာတို့အနားကိုရောက်ရှုလာ၏။ ဂွက်

ထော်ကို မိုက်ကြည့်နှင့် အကြည့်မဲထား၏။ ဂွက်ထော်ကလည်း ထီ

မထောင်သည့်ဟန်။ ဂရုမစိုက်သည့်ပုံစံ။

"ဂွက်ထော်မ…နင်ကသာ ငါ့ကိုစောင်းပြောလိုက်တာမဟုတ်

လား"

မိဂျမ်းက ယောက်ျားလေးသံပေါက်အောင် တမင်အသံသြပြီး

ပြော၏။ သို့တိုင် မိန်းမလေးသံပြင်းပြင်းသာ ပေါ်လာ၏။ ဂွက်ထော်

က ခါးထောက်ပြီး ခပ်ရှင့်ရှင့်ပြန်ကြည့်လိုက်ကာ-

"နင်သာ စောင်းပြောနေတာ မိဂျမ်း…ဟော့ဒီကိုဂျိုကာတစ်

ယောက်လုံး သက်သေရှိတယ်…မေးကြည့်"

နေရင်းထိုင်ရင်း အမှုတွဲခံလိုက်ရ၍ ဂျိုကာလည်း ပြုံးသွားရ

၏။ မိဂျမ်းက-

"ငါ့နွားမ ငါမောင်းတာ နင့်ကိုစောင်းရမှာလား…ငါက ဟဲ့

ဂွက်ထော်လို့ပြောမှ နင့်ကိုစောင်းတာဖြစ်မှာပေါ့…နင်ကလူလား နွား



www.burmeseclassic.com

www.burmeseclassic.com



လား ဘာလို့ နာနေရတာလဲ''

''ဟဲ့…မိဂျမ်း…အဲ့ဒီလိုပြောတာက ခွဲဒိုးပြောတာဟဲ့…ခေါင်းချင်လို့ နွားမနဲ့နှိုင်းပြီးပြောနေတာပေါ့…မတည့်ရင် ခေါင်းတတ်တဲ့ နင့်အကျင့်ကို ငါမသိရင်ခက်မယ်''

''နင့်စိတ်နဲ့နှိုင်းရင်တော့ ရိုင်းတယ်ထင်မှာပေါ့ ဂွက်တော်ရယ်''

''မိဂျမ်းနော် ပြဿနာလာမရှာနဲ့''

''နင်က ပြဿနာလုပ်မ်းရှာတာ…ငါ့ဘာသာ စိုချင်စို ခြောက်ချင်ခြောက်မယ်…နင့်ခေါင်းပေါ်တင်ထားရလို့လား…နင့်အကို ထ…ရည်သောက်သမား ကဓော်သမားဘာသာ ဘာတောလန့်ကြီးဖြစ်နေတာ…နင်တို့တစ်မျိုးလုံး ညအိပ်ရာဝင်ရင် သွားတိုက်ရမယ်မှန်းမသိ…အိမ်သာတက်ပြီးတိုင်း ဆပ်ပြာနဲ့လက်ဆေးရမယ်မှန်းမသိလို့ ဝမ်းဗေ…ပြီး ဝမ်းလျှောနဲ့ အပုပ်နံ့မျိုးစုံထွက်နေတာဟဲ့…ငါ့ကို ပြောင်းပြန်လာမ…စွဲနဲ့ ငါ ပျားကျောင်းနေပေမဲ့ ငါ့အနားကပ်ပြီးလာနမ်းကြည့်စမ်း…နင်ပြောသလို အပုပ်နံ့ထွက်သလားဆိုတာကို ဟောလူသက်သေကြီး…ကြည့်စမ်း နမ်းကြည့်စမ်း''

မိဂျမ်းက အတင်းနမ်းခိုင်းနေ၍ ဂွိကာလည်း…ဗိတ်နမ်းပမ်လိုက်ရ…၏။

''ဟင်…ဘာလို့ပါးကိုနမ်းတာလဲ''

''မတော်လို့ဖြစ်သွားတာပါ…မိဂျမ်းက နမ်းဆိုလို့ ကပ်ပြီး အသားချင်းမထိအောင်နမ်းမလို့ဟာ…မိဂျမ်းကလဲ ပါးထိုးခံပေးလိုက်သလိုဖြစ်သွားတာနဲ့ ဆုံတိုးပြီး နမ်းလိုက်သလိုဖြစ်သွားတာ''

''တောက်''

မိဂျမ်း ရှက်မျက်နှာကြီးရဲပြီး တောက်ခေါက်၏။ အဓိကရှင်း…ကြည့်အကြောင်းအပေါ် အာရုံထားနေရ၍ ဂွိကာ့အမူကို လျစ်လျူ…ရှုလိုက်ပြီး-

''တွေ့လား…နင့်သက်သေကိုနမ်းခိုင်းလိုက်ပြီ… သက်သေ…ပြီး ဘာနံ့ရလဲ''

''သနပ်ခါးနံ့လေးမွှေးနေတာပဲ''

''ကဲ…တွေ့လား…သက်သေကြီး…ဂွက်တော်မကို နမ်း…ကြည့်စမ်း ဘာနံ့ရသလဲ''

ဂွက်တော် မျက်စိမျက်နှာပျက်နေတာ ပို၍ပျက်သွား၏။

''ငါ့ကို နင့်လိုအနမ်းခံမဲ့ မိန်းမတွေများမှတ်နေသလား မိဂျမ်း''







www.burmeseclassic.com

"ဟင်…နင်…နင်"

"နင်မနေနဲ့…နင်က ငါ့အပြင် ငါ့အစ်ကိုရော၊ ငါ့ဆွေမျိုးတွေကိုပါ လှည့်ပတ်စော်ကားတယ်…နင်နဲ့တုပြောနေရင် မိအေးနှစ်ခါ နာရုံပဲရှိမယ်…တိုင်မယ် ဥက္ကဋ္ဌကြီးကိုတိုင်မယ်"

ပွက်လောရိုက်သံတွေကြောင့် ရှေ့ကပြဿနာရှင်းလို့မပြီးသေးခင် နောက်ပြန်လှည့်လာရသည့်ဥက္ကဋ္ဌကြီး ဦးသံခဲက နောက်ပြဿနာကို မေးမြန်းပြီး ထပ်ရှင်းရပြန်၏။

"အဲ့ဒါတွေကြောင့် ဒီအလုပ်ကို ငါမလုပ်ချင်တာ…ပြဿနာ ပေါင်းသောင်းချောက်ထောင်ကို ရှင်းရလွန်းလို့ ငါ့ခေါင်းလည်းကြာဆံ ဖြစ်နေပြီ…ခေါင်းဖြူလို့ တဘက်စောင်ပေါင်းယူထားရတာ မချွတ် ရဲဘူး…ဒွာကလဲ ငါ့ပဲလူကြီးလို့ထင်ပုံရတယ်…နောက်တစ်ကြိမ်ပြန် ပြောက်တင်တယ်…ကဲ…ဖြစ်ချင်တာတွေ ကွင်းထဲမှာပြောမနေကြ နဲ့တော့ မစေ့ချုပ်ရင် ငါ့အိမ်သာလိုက်ရှင်းကြ…ညဖက်ကျရင် အီးတီ အဖွဲ့ကို အစည်းအဝေးခေါ်ပြီး ပြဿနာတွေကို ကျေလည်အောင်ရှင်း ပေးမယ်"

"ဦးကြီးသံခဲ…"





"အရေးထဲ…ဘာလဲကွ…ဂျိုကာရ"

"အီးတီဆိုတာ တခြားကမ္ဘာကဂြိုဟ်သားတွေကို ခေါ်တာ…ဦးကြီးသံခဲပြောရမှာက အီးစီအဖွဲ့ဖွဲ့ထားတဲ့လူကြီး အဖွဲ့ကို ခေါ်ပြီးစည်းဝေးရမှာ…ဦးကြီးပြောတာ အီးစီနဲ့အီးတီမှား နေတယ်…နောက်ဆို အီးတီအဖွဲ့လို့မပြောနဲ့ အီးစီအဖွဲ့လို့ပြော"

"ငါသိပါတယ်…မင်းလျှာမရှည်ပါနဲ့ ငါကကွမ်းစားကြမ်း တော့ လျှာထူပြီး ဒိုလိုပြောတဲ့အခါမှာ မဝီကလာဘီကလာဖြစ်သွား တာပါကွ"

ဦးကြီးသံခဲဦးဆောင်ခေါ်၍ မိကျွမ်းတစ်ယောက်ကလွဲလျှင် အား လုံးထဲရောက်လာကြ၏။ ဦးကြီးသံခဲ အိမ်အောက်စားပွဲဝိုင်းမှာ စုထိုင် ကြ၏။ မိကျွမ်းက တခြားနွားကျောင်းသားနှင့် သူမရဲ့နွားတွေကို အပ်ခဲ့ပြီးနောက်မှ အမြန်လိုက်လာနေ၏။

ငပေါ်နှင့် မသန်းဆင့်ပြဿနာကို ရှင်းပေးလိုက်၏။

ငွက်ထော်နှင့်မိကျွမ်းပြဿနာမှာ ဂျိုကာက ပဲလှော်ကြားထား သဖြင့်နေရပြန်၏။ နောက်ဆုံး ဦးကြီးသံခဲကပင် နောက်နောင် မစောင်း စောင်းတဲ့လူကိုပြန်မပြောဘဲ အရင်ဦးဆောင်လာတိုင်ဖို့ မှာကြား၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ရှာတည်းနေ၊ တစ်ရေတည်းသောက်သူများပီပီ ညီညာချစ်ခင်ကြ
ဆုံးမ၏။ ပထမဦး မိဂျမ်းရော၊ ဒွက်ထော်ပါ ဆုံးမမှုကိုမနာခံလိုကြ
ဦးကြီးသံခဲက မိဂျမ်းကိုမကြည်မလင်စာတ်ခံရှိထား၍ ဗိုကြိမ်းပြ
ဒွက်ထော်နာခံလာ၏။ မိဂျမ်းက ဦးကြီးသံခဲကို အရင်က အရှုပ်က
စဉ်လိုက်လံဆောင်ရွက်ပေးထားသည့်မျက်နှာကိုထောက်ပြီး စိတ်လျှေ
နာခံလိုက်ရှာ၏။

ဒွက်ထော်နှင့်မသန်ဆင့်တို့ပြန်သွားမှ–

"မိဂျမ်း…စိတ်ရှိတိုင်းလျှောက်မရမ်းနဲ့တော့…နင့်ကို သူ
တရားမစွဲနိုင်အောင် ငါအာမခံပေးထားပြီး အမှုကိုရုပ်သိမ်းနိုင်းထာ
ရတာ…အခု ဗိုးပေပြီမ်နေပြီ နင့်ကိုဘာမှမနောင့်ယှက်တော့ဘူး…
ဒါကို နင်က အိပ်နေတဲ့ကျားကို နှုတ်ခမ်းမွေးသွားသွားဆွဲနေ ပြန်တ
ကိုးဟ…ဖြစ်လာရင် နင့်အမေစိတ်ဆင်းရဲရတယ် တို့ပဲလိုက်ရတယ်…
တို့သာမရှိရင် နင့်မှာ ဘာအားကိုးစရာရှိလို့လဲ…ရင်ဘတ်နောက်
ကျောပဲရှိတာ…ကဲ သွား…သွား…နွားကျောင်းစရာရှိသွားကျောင်း…
အမှီအခွယ်ဖြစ်နေတာကြာပြီ…နွားကျောင်းတာကို နင့်အောက်
တစ်ယောက်ယောက်နိုင်းရောပေါ့ဟာ"





"မောင်တွေက ငယ်ငယ်တသာ အပိုးကျိုးပြီး အလုပ်လုပ်ချင် စိတ်ရှိကြတာ…အရွယ်ရောက်လာကြတော့ မောင်ကံက ကုန်သည် တွေလာရင် မြို့တက်ပြီး အရောင်းအဝယ်လုပ်ချင်တယ်ဆိုပြီး အရင်း အနှီးတောင်းနေတယ်လေ…မပေးနိုင်တာကို တောင်းမရတော့ စိတ် ဆိုးပြီး ဟိုဖက်ရွာက သူ့သူငယ်ချင်းအိမ်မှာ စပါးပေးနဲ့ သူရင်းငှား သွားလုပ်နေတာ ငါးရက်တောင်ပြည့်တော့မယ်…မွေးလှက လယ်လုပ် ရတာ ပင်ပန်းလို့ မီးသွေးဖုတ်လိုက်လုပ်နေတယ်…မိသန်းက အိမ် အလုပ်နဲ့ ဗီဒီယိုပြနေရတာ…နောက်နှစ်လယ်လုပ်ဖို့ ကြံ့ဝယ်ထား တဲ့ နွားသုံးရှဉ်းကို အခပေးနဲ့ ကျောင်းခိုင်းရင်လည်း ဂရုမစိုက်လို့ နွားသူခိုးတွေလက်ထဲဝါသွားမှအခက်ရယ်…မကြာသေးခင်…ဟိုးဖက် ခြောက်အိမ်စုမှာ နွားသူခိုးထပ္ပလိုက်သေးတယ်…ဒီဖက်မှာ အေးနေ ရင် ဝိုသတိထားရတယ်…သတိပေါ့ဆတဲ့ရွာမှ နွားသူခိုးတွေကကပ် ပြီး နွားခိုးဆွဲကြတာမဟုတ်လား…အခစားပေးပြီး ကျောင်းခိုင်းရင် စိတ်မချရလို့ ကိုယ်တိုင်ထွက်ကျောင်းနေရတာ ဦးကြီးရေ့…ရှင်းပြီ လား"

"ရှင်းပြီ…ရှင်းပြီ…ငါ့ချွေးသည်တွေကိုလည်း ရန်သူထင်နေ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ဦး နင့်ကို သူတို့မတရားစော်ကားရင် ငါ့ကိုလာတိုင်…မစော်ကားပဲနဲ့ နင်ရန်လုပ်လုပ်မနေနဲ့ ငါလည်း နင့်ကိုမရိုက်ချင်ဘူး…ဂတ်ကိုလည်းမပို့ချင်ဘူး…ကိုယ့်စိတ်ကိုယ်ပြင်တော့ မိကျမ်းရေ''

မိကျမ်းက ယခုလိုကြတော့လည်း ဂျိုကာတို့သုံးယောက်ကိုသစ်ငုတ်တိုတွေမှတ်ထင်နေသည့်အလား ဂရုစိုက်တာ၊ ရှက်နေတာမရှိ။ ဦးကြီးသောက်ဖို့ ဦးကြီးကိုယ်တိုင်ငှဲ့ပြီး အအေးခံထားသည့်ရေနွေးခွက်ကိုတောင် ဖွပ်ခနဲကောက်မော့လိုက်သေး၏။ သွားခါနီးမှ ငပေါ်ကို စိမ်းစိမ်းကြီး မိုက်ကြည့်ကြည့်၏။ ဥက္ကာကို နှာခေါင်းရှုံ့ကြည့်၏။ ဂျိုကာ့ကို ခြောက်လှန့်သလိုကြည့်လိုက်ပြီး

''ခင်ဗျား…သတိထား''

ဟုပြောပြီး ခပ်တည်တည်ပင် ထွက်သွား၏။ ဦးကြီးက ကွမ်းအစ်ထဲမှ ကွမ်းယာပြီး ကွမ်းယာကို ကွမ်းထောင်းသည့်ဆုံထဲထည့်ထောင်းနေ၍ မိကျမ်းပြောလိုက်သံကိုမကြားလိုက်။ ကွမ်းယာညက်အောင်ထောင်းသံထွက်ပေါ်နေ၍ဖြစ်၏။ သွားတွေမကောင်းတော့သောဦးကြီးက ကွမ်းကြိုက်လွန်းလှ၍ ဆုံထောင်းကွမ်းကို မြုံ့နေရလေပြီ။ ငပေါ်က ဂျိုကာ့အနားကပ်ပြီး





''မင်းကို မိကျမ်းက ဘာလို့ အဲ့ဒီလောက်မဟုတ်တာသွားတာလဲ''

ဂျိုကာက ငပေါ်ကိုသနားစရာကောင်းသည့်အကြည့်ဖြင့် ပြုံးမဲ့မဲ့လေးကြည့်လိုက်ပြီး -

''မိကျမ်းရဲ့ သနပ်ခါးမပြယ်တပြယ်ပါးပေါ်မှာ မချော်လင့်ဘဲ ငါ့ရဲ့နှာခေါင်းက အော်ပရေးရှင်းဆင်းလိုက်မိလို့ပေါ့ကွာ''

ငပေါ်မျက်နှာ ချက်ချင်းလေဖြတ်သွားသလိုပင်။

* * *



www.burmeseclassic.com

www.burmeseclassic.com



"မိကျွမ်းနဲ့ပတ်သက်ပြီး မင်းနဲ့ငါပြိုင်ပြီးနဲ့တူတယ် ဂျိုကာ…"

ငပေါ့စကားကြောင့် ဥက္ကာက ခေါင်းထောင်သွား၏။ ဂျိုကာက လှဲအိပ်နေလျက် အထာမပျက်။

"မိကျွမ်းကို မင်းကြိုက်နေတာ ငါသိပါတယ်…မင်းဘာသာ ရအောင်လိုက်ပေါ့…ငါက ငွက်ထော်ကိုရင်ဖွင့်မလို့လုပ်နေတာ ငွက်ထော်က ရှပ်ကလေးလှပေမဲ့…ဈေးတွက်ရင် သူ့အနံ့ကြီးက ဆိုးလို့ ငါ့စိတ်တွေ ကြွက်ခြေခတ်ဖြစ်ကုန်ပြီး ရင်ခုန်ရသပျက်ကုန်တယ်…အဲဒီမှာတင် မိကျွမ်းနဲ့ငွက်ထော် ထပြိုင်လို့ အဲဒီလို အဲဒီလိုတွေဖြစ်ရတာ ပါလို့ ငါရှင်းပြပြီ…ဒါမှမကျေလည်ရင်လည်း လေသာသည်လိုက် တော့ ငပေါ်ရေ…"





"ငါတောင်မနမ်းရသေးဘူးကွာ"

"ပါးတစ်ဖက်ကျန်ပါသေးတယ် သွားနမ်းပေါ့"

"ငါက အစွဲအလမ်းကြီးတယ်…ငါ့ထက်အရင်ဦးသွားခံရရင် အဲဒီဟာကို စွန့်ပစ်လိုက်ပြီး အစားပြန်တောင်းတတ်တဲ့အကျင့်မျိုး ရှိတယ်…အဲဒါမင်းသိပါတယ် ဂျိုကာ"

"အဲဒီတော့ မင်းဘာလုပ်ချင်လို့လဲ…မင်းမှာ အဲဒီအကျင့်ရှိတာ ငါသိတယ်…ဆယ်တန်းပထမနှစ်တုန်းက မြကြာဖြူကို နှင်းဆီ အနီးလေး ပန်ဖို့ပေးချင်လို့ ယူလာတာ ငါက နှင်းဆီးပန်းကိုနမ်းလိုက်မိတယ်…အဲဒါကို မင်းမကျေနပ်ပဲ အစားပြန်လျှော်နိုင်းလို့ ငါလည်း ရှာပန်းမွှင့်ရှူးပြီးပေးလိုက်တော့ မြကြာဖြူကို မင်းသွားပေးတာလေ ဆိုတ ပါးရိုက်မလွှတ်လိုက်တာကဲကောင်း"

ဥက္ကာက-

"အဲဒီတုန်းက ငါနေမကောင်းလို့ ကျောင်းမတက်ဖြစ်တာ ဘွ…မင်းတို့ အဲဒီလိုဖြစ်တာ သဲ့သဲ့တော့ကြားလိုက်တယ် သေသေ ချာချာမသိလိုက်ရဘူး…ဘာဝန်းသွားပေးမိလို့ မြကြာဖြူခေါ်သွက် သွားရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခေါင်ရမ်းပန်းလေကွာ…ကျောင်းဝင်းထဲက ရရာပန်းရှာပြီး အစားပြန်လျှော်ပေးရတာပဲဟာ…ခေါင်ရမ်းပန်းဆိုတာ မသာတွေမှာဆင်မြန်းရတဲ့ပန်းဖြစ်နေတာ ငါရော ငပေါ်ရော နောက်မှသူများပြောပြလို့သိရပြီး ရယ်လိုက်ရတာ ဗိုက်နာနေတာပဲ"

"ဖြစ်ရမယ် မင်းတို့နှစ်ကောင်ကတော့"

ငပေါ်က-

"အဲဒါတင်ဘယ်ကမလဲ…ဒီကောင်ဂျိုကာက ပေါင်ဒါသိပ်လူးတာ…အဲဒါကြောင့် ငါ့အိမ်က အကောင်းစားပေါင်ဒါတွေထုပ်ယူလာပြီး ခွေးလယားသီးမှုန့် နည်းနည်းရောပြီး ဒီကောင်ဂျိုကာကို ပညာပေးတဲ့အနေနဲ့ လူးဖို့ပေးလိုက်တာ အဲ့ဒီနေ့ကြမှ ဒီကောင်ဘာစိတ်ကူးပေါက်သွားသလဲမသိဘူး…ဆရာမက မိတ်တွေပေါက်နေလို့ လက်မောင်းတွေယားနေတာကို ဒီကောင်က ဆေးပေါင်ဒါဆိုပြီး အယားပျောက်အောင် သွားပေးပြီး ဗိုက်နာလှုပ်တယ်လေ…ပေါင်ဒါလည်းလူးပြီးရော ဆရာမဆိုတာ ယားလို့လွတ်ကုတ်ပြီး ထွန့်ထွန့်လူးနေတာ ဘရိတ်ဒန့်(စ်)ကနေသလိုပဲ ဒီကောင့်ကြောင့် ငါပါ တရားခံဖြစ်ပြီး အဆော်ခံလိုက်ရတာ အီသွားတာပဲ"





ဂျိုကာက-

"ဆယ်တန်းဒုတိယနှစ်ကြတော့လည်း မင့်အကျင့်က အရင်အတိုင်းပဲ…ဦးမှာသွင်ဆိုတဲ့ ဘိုဆံတောက်မလေးကို အီစီကလီရိုက်ပြီး ရေမွှေးဘူးလက်ဆောင်ပေးတာ ငါကလဲအမှတ်မရှိ ဘာနဲ့လဲသွားမေးမိလို့ ဦးမှာသွင့်အရင် မွှေးရပါ့မလားဆိုပြီး ငါ့ကို ဗိုလ်ချုပ်ဈေးထဲခေါ်သွားခဲ့ခေါ်ပြီး ရေမွှေးအသစ်ထပ်ဝယ်ခိုင်းတယ်…သူ့ဘာသာနမ်းကြည့်ပြီး ကြိုက်တဲ့ဟာယူတယ်…ငါ့ကိုလုံးဝမကိုင်ခိုင်းတော့ပဲ ဦးမှာသွင့်ဆီရောက်အောင်ပို့တယ်လေ…ဖြစ်ချင်တော့ ဦးမှာသွင်က ခေါင်းမူးနေတာနဲ့ အတန်းခေါင်းဆောင်ငါ့ကိုခေါ်ပြီး ဆရာမထံခွင့်တိုင်ခိုင်းတယ်…အိမ်ပြန်ခေါ်ကုဖို့ပေါ့…ဆရာမက ခွင့်ပြုတော့ ဦးမှာသွင်အိမ်ပြန်ရရော…ကျောင်းဂိတ်ဝအထိ ငါလိုက်ပို့ပေးတာကို ဦးမှာသွင်ကကျေးဇူးတင်တယ်ဆိုပြီး ငပေါ့်ရေမွှေးဘူးကို လက်ဆောင်ပြန်ပေးတယ်လေ…ငါငြင်းတာမရဘူး…အဲဒါ ဘာမှမနမ်းဘဲ ငပေါ့်ကိုပြန်ပေးတာ…နမ်းပါတယ်ဆိုပြီး ဒေါသတွေလှိုင်ကန်လို့ကွာ နောက်တစ်ဗူးထပ်ဝယ်ပေးရတယ်…ဦးမှာသွင်ကိုထပ်ပေးတော့ ငါလည်းစိတ်ပေါက်ပေါက်နဲ့ ပထမဆုံးနမ်းခဲ့တဲ့ဘူးကိုမှ မှတ်မှတ်ရရ အမျိုးအစား



www.burmeseclassic.com

www.burmeseclassic.com



အတူတူနဲ့ လဲပြီးပေးလိုက်တယ်…မနမ်းရသေးတဲ့ ခုတိယဝယ်တဲ့ဘူ

ရယ် မှာထားခဲ့တယ်တဲ့ဘူးရယ်၊ ငါသိမ်းထားလိုက်တယ်…အံမယ်

ဘူးလဲပေးလိုက်တာမသိဘဲ မနမ်းရသေးတဲ့ဘူးကို ဥမ္မာသွင်ရသွားပြီထင်

ပြီး အားလုံးအိုကေ ဖွဲ့ရှယ် အဆင်ပြေတယ်တွေလုပ်နေတာ ဒီကောင်

ပေါ်ပေါ့"

"အဲဒီတုန်းက ငါနေကောင်းလို့ ကျောင်းမတက်တာနဲ့ မသိ

လိုက်ဘူး"

ဥမ္မာကကြားဖြတ်ပြောပြီး ရယ်နေပြန်၏။ ဂျိုကာက

"ကြားခဲ့ပစ္စည်းတောင် နမ်းမိရင် အဲ့ဒီလောက်အဖြစ်သည်းတဲ့

ပေါ် အခုတော့ ဒီကောင်ဘာတတ်နိုင်သေးလဲ…သူ့ကောင်မလေး

မိဂျမ်းကို တော်တော်ဆနမ်းမိသွားတာလေ…အစားပြန်အလျော်တောင်

လို့မရတော့ဘူး…ထိသွားပြီ ဟီဟီး"

ပေါ်က-

"သိပ်ရတာပေါ့…မင်းကြိုက်နေတဲ့ဂွက်ထော်ကို အလျ

ပြန်တောင်းမှာပေါ့ ဟားဟားဟား…"

"မင်းဂွက်ထော်ကို တကယ်လိုက်နိုင်လို့လား"





"ကုလားမခြေထောက်တစ်ပေးလိုက်ဦး…အမိလိုက်ပြီး မိ

အောင်ဖမ်းနိုင်တယ်…မှတ်ထားဂျိုကာ"

"ဒါဆိုရင်လည်း ပြီးရော…ဂွက်ထော်ကိုပဲ မင်းလိုက်တော့"

"ပြတ်သားလှချည့်လား ဂျိုကာ"

"မပြတ်သားလည်းရမှာမဟုတ်တော့တာ"

"မင်းရင်ထဲထိသွားပြီမဟုတ်လား"

"ထင်ရတာပဲ"

"ဟားဟားဟားဟား အဲ့ဒီလိုဖြစ်သွားရမယ်လေ…ဒါမျိုးမှ

ငါကကျေနပ်တာ…ဒီနေ့ကစပြီး မိဂျမ်းနဲ့ငါ့အခန်းပြတ်ပြီ"

"အရင်က စတ်လမ်းဖြစ်ခဲ့တာကြနေတာပဲ"

"ဖြစ်ဖြစ်မဖြစ်ဖြစ် ပြတ်ပြီကွာ"

ဥမ္မာက-

"ဒီနေ့ကစပြီး ပေါ်က ဂွက်ထော်ဖြစ်သွားပြီပေါ့"

"ဒါပဲပေါ့ ဥမ္မာရာ"

"ဒါဆို ဂျိုကာက မိဂျမ်းကိုလိုက်ရင်တော မင်းကြိုက်နိုင်ပါ့

သားပေါ်…ရှင်းအောင်ပြတ်ပြတ်သားသားမေးထားကြည့်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ကြိုက်တယ်…သဘောတူတယ် ခွင့်လွှတ်ကြည်ဖြူတယ်…မိဂျမ်းကို ဂျိုကာကြိုက်သလိုသာဖမ်းတော့…ငါလုံးဝကိုမလွှမ်းဘူး စိတ်ချ"

"ကဲ…ဂျိုကာ…မင်းကော ဘယ်လိုသဘောရသလဲ"

"ကြိုက်တဲ့ဘက်ထား ဂျိုကာတို့က နေရာမရွေးဘူး…တောဖမ်း နောက်တန်း အလယ်တန်း ရှေ့တန်းတိုက်စစ် အကုန်နေလို့ဖြစ်တယ်…ဘယ်ခြေညာခြေရွေးမနေဘူး ဝိုးဝင်ဖို့ရာသာအဓိကပါ"

"ဖောင်းဘောတွေ ပယ်နယ်တီဘောတွေ…မပါကြေးနော် ဂျိုကာ…ပေါ်လည်းကြားတယ်မဟုတ်လား…နေရင်းထိုင်ရင်း ငါလည်း ကမ္ဘာကျော်အီတလီဒိုင်လူကြီး ကော်လီနာဖြစ်နေပြီ"

"မင်းက ကော်လီနာမဟုတ်ပါဘူး မမခင်တို့ မမတင်တို့ခေါ်နေတဲ့ ဝင်းထရံကာကြီးပါ အုတ်မကာနိုင်လို့တဲ့လေ"

"လုပ်လာပြီ ဂျိုကာကတော့…မင်းတို့နှစ်ယောက်စိတ်ချမ်းသာမှ ရွာအေးချမ်းမှာမို့လို့ ဝင်စေ့စပ်ပေးနေရတာကွ"

"ငါတို့ကို အရူးတွေလို့ပြောလိုက်တာပေါ့ တောကျင်းရှိုး"





"မင်းတို့မသိအောင် ငါလျှို့ထားတဲ့အကွက်ရှိတယ်…ဂျိုကာရေ မင်းမိဂျမ်းကို ရအောင်လိုက်နိုင်လို့လား"

"ရနိုင်ပါတယ် မင်းက ဘာလျှို့ထားတာလဲ…အတွင်းရေးလားနေ့က ငါ့ဘကြီး အတွင်းခံဘောင်းဘီပျောက်တယ်ပြောသံကြားလိုက်သေးတယ်…မင်းများယူဖွက်ထားမိသလား ဥက္ကာ"

"ထပ်…ဘာတွေလဲကွာ…ဒီမှာ ဂျိုကာ ငါပြောတာ သေသေချာချာနားထောင်စမ်းပါ…မင်းမိဂျမ်းကို ရအောင်လိုက်နိုင်မှဖြစ်လိမ့်မယ်…ဘာဖြစ်လို့လဲဆိုတော့ မိဂျမ်းရဲ့အချစ်တော် မခင်မှီနဲ့ငါ…ညာဘာညာဖြစ်နေကြပြီကွ…"

"သွက်လိုက်တာ ဥက္ကာရာ…ငါတို့တောင်မသိလိုက်ရဘူး"

ပေါ်က တအံ့တဩဝင်ပြောလိုက်ခြင်းပင်။ ဂျိုကာက-

"ဒါကြောင့် ဥက္ကာက ငါ့ကို အသေအလဲတိုက်တွန်းနေတာ…မင်းနဲ့မခင်မှီ သေးတင်းရှုံ့ကွာဖို့ ငါက အရှုံးခံရမယ်ကင်းကပါထောက်ရဦးမှာပေါ့လေ…လုပ်ရဦးမှာပေါ့"

ပေါ်က-



www.burmeseclassic.com

www.burmeseclassic.com



"ဥက္ကာ...အချစ်ကျွရှင်သင်တန်းသားအသစ်အဖြစ် မင်း
ငါ့ကိုလက်ခံကွာ...ငါ့အနေနဲ့...ငှက်တော်ကိုအရိုးချင်တယ်... မင်း
ရဲ့နည်းပညာတွေ လက်ပွတ်ိုက်သင်ပေး..."

"သင်ပေးရမှာပေါ့ ပေါ်ရာ သယ်ရင်းတွေပဲဟာ...မင်းအ
နဲ့ ငှက်တော်ကိုပိုးတာမကောင်းဘူး"

"ဘာဖြစ်လို့လဲ"

"ပိုးတော့ပန်းနာတာပေါ့...ရှက်သယ်ရမယ်ကွ"

ဥက္ကာနောက်ပြောင်မှုကြောင့် ပေါ်ကျိတ်ပြီးလိုမ့်ရယ်နေ
ပြီးမှ

"ဂျိုကာငြိမ်သွားပြီ...သူ့ရဲ့အချစ်ဆုံးငှက်တော်လေးကို ငါ
လုယ်ယူတာခံလိုက်ရလို့...ရင်နာပြီး ငြိမ်နေတာဖြစ်ရမယ်..."

သုံးယောက်သား ညဇက်ဆိမ်စါနီးလဲလျောင်းရင်း လေသံ
တိုးနှင့်ပြောဆိုနေကြခြင်းပင်။ ဥက္ကာကအလယ်။ ပေါ်နှင့်ဂျိုကာ
ဥက္ကာရဲ့တစ်ဖက်တစ်ချက်ဆီမှာ။ ပေါ်က ဂျိုကာ့ကိုထပ်စွချင်
၍ ခွသံဖွာသ်ပေးလာပုံက

"အပေါ်ပေါ်းပေါ်"





"ဥက္ကာ...မင်းကရည်း ငါ့စကားကို သဘောကျလို့ရယ်တာ
ကောင် ဦးကြီးသံစဲရယ်သံနဲ့ရယ်နေသေးတယ်...မှင်းကောင်ဂျိုကာ
င်ကိုထိလို့ ခံစားချက်ပြင်းပြီး အသက်မှရှိသေးရဲ့လားကွာ...ငြိမ်
နေလိုက်တာ သစ်ငုတ်တိုကို မှလီထပ်စုပ်ထားသလိုပဲ"

ဥက္ကာက ဂျိုကာခေါင်းကိုခွဲထူမကြည့်လိုက်တော့

"နှီး...အိပ်ပျော်နေပြီကွ ဒီမှာကြည့်ပါလား"

"အလကား အိပ်ချင်ယောင်ဆောင်နေတာ"

"တကယ်အိပ်ပျော်နေတာဟ"

"မယုံဘူး...မင်းဘယ်လိုလုပ်သိနိုင်မှာလဲ"

"အရေးထဲ...သက်သေပြချက်တောင်းနေပြန်ပြီ...တရား
ကြီးနဲ့ ရှေ့နေသေလို့ဝင်စားတဲ့ကောင်က ပေါ်ဆိုတဲ့ ဒီဘာရစ်တို
ခဲ့ရဲသီဟာဆိုတဲ့ မင်းလိုကောင်ပဲဖြစ်လိမ့်မယ်...ဒီမှာကြည့် မင်းအဘ
ကာ အိပ်မက်တိုင်းပြည်ရောက်နေပြီ...တွေ့လား မျက်လုံးတွေ ပို
င် ဒီရွှေဖြစ်နေတာ...အသက်ရှူသံမှန်ထက်နှေးကွေးနေသေး
ယ်...အဲ့ဒါမှ သက်သေပြချက်မနိုင်လုံဘူးဆိုရင်...ရော့...ဒီအရည်
းကို လျှာနဲ့လျှက်ကြည့်"



www.burmeseclassic.com

www.burmeseclassic.com

"ဘာဆိုင်လဲကွ ဘာအရည်တွေမို့လို့ လျှက်ကြည့်ရမှာလဲ"

"လျှက်မှာလျှက်စမ်းပါ…မင်းယုံအောင် သက်သေပြချင်လို့"

ပေါက်ကား မယုံမရဲ ရေမလဲဟန်ဖြင့် ဥက္ကာလက်ထိပ်ကအရည်ကို လျှာနှင့်တို့ကြည့်၏။

"ဘယ်လိုအရသာရှိလဲ"

"ငန်ချိုစိမ့်လေး အဲဒါဘာအရည်လဲ…ဂျိုကာအိပ်မအိပ် ဘယ်လိုသက်ဆိုင်သလဲ"

"ဂျိုကာ့ဝါးစပ်ကစီးကျနေတဲ့ သရေစက်လေးတစ်ပေါက် ကွာ…သရေဆိုတာ အိပ်မောကျနေတဲ့လူမှာမှ ဝါးစပ်အပြင်စီးကျ တာတ်တာ ယုံပြီမဟုတ်လား…ငန်ချိုစိမ့်လေး ဒီဘရစ်တိုကြီးရဲ့"

"ဖွီ…ဝေါ့…တောကျင်းမှို့ ဥက္ကာ…ဝေါ့အော့…ငေါ့ကို ပ ပက်စက်စက်လုပ်ကြတယ်…ဝေါ့…ထွီး"

ဥက္ကာက ဥက္ကဋ္ဌကြီးဦးသမိရဲ့ မှုဖိုင်ရယ်သံအတိုင်းပိုက်ရယ် ပြလိုက်ပုံမှာ

"ဟေဟေ့ဟေးဟေ…အဟေဟေးဟေ"

* * *





၁၃။

"ဒီနေ့တစ်နေ့တည်းကို ရှင်စျေးလာဝယ်တာ အခေါက်နှစ်ဆယ် ကျော်ရှိပြီရှင့်…တစ်ခါတည်းဝယ်သွားလဲ ငရဲမကြီးပါဘူး…ရှင့်ဟာ လှမ်းကိုလှမ်းလှမ်းတယ်…တစ်ခါဝယ်ရင် ဟိုရွေးဒီရွေးနဲ့ အကြာကြီး …ဝယ်တော့လဲ နီးထုပ်တစ်ကျပ်တန်တစ်ထုပ်…နောက်တစ်ခါ …ဟိုဟာကြည့် ဒီဟာရွေးမေး…ဝယ်စားတော့လဲ ပဲလှော်ငါး ဆယ်တန်တစ်ထုပ်…အဲဒီလိုမျိုးဝယ်တဲ့ငွေ ငါးဆယ်ဖိုးလောက်ကို အတစ် ခွဲဝယ်ပြီး ကျွန်မဆိုင်ရှင်ကိုယ်တိုင် သည်းမခံနိုင်အောင်လုပ်နေ ဘာသဘောလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဝှက်ထော်က မနက်ကနေ ညနေစောင်းအထိ အထာ
အကြည့်လေးတွေနှင့် လှလှားခေါက်တဲ့ ဈေးဝယ်နေသော ပေါ်ကို
ဖြောင်ပင်ဖွင့်မေးလာချေပြီ။ ငပေါ်က စပ်ဖြဖြလုပ်ပြရင်း-

"အချစ်လိုချင်လို့ပါ"

"ရှင်ဘာပြောလိုက်တယ်"

"မီးခြစ်ဝယ်ချင်လို့ အခေါက်နှစ်ဆယ်လောက်လာရှာနေရတာ
ပါ"

"ဒီမှာ မီးခြစ်တွေမှ ဗုံပေါလအောပဲ…ဟော့ဒါက သစ်သာ
မီးခြစ်ဘုပ်…ဟော့ဒီမှာ ဂက်(စ်)မီးခြစ်ကဒ်လိုက်…တွေ့ရဲ့သာ
ကမင်ဝယ်ဘဲ ဘာအကြောင်းရှိက်ပြီးမေးနေတာလဲ"

"ဒီမီးခြစ်တွေမလိုချင်ဘူး…ဓာတ်ဆီထည့်ရတဲ့မီးစာနဲ့ မီးခြ
ဟောင်းတွေဝယ်ချင်လို့ ရှာနေတာ…ဆိုင်မှာတွေ့မှမတွေ့ပဲ ဝှက်ထေ
ရယ်"

"အဲဒါများ မေးကြည့်လိုက်ရင်ပြီးရော…အဲဒီမီးခြစ်အဟောင်
တွေ ခေတ်မရှိတော့လို့ ဆိုင်မှာတင်မရောင်းတော့ဘူး…ဟင်း…
ခြစ်ရှာဝယ်ချင်တဲ့လူက ဒီယားနှာပျောက်ဆေးက ဘယ်လောက်





ဘာယားနှာတွေပျောက်လဲ၊ တံဆိပ်ကကျွာနေတယ်၊ အင်ထုထားတော
တွေတယ်တွေ…ဒီတောစီးဘွတ်ဖိနပ်က ဖြိုင်ရာစတွတ်စီးတဲ့ဖိနပ်
သားတွေ…ဒီခြောက်တွေက ဘာခြောက်ခေါ်လဲတွေ…ဒီထန်း
လျှက်တွေက ဘာလို့ဒီလောက်မဲနေရတာလဲ…နေပူမိသွားလို့တွေ့တယ်
တွေ…အကုန်စပ်မေးနေတာ…ဘယ်လောက်စိတ်တိုစရာကောင်းသလဲ၊
ရွာမှာ ဒီဆိုင်မှာ ဝှက်ထော်ဟာ စိတ်အရှည်ဆုံးပဲ…ပျော်ပျော်နောက်
နောက်နေတတ်တယ်…ကျွန်မစိတ်မရှည်တဲ့လူဆိုလို့ နှစ်ယောက်ပဲ
ရွာမှာတွေ့ဖူးတယ်…"။

"ဟုတ်လား အဲဒီနှစ်ယောက်က ဘယ်သူတွေလဲ ဦးကြီးသဲခဲ
ရဲ့ ကာလသားခေါင်း ကိုပြောင်ကြီးလား…သူတို့က တစ်မျိုးစီဆိုး
လိုလိုလေးတွေနော်…ဦးကြီးသဲခဲက ဟောက်စားလှုပ်တတ်လို့ ဆိုး
လိုလိုပဲ…ကိုပြောင်ကြီးကတော့ သောက်ပွားလေ တွေးညှိုသောက်
ရင် တစ်ရွာလုံးလိုက်ပွားလို့ သောက်ပွားဘွဲ့ရထားတာ အဲဒီအကျင့်
ကလည်း ဆိုးသလိုလိုလေးပဲနော်"

"တော်ပါရှင်…ကျွန်မစိတ်မရှည်တဲ့လူက ဒီရွာမှာ မိကျမ်းရယ်
ရယ် နှစ်ယောက်ကိုပြောနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ…ဂလိုကိုး"

"ကဲဒါ ရှင်…ရှင်ဝယ်ချင်တဲ့မီးခြစ် ဒီမှာမရှိဘူး…ဒီတစ်

လိုချင်တာ အကုန်သိမ်းကျုံးဝယ်သွား…ခဏခဏဝယ်နေရင် အိမ်

လူတွေက တစ်မျိုးထင်စရာဖြစ်လာဦးမယ်"

"ထင်စေချင်လို့ကို တမင်လာနေတာ"

"ဘာရှင့်"

"ဗွက်ထော်ကို အရင်က ညနေစောင်းရေခပ်ဆင်းတိုင်းလှမ်း

လှမ်းတွေ့နေမိတာ…သူများတွေက ဗွက်ထော်က အနီးကပ်ကြည့်

ရုပ်ရှင်မင်းသမီးတွေလောက်လှတယ်ဆိုလို့ မယုံတာနဲ့ သေချာအော

အနီးကပ်အခါနှစ်ဆယ်လောက်ကြည့်မိနေတာပါ…အခုတော့ ကျွ

သိပြီ…Eva နဲ့ဆို ကိုယ့်ကိုယ့်ကိုယ်ယုံကြည်စိတ်ရှုမှုအပြည့်ရှိတာ

လေ…အဲ…မတွေ့စဉ်သေးပါဘူး အခုတော့ ကိုယ်သိပြီ ဗွက်ထော်

ပေါင်မုန့်နဲ့ငပိရည်တို့စားရသလို ဥဒ်ရှယ်ပဲဆိုတာကို သဘောပေါ

ပြီ"

ဗွက်ထော်ရဲ့မျက်နှာ သုံးဆင့်ပြောင်းလဲသွား၏။ ပထမအဆ

ခါးထောက်တင်းမာခက်ထန်နေ၏။ ဒုတိယအဆင့် လက်ချ ပြုံး





အိုက်တင်လေးနဲ့ရယ်ပြုံးနေ၏။ တတိယအဆင့် စိတ်ရှုပ်၊ ခေါင်းကုတ်၊ လက်သည်းကြားထဲညှပ်ပါလာသော သန်းဥကို သေသေချာချာ ဘယ်လက်မလက်သည်းခွံပေါ်တင်လိုက်ပြီး ညာလက်မလက်သည်းခွံနှင့် ဖိညှပ်တုပ်ချလိုက်၏။

သန်းဥပေါက်ကွဲသွားသံကို နားဝင်ပီယံစွာကြားရင်း ရှေ့မှာ ခေစေ ခစ်စစ်ရယ်ကြည့်နေသော ငပေါ်ကို

"ရှင်ပြောတာတွေ နားထောင်ရင်းနဲ့ လည်တွက်ကုန်ပြီ…ကျွန်မထပ်ပြောမယ်…ရှင်လိုချင်တဲ့မီးခြစ်မရှိဘူး။ ရှင်ဘာဝယ်မှာလဲ၊ နောက်တစ်ခေါက်ထပ်မလာရအောင် သေသေချာချာစဉ်းစားပြီး ဝယ်သွားပေတော့ပြီလား"

ကျွဲပါးစောင်းတီးဖြစ်ပြီဟု ငပေါ်မှတ်ထင်လိုက်၏။ မြွောက်ပြောသလိုလိုနှင့် ထောက်ပြောလိုက်သည်ကိုလည်း ဗွက်ထော် ဘယ်လိုမှမစားနားလည်သွားပုံမရ။ ဗွက်ထော် စာရင်းမှတ်နေတာကိုကြည့်လိုက်၊ လက်ဖက်အခြောက်စုံတွေ အိတ်ငယ်တွေနှင့်ခွဲထည့်ပြီး မီးနဲ့ ဖြန့်ပိတ်နေတာတို့ကြည့်လိုက်နှင့် တွင်တွင်သားလိုက်ကြည့်နေပင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ငှက်ထော်က မျက်မှောင်ကျုတ်ပြီး မြန်ကြည့်လျှင် ခေါ်

လျှော်ရည်ထုပ်တွေကိုင်ကြည့်လိုက်။ မဆလာနှင့် ဟင်းချက်မှုန့်ရေ

တို့ထိုကြည့်လိုက်နှင့် လုပ်ပြနေရပြန်၏။ ငှက်ထော်တစ်ကောင် မီး

တွေမြှို့တက်ပြီး ရောဝယ်နေသဖြင့် ဆိုင်စောင့်ကျနေချိန်လည်းဖြစ်၏

မြို့သားလူလယ်သုံးယောက်ထဲမှ မနေ့ကတင်ယောက်ကတစ်မျိုး

ယနေ့တစ်ယောက်ကတစ်ဘာသာဖြစ်နေ၍ ခေါင်းစားနေ၏။

ဂျိုကာဆိုသောလူကိုတွေ့တာ ငှက်ထော့်ရဲ့ဘဝလိုလိုရှိခဲ့သော

လည်း မြို့ကောလိပ်တစ်နှစ်တက်ပြီး ကျောင်းပိတ်ထားသဖြင့် ကော

လိပ်မှာ အပေါင်းအသင်းစုံနှင့် လူမှုဆက်ဆံရေးအတွေ့အကြုံရှိထား

သဖြင့် ဂျိုကာနှင့် နမူးတွေဒူးတွေ ပြောရာတွင် ရှက်ကြောက်မနေ

ကိုယ်မာန်နှင့်ကိုယ်တင်ပြီး သူတင်ကိုယ်တင်ပြောနိုင်ခဲ့၏။ မိဂျမ်းပေ

ဖျက်၍ အပြန်အလှန်ရန်စောင်ကြစဉ်ကလည်း ရှက်ကြောက်ခွဲ့အ

လျှင် ကိုယ်သာခံရမည်မို့ ခပ်ထန်ထန်နေပြနိုင်ခဲ့၏။

ယခုလည်းကြည့် မြို့ကြီးသားလူလယ်က ဈေးမရောည်သာလု

နေသည်မှာမရိုး။ ဘယ်လိုအချိုက်အဆက်တွေနှင့် ဘယ်လိုကြံစည်ပေ

တာလဲဆိုတာလည်း ငှက်ထော်သိချင်သေး၏။ မြို့သားတွေရဲ့ စိတ်





ကစားမိသည်မှန်သော်လည်း ဖွင့်ဟဝန်ခံလာသူကိုမှ စဉ်းစားရမည်မို့

ဘယ်သူ ဘယ်မှုရှိလာမလဲဆိုတာ ကိုယ့်မာန်လေးကိုယ်ဝင့်ပြြီး ဟန်

လုပ်နေကြရပြန်၏။

ယခုလည်းကြည့်။ ငှက်ထော်မသိတာရတ်လို့။ ခိုးကြည့်တာ

တစ်မျိုး၊ ပေါ်တင်ကြည့်တာတစ်နည်းနဲ့ ဆိုင်ထဲမှာ ကုန်းကုန်းကွကွ

ပစ္စည်းတွေလိုက်ကြည့်သလိုလိုနှင့် ချောင်းနေသည့်ငနဲမှာ ငှက်ထော်

ကို အသည်းယားကျိုကျိုဖြစ်အောင်. တာမင်ဆွဲဆောင်နေသလိုပင်။

"ဒီမှာ..ဒီမှာ"

"ဝယ်မယ့်ပစ္စည်းအားလုံး စာရင်းချုပ်လို့ရပြီလား"

"ချုပ်ပြီ ချုပ်မှာတို့ပဲ ဝယ်မှာ ဝမ်းချုပ်ဆေးတစ်ပြားလောက်

ရောင်းပါ"

"အဲ..ဘာလဲ...ဝမ်းချုပ်ဆေးလို့ကြားမှုပါဘူး...ဝမ်း ချုပ်

နေချင်ရင် ကောက်ညှင်းစားရတာယ်ရှင်..."

"ဝမ်းပိတ်ဆေးကိုပြောတာပါ"

"ရှင်ဝမ်းသွားနေသလား"

"ရစ်ချင်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဓမ်းကိုက်တာ"

"ဆေးနှစ်မျိုးလုံးစပ်ပေးလိုက်ပါဗျာ"

"ဒါပဲဝယ်မှာလား"

"ခေါက်ဆွဲခြောက်ထုပ်တွေက ဘယ်လောက်လဲ"

"ရှင်မေးတာ ကိုးခါလောက်ရှိပြီ…ကျွန်မအသေအချာမှတ်ထားတယ်…ဖြေရတာလည်း မောလှပြီ မဝယ်ပဲနဲ့ မေးမနေပါနဲ့တော့ ရှင်ဒီဆိုင်မှာပဲနေကလည်းက ကျွန်မသိလိုက်ပြီ"

"ရွှေစွန်ညီမကြီး ဘာကိုလိုလို့ပဲတယ်ဆိုတာသိတာလား"

"မဟုတ်ဘူး…လဒကြီး စာကြွင်းစားကျွန်လို တန်ဖိုးနည်းတဲ့ အစားအစာတွေ လိုက်စုဝယ်သလိုပဲနေတာ…ရှင့်မှာ အသုံးစရိတ် ဝါးလျှသွားလို့ ချွေတာရေးလုပ်နေတဲ့သဘောပဲမဟုတ်လား"

ပေါ်ပေါ်တစ်ယောက် မတ်တတ်အကောင်းကြီးမှ ခေါက်ခနဲလဲပြီ ပစ်ချင်စိတ်ပေါက်သွားမိ၏။ ကျွဲပါးစောင်းတီးရုံမဟုတ်။ အမြှောက်မှင်ထုလည်း နွံအိုင်ထဲက ကျွဲကတော့တုပ်တုပ်မှလှုပ်မည့် ကျွဲမျိုးမဟုတ်။

နားလေး ကျွဲမ ဖြစ်နေလေရောသလား။

(ငါကိုယ်ငါပဲ မှားပါတော့မယ် ဖွက်တော်ရယ်)

* * *





၈

"အရီးကျော့ရေ အရီးကျော့…မကြီးတင်…မကြီးခင်တို့ရေ ကယ်ပါဦးဗျို့"

ဂျိုကာတစ်ယောက်တည်း အိမ်စောင့်ကျနေစဉ် ခြံဝင်းထဲကို ဒရောသောပါးပြေးဝင်လာသော မိကျွမ်းကိုတွေ့လိုက်ရ၍ လန့်ထိတ်သွားမိ၏။ မိကျွမ်းပုံစံက မျက်နှာမှာ အညိုအမဲတွေစွဲပြီး နဖူးတွေဖူးယောင်နေ၏။

အိမ်ပေါ်မှ အိမ်အောက်ပြေးဆင်းပြီး

"မိကျွမ်း…ဘာဖြစ်လာတာလဲ မိကျွမ်း"

"ကယ်ပါဦးဗျို့…အမေတို့ ကျွပ်ကိုဝိုင်းရိုက်နေကြလို့ ကျွပ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း ခံချလို့မနိုင်တာနဲ့ ထွက်ပြေးလာတာ…ဘကြီးသံခ
ရော…အရီးကျော့ဘယ်မှာလဲ…မကြီးတင် မကြီးခင်တို့ရောဟင်”

“မရှိကြဘူး ဘကြီးခင်က ရွာဦးကျောင်းမှာ ဘုရားပွဲကမ္
ဖာတ်တွေသွားကြည့်နေတယ်…အရီးကျော့က မကြီးတင်နဲ့ ကိုင်းသီး
တွေသွားခူးနေတယ်…မကြီးခင်ကျ ကောက်ရိုးလှည်းသွားတိုက်နေ
တယ်…သူ့ရင်ငှားတစ်ယောက်နဲ့လေ”

“အဲ့ဒါမှဒုက္ခ…ကျုပ်အိမ်ပေါ်တက်ပုန်းနေမယ်…သူတို့
လာရင်မရှိဘူးလို့ပြောလိုက်နော် သိလား…ကျုပ်ရှိတယ်လို့ မပြော
နော်…သူတို့ ကျုပ်ကိုမိရင် ဝိုင်းရိုက်ကြဦးမှာ မပြောနဲ့နော်”

ကြောက်ရွာလွန်းလို့ အသံတွေပင်တုန်နေရှာသည့်မိကျမ်း။

“မပြောပါဘူး စိတ်ချ…မြန်မြန်တက်ပုန်းလေ…မင်း ဒီခြံ
ထဲကိုဝင်လာတာ မင်းအိမ်ကလူမ်းတွေ့လိုက်သလား…”

“မတွေ့သေးဘူး…ကျုပ်လည်း နာလွန်းလို့ အမေ့ကိုတွန်းလိုက်
တာ အမေလည်း ချေးအိုးပေါ်လဲကျပြီး ချေးအိုးကွဲရေတွေရွဲကုန်တယ်…
မောင်နှစ်ယောက်က အမေ့ကိုထူတွဲနေတာနဲ့တင် ကျုပ်နောက်မလိုက်
နိုင်ကြသေးဘူး…မိသန်းက မြို့မှာ အခွေသွားငှားနေလို့ အိမ်မှာမရှိ





ဘူး…နောက်ပြီးကျ ဖြစ်ကြောင်းကုန်စင်ပြောပြမယ်”

“အေးပါ…တက်ပုန်းပါမြန်မြန်”

အိမ်ပေါ်ထပ်တံခါးကြားမှ လှမ်းပြောနေသေးသော မိကျမ်းကို
မြန်မြန်လောနှော်ပြီး ပုန်းခိုင်းလိုက်ရ၏။ ကျွဲကာက မှင်မပျက်ပင်
အောက်တန်းလျှားမှာထိုင်ပြီး နီးရာသတင်းစာယောင်တစ်ခုကို လှမ်း
ယူဖတ်နေလိုက်၏။

“မိကျမ်း…တော့မိကျမ်း…ဗိုင်းနာမ မိကျမ်း…ထွက်ခဲ့စမ်း…
ဘယ်ရောက်သွားပြီလဲ…ဟင်…”

“ငါ့သားတွေ ရမ်းသမ်းမအော်ကြနဲ့ တွေ့ရင်လည်း အရမ်း
ကာရောမရိုက်ပုတ်ကြနဲ့…မင်းတို့အစ်မကြီးအကြောင်းလည်းသိရဲ့သား
နဲ့ အမေ့လက်ကိုအစ်…”

မိကျမ်းနှင့် မျက်နှာပေါက်ခင်သော အဒေါ်ကြီးတစ်ယောက်၊
ယ်ရှပ်ပေါက်သော်လည်း ကိုယ်ကာယထွားကြိုင်းလှသည့်မောင်ငယ်
နှစ်ယောက်က ကြိမ်လုံးကိုင်သူကိုင်၊ ဝါးခြမ်းပြားကိုင်သူကိုင်နှင့်။
မျက်နှာခဝဲညိုးညိုးရှိသော်လည်း နှုးရေ၊ ဒူးရေကောင်းသည့်မိကျမ်း
၏မိခင်က



www.burmeseclassic.com

www.burmeseclassic.com



"ကိုသဲခဲတို့ မကျော့တို့မရှိကြဘူးလား၊ မယ်တင်တို့ မယ်ခင်တို့ရောမရှိကြဘူးလား…ဟော့…ကလေး…ဒီအိမ်မှာ ဘယ်သူမှမရှိကြဘူးလား"

"ဟုတ်ကဲ့…အလုပ်တွေသွားနေကြလို့ပါ…ကျွန်တော်ပဲရှိပါတယ် ဘာကိစ္စများရှိလို့ပါလဲ"

"ဪ…အေး…အဒေါ်က မကျော့နဲ့ဆွေမျိုးပါကွယ်…ဒီဖက်ကို ကလေးမလေးတစ်ယောက်များ ငိုပြီးပြေးလာသလားလို့ပါ"

မိဂျမ်းအမေက မျက်မှုန်နှင့် လေသံပျော့ပျောင်းမေးသလောက်၊ မိဂျမ်း မောင်နှစ်ယောက်ကတော့ ဘီလူးစီးသလို မျက်နှာထားတွေတင်းမာနေကြ၏။ အကြည့်တွေကလည်း စူးရှရှ။ လုပ်ပြီဆို ပေါ့ပေါ နိုင်းနိုင်း၊ ဘာမှမစဉ်းစား ဖြစ်ပြီးမှသာ နောင်ခါလာ၊ နောင်ခါရှေ့ဟု သဘောထားစည်းလုံးစားမျိုးတွေ။ ဂျိုကာ့ကိုပင် မယုံသင်္ကာကြည့်နေကြ၏။ ဂျိုကာက-

"လာတာတော့တွေ့တယ်…ဒီအိမ်ထဲက လူတွေကို အော်ခေါ်သေးတယ်…ကျွန်တော်က မရှိဘူးလို့ပြောလိုက်တော့ အိမ်နဲ့ရွာ တင်းကုပ်ကြားက လမ်းကြားလေးအတိုင်း နောက်ဖက်ထဲပြေးဝင်သွားတယ်…နောက်ဖက်က အိမ်ခြံတွေကြားထဲ အရှဆိုရောက်နေလောက်ပြီ…သူ့ကိုကြည့်ရတာ အထိတ်တလန့်နဲ့ ခြေဦးတည့်ရာလျှောက်ပြေးနေမယ့်ပုံပဲ"





"ဟုတ်လား အေးကွယ်…အဲဒါပဲ…စက်တယ် ဒီကလေးမနဲ့တော့ ဒုတ်တွေချပြီးလိုက်ကြစမ်းဟယ်…နင်တို့ကိုကြောက်ပြီး နင့်တို့အစ်မလုပ်ချင်တာလုပ်သွားရင် ဘယ်လိုလုပ်မလဲဟဲ့"

မိခင်ဖြစ်သူ၏စကားကိုတော့ မြေဝယ်မကျ နားထောင်ကြရှာသား။ ချက်ချင်းပင် ဒုတ်တွေပစ်ချပြီး ဂျိုကာလမ်းညွှန်ရာနောက်ကို အပြင်းပြေးလိုက်ကြတော့၏။ မောင်နှစ်ယောက်မှာလည်း ဖိနပ်မပါ။ နောက်မှပြေးလိုက်သွားသော မိခင်ဖြစ်သူမှာလည်း ဖိနပ်ပလာကျင်း။

သောကတွေဖြစ်အောင် တွေခင်းကစားတတ်သော မိဂျမ်းကို ဘဝတူချင်းမို့ ဂျိုကာစာနာမိ၏။ အိမ်ပေါ်အသာတက်လာစဉ် အခန်းထဲမှ လေသံတိုးတိုးလေးဖြင့်

"ဟော့လူကြီး…သွားကုန်ကြပြီလား"

"ငါ့ကို ဟော့လူကြီးမခေါ်နဲ့…ငါ့နာမည်ဂျိုကာ အဲ့ဒီလိုမခေါ်ချင်ရင် ကျောင်းနာမည် ရဲကျော်စွာလို့ခေါ်"



www.burmeseclassic.com

www.burmeseclassic.com



"အရေးထဲ ခင်ဗျားက ကဗျာသန်နေပြန်ပြီဗျာ…သွားကြပြီလားလို့မေးနေတာ"

"သွားကုန်ကြပြီ…လမ်းလွှဲပေးလိုက်တယ် နေပါဦး မင်းက ဘာတွေသွားလုပ်လို့ ဒီလောက်ဒေါသထွက်ပြီး လိုက်ရိုက်ကြရတာလဲ"

မိဂျမ်းက ကျိုးကန်းတောင်းမှောက်ကြည့်ရင်း အခန်းထဲမှထွက်လာ၏။ နုနယ်သောမျက်နှာမှာ ဒဏ်ရာအညိုအမဲတွေနှင့်။ ပါးစပ်ထောင့်စွန်းမှာလည်း သွေးစက်လက်နှင့်။

"မပြောချင်ပါဘူးဗျာ…ဟိုသေနာကျိုးပေပေါ့၊ ဖန်ကတုံးဆိုတဲ့ကောင်ကို သူပြောက်ပေးထားတာ အဲ့ဒီဖန်ကတုံးက လူကသာ လက်တောက်လောက်ရှိတယ်၊ သိပ်စိုလ်ကျတာ…ကလေးတွေကစားတိုင်း အဲ့ဒီကောင်ကညစ်ပတ်အနိုင်ကျင့်နေကြ၊ ကျုပ်နဲ့လုံးလုံးအကြောမတည့်ဘူး…အဲ့ဒါကိုသိလို့ ဒီဆယ်နှစ်သားလူကောင်ထွားတဲ့ ဖန်ကတုံးကို ဖိုးဝေက မုန့်ဖိုးတွေပေးကာမ်း ကျုပ်ကိုဒုက္ခရောက်အောင် လုပ်ဖို့ အမြဲရန်တိုက်ပေးနေတာပေါ့…မခြင်ကွယ်ရာကနေ ပြောက်ပေးနေတာ ကျုပ်ကြားပါတယ်…လက်တွေ့မမိသေးလို့ပေါ့၊ မိရင်တော့





လား ဟင်း…နုတ်နုတ်စင်းပစ်မယ်"

"ဘာတွေစင်းမှာလဲ နွားစာအတွက် ကောက်ရိုးတွေစင်းပေးမှာလား"

"ခင်ဗျားကလဲဗျာ…အဲ့ဒါတွေကြောင့် ခင်ဗျားနဲ့လည်း ကျုပ်အကြောမတည့်ရတာ…ယောက်ျားပီပီ တည်တည်တန့်တန့် ခန့်ခန့်ငြားငြားနေစမ်းပါ…ကျုပ်လိုပေါ့ဗျာ"

"မင်းလိုပေါ့…ဒုက္ခပဲ ငါတော့ အလိုလိုနေရင်းနဲ့ချင်စိတ်ပေါက်ရတော့မယ်"

"ခင်ဗျားနော် ခင်ဗျား"

"ကဲပါကွာ…မင်းဖြစ်ပျက်လာပုံဇာတ်လမ်းစုံကို ရှင်းပြစမ်းပါ"

"အဲ့ဒီဖန်ကတုံးနဲ့ ကျုပ်ပေါ့ ပျားအုံလုပစ်တာ…ပျားအုံက ကျုပ်တို့ခြံနောက်မှာ ကျုပ်မောင်အကြီးကောင်ကလှက တောင်ပေါ်တက်တိုက်ထားတဲ့ ထင်းစိုတွေနေလှန်းရအောင် အိမ်နောက်ဖက်ကပေါ့ကျီအကွယ်မှာ ထင်းဖြတ်နေတယ်လေ…အငယ်ကောင်မွေးလှကအိမ်သာပြုပြင်နေတယ်…အိမ်သာက ခြံနောက်နားမှာ ပျားအုံက ခြံ



www.burmeseclassic.com

www.burmeseclassic.com



နောက်က သရက်ပင်မှာစွဲနေတာ အကြီးကြီးပဲ…ကျုပ်အရင် ဖန်ကတ့ုံ ကပစ်ချနေတာ…ကျုပ်က မလုပ်နဲ့ဆိုတာ မရဘူး…အဲ့ဒါနဲ့ ကျုပ် လည်း ဖန်ကတုံးကိုဝင်လုံးမလို့ပြေးလာတာ ဖန်ကတုံးနောက်ဆုံးပစ် လိုက်တဲ့အချက်က ပျားအုံကိုချက်ကောင်းထိပြီး ပျားသလက်ကြီး ဘုတ်ခနဲကြွေကျလာတဲ့အထိပဲ…ကျုပ်က ဖန်ကတုံးကိုဝင်လုံးပြီး အပေါ်ကတက်ဖိပြီး ပိတ်ထိုးနေတာဗျ…ကျုပ်မောင်တွေခများ ယင် ကြီးပျားတွေလိုက်တုပ်လို့ ဘုတွေဖိန့်တွေထကုန်တော့တာပဲ''

ဂျိုကာ အဓောပိုင်းတ မိဂျမ်းမောင်နှစ်ယောက်ကိုကြည့်လိုက် စဉ် ငယ်ရုပ်ပေါက်သော်လည်း အသားအရည်ကြမ်းပြီး အဖုအထစ် တွေရှိနေသည်ဟု ထင်ခဲ့ခြင်းမှာ ပျားတုတ်ခံထားကြ၍ အဖုအပိန့် ထွက်နေကြခြင်းဖြစ်ပါလိမ့်မည်။

''ပျားတွေဝိုင်းတုပ်တော့ ကျုပ်မောင်တွေဆိုတာ ခြံထဲပတ်ပြေ နေရတယ် ကျုပ်ကလည်း ဖန်ကတုံးကို တွယ်ကောင်းနေတဲ့အချိ နောက်ကနေ ဆံပင်ကိုင်ဆွဲပြီး မလုပ်နဲ့လို့အော်လိုက်တဲ့အသံကိုကြာ လိုက်ရတယ်…အမေမှန်းဘယ်သိမလဲ…အမေက နောက်ဖက်ခြံထဲက ဘူးညွန့်သွားခူးပြီးပြန်လာတာ…ကျုပ်တို့လုံးထွေးနေလို့ မျက်စိမွှဲ





မေက တယ်သူတွေလဲသိအောင် အနားကပ်ကြည့်တာလေ… ုပ်မှန်းသိတော့ လက်လွန်ကုန်မှာစိုးတာနဲ့ မိရအဲ့ပြီး အတင်းအော် းတာပေါ့…ကျုပ်ကလည်း အမေမှန်းမသိလိုက်ဘူး…ဘေးလူတစ် ာက်ထင်လိုက်တာ ဖန်ကတုံးဖက်ကလူဆို ဒီအချိန်မှာရန်သူပဲ … ကျုပ်လည်း ဖန်ကတုံးဖက်ကလူမို့ ဒီလိုတားတာထင်ပြီး ည့်မကြည့်ပဲနဲ့ နောက်ကလူကို တံတောင်နဲ့တွက်ပြီး အတင်းကုန်းထ က်တယ်… အမေ့ခေါင်းကို တံတောင်ထိပြီး အမေ့လက်နဲ့ကာ းတာကို အမေမှန်း ကျုပ်မသိသေးဘူး…ထူပူဓောကပ်နေတာနဲ့ ူထင်ပြီး အမေ့ကိုဆောင့်တွန်းပစ်လိုက်မိတယ်…အဲ့ဒါကို ခြံထဲ ်ပြေးနေကြတဲ့ မောင်နှစ်ယောက်က လှမ်းမြင်သွားတယ်…ပြေးလာ ာပေါ့… ဟိုကောင်ဖန်ကတုံးက ကျုပ်မောင်တွေပြေးလာတာ ည်းမြင်ရော ကြွက်ကတိုးကြနေတာပဲ လစ်ခနဲဆိုထွက်ပြေး ာယ်…ကျုပ်ထိုးတာမထိရောက်လိုက်ဖူးနဲ့တူပါရဲ့''

''မိဂျမ်းကလေ မောင်နှစ်ယောက်ပြေးလာတော့ မိဂျမ်းကိုလာ ာလို့ထင်လိုက်မှာပေါ့''

''ဟုတ်တယ်…အမှန်အတိုင်းပြောရရင် ဒေါသအရှိန်နဲ့ာ



www.burmeseclassic.com

www.burmeseclassic.com



ထိတ်လန့်စိုးရိမ်နေတာရောကြောင့် ကျုပ်မျက်လုံးတွေပြာနေ[…]
ပဲ…မောင်တွေကိုတွေ့လိုက် မတွေ့လိုက်နဲ့…မောင်တွေအနားရေ[…]
လာပြီး ကျုပ်ကိုဝိုင်းထိုးဝိုင်းရိုက်ကြတယ်…ကျုပ်လည်း ဘာမှ[…]
ဘဲ ကြောင်ပြီးအထိုးအရိုက်ခံလိုက်ရတယ်…စိတ်တိုပြီးပြန်ခံ[…]
ပေါ့ အရင်က မောင်နှမတွေရန်ဖြစ်တိုင်း ကျုပ်အမြဲနိုင်နေကြ…[…]
တွေကြီးလာတော့ သူတို့က ပြန်နိုင်ကုန်ကြတယ်…အရင်က ရ[…]
တိုင်း မိသန်းကအစ ကျုပ်ဖက်က နောက်တော့ သူ့မောင်တွေဖ[…]
မောင်တွေက ကြီးလာတော့ ကျုပ်ကိုချွာရာတိုင်းလာကြတာပေ[…]
ကျုပ်ကလဲ ရှာရိုးကိုးပေါက် ပြဿနာတက်ရပေါင်းများပြီး လိုက်[…]
တာများပြီ၊ အမေ စိတ်ဆင်းရဲပြီး ကျုပ်ရှာဖွေသမျှ ပလိုင်းပေါ[…]
ဖားကောက်သလို ဖြစ်ကုန်ရတာကို ညီမနဲ့မောင်တွေကလည်း မ[…]
ပြီး ကျုပ်ကိုမကြည်ကြတာပေါ့…ဘာပဲဖြစ်ဖြစ် သူတို့ကိုယ်[…]
အားကိုးနိ[…]ာင် အမေပြီးရင် သူတို့ကိုပျိုးထောင်ပေးခဲ့တာ[…]
ပါဗျာ…ဒါပေမယ့် လူကောင်ကြီးလာတော့ မရတော့ဘူး"

"မင်းမောင်တွေက မင်းကိုအထင်လွဲပြီးထိုးကြိတ်[…]
လား"





"ဟုတ်တာပေါ့ဗျာ…ကျုပ်က ဖျားအုံကိုပစ်ချ…ဖျားတွေလိုက်
[…]တာ သူတို့ကစ်ရပြီး ဒေါသတွေထွက်…အဲဒီမှာတင် ကျုပ်ကို
[…]လုပ်ရပါ့မလားဆိုပြီး အမေက ဒေါသနဲ့လာဆုံးမတယ်ထင်…အဲ
[…]ထင်တဲ့အပြင် ကျုပ်က အမေဆုံးမတာကို မနာခံပဲ အမေ့ကိုရန်
[…]န်းထုတ်စော်ကားတယ်လို့ထင်သွားတယ်…ဘယ်လိုမှရှင်းပြချိန်
[…]…အမေကလဲ ကျုပ်က သူ့ကိုတမင်ပြန်လုပ်တယ်လို့ထင်သွား
[…]…ကျုပ်ကို သားတွေနဲ့ရောပြီး ဝိုင်းရိုက်ကြတော့တာပဲ…ကျုပ်
[…] ရှင်းပြချိန်မရဘဲ ပေခံနေရင် ကြာရင်သေမှာစိုးတာနဲ့ ဆတ်
[…]ပြီး ကျုပ်မောင်အကြီးကောင်အမှတ်နဲ့ ဆောင့်တွန်းလိုက်တာ
[…]ချင်တော့ အမေ့ကိုတွန်းမိရက်သားဖြစ်နေပြန်ရော…သူတို့က
[…]ကိုတော့ ခေါင်းငုံ့ပြီး လက်နှစ်ဖက်နဲ့ဖိကာထားရတာ၊ ဘယ်မှာ
[…]ရှိမလဲ…တွန်းလိုက်မိတာ အမေဆိုတာ အမေထိတ်လန့်တ
[…]အော်သံကြားမှသိလိုက်ရတယ်…သိလို့ စိုးရိမ်ထိတ်ပျာပြီးလှမ်း
[…]လိုက်မိတာ ဒီမှာတွေ့လား…အငယ်ကောင်က အမေကိုဒီ
[…]လုပ်ရပါ့မလားဆိုပြီး ကျုပ်ကိုထိုးထည့်လိုက်တာ သွားဖုံးကွဲ
[…]တယ်"



www.burmeseclassic.com

"မင်းအဖြစ်ကလည်း...ဆိုးချက်ကမသက်သာဖွယ်ရာ…
ပါပဲလား မိကျွမ်းရယ်"

"ကျုပ်ကို အငယ်တွေကပြန်လုပ်တာ ကျုပ်ဝမ်းနည်းတာ…
သိလား"

ပြောပြီး မိကျွမ်း အီးခနဲငိုချလိုက်၏။ ဂျူကာလည်း မ…
တတ်။ တတ်သလောက်မှတ်သလောက်နှင့်ပင်။

"အထင်လွဲကုန်လို့ ဖြစ်ကုန်ကြတာ...မင်းအမေဆို ငါကို…
တိုင်လိုက်ရှင်းပြပေးမယ်လေ...မင်းမောင်တွေလည်း ရှင်းပြလို့…
လည်သွားရင် မင်းကိုတောင် ပြန်တောင်းပန်လိမ့်ဦးမယ်"

မိကျွမ်းက တွင်တွင်သာငိုနေတော့၏။ ထိုစဉ်မှာပင် လှေကား…
ပေါ်ပြေးတက်လာသံတွေကြားလိုက်ရ၏။

"ဟဲ့ အကြီးကောင်...အငယ်ကောင်...လက်လွန်ကုန်မယ်…
အမေ့ကိုသနားကြပါဦးဟယ်"

"အမေ့သမီး ဒီအိမ်ပေါ်တက်ပုန်းနေတာဗျ...ကျုပ်ထင်သာ…
ဒီလူ့ကလဲ လူညာလူလိမ်..."

"ဟုတ်တယ်အကြီးကောင်...အစ်မကိုအိမ်ပါအောင်ဆွဲ…





ဗျာ"

ညီအစ်ကိုနှစ်ယောက်က ဂျူကာ့နောက်ကွယ်မှ မိကျွမ်းကိုအတင်း ဝင်ဆွဲမည်ပြင်နေ၏။ ဂျူကာက လက်ကာတားပြီး

"ညီလေးတို့မှားနေပြီ...အစ်ကိုရှင်းပြပါရစေဦး"

"ဘာမှရှင်းပြမနေနဲ့...ခင်ဗျားလူလိမ်လူညာ...အိမ်ပေါ်မှာ ဖွက်ထားပြီး မရှိဘူးပြောလွှတ်တယ်...ကျုပ်မသင်္ကာလို့ တစ်ပတ် ပြန်လှည့်ချောင်းမှ မိကျွမ်းအသံတွေကြားရတယ် ငိုနေတာလေ ငိုနေ တဲ့အသံ"

"ဟုတ်ပါတယ် အစ်ကိုလိမ်ပြောမိပါတယ်...အမှားတွေထပ် မဖြစ်ရအောင်...ကြိုးစားပြီး အစ်ကိုရှင်းပြတာကို တဆိတ်လောက် နားထောင်ပေးပါ...ပြီးမှ ကြိုက်သလိုလုပ်ကြ"

အကြီးကောင်က တွေခနဲဖြစ်သွား၏။ အငယ်ကောင်က–

"ဒီလူ ဆက်လိမ်ညာချင်လို့ အကြံအဖန်လုပ်နေတာဗျ...မြို့ သားတွေက လေယ်ကောင်တွေ ယုံရတာမဟုတ်ဘူး...အစ်မကို ဒီလူ ဖွက်ပေးထားပြီး အစ်မဆီက ဘာတွေအခွင့်အရေးယူလိုက်သေးလဲ သိဘူး...မိကျွမ်း ပြန်လာခဲ့...မလာရင် ငါတို့ကြမ်းတော့မှာနော်"

www.burmeseclassic.com



"မလာဘူး…မလာဘူး"

"ဘာ"

"ညီလေးတို့ အစ်ကိုရှင်းပြပါရစေကွာ တောင်းပန်ပါတယ်… ဒီလိုမှမဟုတ်ရင် မိဂျမ်းကို အစ်ကို့အသက်နဲ့လဲပြီး ကာကွယ်ရလိမ့်မယ်…မကြမ်းကြပါနဲ့ ပြေပြေလည်လည်ညှိလို့ရပါတယ်…မိဂျမ်းအပေါ် ဘာအခွင့်အရေးမှလည်းမယူပါဘူး…သွေးအေးသွားမှ မိဂျမ်းကိုမေးကြည့်ကြပါ"

အိမ်ပေါ်ကို ဒူးနာရောဂါသယ်လို ဖြည်းဖြည်းချင်းတက်လာသော မိဂျမ်းမိခင်မှာ ဂျိုကာတို့ပြောနေတာတွေအားလုံး ကြားသွားပုံရ၏။ အိမ်ပေါ်ရောက်သည်နှင့် သားနှစ်ယောက်ကို အတင်းတွန်းဖယ်ပြီး

"နေကြစမ်းပါဦးဟယ်…နင်တို့ကလဲ ဒေါသကိုရှေ့တန်းတင်ရင် မှားကုန်တော့မှာပေါ့…ဒေါသဆိုတာ ဘယ်တုန်းကကောင်းကျိုးပေးဘူးလို့လဲ…ဒီသူငယ်လေးရှင်းပြတာ နားထောင်ကြပါဦး"

မိဂျမ်းမိခင်က အခွင့်ပေးလာ၍ ဂျိုကာက နားဝင်အောင် လေပြေထိုးပြီး ရှင်းပြလိုက်၏။ အထင်လွဲမှားပြီးဖြစ်ကုန်သောဖြစ်စဉ်ကို





အနုတရှင်းပြလိုက်သောအခါ မိဂျမ်းမိခင် သဘောပေါက်သွား၏။ ကောင်နှစ်ယောက်လည်း ဆုပ်ထားသောလက်သီးတွေပြေလျော့ကုန်၏။ ကြိတ်ထားသောအံတွေလည်း ပြေလျော့သွား၏။ မိဂျမ်းမိခင်က

"အထင်မှားမှာပေါ့ကွယ် သားနှစ်ယောက်က သူ့အစ်မကြီးအမေကိုပြန်ခံပြောတာ လုံးလုံးမကြိုက်ဘူး…မိဂျမ်းက တစ်ခါတလေဆိုးတာ…သူဖြစ်ချင်တာမဖြစ်ရရင် မအေကို မိထွေးလိုပြန်အော်တာတာပဲ…အဲဒါတွေကြောင့် သားတွေက မကျေနပ်ဘဲ မိဂျမ်းကိုအားထားကြတာ…အခုလိုအထင်လွဲစရာတွေဖြစ်ကုန်တော့ သားတွေလည်းအမြင်လွဲပြီး စိတ်မထိန်းနိုင်ဖြစ်ကုန်ကြတာပေါ့"

"အဒေါ်ရယ်…မိဂျမ်းတမင်လုပ်တာမှမဟုတ်တာဗျာ၊ တမင်လုပ်ရင်သာ ကြိုက်သလိုဆုံးမသင့်တာပါ…အခု မိဂျမ်းမျောလည်းပြီးချထားတဲ့ဒဏ်ကြောင့် ညှိုးမည်းဖူးရောင်နေပါပြီ…ခွင့်လွှတ်လိုက်ကြပါတော့ နားလည်လိုက်ကြပါတော့ဗျာ…သူ့ခမျာ မိဘအရင်းနဲ့မောင်နှမအရင်းတွေက အဲ့ဒီလိုဆက်ဆံလိုက်တော့ ဒီမှာကြည့် ဝမ်းနည်းပြီး ယူကျုံးမရရှိုက်ငိုနေရပြီ"

မိဂျမ်းတစ်ယောက် ကလေးဆိုးကြီးလို ရှိုက်၍ ရှိုက်၍ငိုနေ၏။



www.burmeseclassic.com

www.burmeseclassic.com



သေသွားသည့်ဖခင်ကိုလည်း "သမီးအဖြစ်ကိုလာကြည့်ပါဦး အဖေ ရဲ့" ဟု တမ်းတနေ၏။ နပ်တွေညှစ်လိုက်၊ ဟိုပက်လိုက် ဒီပက်လိုက် နှင့် မမတင်တို့ကြမ်းတိုက်ထားသည့်ပြောင်ပြောင်လက်လက်ကြမ်းခင်း လေးတော့ သွားရှာပြီပေါ့။

"သူငယ်ရှင်းပြလို့ အခေါ်တို့သိသွားပါပြီ…သမီးလေးမိဂျမ်း လာအမေ့ဆီလာ…ငါ့သမီးရယ်…ရုတ်တရက်ဆိုတော့ အမေတို့လည်း အထင်တွေမှားကုန်ကြတယ်…လာ…လာ…သူများအိမ်ပေါ်ကြီးမှာ ရှက်စရာကြီး…အိမ်ရောက်မှ အမေကိုယ်တိုင် ဆေးထည့်ပေးမယ်… ဟဲ့…မင်းတို့နှစ်ကောင် အိမ်ပြန်နှင့်တော့"

မောင်နှစ်ယောက်လည်း ခေါင်းသပြယ်ပြီး စိတ်မကောင်းဖြစ်သွား ကြပုံရ၏။ မျက်စိမျက်နှာမကောင်းစွာဖြင့် အိမ်ပေါ်မှဆင်းသွားကြ၏။ မိဂျမ်းက သူ့အမေအနားကို တွန့်ဆုတ်တွန့်ဆုတ်နှင့်တိုးကပ်သွားပြီး

"အမေ…"

ဝမ်းနည်းပူဆွေးသော ကလေးရွဲ့သံကြီးနှင့် အော်ခေါ်လိုက်၏။ မိခင်ဖြစ်သူက ဆီးပွေ့ပြီး ဒဏ်ရာတွေကို အာငွေ့မှုတ်ပေးရင်း မျက်ရည်တွေရစ်ဝိုင်းနေ၏။ မိဂျမ်းတို့သားအမိနှစ်ဦး ပြေလည်အေး





ချမ်းသွား၍ တစ်ယောက်မျက်ရည် တစ်ယောက်သုတ်ပြီး အိမ်ပေါ်မှ တွဲဆင်းသွားကြ၏။ သူ့ကိုတောင်နှုတ်ဆက်သွားကြ။

သူက စိတ်မချ၍ အိမ်တံခါးနေပြီး မိဂျမ်းတို့အိမ်ဖက်ကို ဆက် ဖြစ်နေမှာစိုး၍ ထွက်လာကြည့်ဖို့ အိမ်ပေါ်မှအဆင်း၊ အပြင်မှ ဥက္ကာ နှင့်ပေါ်ပေါ်တို့ရောက်ချလာ၏။ ဥက္ကာကို အနီးကပ်ပို့ချဖို့ ပေါ်ပေါ်ကခေါ် သွားပြီး ဂွက်ထော်တို့ဆိုင်မှာ သွားထိုင်နေကြ၍ အိမ်မှာမရှိကြခြင်းဖြစ် ၏။

မိဂျမ်းတို့သားအမိ ငိုထွက်သွားတာ သူတို့မြင်လိုက်၏။ အဝင် အထွက်သောက်လေးလွဲသွားခြင်းမို့ စိတ်ထဲလိပ်ခဲတည်းလည်းဖြစ်နေ သောမေးခွန်းတွေကို ပေါ်ပေါ်က စတင်မေးလာတော့၏။

"မင်း…မိဂျမ်းကို ဘယ်သူမှမရှိတုန်း အိမ်ပေါ်ခေါ်ပြီး ဘာ များလုပ်လိုက်တာလဲကွာ…သားအမိနှစ်ယောက်စလုံး ပုလဲတွေခြပြီး ပြန်သွားတာတွေ့လိုက်ရတယ်"

ဂျိုကာ အစအဆုံးရှင်းပြမှ ဇာတ်ရည်လည်သွားကြ၏။ ဦးကြီး သံခဲနှင့် အရီးကျော့တို့ရောက်လာကြပြီး မိဂျမ်းအကြောင်းကြားရ၍ အံ့အားသင့်ကုန်ကြ၏။ အရီးကျော့က မျက်ရည်လေးစမ်းစမ်းဖြင့် တွေ

www.burmeseclassic.com



လေးရဲ့အခြေအနေကို သွားကြည့်၏။ မိဂျမ်းမိခင်နှင့် မောင်တွေကိုလည်း အရီးကျော့က ဆူပူကြိမ်းမောင်းပစ်၏။ မိဂျမ်းကရှက်လို့ဟုဆိုကာ အိမ်တွင်းပုန်းကုလားမလုပ်ရှာလေပြီ။

*   *   *





ရှေးယခင်က နှစ်စဉ်ကျင်းပမြဲဖြစ်သော ညောင်မုတ်ဆိတ်ရွာဘုရားပွဲမှာ နောက်ပိုင်းကာလအခြေအနေအချိုးမျိုးနှင့် အကြောင်းကြောင်းကြောင့် သုံးနှစ်တစ်ခါ ကျင်းပလိုက်ရ။ လေးနှစ်တစ်ခါကျင်းပလိုက်ရဖြစ်လာခဲ့ရသည်မှာ ကြာပြီ။ တမြန်နှစ်တစ်နှစ်ကျော်က ကျင်းပခွင့်ရပြီး မနှစ်က မကျင်းပလိုက်ရ။ နှစ်နှစ်ကျော်မှ တစ်ကြိမ်ကျင်းပရသည့်အလှည့်ရောက်လာ၍ ကြက်ပျံမကျစည်ကားလှ၏။ နှစ်ညတိုင်တိုင်ကျင်းပသည့်ဘုရားပွဲတော်မှာ ဇာတ်ပွဲ၊ မျက်လှည့်ထူးဆန်းထွေလာသဘင်္ဂါပြပွဲ၊ ရုပ်ရှင်ငါးကားပေါင်းမိုးအလင်းပြသည့် ထဲ့ကာရုပ်ရှင်ရုံ၊ ကာရာအိုကေဆိုင်ခန်း၊ အန်ဂလုံးဝိုင်း၊ အားအားသောက်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်တန်း၊ အကြော်အလှော်ဆိုင်တန်း၊ အထက်အညာဒေသထွက်ကုန် ပစ္စည်းရှိုးပြဆိုင်ခန်းကြီးများဖြင့် ကွင်းလုံးပတ်လည် ကြိတ်ကြိတ်တိုး အောင်စည်ကားနေ၏။ ရှာနီးချုပ်စပ်ပင်မက အဝေးကျေးရွာများမှ လာလိုက်ကြသည့်လူညီးတန်းတွေ။ ပွဲတော်မနက်ကတည်းက နေရာ ဦးအမီရောက်လာကြသည်မှအစပြုပြီး ညပွဲဘွက်ခါနီးအထိ ဝင်လာမစဲ တသဲသဲပင်။

မြန်ကြားရေးမဏ္ဍပ်မှ ဦးရွှေတလူရဲ့မိုက်ခွက်ဓာပ်အော်သည့် အသံကလည်း ဟွန်းကြီးငါးလုံးနှင့် အရပ်လေးမျက်နှာပတ်ချိန်ကာ မြန်ကြားရေးနှင့်သက်ဆိုင်တာပြောသည်တနည်းနည်း၊ မဆိုင်တာတွေ အားအားယားယားထိုင်ပြောနေသည်ကများများ။ မြန်ကြားရေးနှင့် မလှမ်းမကမ်းမှာ လုံခြုံရေးစခန်းရှိ၏။ အချုပ်ခန်းကြီးကို ဟီးထနေ အောင်ဆောက်လုပ်ထား၏။ အချုပ်သားအယောက်ငါးဆယ်လောက် တော့ အသာကလေးမောင်းသွင်းထားလို့ရ၏။ အချုပ်သားချည်မည့် ကြိုးတွေ မျိုးစုံကလည်း ကြိုးဆိုင်ထွက်ရောင်းနေသလားမှတ်ရ၏။ ထိတ်တုံးကြီးဆယ်ခုကလည်း မီးရောင်အောက်မှာ ထင်းထင်းကြီးတွေ။ ပြည်သူ့စစ်နှင့် ရဲတပ်ဖွဲ့၊ မီးသတ်၊ ကြက်ခြေနီအစုံအလင် ရုံးထိုင်၊





ာင်းပတ်၊ ပွဲခင်းကြီးကြပ်၊ ဈေးတန်းစောင့်ကြပ် အစရှိသဖြင့် စေ့စေ့ ပ်စပ်တာဝန်ယူထားကြ၏။ ရွာခံလူတွေက ဓာတ်ပွဲအလယ်မှာ နေရာ ကောင်းဦးထားပြီး တခြားရွာမှ မိတ်သင်္ဂဟတွေအတွက်ပါ လောဘ ာကြီးဦးထားကြပြန်သေး၏။ ဖျာနေရာလုဦးကြသဖြင့် စကားများ ရန်ဖြစ်ကြသည်ကို ဆယ်အိမ်မှူးအဆင့်က ရှင်းရ၏။

ဆိုင်ခန်းနှင့် အများပြည်သူသုံး အိမ်သာ၊ မီးစက်၊ ရေစက် ာတွအတွက် ရာအိမ်မှူးက တာဝန်ယူရ၏။

အာဂန္တုရဟန်းများကို ဝေယျာဝစ္စလုပ်ဖို့အရေး ဘုရားမှာ ဆိမ်း ာင်စုံထွန်းညှိပူဇော်ရေး၊ ပန်းရေချမ်းသစ်သီးဆွမ်းတော်ကြီးတင်ကပ် ာရေးကိစ္စများနှင့် ရွာလုံခြုံရေးတာဝန်ကို အတွင်းရေးမှူးနှင့် E.C ာဖွဲ့ဝင်တွေက တာဝန်ခွဲယူလုပ်ဆောင်ကြ၏။

ဥက္ကဋ္ဌကြီးကတော့ ဓာတ်သဘင်နှင့် ဓာတ်စင်ကို အဓိက ာဝန်ယူ၏။ ငှားလာသည့်ဓာတ်အဖွဲ့ထဲက ခေါင်းဆောင်မင်းသမီး ာ အနိပ်စားကလေး။ ဒုတိယခေါင်းဆောင်မင်းသမီးကလဲ ပျံ့တန့် ာန့်နွဲ့တန့်တန့်လေး။ ဦးကြီးသံခဲကိုများ ခေါင်းဆောင်မင်းသမီး ချော ာခင်ခေါ်ပုံက ပျားရည်နဲ့ပုလင်းကွဲရောမွှေထားတဲ့အသံနဲ့ "အဲ့ကို



www.burmeseclassic.com

www.burmeseclassic.com



ကြီး'တဲ့။ ဒုတိယခေါင်းဆောင်မင်းသမီး 'သဲမမ'က 'ကိုဦးကြီး

တဲ့။ ယိမ်းသမပျိုအိုအရွယ်စုံကတော့ ဦးကြီးသံခဲကို သဘောကောင်း

ကိုဘဦးကြီးတဲ့…ဦးကြီးသံခဲက နဂိုကတည်းကဇာတ်ရူး၊ လူပျိုပေါ

က ရွာဘုရားပွဲမှာလာကတဲ့ဇာတ်နောက် နိုးလိုက်သေးတယ်၊ မင်းသ

ဖြစ်ချင်လို့တဲ့။ ဇာတ်ဆရာက ကားချွဲပဲအရင်လုပ်ပါဆိုလို့ သူ့အ

ပညာကိုစော်ကားတယ်ဆိုပြီး စိတ်ဆိုးဆိုးနဲ့ အိမ်ပြန်လာခဲ့တဲ့သူပေ

ရွာမှာလာကသမျှ ဇာတ်သမားမှန်ရင် ဦးကြီးသံခဲကိုမသိတဲ့

မရှိဘူး။ ဥက္ကဋ္ဌမဖြစ်ခင်ကတည်းက ရွာဘုရားပွဲလာကတဲ့ ဇာတ်

သမားတွေကို ဦးကြီးသံခဲက သူ့အိမ်ကိုအမြဲတမ်းထမင်းဖိတ်ကျွေ

နေကြ၊ လက်ဆောင်ပေးနေကြ။ ဇာတ်နဲ့ပတ်သက်တာတွေ အာပေါ

အာရင်းသန်သန် စမြုံ့ပြန်ဆွေးနွေးနေကြ။

"မနေ့ညက ဇာတ်ဆရာကသွားတဲ့ နောက်ပိုင်းဇာတ်တော်ကြီ

လေ…ဇာတ်ကြီးကိုးဘွဲ့ထဲက သုဝဏ္ဏသျှမ်ဇာတ်လေ"

"ဇာတ်ကြီးဆယ်ဘွဲ့လုပ်စမ်းပါ ဦးသံခဲရာ…သုဝဏ္ဏသျှ

မဟုတ်ပါဘူး သုဝဏ္ဏသျှံဇာတ်တော်ကြီးပါဗျ…ခင်ဗျားပြောမှ ကျွ

တော်တောင် မျက်စိလည်သွားတယ်"





"ဟုတ်ပါရဲ့ဇာတ်ဆရာမင်းသားရယ်…ကျုပ်ကလည်း ပြော

ချင်ဇောနဲ့လောသွားလို့ပါ…အဲဒီဇာတ်ထဲမှာ သုဝဏ္ဏသျှံအဖြစ်သရုပ်

ဆောင်ရတဲ့မင်းသားဟာ သမင်ပေါင်းငါးရာနဲ့ ရေသွားခပ်တာ…ဇာတ်

ခင်ပေါ်မှာပြတော့ သမင်ရုပ်ခေါင်းဆောင်းထားတဲ့ ယိမ်းသမငါး

ယောက်ပဲ ဟိုခုန်ကလိုက် ဒီခုန်ကလိုက်နဲ့ သရုပ်ဆောင်တာတွေ့

တယ်…အမှန်ဆို သမင်ငါးရာတောင် ဇာတ်တော်ကဆိုထားတာ…

သမင်အရေအတွက် ငါးကောင်ထက်ပိုများအောင်တော့ ပြသင့်တာပေါ့

ဒါမှကြည့်ရတာ လေးပင်ပြီး ရသမြောက်မှာပေါ့"

"ဒါကတော့ ဇာတ်မှာခေါ်လာတဲ့လူအင်အားရယ်…သမင်

ရုပ်နဲ့အဝတ်အစားရယ် နှိုင်းညှိပြီးတော့ သရုပ်ဆောင်ရတာပဲ့…သမင်

ငါးကောင်လောက်ပြလိုက်ရင် ပရိသတ်က အာရုံထဲ သမင်ငါးရာလို့

မြင်ယောင်ခံစားလည်ပြီးကြည့်ကြပါလိမ့်မယ်ဗျာ့"

"သုဝဏ္ဏသျှံဇာတ်ကို ဖတ်ဖူးတဲ့သူတွေကတော့ ဇာတ်ဆရာပြော

သလို စိတ်ကူးနဲ့မြင်ယောင်ကြည့်နိုင်တာပေါ့လေ…မဖတ်ဖူးတဲ့ မကြား

ဖူးတဲ့သူတွေကတော့ သုဝဏ္ဏသျှံရေသွားခပ်တာ သမင်လေးငါးကောင်

နဲ့ ခြောက်တောက်တောက်ကြီးပါလား…မင်းသားက သီချင်းထဲမှာညှို့



www.burmeseclassic.com

www.burmeseclassic.com



စပ်ဆိုတော့ သမင်ငါးရာတဲ့ ဘာတွေလဲဟဆိုပြီး ခေါင်းနောက် ရသ မြောက်ကုန်တော့မှာပေါ့"။

"ဦးသံခဲကတော့ ဇာတ်သဘင်အကြောင်း မတောက်တခေါက် သိရုံနဲ့ ဝေဖန်ပြောလိုက်ရင် ဓောက်ထိုးချည့်ပဲ"

"ဓောက်ထိုးလုပ်စမ်းပါ မင်းသားရယ်"

"ဒါတော့ တိတိကျကျသိသား"

"ဇာတ်ဆရာကလဲဗျာ…ကျုပ်က ဇာတ်ဝါသနာအိုးဗျ…ပြ ဇာတ်ဆို မြို့တော်သိန်းအောင်ပြဇာတ်တွေကောင်းလွန်းလို့ မြို့ဘုရား ပွဲတွေတောင် တကူးတကသွားပြီးကြည့်တဲ့ကောင်"

"မြို့တော်ပြဇာတ်တွေထဲက ဘယ်ပြဇာတ်ကိုကြိုက်သလဲ"

"သံချောင်းပါတဲ့ပြဇာတ်လေဗျာ…'ဓားကိုထောင်ပြီး ကိုယ့် လည်ပင်းကိုဖြတ်မည်' ဆိုတဲ့ပြဇာတ် သိပ်ကောင်း…အရမ်းကောင်း လွတ်ဂေ ၂"

"လုပ်ပြန်ပြီ…ဦးသံချောင်းရဲ့ ဓားတောင်ကိုကျော်၍ မီးပင် လယ်ကိုဖြတ်မည်ဆိုတဲ့ပြဇာတ်ပါဗျာ"

"ဟုတ်လား…ဟေဟေဟေးဟေ့…ကြိုက်ပေမဲ့ ကြာတော့





သည်း လူဆိုတာမေ့တတ်တဲ့မျိုးကိုဗျ"

ယခုနှစ်ငှားလာသည့်ဇာတ်က ဦးကြီးသံခဲနှင့် ဆွေလိုမျိုးလိုကို င်းနီးနေသည့်ဇာတ်။ ငါးခါမက လာကဖူးသည့်ဇာတ်။ ဇာတ်ဆရာ က ဦးကြီးသံခဲနှင့် ပြောမနာဆိုမနာ။ ဇာတ်ဆရာက ဦးကြီးသံခဲကို ခြောက်ပင့်ပေါင်းပြီး ညာစားတတ်လျှင် ဘာမဆိုလိုချင်တာဖြစ်အောင် လုပ်ပေးတတ်ကြောင်းကို တစ်ဇာတ်လုံးသိအောင်ပြောပြထား၏။

သည်တော့တား မင်းသမီးတွေက 'အစ်ကိုကြီး' 'ကိုဦးကြီး' 'ကိုဘဦးကြီး' ဆိုတာကို ပါးစပ်များကမချပဲ လိုချင်တာတွေခိုင်းတော့ တာပေါ့။ သိတယ်မဟုတ်လား ရွာကျောင်းကဘုန်းတော်ကြီးပြီးလျှင် သျှောင်မုတ်ဆိတ်မှာ ဩဇာထက်တာက ဦးကြီးသံခဲလေ။

"ဟော့…မုတ်ကြီး…မင်းသမီးအတွက် ကြက်ဥနဲ့ရှားနို့ မနက် တို့၊ နေ့လယ်စာကို ကြက်၊ ဘဲ၊ ဝက် ရအောင်ရှာပြီး အကောင်းဆုံး ချက်ပို့၊ ညစာကို မြို့က တရုတ်အစားအစာ အကြော်အလှော်တွေတက် ယ်ပေးလိုက်ကွာ၊ ကျသလောက် ငါ့စာရင်းပြလိုက်…ကျန်တဲ့ မင်း သမီးတွေအတွက်လည်း မုန့်နဲ့လက်ဖက်ရည်အဆင်သင့်ရှိပါစေ…ဇာတ် ဆရာအတွက် ပင်ကျရည်၊ ပုစွန်ဆိတ်ခုနီလေးက နေမကျော်မီ လေး

www.burmeseclassic.com



မြူလောက်ရောက်နေပစေ…အမြည်းက စာတ်ဆရာအကြိုက် ကြ

ကြော်ပေါ့…သူက ကိုကြီးကျော်စာတ်ထုပ်ကို နှစ်ညဆက်ကမှာ

ဟ”

သည်သို့နှယ် စာတ်ဝင်နှင့်စာတ်တာဝန်ခံအလုပ်တွေ ရှုပ်

သည့်ဦးကြီးသံခဲမှာ အိမ်ပြန်မကပ်နိုင်။ စာတ်ထဲမှာပင် အပေါ်ယား

နှင့် စားသောက်ကာ တပည့်တပန်းတွေကို လိုချင်တာခိုင်းစေနေ

၏။

မမတင်၊ မမခင်တို့မှာလည်း ကျွေးမွေးဧည့်ခံရေးတာဝန်

နှင့် အိမ်မကပ်နိုင်။ အရီးကျော့က ဝတ်ရွတ်အဖွဲ့ထဲမှာပါဝင်ပြီး ကျော

မှာပင် ဝတ်ရွတ်ပူဇော်ချိန် ပူဇော်လိုက်၊ ဝေယျာဝစ္စဝိုင်းလုပ်လိုက်

ဂျိုကာတို့သုံးယောက်မှာ ကျောင်းမှာလိုက်စားကြရ၏။ မစားချင်လျှ

ပွဲရက်ကြိုကတည်းက ရန်ပုံငွေအတွက်ဖွင့်သော အာဝါဒေးဆိုင်

တွေမှာ ၉ ဘာမှာစား။ သံခဲရဲ့ဘီ(လ်)ဖွင့်ထား၏။

ပထမညမှာ ဝက်ဝက်ကွဲအောင်စည်ကားလိုက်သည့်ဖြစ်ဖြ

ရွာလုံးကျွတ်ပွဲခင်းထဲရောက်နေကြ၏။ ဥက္ကာမှာ မိုးချုပ်စကတည်း

လှစ်ခနဲပျောက်သွား၏။ ခဏနေတော့ ထပ်မံပျောက်သွားသူက ဒေ





ကာတစ်ယောက်တည်း ယောင်လည်လည်နှင့် ပွဲခင်းထဲလျှောက်

နေစဉ် ပွဲလာကြည့်သောငွက်ထော်တို့အဖွဲ့ကို လူအုပ်ကြားထဲ

တွေ့နေတာ တွေ့လိုက်ရ၏။ လားလား ပေါက ငွက်ထော်လက်

ခွဲပြီး အသည်းအသန်ဝင်တိုးနေရှာတာကိုး။

ပွဲခင်းထဲက ဈေးတန်းဖက်လျှောက်ကြည့်တော့ မုန့်ဟင်းခါး

ဆိုင်မှာ ဥက္ကာနှင့် မခင်မိုကို မှောင်ရိပ်ခပ်ကျကျ နောက်ခုံတန်းလျား

ထိုင်ပြီး မုန့်စားနေကြတာတွေ့လိုက်ရ၏။ တစ်ယောက်တစ်ခွန်းနှဲ့

နေကြတာတွေ၍ သာယာနေသောသူတို့ဘဝလေးကို ဖျက်ဆီးရာ

ရောက်မည်စိုးသဖြင့် ကိုယ့်ဘာသာပင် အံကလုံဝိုင်း (ခေါ်) ဂေါက်

ဝိုင်းသွားကာ ကြက်၊ ဆင်၊ ကျား၊ ဖား၊ လိပ်၊ ဝက်၊ ပုဇွန်၊

ါးတွေပိတ်ထိုးနေလိုက်၏။

“မိဂျမ်းတစ်ယောက် အိမ်တွင်းပုန်းလုပ်နေရှာတာ ခများသနား

ရာ၊ ဘုရားပွဲတော်ကြီးကျင်းပတာတောင် ဒီနှမှာ ထွက်လည်ပြီး

တ်မကြည့်ရဲရှာဘူး…ရှားရှားပါးပါး နှစ်နှစ်မှာမှ တစ်ခါပျော်ရတဲ့

တော်ကြီးနဲ့ လွဲရှာပြီပေါ့လေ”

မိဂျမ်းကို ဈေးတန်းထဲပတ်ရှာကြည့်မိ၏။ လာလိုလာငြားပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ပွဲခင်းထဲပတ်ကြည့်ပြီး ပြန်ကြားရေးရုံးမှ ဦးရွှေတလူအသံသာ အ
မျိုးစုံကိုလွှမ်းပြီး ပေါ်လာနေ၏။

"ဟော…တလုတ်မတဲ့…ကြာအင်းကုန်းရွာက ဒေါ်တလုပ်
ခင်ဗျား ဒီမှာ ခင်ဗျားရဲ့လင်ပါသားလေး မျက်စိလည်လမ်းမှား
လူချင်းကွဲသွားတာ ပြန်ကြားရေးရုံးရောက်နေပါတယ်…အမြန်လာ
ပါ"

"ဟဲလို…တက်ကစ်စီ ဝမ်း…တူး…သရီး…ဖေါ…ဖိုင်
ရပြီ…စက်ဆရာ အသံကုန်တင်လိုက် ပွဲခင်းထဲ ဘောက်စက်သံ
လော်စပီကာသံတွေ ဆူညံနေတာ ပြန်ကြားရေးအသံက မလွှမ်းနို
ဘယ်သူမှမကြားလို့ ပြန်ကြားရေးဌာနမကျေဘဲနေမှာပေါ့…ဟုတ်
ချက်ကြီး…မောင်ချက်ကြီး…အင်းနောကန်ရွာက မောင်ချက်ကြီး
မင်းမိန်းမဗိုက်နာနေလို့ ရွာကိုအမြန်ပြန်လာပါတဲ့ လူကြုံနဲ့မှာလိုက်
တယ်…မပေါ့ကြနဲ့ဟော့ ဇာတ်က နောက်ကြည့်လို့ရတယ်…မိန်းမ
နောက်မမြင်ရဘဲနေသွားမယ် ဘာမှတ်သလဲ…ဗိုက်ကြီးသည်ဆို
သင်းချိုင်းကို တစ်နေ့သုံးကြိမ်ရှိခိုးသတဲ့…အဲလေ…ယောင်လို့…
ကြိမ်မျက်စောင်းထိုးသတဲ့…သင်းချိုင်းကုန်းက မဖဲဝါနဲ့ ရန်ဖြစ်





ကြလို့လားမသိဘူး…ကဲ…အပြောတွေအသာထား အလုပ်နဲ့သက်သေ
ပြကြပါစို့ရဲ့…မနေ့က ကျွန်တော်ပြောတဲ့တာရေးစာတမ်းလေးလေ…
ဗုဒ္ဓဂါယာကို ဘုရားဖူးသွားတဲ့အကြောင်းပေါ့…သူများတွေသွားရင်း
နဲ့ အတွေ့အကြုံရတာတွေကို ပြောပြတာပါ။ ကျွန်တော်သွားတာမဟုတ်
ပါဘူး၊ သွားဖို့အစီအစဉ်ရှိပါတယ်…ကျွန်တော့်သားတွေက ပို့ပေးဖို့
ငွေစုနေကြပါပြီ…အကြီးကောင်က မလေးရှားမှာ…အလတ်ကောင်က
ထိုင်းမှာ…နို့သာကောင်က အိန္ဒိယမှာ…အငယ်ကောင်က တရုတ်ပြည်
မှာ ငွေတွေပို့ပေးမယ်တဲ့…အမေဗုဒ္ဓဂါယာဘုရားဖူးသွားရအောင်တဲ့…
လိမ္မာလိုက်တဲ့သားသမီးရတနာတွေ၊ ဒါမျိုးဘယ်မိဘခွေးနိုင်မလဲ
ရော့…တစ်ရာမှာတစ်ယောက်မရှိပါဘူး…တစ်ထောင်မှာလည်းမရှိ…
တစ်သောင်းမှာလည်းမရှိ…ရှိ…ရှိ…ဟော…ဘာတဲ့လဲ လူခေါ်ပေးပါ
ဘယ်သူတဲ့လဲ…မောင်ဂျိုကာတဲ့…မမတင်တို့ မမခင်တို့က အိမ်ကို
ဓာတ်အမြန်ပြန်လာပါတဲ့…အရေးကြီးတယ်တဲ့ မပေါ့နဲ့ မပေါ့ကြနဲ့…
ဂျိုကာဆိုတာ ဆပ်ကပ်ထဲကလူပြက်ပဲ…ပြောလို့ပြောတာမဟုတ်ဘူး
ကျွန်တော့်အမျိုးတွေက ဟိုးတုန်းက ရန်ကုန် ကွမ်းခြံကုန်းဘူတာနား
မှာနေကြတာ…ကျုပ်က မြို့မှာ ကျောင်းသွားနေတော့ ညဘက်ကျေး



www.burmeseclassic.com

www.burmeseclassic.com



လို့ ခြောက်တန်းကနေ ကိုးတန်းကိုခုန်ကျော်ရောက်သွားရော…ဉာဏ်သိပ်ကောင်းတာ ကျုပ်က…အမျိုးတွေကလဲ အိုင်စီအံဂ်(စ်)တွေ…ဝန်ထောက်တွေ…ပွဲသဘင်တွေ သိပ်ကကြတာပေါ့…ပါတီပွဲတွေမှာ မျက်လှည့်တွေ၊ ဆပ်ကပ်တွေ ထည့်သွင်းကျင်းပကြတယ်…ဒီလို မကျင်းပလည်း မြို့ထဲမှာကျင်းပတဲ့ ဆပ်ကပ်ပွဲဆို မလွတ်တမ်းကျုပ်ကကြည့်တတ်တဲ့လူ…အဲဒီမှာ ဂျိုကာဆိုတာကိုသွားတွေ့တယ်…သိပ်ရယ်ရတဲ့ကောင်ပေါ့…ဟော…ကလေးပျောက်နေလို့ ဟုတ်လား…ဪ သမြေတန်းရွာက ကိုစံလှက သူ့သားလေး ငါးနှစ်သားလေး မောင်အောင်ပွင့်ပျောက်သွားလို့တဲ့…တောက်ရထားရင် ပိုင်ရှင်ကို ပြန်ပေးကြပါ ကျေးဇူးဆပ်ပါ့မယ်တဲ့…ဟော…ငါဘာများလို့လဲကွ…ဪ…ပြောရင်းနဲ့ရောကုန်တာပါကွာ…ကဲ…နောက်တစ်ခါ ငါ့စကားဆုံးမှ ခေါ်ပေးမှာ ကြားဖြတ်မအော်နိုင်နဲ့ကွ…နှိုးတယ်မှပဲကြားရတာ…အဲ…ပြောရတာ အရှိန်ပျက်လိုက်တာ…ကြားကြတဲ့ ပရိသတ်အပေါင်းတို့ ကျွန်တော်လူငယ်ဖန်တီးရှင် လှကျော်နေက ယနေ့တင်ဆက်လိုက်မဲ့…ဟာ…အလွတ်ကျက်မှတ်ထားတာတွေ ရောကုန်ပါပြီကွာ…တည့်တည့်ရှင်းရှင်း ဘွင်းဘွင်းပဲပြောတော့မယ်…





ကျွန်တော်တို့က မျိုးနဲ့ရိုးနဲ့ကို ချမ်းသာကြတာ၊ ပညာတတ်အရာရှိကြီးတွေလည်း အမျိုးထဲမှာ ပေါမှပေါ။ ကျွန်တော်ဆိုရင်…ရင်…ရင်…"

ပြောနေရင်းတန်းလန်း ဦးရွှေတလှကို အတွင်းရေးမှူးက မိုက်ကလိုဖုန်းပိတ်ပြီး လာဆွဲသွား၏။ မဆိုင်တာတွေ အာပေါက်လွန်း၍ဖြစ်၏။ ဆိုင်တာသာပြန်ကြားပေးဖို့ ကြပ်ကြပ်မှာနေ၏။ မြန်ကြားရေးရုံးသားကနေ ဂျိုကာဖြစ်သွားလို့ ကြားသိလိုက်ရခြင်းပင်။ ရွာထဲကို အမြန်ပြန်မှဖြစ်မည်။ လူကြုံနှင့် ပြန်ကြားရေးရုံးကနေ လှမ်းခေါ်ခြင်းမှာ ဦးကြီးသံခဲအိမ်၌ တစ်ခုခုထူးတာဖြစ်နေ၍သာဖြစ်မည်။

ရွာထဲအမြန်ပြန်လာခဲ့ရာမှ ဦးကြီးသံခဲအိမ်ရောက်လာ၏။ အိမ်အောက်ထပ်မှာ တဘက်တွေ၊ စောင်တွေ၊ စားသောက်စရာထည့်သည့်ခြင်းတွေနှင့် ထိုင်စောင့်နေသည်က မမတင်နှင့် မမခင်။ အရီးကျော့က ဘုန်းကြီးကျောင်းမှာ ညအိပ်မည်။ ဦးကြီးသံခဲက စာတ်စင်ပေါ်မှာပင် မိုးလင်းမည်။ မမတင်ခေါ်ရသည့်အကြောင်းကိုပြော၏။ ပွဲကြည့်ချင်လို့၊ အိမ်စောင့်နိုင်းချင်လို့တဲ့။ တစ်မြန်နှစ်က အိမ်မှာလူစောင့်ထား၍ T.V နှင့် ဖွားသုံးကောင်အခိုးခံလိုက်ရ၏။ မှတ်သွားပြီ။

အိမ်နီးချင်းအစောင့်ထားချင်သော်လည်း ရွာလုံးကျွတ်မရှိကြ



www.burmeseclassic.com

www.burmeseclassic.com



တော့။ အတိုးအဘွားတချို့သာ ကျိုးတို့ကျဲတဲနှင့် အိမ်စောင့်ကျန်ရစ်ခဲ့ကြ၏။ သူ့နိုးဝင်မွေလျှင်ပင် အော်ရဲကြမည်မဟုတ်၊ လည်ပင်းဝင်ညှစ်သွားမှာစိုးရှိုဖြစ်၏။ ဘုရားပွဲက ရွာအပြင်လယ်ကွင်းကြီးထဲမှာမို့ ရွာနှင့် လယ်လေးငါးဖာလောက်လှမ်း၏။ ခေါ်မကြား အော်မကြား။ ရွာအတွက် လုံခြုံရေးချထားသူတွေကလဲ ရှေ့ကပတ် နောက်ကမွေ နောက်ကပတ်၊ ရှေ့ကမွေ။ ဘယ်နားရောက်နေမှန်းမသိဘဲ အကူအညီအော်မတောင်းရဲ။

ဂျိုကာသူငယ်ချင်းတွေကို အကူအညီတောင်းရမှာ အားနာကြ၏။ ဂျိုကာက အမျိုးမို့လို့တောင်းကြခြင်းဖြစ်၏။ မိဂျမ်းမလာလို့ ပွဲခင်းထဲ တစ်ကောင်တည်းငေါ်နေရမှာထက်စာလျှင် ရပ်ရေးရွာရေးကာကွယ်ပေးတာကမှ ပိုအကျိုးရှိဦးမည်။

"စိတ်မပူနဲ့ အစ်မတို့ပွဲခင်းထဲမှာ စိမ်ပြေနပြေသာ စိတ်အေးလက်အေးကြည့်ကြ…ကျွန်တော်စောင့်ပေးမယ်"

"အဲ့ဒါတွေအားကိုးနေရတာ…ငါ့မောင်ကို အစ်မတို့မှာခေါ်သာခေါ်ရတယ် ရင်တထိတ်ထိတ်နဲ့…ငါ့မောင်ကသာငြင်းရင် ဒီည ဇာတ်ကြည့်ရတော့မှာမဟုတ်ဘူးလေ…တော်သေးတာပေါ့ ငါ့မောင်လေးက





သဘောကောင်းလို့…ရော့ ရော့ အိမ်စောင့်ရင်း တစ်ယောက်တည်းဆိုတော့ လက်နက်ဆွဲယူထား"

"ဘာလက်နက်တွေလဲ"

"ဝါးရင်းတုတ်နဲ့ လေးဂွလောက်စာတွေ အိမ်ပေါ်မှာလိုချင်ရင်ငှက်ကြီးတောင်ဓားရှိတယ်"

ဂျိုကာပြုံးလိုက်၏။ အစ်မနှစ်ယောက် အထုပ်တွေရွက်ပိုးပြီးပွဲခင်းဖက်ကို ကော့ပက်ကော့ပက်နှင့်ထွက်သွားကြလေပြီ။

ရေနွေးကြမ်းနှင့် လက်ဖက်သုပ်ပန်းကန်က အဆင်သင့်။ ဓာတ်မီးလည်းပေးထားသေး၏။ စပါးကျီနှင့် ထင်းစင်တွေဖက် ဓာတ်မီးနှင့်လိုက်ရောထိုးကြည့်၏။ လောက်လေးနှင့် လောက်စာလွယ်အိတ်ကိုလွယ်ပြီး အိမ်ကိုသော့ခတ်လိုက်၏။ ခြံစည်းရိုးကို ဝါးလုံးထိုးကန့်လန့်လိုက်ပြီး အိမ်နီးချုပ်စပ်တွေပါ လိုက်၍ ဓာတ်မီးနှင့်ထိုးပြီး စောင့်ကြည့်ပေးလိုက်၏။

ကင်းအဖွဲ့တွေ ရွာအနောက်ဖက်ရောက်နေဟန်တူ၏။ ပွဲမကြည့်ရဘဲ ကင်းကျနေကြတော့ တောချက်လစ်ကာလေး ဘာလေး မှီဝဲနေကြမှာပေါ့။ အိမ်အနီးဝန်းကျင်တွေ လိုက်ကြည့်ပေးရင်းမှ မိခွေး



www.burmeseclassic.com

www.burmeseclassic.com



တို့ အိမ်ဖက်ကိုသွားကြည့်ချင်စိတ်ပေါက်လာ၏။

မိဂျမ်းမောင်တွေတွေ့လျှင် တောထင်တောင်ထင်တွေဖြစ်မှာ စိုးသဖြင့် ခေတ်မီးမှိတ်ပြီး မိဂျမ်းအိမ်ရှေ့ရောက်လာ၏။ အိမ်ထဲကို ကြည့်လိုက်၏။ မီးမှောင်ချထား၏။ အနီးဝန်းကျင်အိမ်တွေလည်း မှောင်နှင့်မည်းမည်း။ ကြယ်ရောင်တွေလင်းလက်နေသောကောင်းကင်မှာ လပြည့်ဝန်းကို တိမ်တိုက်မည်းကြီးဖုံးအုပ်ထား၏။ လသာညဖြစ်ပါလျက်နှင့် လရောင်တွေကိုမခံစားရ။ တိမ်တိုက်တွေကင်းရှင်းသွားမှ လရောင်ခြည် ထင်းပစွာမြင်တွေ့ရပေမည်။ လရောင်ခြည်ရဲ့ရသကို ကျေးလက်တောရွာတွေက အပြည့်အဝခံစားရတာတ်၏။

မိဂျမ်းတို့တစ်အိမ်လုံးများ ပွဲကြည့်သွားလေသလား။ မဖြစ်နိုင်။ မိဂျမ်းကိုမတွေ့ရ။ မိဂျမ်းတို့အိမ်ရှေ့ဝင်ပေါက်နားကို အသာကပ်ကြည့်လိုက်၏။

"ဖောင်း…ဖောက်…ဖောင်း…ဖရော"

စည်းရိုးတိုင်ကို ပထမ လောက်လေးချက်တွေလာမှန်၏။ ထပ်မံ ပစ်လိုက်သောလေးချက်တွေက ပုဏ္ဏရိက်စည်းရိုးတွေထဲ 'ဖရော' ခနဲ ဖြစ်သွားကြ၏။ ဂျိုကာ လန့်ပြီး နောက်ခုန်ဆုတ်ကာ အိမ်ရှေ့သရက်





ပင်စည်ကို တွယ်ကပ်နေလိုက်၏။ အိတ်ထဲမှ လောက်လေးနှင့် လောက်စာကိုထုတ်ပြီး မိဂျမ်းတို့အိမ်ထဲကိုကြည့်လိုက်၏။ သူ့ကိုလှမ်းပစ်သူမှာ မိဂျမ်းလား၊ မိဂျမ်းမောင်တွေလား အိမ်ဝင်းထဲကြို့တင်ရောက်ရှိနေသည့် သူခိုးဓားပြလား။ မိဂျမ်းတို့အိမ်မှာ VIDEO ရုံရှိသည်။ ဗျူးတင်းကုပ် နှင့် စပါးကျီရှိသည်။ ဖောက်ယူနိုင်စရာ၊ ခိုးယူစရာတွေရှိနေ၏။ အိမ်နှင့်ကပ်နေသော ဗီဒီယိုရုံမှ အိမ်ဘေးစပါးကျီကို မည်းမည်းအရိပ်တစ်ခုဖြတ်ကူးတာတွေ့၍ ဂျိုကာ လေးခွနှင့်သုံးလေး ချက်ဆွဲပစ်လိုက်၏။ ထိမှန်ဟန်မတူ၊ ခပ်လှမ်းလှမ်းမှ ဝါးလုံးတိုင်နှင့် အိမ်ထရံတွေသွားမှန်သံသာကြားရ၏။

"ဟေ့…ဘယ်သူလဲ"

ကြည့်စမ်း။ မိဂျမ်းအသံမှ မိဂျမ်းအသံအစစ်။ ဂျိုကာက-

"လူကွ…လူ"

"ဘယ်ကလူလဲ…သူခိုးလား ဓားပြလား၊ ကျုပ်အိမ်ကို ဘာလို့ လေးနဲ့ပစ်ရတာလဲ…ဓော်ကားလှချည်လား၊ သေချင်လို့လား"

"ငါက…သရဲ သဘက်ကြီးကွ"

"သတ္တိရှိရင်ထွက်ခဲ့…သရဲသဘက်မကလို့ ဘီလူးလဲမကြောက်



www.burmeseclassic.com

www.burmeseclassic.com



ဘူး"

"ဝါးဟားဟားဟားဟားဟား"

ဂျိုကာက နောက်ပြောင်ချင်စိတ်ဖြင့် မကောင်းဆိုးဝါးအသံပေါက်အောင် အသံဆိုးကြီးဖြင့်ရယ်ပြလိုက်၏။

"မိဂျမ်း…ငါ…ဂျိုကာပါ"

"နင် ဂျိုပါလည်း ငါ့ကဂရုမစိုက်ဘူး…ထွက်ရပ်တာနဲ့ပဲမှာပဲ…မိဂျမ်းကို စမ်းလို့မရဘူး…အရှုပ်သွားမယ် ဘာမှတ်လဲ"

"ဂျိုကာဟော့…သူကြီး…အဲ…မဟုတ်ပါဘူး…လူကြီး ဦးသံခဲရဲ့တူ မြို့ကလာလည်တဲ့ ဂျိုကာ…ဂျိုကာ"

မိဂျမ်းဖက်မှအသံငြိမ်သွား၏။ ဂျိုကာက

"မိဂျမ်း…ဘာရွှေပွဲခင်းထဲမလာတာလဲလို့လာမေးကြည့် တာ"

"ဂျိုကာကြီးမိန်းသေရင် ခြံပေါက်ဝမှာရပ်နေ…လက်မြှောက်ထား…ဂျိုကာလို့ပြောရုံနဲ့ယုံရတာမဟုတ်ဘူး"

မိဂျမ်းနိုင်းသည့်အတိုင်းပင် သောက်စာအိတ်ကို ဘေးချပြီး ခေါင်မီးနှင့် ကိုယ့်မျက်နှာကိုယ်ထိုးပြလိုက်၏။ ထိုစဉ်မှာပင် တိမ်ညိုတိမ်မည်းတွေဖုံးကွယ်ထားရာမှ လွတ်မြောက်လင်းပလာသောလရောင်





က တစ်ရွာလုံးအပေါ် ဖွေးရှလှပသော ရောင်ခြည်အလင်းဖြင့် ဖုံးလွှမ်းခြယ်သလိုက်၏။

လရောင်ဖြင့် ထင်ရှင်းသွား၍ ခေါင်မီးထိုးပြစရာပင်မလိုတော့။ ပေါးကျိုးအကွယ်မှ မိဂျမ်းထွက်ပေါ်လာ၏။ ဆံတောက်ဖားနှင့် သနပ်ခါးဘဲကြားလူးထား၏။ ဆံတောက်ဆိုရာ၌ ဆံထုံးထုံးထားသော ရှေးခေတ်ဆံတောက်မျိုးမဟုတ်။ ဘော့စ်ဟဲယားပုံဆိန်းဆန်းသော ဆံတောက်ပုံစံမျိုး။ ယခုခေတ်မြို့သူတွေအညှပ်များသောပုံစံမျိုး၊ တားတွေကြည့် ပြီး ကျေးလက်သူတွေလည်း ခေတ်မီကာ မြို့တက်ပြီး ဆံပင်အလှ ပြင်ဆင်တတ်နေကြပြီလေ ယခင်က ဆံပင်နောက်စည်းပြီး သောက်ပြား နှင့်မကြီး အိုက်တင်ဖမ်းတတ်သော မိဂျမ်းမှာ မိန်းမဟန်ပန်တွေ ပြည့်ဝင်နေတာတွေ့ရ၏။ ဘယ်သောအခါမှ သနပ်ခါးမလူးသူက သနပ် ခါးဘဲကြားလူးထား၏။ အနားရောက်လာသောမိဂျမ်းကို ဂျိုကာက

"မိဂျမ်း အိမ်စောင့်ကျနေတာလား"

"ဟုတ်တယ်…အမေရော မောင်နှမတွေရော ရှင်ရောက်မလာခင်ကလေးတင်က ပွဲခင်းဖက်ထွက်သွားကြတယ်…အမေက ဘုန်းကြီးကျောင်းမှာညအိပ်မှာ…အမေ့ကို ကျောင်းပို့ပြီးတာနဲ့ မိသန့်တို့



www.burmeseclassic.com

www.burmeseclassic.com



မောင်ကံတို့ပွဲကြည့်ကြမှာလေ…ရှင်ကရော ဘယ်လိုဖြစ်ပြီး ရွာထဲ ရောက်နေရတာလဲ"

"အိမ်စောင့်ကျနေတာ…မကြီးတင်တို့ မကြီးခင်တို့ပွဲကြည့်ကြတယ်လေ…မိဂျမ်းတစ်ယောက်တည်းကို ထားခဲ့ရက်ကြတယ်"

"မိဂျမ်းကို ဘယ်သူမှ စမ်းလို့မရဘူးဆိုတာ အကြောင်းသိလို့ပေါ့…မိဂျမ်းက ရှက်လို့ ပွဲခင်းထဲတောင်မလျှောက်တော့တာ"

"ဒဏ်ရာတွေသက်သာသွားပြီလား"

"အရောင်လျှော့ဆေးသောက်တာ အရောင်လျှော့သွားပြီး မသိသာအောင် သနပ်ခါးလူးထားတော"

"မိန်းခလေးလိုလှချင်လို့ လူးထားတာလို့ ကိုယ်ကထင်နေတာ"

"မိန်းခလေးလိုလှတာကို ရှင်ကသဘောကျတာလား"

"မိဂျမ်းက ပြင်လိုက်ရင် ဒီနားကရွာတွေမှာ အလှဆုံးဆိုတဲ့ မိန်းမတွေထက် ကိုးဆယ်ဆသာလိမ့်ဦးမယ်"

မိဂျမ်း တွေခနဲဖြစ်သွား၏။ ပြီးမှ အိမ်ရှေ့ကွပ်ပျစ်မှာ ရေနွေးနှင့် မုန့်ဆီကြော်စားဖို့ခေါ်၏။ ကွပ်ပျစ်မှာ နှစ်ယောက်အတူတိုင်ပြောကြ၏။

"မိဂျမ်း အခုတလော မခင်မှိန့် မတွဲတော့ပါလား"

"စကားများထားတယ်လေ…ခင်မှိန်က ရှင့်လူအုပ်ထဲရဲဆိုလား အဲဒီလူနဲ့အကြည်ဆိုက်နေတာ မိဂျမ်းသိသားပဲ…ဝင်တားတာ တားလို့မရဘူး…သူက မိန်းကလေးတဲ့…သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်ရမှာ သဘာဝပဲတဲ့၊ မတားနဲ့မရဘူးတဲ့…အရင်က မိဂျမ်းကို ဒီလိုမပြောဖူးဘူး၊ ဝပ်နေတာပဲ…အခုမှခံပြောတာ မိဂျမ်းအရုပ်ဆိုးလို့ မဆိုးဘူး…အဲ့ဒါဘာကြောင့်လဲဂျိုကာ"

"အဲ့ဒါ အချစ်ရဲ့စွမ်းအားကြောင့်ပေါ့"

"အချစ်ရဲ့စွမ်းအား…ဘာကြီးလဲ"

"မကြာခင် မိဂျမ်းသိလာမှာပါ"

"ဘာတွေမှန်းကိုမသိပါဘူး…မိဂျမ်းတော့ ပြောင်းလဲတာတွေ အများကြီး ဆက်တိုက်ကြုံတော့ ကိုယ့်ဘာသာအရုပ်ဆိုးလွန်းလို့ ထုံပြီး ဘယ်လိုကြီးဖြစ်နေမှန်းကိုမသိဘူး…ခင်မှိန့်မောင်တွေပြောင်းလဲပြီး မိဂျမ်းကိုအာခံတော်လှန်ကြတယ်…အမေကလဲ အခုတလော ဖိပြောနေတယ်…မိန်းမဟာ မိန်းမပဲ ယောကျ်ားဖြစ်ချင်လို့မရဘူး…မြန်မြန်







www.burmeseclassic.com

www.burmeseclassic.com



ရှင် ဒီအဝေါရေမြဲပြည့်ပြီး နောက်ဘဝယောက်ျားဖြစ်အောင်ဆုတောင်းတဲ့…အင်း…မိဂျမ်းလည်း ကိုယ့်ဘာသာ ဘယ်လိုကြီးဖြစ်လာမှန်း မသိတာကို စိတ်ရှုပ်နေတယ်…ဘဝပေးအခြေအနေအရ မိဂျမ်းက ကြမ်းရတယ်လေ၊ ကြမ်းမှရမ်းမှ လက်တည့်စမ်းချင်တဲ့ကောင်တွေရဲ့ရန်ကဝေးမှာပေါ့…ဒါတောင် ဖိုးပေဆိုတဲ့ကောင်က သဲကြီးမဲကြီးရှိနေသေးတယ်"

"မိဂျမ်းက မိန်းကလေးပီပီ ဒီလိုအချိန်မှာ ပြန်နေလို့ရနေပါပြီ…အရင်လို မိဂျမ်းကို ဘယ်သူမှ စမ်းရဲကြမှာမဟုတ်တော့ပါဘူး…မောင်တွေကလည်း အားကောင်းမောင်းသန်အရွယ်ရောက်နေကြပြီပဲ"

ဂျိုကာ့စကားကြောင့် မိဂျမ်းပင့်သက်ချ၏။ ဆောင့်ကြောင့်ထိုင်နေရာမှ ဖင်ချထိုင်ပြီး ပုဆစ်တုပ်ပုံစံပြောင်းထိုင်လာ၏။ လရောင်အောက်မှာ ရွှန်းလဲ့လက်ပနေသော မိဂျမ်းရဲ့မျက်လုံးကြီးတွေ အလိုလိုရွှဲလာသည်ဟု ဂျိုကာ့စိတ်ထဲထင်လာ၏။

"မိဂျမ်းကို ရှင်တစ်ခါကယ်လိုက်တာကြောင့် ယောက်ျားလေးဆို လူငယ်တွေကိုပြောတာနော်…မိဂျမ်းစိတ်ထဲ လိုလိုချင်ချင်နဲ့ပြန်ပြောတတ်တာ ရှင်တစ်ယောက်ပဲရှိသေးတယ်"





"မိဂျမ်း အခေါ်အပြောတွေ ပြောင်းလဲလာတယ်…အနေ
င်တွေပြောင်းနွဲ့လာတယ်…အဲ့ဒါကိုကြည့်ပြီးကတည်းက မိဂျမ်း
မြ်မြုပ်နေတဲ့အလှကောက်ကြောင်းတွေ သူ့အလိုလိုပေါ်လာကြ
…မိဂျမ်းကြည့်လို့လှလာတယ် တကယ်ပြောတာ"

မိဂျမ်း ရှက်သွားပုံရ၏။ ကွပ်ပျစ်ပေါ်ထောက်ချထားသော
ကို ကျန်လက်ဖြင့် ပွတ်သပ်နေ၏။

"မိန်းကလေးပီပီသသနေစမ်းပါ မိဂျမ်းရယ်…ကိုယ် မိဂျမ်းကို
ိုအမြဲတွေ့နေချင်တယ်"

"မိဂျမ်းကို ရှင်က အဲ့ဒီလိုနေနိုင်းတယ်…တကယ်ဆို အခုလို
စိတ်ပြောင်းအောင်လုပ်လိုက်တဲ့အဓိကတရားခံက ရှင်ပဲ…"

ပြောစရာရှိလျှင် ကျေးလက်သူပီပီ ဒုတ်ထိုးအိုးပေါက်ပြောချ
ည့်မိဂျမ်းကို ဂျိုကာ လက်ကမ်းပြီး ထွေးပွေ့ချင်စိတ်တွေ တဖွား
ါလာ၏။ မိဂျမ်းရဲ့စကားက ဂျိုကာ့ကိုစိတ်ဝင်စားသွားစေပြန်

"ကိုယ်တရားခံ…ဘယ်လိုကြောင့်လဲ"

"ရှင်လေ ရှင်ပေါ့…ကျွန်မပါးကို…ပါးကို…"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်…မတော်တဆပါ တမင်နေတာ ကျတာမဟုတ်ပါဘူး"

"ဒီလိုပဲပြောမယ်ဆိုတာ ကြိုတွေးမိသားပဲ"

"မိဂျမ်းကို ကိုယ်ကယ်ခဲ့တာမဟုတ်ပါဘူး…ရှေ့ကရပ်ပြီး ပြေရှင်းခဲ့တာပါ…မိဂျမ်းနဲ့ပတ်သက်ရင် မှန်တဲ့စကားပဲထွက်ဆိုရ တယ်…ကိုယ်နဲ့ပတ်သက်ပြီး မိဂျမ်းအတွေးထဲ ကြိုတွေးမိတာမျိုးတွေ ဖြစ်နေမိတာသိရလို့ ကိုယ်ဝမ်းသာမိတယ် သိလား မိဂျမ်း"

"ဘာတွေပြောနေမှန်းလဲမသိဘူး"

ကောင်းရော။ ကျေးလက်သူတွေက ဖက်ဝှက်ဲအလင်္ကာမြောက် အောင် ပြောဆိုမှုကိုသဘောမကျ။ ဒဲ့ဒိုးရှင်းရှင်းသာကြိုက်ကြ၏။ စကားလုံးရွေးချယ်တွေစီနေစဉ် မိဂျမ်းက–

"ရှင်က ကျွန်မကို အသက်နဲ့လဲပြီးကာကွယ်မယ်ဆိုတဲ့စကား လဲကြားရရော ရှင့်အပေါ် ကျွန်မအမြင်ကတ်နေတာတွေ ပျောက်သွား တော့တာပဲ… ဒီ ရန်သူလိုဆက်ဆံချင်တဲ့စိတ်တွေ အဲဒီမှာတင် မရှိတော့ဘူး…ရှင်ရှင်းပြလိုက်လို့ အိမ်ကလူတွေနားလည်သွားကြ တယ်…ရှင်ပြောသလိုပါပဲ မောင်နှစ်ယောက်က ပြန်တောင်းပန်ကြ တယ်…အမေဆိုရင် မိဂျမ်းကို အရင်လိုမဆက်ဆံတော့ဘူး ကော





ကောင်းဆက်ဆံတယ်…ရှင့်ကို ကျေးဇူးတင်နေတာ…ကျေးဇူးတင် တဲ့အကြောင်းပြောမယ်ပြောမယ်နဲ့ ထပ်မတွေ့ဖြစ်တော့ မပြောဖြစ်ဘူး၊ အခုတွေ့မှပြောဖြစ်ရပြီ…မုန့်ဆီကြော်စား ရေနွေးကြမ်းသောက်"

"မိဂျမ်းနဲ့ကိုယ် ခင်မင်သွားရလို့ အဲဒီလိုဖြစ်ခဲ့ရတာကိုတောင် ကိုယ်က ကျေးဇူးတင်နေသေးတယ်…မိဂျမ်း အရင်လိုမဟုတ်တော့တာ ကို က ကျေးဇူးတင်စရာပဲ…မိဂျမ်းအနေနဲ့ မခင်မှီနဲ့ဆက်ဆံရေး ဘယ် လိုရှိနေသေးလဲ"

ဂျူကာ့စကားကြောင့် မိဂျမ်းတွေဝေသွား၏။ ပြီးမှ ရေနွေး ကြမ်းတစ်ခွက်ကို မှုတ်သောက်ရင်း

"ညီအစ်မတွေလိုပါပဲ…တွေ့ရင် ခေါ်ပြောတယ်၊ အရင်လို တော့မနေဖြစ်ကြတော့ဘူး…မိဂျမ်းကိုယ်တိုင်ကိုက စိတ်ထဲမှာ အဲဒီ လိုကြီးမနေချင်တော့တာ…အဲ့ဒါကို အမေ့ကိုပြောပြတော့ အမေက ဘာပြန်ပြောတယ်မှတ်သလဲ"

"ဘာပြောသလဲ"

"မိန်းမစိတ်ပြန်လည်လာတာတဲ့"

ပြောပြီး မိဂျမ်းရက်ကာ ရေနွေးခွက်နှုတ်ခမ်းတွေကို လက်



www.burmeseclassic.com

www.burmeseclassic.com



ချောင်းလေးတွေနှင့် ပွတ်သပ်နေ၏။ ကြည့်စမ်းပါဦး လရောင်အော
မှာ ညွတ်နူးပြောင်းနွဲ့စွာထိုင်ပြီး ခံတောက်ဖားနှင့် ရှက်အားပ
သည့် အပျိုစင်မလေးရဲ့ ရင်ခုန်သံအရိုင်းဂီတအလင်္ကာပုံရိပ်။ ဂျို
စိတ်နှလုံးကို သွက်သွက်လှုပ်ရှန်းသွားစေသည်အထိ စွမ်းအား
လွန်းပါဘိ။ မိဂျမ်းကို ဂျိုကာ မမိုတ်မသုန်ကြည့်နေလိုက်၏။ မိ
ကလည်း ဂျိုကာ့ကို မရဲတရဲပြန်ကြည့်၏။ အကြည့်နှစ်ခု လ
အောက်မှာ အားပြိုင်ပြီး သမုဒ္ဒယကြီးအသွင် အကြည့်အာ
လိမ်ယှက်သွားကြ၏။

"မိဂျမ်း"

"ရှင်"

ရင်အခန်းခန်း၊ အဲဆောင်ဆောင်မှာ ချစ်ခြင်းတွေတွန်းတို
ပန်ဆောင်ဖုံးကွယ်မှုနံရံတွေ အထပ်ထပ်ပြိုလဲ။ စိုးရိမ်စိတ်နှင့်
သောနှုတ်ခမ်းတွေက ပွင့်အန်ကျလာသည့်စကားသံ။

"အရမ်းချစ်တယ်မိဂျမ်းရယ်"

"အို…"

လရောင်တွေ ရှုတ်ခြည်းပျောက်ကွယ်သွား၏။ တိမ်ညို





မည်းတွေက လမင်းကိုဖမ်းဆီးဖွက်လျှောင်ပြီး အတင်းခေါ်ဆောင်နေ
ကြပြန်၏။ အမှောင်ပိန်းပိတ်မှုက မိဂျမ်းရဲ့ အရိပ်မဲမဲကိုသာ ကြယ်
ရောင်မှုန်မှုန်ဖြင့် မြင်နေရ၏။ ဂျိုကာ့ရင်ထဲလည်း အာဖရိကအရိုင်းမုံသံ
လို လှိုင်းတုန်ကြိမ်နှန်းမြန်ဆန်နေ၏။

"သိပ်ချစ်တယ်… အရမ်းချစ်တယ်… အသက်မကချစ်
တယ်…ချစ်တယ်…ချစ်တယ်…ချစ်လိုက်တာမိဂျမ်းရယ်…ချစ်လို့
မဝနိုင်လောက်အောင်ချစ်တယ်…ချစ်တယ်…ချစ်တယ်ကွာ"

ဂျိုကာ့ရင်ထဲရှိသမျှ ခံစားမှုကိုထုတ်အန်ချပစ်လိုက်မိ၏။ မိဂျမ်း
ထံမှ အသံတစ်စွက်မလာ။ မလှုပ်မယှက် ကျောက်ရုပ်အသွင်ဖြင့်
ထိုင်နေရှာ၏။ ဂျိုကာ့ရင်ထဲ စိုးရိမ်စိတ်တွေနေရာယူလာကြပြန်၏။
မိဂျမ်းများ သူ့စကားအပေါ် အလိုမတူ၍ စိတ်ဆိုးသွားပြီလား၊ စိတ်
ကောက်သွားပြီလား။ တွေဝေအံ့ဩသွားပြီလား။ ရင်ခုန်ရာမှ ရင်တုန်
စွာဖြင့်-

"မိဂျမ်း…မိဂျမ်း"

"ရှ…အ…ရှင်"

ရှင်ကို ပီသအောင်ထွက်မှိုပင် အသံတွေတုန်နေရှာသည့်မိဂျမ်း။



www.burmeseclassic.com

www.burmeseclassic.com



အချစ်ရှာဖွေစမ်းသစ်မိသည်နှင့် စမ်းချင်သလိုအစမ်းမခံနိုင်တော့ပြီ ထင်၏။ မိဂျမ်းလိုပင် ဂျိုကာလည်း အသံတုန်ချင်နေ၏။ ပြောမည့် စကားကို အသံမတုန်အောင် သတိနှင့်ထိန်းရင်း

"မိဂျမ်းကို ကိုယ်ဘယ်လိုချစ်သွားမိမှန်းမသိဘူး…နေရင်း ထိုင်ရင်းကို အရမ်းနဲ့ချစ်သွားမိတာ…အဲ့ဒါ ကိုယ်တိုင်တောင်အံ့ဩ နေမိတယ်…မိဂျမ်းအနေနဲ့ရော ဘယ်လိုခံစားရသလဲဟင်…ကိုယ့်ကို ဘယ်လိုအဖြေမျိုးပြန်ပေးချင်သလဲ ပြောပါ ရဲရဲပြောပါ…ဒုတ်ထိုး အိုးပေါက် ပွင့်ပွင့်လင်းလင်းသာဝန်ခံလိုက်စမ်းပါ"

အရိပ်မည်းကြီးကိုကြည့်ပြီး ပြောနေရသော်လည်း မိဂျမ်းရဲ့ ဟန်ပန်တွေက လှုပ်ရှားလိုက်ရုံနှင့် မိဂျမ်းပုံစံပင် အသက်ဝင်၏။ လက်သီးလေးဆုပ်၊ ပါးစပ်နားတေ့ကာပြီး လည်ချောင်းရှင်းဟန့်လိုက် သံ။ ပို၍နောင်းသွားသော အထိုင်ပုံစံ။ ဆိတ်ကွယ်ရာအရပ်မှာမို့ နှလုံး သွေးတွေ ပို၍ဆူလောင်လာပြီး ရင်ခုန်သံနှစ်သံ တစ်ကွဲတပြားစီ ထွက်ပေါ်လာသံကိုပင် ကြားရမလောက်ပင်။ တိမ်မဲညိုတွေလက်က ဘွားခနဲလွတ်မြောက်လာသောလမင်း။ လရောင်တွေနှင့် အမှောင်ပေါ် ကို ဖယ်လှှင့်လိုက်ပြန်ရာ-





မိဂျမ်း ရွှံ့ရွှံ့လေးလှမ်းပြီးကြည့်နေသည့် မိဂျမ်း။ ရှက်ပြုံးလေး နှင့် ခေါင်းလေးငုံ့ပြီး မှန့်ဆီကြော်တစ်ဖက်ကို ဖွဲ့ရွဲ့နေပြန်၏။

"ကိုယ့်ကို ပြန်ဖြေပါဦး မိဂျမ်းရယ်…မင်းအတွက် အသက်နဲ့ လဲပြီးကာကွယ်ရဲသူဟာ မင်းကိုအသက်လောက်ချစ်မြတ်နိုးနေတဲ့လူမှာ ပဲ အဲ့ဒီစွမ်းအင်သတ္တိမျိုးရှိပါတယ်…အရှင်းဆုံးပြောရရင် ကိုယ့်အသက် လိုမျိုး မင်းကိုချစ်တယ်…ကိုယ့်ရင်ထဲရှိတာကို ဘွင်းဘွင်းရှင်းရှင်း ပြောပြလိုက်ပြီ…မိဂျမ်းဖက်က ဘယ်လိုတုံ့ပြန်အဖြေပေးမှာလဲ ကိုယ် သိချင်တယ်…ကိုယ်အရမ်းသိချင်တယ် ဖြေပါ…ဘာမှခေါင်းထဲ မထားပဲ ရင်ထဲရှိတဲ့အတိုင်းသာ ဖြေလိုက်စမ်းပါမိဂျမ်းရယ်"

ဂျိုကာလည်း အချစ်ဆိပ်တွေတက်ပြီး ပြောချင်တာတွေသွန် ပြောမိတော့၏။ မိဂျမ်းက ခေါင်းလေးငုံ့ငုံ့နေရာမှ-

"မှန့်ဆီကြော်ကြိုက်လား"

စကားလမ်းကြောင်းလွှဲချေပြီ။ ဗြိုးလွှယ်စီးလွှယ်

"ကြိုက်တယ်"

"ကြိုက်ရင်စား…ကျွန်မခွံ့ကျွေးမယ် ပါးစပ်ဟ"

"ကိုယ်က မိဂျမ်းရဲ့အချစ်ကိုပဲလိုချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…မသိဘူး…ပါးစပ်ဟာမှာသာဟာစမ်းပါ"

ဂျိုကာ ပါးစပ်ဟာပေးလိုက်၏။ မိဂျမ်းက တယုတယနှင့်

၏။

"ဝါးစားလေ"

ဂျိုကာဝါးစားနေရပြန်၏။ မိဂျမ်းက ပြုံးလဲ့လဲ့လေးငုံကြည့်ရင်း

"ကောင်းလား…"

"ကောင်းတယ်…"

"မိဂျမ်းလည်း မုန့်ဆီကြော်ကြိုက်တယ်…မိဂျမ်းဘဝမှာ ဘ

ယောက်ျားလေးကိုမှ မုန့်မခွံ့ကျွေးဖူးဘူး"

"ကိုယ့်ကိုခွံ့ကျွေးတာက"

မိဂျမ်းမတ်တတ်ရပ်လိုက်၏။ ဘေးဘီကိုဝေ့ဝဲကြည့်လိုက်

ပြီးလျှင် ဂျိုကာ့နားရွက်အပေါ်မှာ လက်အုပ်ကာပြီး မိဂျမ်းကျိတ်

ပြောလိုက်သံက

"ချစ်လို့ပေါ့"တဲ့။

"ချစ်လို့ပေါ့…ဟုတ်လား မိဂျမ်း"

မိဂျမ်းက ပြုံးလဲ့လဲ့ဖြင့် ခေါင်းညိတ်ပြ၏။ သနပ်ခါးရနံ့





ဖွဲ့ကျွန်နေသည့် ရနံ့ဝန်းကျင်။ ဘေးလူတွေရှိသည်ဟုပင်မထင်ချင်တော့။

မိဂျမ်းလက်ကိုဆွဲပြီး သူ့အပါးမှာထိုင်နိုင်းလိုက်၏။ မိဂျမ်း အသာဝင်

ထိုင်လိုက်သည်နှင့်သူ့စိတ်တွေ မထိန်းနိုင်တော့ပဲ မိဂျမ်းရဲ့လက်ဖဝါး

ကြမ်းကြမ်းလေးကို တင်းတင်းဆုပ်ထားလိုက်မိ၏။

"ဝမ်းသာလွန်းလို့ ဘာပြောရမယ်မှန်းတောင်မသိတော့ဘူး

မိဂျမ်းရယ်…မင်းက ကိုယ့်အပေါ် အဲ့ဒီလောက်အထိ ပိုင်စိုးနေတယ်"

မိဂျမ်းက လက်ပေးကိုင်ထားရ၍ အနည်းငယ်ကြောက်ရွံ့စိုး

လန့်နေဟန်ပေါ်လွင်နေ၏။ ဂျိုကာက မိဂျမ်းရဲ့ခါးကျဉ်းကျဉ်းလေးကို

အိခနဲဆွဲဖက်ပစ်လိုက်ပြီး မိဂျမ်းရဲ့ဦးခေါင်းကို ရင်ခွင်ထဲဆွဲကပ်ထား

လိုက်၏။

"ရင်ခုန်သံတွေ သေသေချာချာနားထောင်ကြည့်စမ်းပါ…

မိဂျမ်းသာ ကိုယ့်ကိုမချစ်ဘူးပြောလိုက်ရင် ကိုယ် နှလုံးသွေးရပ်ပြီး

သေဆုံးသွားနိုင်တယ်"

မိဂျမ်းက အလိုက်သင့်မှေးမှိန်နေရာမှ အသာရုန်းထပြီး

"ကင်းပတ်တဲ့အဖွဲ့တွေ တစ်ကျော့ရောက်လာတော့မယ်…အိမ်

ဘေးကစပါးကျီနားမှာ စကားပြောရအောင်…ဒီနားကအိမ်တွေကို



www.burmeseclassic.com

www.burmeseclassic.com



မိဂျမ်းပဲအပ်သွားကြတာ…ဘယ်သူမှမရှိဘူး ကင်းအဖွဲ့တွေက ကင်းချသွားတဲ့လူအမည်လှမ်းအော်ခေါ်ပြီး ကင်းစစ်တတ်တယ်…ခေါင်းတဝင်းဝင်းနဲ့ လှမ်းထိုးလို့ သူ့ကိုမြင်သွားရင် ရှပ်ကုန်လိမ့်မယ်”

မိဂျမ်းခေါ်ရာ စပါးကျီဘေးမှာ မှောင်ရိပ်ခိုရပ်ရင်း -

“ဒီနားက တင်းကုပ်နဲ့နီးလို့ နွားချေးစော်နံတယ်”

“အိမ်ပေါ်မှာပြောမလား”

“မတော်တဆ အပြင်က အိမ်သားတွေပြန်လာရင် ကိုယ်ပြန်ထွက်ရခက်နေမှာပေါ့…ဗီဒီယိုရုံထဲမှာဆိုလည်း ဝင်းထဲဝင်လာတဲ့လူအသံကိုတော်တန်ရုံမကြားရဘူး…တော်ကြာ အပြင်က မောင်ဖြစ်ဖြစ် မိဂျမ်းအမေဖြစ်ဖြစ် အသံမပေးဘဲ အိမ်ထဲရောက်အောင်ပြန်လာရင် ရုံထဲမှာ လွတ်လွတ်လပ်လပ်ပြောနေမိကြမဲ့ ကိုယ်တို့အသံတွေကို ကြားသွားပြီး ပြဿနာအကြီးအကျယ်တက်နိုင်သေးတယ်”

“ခြံနောက်ဖက်မှာ ကောက်ရိုးပုံရှိတယ်…အဲဒီမှာပြောမလား ပြောမယ်ဆိုရင်တော့ ကင်းလာအောင်စောင့်ပြီး အသံပြန်ပေးရဦးမှာ…ပေးပြီးမှသွားထိုင်ပြောကြတာပေါ့…ထိုင်ပြောရုံပဲနော်…ပြောသာပြောရတယ်…ရှင်ကရော ယုံရပါ့မလား”





“စမ်းချင်သလိုစမ်းပါ…မိဂျမ်းရဲ့ချစ်သူပဲ ဘယ်ဖက်ကစမ်းစမ်း ညာဖက်ကစမ်းစမ်း ချိုင်းမွေးချည့်ပဲ”

မိဂျမ်းရယ်၏။ ခပ်လှမ်းလှမ်းမှ ဓာတ်မီးရောင်တဝင်းဝင်းနှင့် ကင်းလှည့်အဖွဲ့တွေရောက်လာကြ၏။

“ဗျို့…ဘကြီးခ…ဘကြီးခ”

“ဘကြီးခရေ…ဘကြီးခ…ခေါ်နေတယ်…ဒီအဖိုးကြီးက နားလေးတယ်ကွ ကျယ်ကျယ်ခေါ်”

“ဟော့…ဘယ်ကောင်လဲကွ ငါ့ကိုနားလေးလို့ပြောတာ ဒီမှာ အိမ်သာတက်နေလို့ ပြန်မထူးနိုင်တာ ဗိုက်ကနာရတာတစ်မျိုး မင်းတို့ကတစ်မှောင့်”

“သူခိုးဓားပြတွေမိုကပ်မှာစိုးလို့ တာဝန်အရမေးရတာပါဗျာ၊ အခြေအနေအေးဆေးရဲ့လား”

“ဘာမှမဖြစ်ဘူး…မင်းတို့က သူခိုးဓားပြတွေကို ဖမ်းတာမဟုတ်တာ…လိုက်လှန့်နေတာနဲ့တူနေပြီ…ငါတို့ဒီဖက်ရောက်နေပြီ မင်းတို့ဟိုဖက်မှာနိုးကြ တိုက်ကြဆိုသလိုဖြစ်နေပြီ…ရှီးတယ်မှပဲ”

“ဘာမှမဖြစ်ရင်လဲပြီးရော…မင်းတို့ကလဲ ဘကြီးခအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



သိရဲ့သားနဲ့ ဘာပြောပြော ပြန်ပြောမနေနဲ့…ဘုကလန့်ကြီး…ဆက်ပြောရင် မိုးလင်းတဲ့အထိ ပြန်ချေပြောနိုင်တယ်…ပါးစပ်ပိတ်ပြီး ရှေ့ဆက်သွားကြ''

''ဘာကွ…မင်းတို့က ကင်းပတ်တာလား၊ ငါ့ကိုစော်ကားနေတာလား၊ လူကြီးကိုများ နားလေးပြောလိုက်၊ ဘုကလန့်ကြီးပြောလိုက်နဲ့ ငါတယ်လေ…လိုက်လုပ်လိုက်ရ…ငါ့နောက်မှ ထမင်းစားဖူးတဲ့ကောင်တွေက ဟင်း…မနေ့တစ်နေ့ကမှလူဖြစ်တယ်…ဒီနေ့ ထောင်ထောင် ထောင်ထောင်နဲ့…ဟေ့ကောင်တွေ ငါက မင်းတို့အမေတွေ အဘိုးတွေထက်ကြီးတယ်ကွ…နားလည်ကြရဲ့လား…အရင်က ရွာလုံခြုံရေးကို ငါယူခဲ့တာ၊ မင်းတို့ထက်ရင့်လို့ အံတိုနေပြီ''

ကင်းပတ်အဖွဲ့တွေ ဘကြီးခအော်ပူဆူသံလန့်၍ မိဂျမ်းအိမ်ရှေ့ကို အမြန်ရောက်လာကြ၏။

''ဒေါ်ပန်လှတို့အိမ်က မိဂျမ်းကို အိမ်စောင့်ထားခဲ့တယ်လို့ ကင်းမှူးကိုမှာသွားတယ် ဟုတ်လား''

''ဟုတ်တယ်…မိဂျမ်းရေ မိဂျမ်း''

''ဝူး''





''နင့်ဟာကလဲ…လူလိုထူးပါဟ''

''ဘယ်လိုထူးထူးပေါ့…မိဂျမ်းရှိတယ် ဘာမှအခြေအနေမထူးဘူး…ရိသဲ့သဲ့ပြောမယ်မကြံနဲ့နော် ဂွနဲ့ခေါ်ပစ်မယ်…ပါးစပ်ပိတ် ကိုယ့်အလုပ်ကိုယ်ဆက်လုပ်ဖို့ ကိုယ့်လမ်းကိုယ် သွားကြ''

''ဒါဆိုရင်လဲ ပြီးရော…ကိုယ်တုံးလုံးပဲသွားတော့မယ်''

''သူ့စိတ်ချည့်ပဲ…ကိုယ့်ရွာသူရွာသားမို့လို့ စေတနာနဲ့လည်း ရှိသေးတယ်…မိဂျမ်းရေ နင်စိတ်ချမ်းသာရင် ရွာအေးချမ်းတယ် ပြီ''

ကင်းလှည့်အဖွဲ့တွေ တစ်ယောက်တစ်ခွန်းတွတ်ထိုးပြောရင်း သွားကြ၏။ မိဂျမ်းက

''သူတို့ကိုပဲကြောက်ရတာ…ကင်းပတ်တယ်ဆိုပြီး ဟိုအပင် သီးနိုးခူး…ဒီခြံကသစ်သီးဝလံဝင်ခူးနဲ့…လစ်တာနဲ့ ကြက်ဘဲ ခိုးစ်ခနဲဝင်ဆွဲတော့တာပဲ…ပြီးရင် ကင်းတြေးနဲ့ချက်စားကြတာ စုချက်စားကြ သောက်ကြနဲ့ ဟိုးတစ်နှစ်ကဆို တကယ်သူခိုး လာပြီး သူတို့မူးပြလဲကွဲနေတာကို ရှိသမျှအကုန်ချတ်ယူသွား သောက်ရက်ကိုကွဲရောပဲ…ဦးကြီးသံခဲကလည်း အဲ့ဒီအ



www.burmeseclassic.com

www.burmeseclassic.com



ကိုမဖြတ်နိုင်ဘူးလေ…ဘာပဲပြောပြော ဘယ်သူမှမလုပ်ချင်တဲ့အလုပ် ကို သူတို့လုပ်နေတာဆိုပြီး ပဓားပေးထားတယ်…ထင်ပါတယ် ဒ် အချိန်ဆို ဦးကြီးသံခဲ ဇာတ်စင်ပေါ်ရောက်နေပြီ…ယိမ်းကနေလို့ ကနေ မှန်းလည်းမသိ၊ အော်ပရာထွက်နေလို့ ထွက်နေမှန်းလဲမသိ…ပြဇာတ် မှ၊ အရေးကြီးတဲ့ဇာတ်သိမ်းခန်းကနေတာလည်း ကနေမှန်းမသိ… မိုက်ခွက်ကြီးကိုင်ပြီး အတင်းစင်ပေါ်တက်ပြောတော့တာပဲ"

"ဟုတ်လား…ဘာတက်ပြောတာလဲ ဦးကြီးသံခဲက"

"ဘာပြောရမှာလဲ…ပွဲခင်းထဲကို တုတ်၊ ဓား၊ လက်နက်ကိုင် ဆောင်ခွင့်မရှိ၊ စစ်ဆေးတွေ့ရှိပါက ပြင်းထန်စွာထိတ်တုံးခတ်ပြီး အရေ ယူမည် ပုံ…ညောင်မုတ်ဆိတ်ဥက္ကဋ္ဌကြီး ဦးသံခဲ…ငါပဲဟေ့…ဆိုတာ တက်တက်ပြောတာ နှစ်ပါးခွင်လည်းဝင်ပြောတာပဲ…နောက်ပိုင်းဇာတ် ဆို မင်းသားကဒိုချင်းချမလို မျက်ရည်ညှစ်ထုတ်ပြီးပြီ…ဦးကြီးသံ တက်ပြောလို့ နောက်ပိုင်းမင်းသားကြီးတစ်ယောက်နဲ့ ဇာတ်စင်ပေါ်မှာ တင် အော်ကြီးဟစ်ကျယ်စကားများကုန်တော့တာပဲ…တာဝန်ရှိ လူတွေနဲ့ ဇာတ်သမားတွေဝိုင်းဆွဲလို့ ဇာတ်ကိုမနည်းဆက်ကရတယ်… အဲ့ဒါလေ ဦးကြီးသံခဲပေါ့…ကိုင်ထားတဲ့မိုက်ခွက်ကိုလည်း မလွှတ် ဘူး…နောက်ပိုင်းမင်းသားကြီးကိုလည်း လူရှေ့သူရှေ့မှာ သူ့ကိုအရှက် ခွဲရမလားဆိုပြီး မကျေနပ်ဘူး…ဖြစ်ချင်တော့ နောက်ပိုင်းဇာတ်တော် ကြီးရဲ့ဇာတ်လမ်းအရ ရှင်ဘုရင်က နောက်ပိုင်းမင်းသားကြီးကို တောင် ကွယ်ဖွယ်နေကွယ်တာနဲ့ သုသာန်ထုတ် ဓားခုတ်သတ်စေလို့ အမိန့် တော်ချတာပေါ့…အဲ့ဒီမှာတင် ဦးကြီးသံခဲရယ်လေ မိုက်ခွက်ကြီးနဲ့ အော်ပြောလိုက်တာ ပွဲခင်းတစ်ခုလုံး ပတ်တုတ်မရအောင် ပွဲကျကုန် ကြရော"

"ဦးကြီးသံခဲက ဘာထအော်လိုက်လို့လဲ"

"ကောင်းတယ်…အဲ့ဒီလိုမသာပေါ်မှ ကောင်းတယ်…ငါသာ ရှင်ဘုရင်အခန်းကပါရရင် ငါကိုယ်တိုင် သံလျက်နဲ့ သုတ်သင်တော် မူပစ်မယ်…ဟင်း…ဟင်း…ဟင်းတဲ့လေ"

ဂျိုကာလည်း သဘောကျပြီး ‹ ဘတိုက်ဟားမိ၏။ ဓာတ်မီး ရောင်တွေ မိဂျမ်းအိမ်ကိုလွန်သွားပြီးမှ ကျယ်လောင်သော ဂျိုကာ့ ရယ်သံကြောင့် မိဂျမ်းအိမ်ဖက်ကို စုပြုံထိုးကျလာပြန်၏။

"ဟေ့ မိဂျမ်း…မိဂျမ်းရေ…မိဂျမ်း"

"ဘာလဲ…ဘာလဲ"







www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ခြံထဲက ယောကျ်ားရယ်သံကြားတယ်...ဘယ်သူလဲ နင်ဘယ်သူနဲ့ချိန်းတွေ့နေတာလဲဟင်"

"ဘယ်သူနဲ့ချိန်းတွေ့ရမှာလဲ...လူကိုများ ရာရာစစ...သက်သက်မဲ့အလကားနေရင်း သိက္ခာလာချနေတယ်...ကဲဟာ...ကဲဟာ"

မိဂျမ်းက လရောင်အောက်မှာ လှုပ်လှုပ်ရွရွဖြစ်နေသည့် ကင်းလှည့်အဖွဲ့ကို လေးကွမြင့် ဆက်တိုက်လှမ်းပစ်တော့၏။

"အမလေးဗျ...အား"

"အီး...တေပါပြီ"

"တကယ်ဆော်တယ်ဟ...ပြေးပြေး သောက်ကောင်မလေး...လှပ်လိုက်ရင် သောက်ရမ်းချည့်ပဲ"

ကင်းလှည့်အဖွဲ့တွေ ဝရုန်းသုန်းကားထွက်ပြေးကုန်၏။ ထိုသည်ကိုသဘောကျပြီး အုလိုက်သည်းလိုက်ဟားနေသော မိဂျမ်းကိုကြည့်ကာ ဂျိုကာက ကောက်ပွေ့မချီပစ်လိုက်၏။

"ဂျိုကာ...ဟင်...ရှင်...ဒါဘာလုပ်တာလဲ အောက်ပြန်ချ...ဘာလုပ်တာလဲလို့"

"စကားတွေမြန်မြန်ပြောချင်နေပြီ ကြာတယ်...မြန်မြန်ရောက်အောင်သွားကြမယ်"

"အဲတော့...အဲဒါကဘယ်ကိုလဲ"

"ကောက်ရိုးပုံကိုလေ"

"ဂျိုကာနော်"

"မိဂျမ်း...တော်"

* * *





www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့ညနေကြမှ ပြဿနာတက်ရတော့၏။ မမတင့်ရဲ့ထော သုံးထည် မရှင် ကဲထားလိုက်တာ သူခိုးနောက်ပါသွား၏။ ဦးကြီးသံခ ဆီးသွားသည့် ဂန့်ဖလားကတစ်လုံး။ ရေလဲပုဆိုးနဲ့ငယ်ပိုင်းနှင့် ဒန်အိုး ဒယ်အိုးတွေပါသွား၏။

အပေါ်စားအလစ်သုတ်သည့် သူခိုးမို့တော်သေး၏။ ခိုးမှန်းသိ ရတာကလည်း မမတင် တစ်ရေးနိုး ရေချိုးဖို့ပြင်ခါမှ ထမီလဲစရာရှာ ရင်း အခိုးခံရမှန်းသိရခြင်းပင်။ ဦးကြီးသံခဲက ထုံးစံအတိုင်း စာတ အဖွဲ့မှာ။ အရီးကျော့ကလည်း ဘုန်းကြီးကျောင်းမှာ။ မမတင်နှင့် မမခင်က အိမ်အောက်ထပ်အခန်းမှာ အိပ်ကြ၏။ ဂျိုကာနှင့်ဝေါ ဥက္ကာတို့က အိမ်အပေါ်ထပ်မှာအိပ်ကြ၏။ ပွဲကြည့်ပြီး တစ်နေကုန်





သိုးနေအောင်အိပ်လိုက်ကြသည်မှာ ညနေခင်းမှပင် နိုးတော့၏။

ဂျိုကာက မိဂျမ်းဆီမှ မနက်သုံးနာရီခွဲအထိနေပြီး ပြန်မပျက် ပြန်အိပ်နေလိုက်ခြင်းပင်။ ဂျိုကာကိုယ်တိုင်လည်း ပွဲကြည့်သလို၊ အိမ် စောင့် အိပ်ရေးပျက်ခဲ့ရသဖြင့် ရောတွေးအိပ်နေမိခြင်းဖြစ်သည်။

ပွဲပြန်ရောက်ရောက်ခြင်း မမခင်က ထမင်းနှင့်ဟင်းကို တစ်နေ့ တတစ်ခါထဲချက်၊ ဘုန်းကြီးကျောင်းကို ဆွမ်းချိုင့်ပို့ပြီးတာနှင့် ညှိ သည်တွေအတွက် ခူးခပ်ပေးကာ တစ်ချိုးတည်းအိပ်လိုက်ခြင်းဖြစ် သည်။

"ငါ့မောင်အိမ်စောင့်နိုင်းတာ ဘယ်ရောက်နေသလဲဟင်… သူခိုးနောက်ဖေးကဝင်သွားတာမသိလိုက်ဖူးလား"

"မမတင်ပဲ အိမ်နဲ့နွားတင်းကုပ်၊ စပါးကျီတွေကို စောင့်နိုင်း တာ…အနေပျောက်တဲ့အသေးအဖွဲ့လေးတွေကို စောင့်နိုင်းတာမှမဟုတ် တာ…အိပ်ငိုက်တဲ့အခါဝင်သွားတာနေမှာပေါ့…အဲ့ဒါလေးတွေလောက် တော့ ပါသွားပါစေ၊ အိမ်မှာအမှိုက်ရှုပ်တောင်သက်သာသေးတယ်"

ဥက္ကာက-

"ဘယ်ဟုတ်မလဲကွာ…ဈေးနဲ့စာနဲ့ရှာထားတာ၊ သူတို့လည်း



www.burmeseclassic.com

www.burmeseclassic.com



နခြောမှာပေါ့…ကိုယ်ချင်းစာပြောစမ်းပါ"

ဂျိုကာက-

"မင်းလိုကပ်စီးကတော့ ဒီလိုစကားပဲပြောမှာပေါ့…မခယ်တော့ မင်းနဲ့ရရင် ကပွလီလူရှိုင်းမတွေလို ဝတ်စားရမှာမြင်ယောင်သေးရဲ့"

မမတင်နှင့် မမခင်က တအံ့တသြနှင့်-

"ဟယ်…ခင်မှိုနဲ့ မောင်ဝင်းထရံကာနဲ့က ချစ်သူတွေဖြစ်နေပြီပြီဟုတ်လား…ဟုတ်ရဲ့လား…မိကျမ်းသိရင်တော့ ဘီလူးနှုတ်ခမ်းမွေးမီးလောင်သလိုဖြစ်တော့မှာပဲဟယ်"

ဂျိုကာက-

"မိကျမ်းက အရင်နဲ့မတူတော့ပါဘူး…သူ့ကိုယ်သူ မိန်းကလေးဆိုတာ နားလည်သွားပါပြီ…ခင်မှိုနဲ့ဥက္ကာဖြစ်တာ မိကျမ်းသိနေသားပဲ၊ ဘယ်မှာလာကြမ်းတော့လို့လဲ…အရင်ကဆိုရင်တော့ မမတင်ပြောသလိုပေါ့"

"အေးဟုတ်ပဲ…ဟုတ်တော့လည်းဟုတ်ပါရဲ့ မိကျမ်းငြိမ်ချက်သားကောင်းနေတယ်…ငါ့မောင် မိကျမ်းအကြောင်းသိလှချည့်လား"





ပေါ်က-

"သိဆို…ဟဲဟဲဟဲ…သိနေတာပေါ့ဗျာ ဟဲဟဲ"

"ဟယ်…ငါ့မောင်ဂျိုကာက…မိကျမ်းနဲ့…မိကျမ်းနဲ့… ဟုတ်ရဲ့လားဟယ်…မိုးနဲ့မြေ ပြောင်းပြန်လန်သလိုမျိုးကြီး…မဖြစ်နိုင်ပါဘူး…မိကျမ်းမှာ အဲ့ဒီစိတ်မျိုး ဒီတစ်သက်ရှိမယ်ကိုမထင်တော့တာ…ဟုတ်မယ်မထင်ပါဘူး"

ဥက္ကာက-

"ဟုတ်ပါတယ်ဆိုဗျာ…မယုံရင် ဝုံပြင်မှတ်မနေနဲ့ ဂျိုကာ့ကိုအမှန်အတိုင်းဝန်ခံခိုင်းကြည့်…အဲ့ဒါမှမယုံရင် မိကျမ်းတိုမေး…ညက ဒီကောင်အိမ်ပေါ်မှာစောင့်တယ်ပြောပြီး ညသုံးနာရီ ကျွန်တော်တို့ပြန်လာတော့ ကျွန်တော်တို့ရောက်ပြီးမှ ဒီကောင်ရောက်လာတယ်…ဒီကောင့်ဆီက သနပ်ခါးနံ့ရတယ်၊ သနပ်ခါးခဲနံ့ဗျ…ရုပ်ကစပ်ဖြီးဖြီးနဲ့သော့ဖွင့်ပေးတယ်…မမတင်တို့ကိုမပြောနဲ့နော်ဆိုလို့ ကျွန်တော်မမတင်တို့ကို ဘယ်တော့မှပြောမပြတော့ဘူးလို့ဆုံးဖြတ်လိုက်သေးတယ်"

"ဟဲ့…ပြောပြီးပြီ မောင်ဝင်းထရံရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဥက္ကာနှင့်ငပေါ်တို့ ဖော်ကောင်လုပ်၍ မမတင်နှင့် မမခင်က ဂျိုကာ့ကို နည်းမျိုးစုံနှင့်ဝိုင်းမေးကြ၏။ ဂျိုကာက

"မိဂျမ်းက မမခင်နဲ့မမတင်တို့ရဲ့ညီမဝမ်းကွဲ အရိုးကျော့ဖက် ကတော်တာ…ကျွန်တော်က မောင်ဝမ်းကွဲ၊ ဦးကြီးသံခဲဖက်ကတော်တာ…သဘောမတူစရာမရှိပါဘူးဗျ…အဲဒီလိုမျိုးသဘောထားနိုင်ရင် တော့ ဟုတ်မဟုတ်ဆိုတာကိုပြောပြမယ်"

"တူတယ်…တူတယ်…ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်… ငါ့မောင်နဲ့မိဂျမ်း တကယ်ဖြစ်လို့ကတော့ သဘောတူတယ်"

"တကယ်ဖြစ်တယ်ဗျာ တကယ်…"

"ဟယ်…အံ့သြပါရဲ့ မခင်ရယ်…မိဂျမ်းနဲ့မှဖြစ်ရတယ်လို့"

"အေးလေ…မတင်ရဲ့ညီမက ဂျိုကာနဲ့ဖြစ်ပါ့မလား"

"ဂျိုကာက မြို့သူပဲယူမှာပါအေ…မိဂျမ်းကို အပျော်သဘော ထားတာနေမှာပါ"

"ဟုတ်ရဲ့လား မတင်ရေ…ဂျိုကာက သူထင်တာ သူလုပ် တာ…သူ့ကြည့်ရတာ ဘာမခ အသေအချာကိုမေးပြီးမှ ပြန်ဖြေနေ တာ…အပျော်ထားတာဆိုရင် ဘောတူတူမတူတူ သူ့ဂရုစိုက်မှာ





လား…အခုဟာက တစ်သက်တာအဖော်အဖြစ် စဉ်းစားထားလို့နဲ့တူ တယ်…ဟုတ်လားဂျိုကာ"

ဂျိုကာစပ်ဖြီးဖြီးကြီးလုပ်နေ၏။ မမတင်က

"မင်းတို့လေးတွေ ငယ်ကြပါသေးတယ်၊ ဆယ်တန်းကို နှစ် နှစ်ကျပြီး အပြင်ကဖြေထားကြတာ…အမှန်ဆို ဘွဲ့တွေဘာတွေရ အလုပ်အကိုင်တွေဘာတွေရှိပြီးမှ အိမ်ထောင်ရေးဆိုတာစဉ်းစားသင့် တာပေါ့"

ဥက္ကာက-

"ကျွန်တော်ကတော့ မယားတောသူပဲကြိုက်တယ်"

ငပေါ်က-

"တော်ဝင်တဲ့သစင်ပန်းဆိုတာ တောတောင်တွေထဲမှာပဲ လန်း ဆန်းမွှေးမြတတ်တာမဟုတ်လား မမတင်ရဲ့"

"ဟုတ်ပါတယ်၊ အပြောနဲ့အလုပ်ညီရင်တော့ ဟုတ်တာပေါ့… တော်ကြာ တို့တောသူ မအူမလည်လေးတွေ မြို့ခေါ်သွားပြီး ဟိုရောက် မှ မင့်တို့မိဘမောင်ဘွားတွေက သဘောမတူလို့ကြူစောင်းမြောင်းပြီး ဒီယိုထဲကလို ဟိုဟာဒီဟာထွက်လာမှ ငွေပေးပြီးပြန်ပို့တာတို့ဘာ



www.burmeseclassic.com

www.burmeseclassic.com



တို့လုပ်လာရင်ကွယ် နစ်နာစရာရှိ တို့တောသူမိန်းခလေးတွေရဲ့ဘဝပဲ နစ်နာရရှာ…မင်းတို့က အချစ်စိတ်တစ်ခုတည်းနဲ့ပြောနေတာ… အချ ဆိုတာရဲ့နောက်မှာ ဘဝနဲ့လောကတွေ ရှိသေးတယ်…မလုပ်လိုက်ကြပါနဲ့ကွယ်”

ဥက္ကာက-

“မမတင်ကလဲဗျာ…တွေးလိုက်ရင် အဆုံးစွန်အထိချည့်ပဲ… ဓိဒီယိုထဲကအတိုင်း အပြင်မှာအကုန်ဖြစ်တယ်ထင်နေပြန်ပြီ…အရှင် ခေတ်ကအမြင်ဟောင်းတွေ ခေတ်ပြောင်းပြီးညောင်းကုန်ပါပြီဗျ… တကယ်ချစ်ရင် ဘာကွာခြားမှုမှမရှိဘူး…ဘာမှလည်းမလိုဘူး…ကျွ တော်က မခင်မို၊ ဂျိုကာက မိကျွမ်း၊ ဟိုကောင်ငပေါက ဥက်ထော်… ညွှန်ဇော်တို့သုံးစုံတွဲကို မိဘတွေလာခွဲလည်း ကွဲမယ်လို့ မတေ ထင်နေသလား”

မမတင်က အံ့အားတသင့်ပြန်ကြည့်ရင်း နားထောင်နေ

မမခင်က-

“မင်းတို့ တောမှာပဲနေရမယ်ဆို တစ်သက်လုံးနေနိုင်ကြလို့လ ကွဲ…လယ်လုပ်၊ တောင်ပေါ်တက် သစ်ခုတ်၊ ဝါးခုတ်၊ မီးသွေးဖု





အဲ့ဒါမှမလုပ်ချင်ရင် ဆည်တောင်၊ အင်းဆွဲ အစရှိသလိုပေါ့…အလုပ် ကြမ်းမျိုးစုံကို လုပ်ကြရမှာ”

ငပေါက-

“အဲ့ဒါတွေမလုပ်လည်း ဈေးရောင်းစားလို့ရပါတယ်”

ဥက္ကာက-

“ကျွန်တော်မလုပ်နိုင်လည်း မခင်မိုလုပ်လို့မှမယ်…ဒီမှာမနေ ဖြစ်ပါဘူး၊ မြို့ကိုပါအောင်ခေါ်မှာပေါ့…ကျွန်တော်က တစ်ဦးတည်း သောသား၊ ကျွန်တော်ဖြစ်စေချင်တာဖြစ်အောင် ဒယ်ဒီနဲ့မာမီကလုပ် ပေးနိုင်တယ်…မခင်မိုကိုကြော့နေအောင်ထားနိုင်တယ်…ဘာမှလုပ် စရာမလိုဘူး”

ဂျိုကာက-

“ဒီကောင်တွေကတော့ ကြားတဲ့အတိုင်းပဲ သိပ်တက်ကြွနေ ကြပြီ အစ်မတို့…”

မမခင်က-

“မင်းကို့နဲ့မလွယ်ပါဘူးကွယ်…စိတ်ကူးတွေယဉ်တတ်ကြ တဲ့အရွယ်ဆိုတော့လည်း စိတ်ကူးနဲ့ နန်းတော်ကြီးတွေဆောက်သလို



www.burmeseclassic.com

www.burmeseclassic.com



ပြောနေကြမှာပေါ့…မမခင်တို့တုန်းကလည်း ဖြစ်ဖူးတယ်"

မမတင်က-

"ဟုတ်တယ်…၊မမတို့အရွယ်က အဲ့ဒီလိုစိတ်ကစားတာတွေကို ထိန်းသိမ်းနိုင်ခဲ့လို့ အခုလိုဒုက္ခမရောက်ခဲ့ရပဲ ဣန္ဒြေတည်တည်တန့်တန့်နဲ့…"

မမတင် စကားမဆုံးခင်မှာ ပေါ်က-

"အပျိုကြီးဘဝကိုရောက်ခဲ့ကြရတာပေါ့လို့ ပြောမယ်မဟုတ်လား"

"လာပြန်ပြီ ဒီအပျိုကြီးဘဝ…တဆိတ်ရှိ လူတွေက ဒါပဲလျှာခလုတ်တိုက်နေကြတယ်…ဟွန့်"

ကျွန်တော်တို့က လျှာခလုတ်တိုက်ခံရမဲ့ လူပျိုကြီးဘဝတော့ တစ်သက်လုံးအရောက်မခံနိုင်ဘူးဗျ"

ဥက္ကာဝင်ပြောလိုက်ခြင်းပင်။ ဂျိုကာက ရယ်၍သာရယ်နေလိုက်၏။ မမတင်နှင့် မမခင်လည်း ဥက္ကာနှင့်ပေါ်ကို ပြောမနိုင်၍ ဆလံသပြီး ကိုယ့်အလုပ်ကိုယ်လုပ်နေကြတော့၏။ ဒါတောင် မမတင်က

"ဒီညတော့ ပွဲမကြည့်ရဲတော့ဘူးဟေ့…အိမ်စောင့်လုပ်ရှုပ်





ဇာတ်ကတော့ကြည့်လို့ကောင်းပါရဲ့…အမေတာ ရှေ့ထွက်ထွက်ပြီး မိုက်ခွက်နဲ့ကြော်ငြာဝင်သလိုကြေငြာနေတော့ လူတွေလဲပြောကုန်ကြပြီ…အမေ့လဲသွားပြောမရ…ဟင်း…မင်းတို့ဘာသာပွဲကြည့်ကြပါတော့"

နောက်ဆုံးနေ့တ်ဆက်ညမှာ မိဂျမ်းနှင့်ပွဲကြည့်လိုက်ချင်၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ညပွဲကြည့်ဖြစ်၏။ လူအုပ်ကြားထဲမတိုးနိုင်။ လှည်းရှေ့ပေါ်ကတက်ကြည့်ကြရ၏။ ပေ(၁၀၀)လောက် ဇာတ်စင်နှင့်ဝေးသော်လည်း မြင်ရလျှင်ပြီးရောဆိုပြီး တက်ကြည့်ကြ၏။ နွားဖြုတ်ပြီး ခေါက်ထောက်ထားသောလှည်းပေါ်မှာ ပေါ်နှင့်ဥက်ထော်တို့ကတစ်တွဲ၊ ဥက္ကာနှင့်မခင်မှီကတစ်တွဲ၊ မိဂျမ်းနှင့် ဂျိုကာကတစ်တွဲ။ စောင်ခြုံကြီးတွေနှင့် ခေါင်းပေါင်းကိုယ်စီနှင့် ကိုယ့်ရွာသားတွေ ခွေမျိုးအပေါင်းအသင်းတွေမြင်မှာစိုး၍ ရုပ်ဖျက်ထားကြခြင်းပင်။

ဥက်ထော်ကိုလည်း မသန်းဆင့်လက်ထဲ မုန့်ဖိုးများများထည့်ပြီး ပေါ်ခေါ်ယူထားရခြင်းဖြစ်၏။ ဥက္ကာခမျာလည်း မခင်မှီကို ပွဲကြည့်ခွင့်ရဖို့ မခင်မှီနှင့်ပွဲလိုက်လာသူတွေကို နှုတ်ပိတ်ခအဖြစ် ခဲတံဝါးနှင့်အကြော်စုံအပြင် မုန့်ဟင်းခါးကျွေးပြီး အအေးပါတိုက်လွှတ်လိုက်ရ၏။ ဂျိုကာကတော့ မိဂျမ်းနှင့်အဖော်ပါလာသည့် အဒေါ်ကြီးကို ဇာတ်စင်ဆိုင်းဝိုင်းဘေးနေရာကောင်းပို့ပေးပြီး မုန့်စိမ်းပေါင်းတစ်တုပ် လက်ထဲထည့်ပေးထားလိုက်သည်။

မိဂျမ်းနှင့်မခင်မှီပင် တွေ့စက တစ်ယောက်ကိုတစ်ယောက်ရှက်ပြီး ရှိန်နေကြသေး၏။ ဥက္ကာနှင့်ဂျိုကာကလျှော်ပေးသဖြင့် ညီအစ်မတွေသဖွယ်ပြန်လည်ခေါ်ပြောလာကြ၏။ စောင်ခြုံ၊ ခေါင်းပေါင်းကြီးတွေနှင့် ဝါးနံ့သင်းသော ကောက်ညှင်းကျည်တောက်ကိုတသဖွဲ့စားလိုက်၊ အကြော်ဝါးလိုက်၊ ဆိုင်ကခေတ္တတောင်းလာသော အဖန်အိုးထဲက ရေနွေးလေးသောက်လိုက်၊ ပွဲကြည့်လိုက်ဖြင့် မိမိကြနေချက်ကတော့ ဆောင်းကြီးကို မေ့နေကြလို့ပေါ့။

ပွဲထဲကလူရွှင်တော်တွေ ပြက်လုံးထုတ်လျှင် မိဂျမ်းက လက်ခုပ်လက်ဝါးတီးပြီး အရယ်လွန်၍ လှည်းခေါက်ပြုတ်ကာ လှည်းပြိုကျကုန်၏။ ဒလိမ့်ခေါက်ကွေးပြုတ်ကျပြီး စောင်ခြုံကြီးတွေနှင့် လုံးထွေးနေရာမှ လူးလဲထပြီး အမြန်လှည်းပြန်ထောက်ရ၏။ အနီးအပါးမှလူ







www.burmeseclassic.com

www.burmeseclassic.com



တွေဆိုတာ သူတို့အဖြစ်ကိုကြည့်ပြီး အူနှိပ်ကာဝိုင်းရယ်ကြ၏။ မိန်းကလေးတွေရဲ့ညီအစ်ကိုမောင်နှမ မိတ်သင်္ဂဟတွေများ လှည်းပြိုကျစဉ်ကမြင်သွားသလားဟု ရင်တထိတ်ထိတ်ဖြစ်ရသေး၏။ အရေးကောင်းမှ ဒိန်းဒေါင်းဖျက်ဆိုသလို ပြဇာတ်ကနေချိန် ဇာတ်ရှိန်တက်နေချိန်–

မင်းသမီးကို လူကြမ်းတွေဆွဲလွဲနေချိန်၊ ပရိသတ်ကလည်း မင်းသားထွက်လာပြီး မင်းသမီးကိုအမြန်ကယ်ဆယ်နေစေချင်သည့်အချိန်။ မြူးဆို တိုင်ဖုံးကြားထဲကထွက်လာသူက ပုဆိုးကွက်ထောက်၊ စစ်ခါးပတ်ခါးမှာပတ်လျှက်၊ လည်ပင်းဓာဖလာနှင့် ပလေဇာကုတ်အင်္ကျီနှင့် မျက်မှန်ကနေကာမျက်မှန်အနက်တတ်လျှက်သား။ ဗိုလ်အောင်ဒင်ဇာတ်ကားထဲက ခင်မောင်ရင်စတိုင်(လ်)လိုလို၊ ကျော်ဟိန်းဇာဘိုင်(လ်)လိုလိုနှင့် ထွက်လာသည်က ဦးကြီးသံခဲ။ ပြဇာတ်ကနေသည့်လူကြမ်းတွေနှင့် မင်းသမီးကိုလက်ကာပြပြီးတားလိုက်၏။ ဦးကြီးသံခဲအကြောင်းသိနေ၍ ကနေတာကိုရပ်ပြီး လူကြမ်းတွေက မင်းသမီးကိုလွှတ်လိုက်၏။

မိုက်ခွက်ရှေ့ကို ဦးကြီးသံခဲရောက်ပါလေပြီ။

''ဟဲလို…ဟယ်လိုး…တက္ကစီ…ဝမ်း…တူး…သရီး…





အုံးခေ…ရပြီ…ဟုတ်ကဲ့ ရွှေပွဲကြွလာ မိတ်သဟာအပေါင်းတို့ခင်ဗျာ…တာဝန်အရ ကျွန်တော်တက်ကြေငြာရခြင်းဖြစ်ပါတယ်…ပွဲခင်းထဲမှာ မူးယစ်ရမ်းကားခြင်း၊ မောင်နှင့်နှမ၊ သားနှင့်အမိ၊ ကြီးဒေါ်နှင့်တူ၊ ဘထွေးနှင့်ခယ်မ…အစရှိသဖြင့် ဆွေတော်ရှစ်သောင်း မျိုးတော်အပေါင်းတို့ မကြားဝံ့မနာသာ ဆဲရေးတိုင်းထွာခြင်း၊ ရည်းစားလုရန်ဖြစ်ခြင်း၊ သတ်မှတ်ပေးထားသောနေရာတွင် အပေါ့အပါးမသွားခြင်း၊ တုတ်၊ ဓားလက်နက်ကိုင်ဆောင်ခြင်း၊ မင်းသမီးအဝတ်လဲခန်းကို ထရံပေါက်ဖြဲပြီးချောင်းကြည့်ခြင်း၊ မင်းသားကို ချောင်းဆိုးစေမည့်သကြားလုံးကျွေးခြင်းနှင့် မှိုတက်သောလက်ဖက်များကျွေးခြင်း၊ တာဝန်ရှိကြီးကြပ်ရေးအဖွဲ့အား အတင်းအဖျင်းပြောဆိုဝေဖန်ခြင်း အစရှိသဖြင့် အကြောင်းအရာများကို ကျူးလွန်ခြင်း၊ ဖောက်ဖျက်လုပ်ဆောင်ခြင်းများ လုံးဝမပြုလုပ်ရ။ ပြုလုပ်ပါက ပြင်းပြင်းထန်ထန်အပြစ်ပေးအရေးယူခံရမည်ဖြစ်ကြောင်း ကြေငြာမောင်းခတ်လိုက်ပါသည်…ပုံ…ဦးသံခဲ…ကျွန်တော်…ကျွန်တော် (ဦးကြီးသံခဲက သူ့ကိုယ်သူလက်ညှိုးထိုးပြလိုက်၏)…ကျေးရွာဥက္ကဋ္ဌ…ညောင်မုတ်ဆိတ်ရွာ ဘုရားပွဲဖြစ်မြောက်အောင်မြင်ရေးကြီးကြပ်ကွပ်ကဲမှုအဖွဲ့…ဒါပါပဲ



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျား၊ လိုက်မှာကြပေါ့…ကဲ…မင်းသမီး…ကျုပ်နဲ့လိုက်ခဲ့…ခင်ဗျားကို ဒီကောင်လူကြမ်းတွေဆွဲနေတာ ကျုပ်ဟိုရွာသားတွေက မကြည့်ရက်ကြဘူး၊ တဟင်ဟင် တဟာဟာနဲ့ တောက်တွေခေါက် လက်သီးတွေဆုပ်ကုန်ကြပြီ…ကြာရင် လွန်ခဲ့တဲ့ခြောက်နှစ်လောက်က စက်ဝိုင်းစိမ်းပဒေသာကပွဲလို ဖြစ်ကုန်လိမ့်မယ်…စက်ဝိုင်းစိမ်းဇာတ်သဘင်ဆို လေဘားထည် လပ်စတိတ်တွေ၊ ခေါင်းလောင်းဘောင်းဘီတွေ၊ ခေါင်းလောင်းလက်ဖောင်းအင်္ကျီတွေဝတ်ကတဲ့ဇာတ်အဖွဲ့ပေါ့ဗျာ…ညောင်မုတ်ဆိတ်ရွာသားတွေအားလုံး ကောင်းကောင်းသိမှီလိုက်ပါတယ်”

ဦးကြီးသံခဲက သူ့ကိစ္စပြီးသွားသည့်တိုင် စင်ပေါ်ကမဆင်း၊ မိုက်ခွက်ရှေ့မှာအိုက်တင်အမျိုးမျိုးပေးရင်း လေဆက်အာနေပြန်၏။ စင်အောက်မှ ကာလသားတွေက တဝေ့ဝေ့နှင့် မလိုလားကြောင်း အော်သံပေးနေ၏၊ သူတို့ချော ကြေငြာချက်ထဲပါတာတွေကြောင့် မလိုလားကြောင်းကိုပေါ်တင်လည်းမပြရဲကြ။

ဦးကြီးသံခဲက ထိုမျှလောက်ဖြင့်ဂရုမထား။ သူပြောချင်တာကို ဆက်ပြောနေပြန်၏။ ဇာတ်အဖွဲ့သားတွေလည်း သူ့ရွာနှင့်သူ့အထာပဲဆိုကာ လွှတ်ပေးထားပြီးရပ်ကြည့်နေကြ၏။ ဇာတ်ဆရာနှင့်ပြဇာတ်ဒါရိုက်တာလည်း ဝင်မပြောနိုင်။ ဘယ်ပြောနိုင်မှာလဲ တစ်ဇာတ်လုံးငှားသောအောင် ဦးသံခဲက အပိုင်စည်းရုံးကျွေးမွေးထားသည်ပဲ။ ဇာတ်ဆရာနှင့် ပြဇာတ်ဒါရိုက်တာဆိုလျှင် ဇာတ်စင်နောက်မှာ ယမကာနှင့် အမြည်းမျိုးစုံတွယ်ပြီး ပုလင်းလဲအောင်သောက်ထားကြ၍ မှောက်လဲပြီး အိပ်မက်တိုင်းပြည်ရောက်နေကြလေပြီ။

“အဲ့ဒီစက်ဝိုင်းစိမ်းဇာတ်က ပြဇာတ်သိပ်ကောင်းတာ…မင်းသားကလည်း သရုပ်ဆောင်သိပ်တော်…မင်းသမီးကလဲ အငိုကောင်း အပြောကောင်းပေါ့ဗျာ…ဒီပြဇာတ်ထဲကအခန်းလိုပဲ ဒီမှာတော့ မင်းသားမပါသေးဘူး…လာမလို့ တိုင်ဖုံကြားမှာ မိတ်ကပ်အဖွေးသားနဲ့ စောင့်နေတာ…ကျုပ်ပြောဆိုပြီးတာနဲ့ လာပါလိမ့်မယ်…အဲ…ဆက်ပြောမယ်နော်…အဲ့ဒီစက်ဝိုင်းစိမ်းသဘင်ရဲ့ပြဇာတ်ထဲမှာ မင်းသားနဲ့ မင်းသမီးကို နှိပ်စက်တဲ့ကျားကြီးဆိုတဲ့လူကြမ်းက အင်မတန်အမြင်ကတ်စရာကောင်းအောင် သရုပ်ဆောင်တတ်တာကိုးဗျ…မင်းသားကို ထိုးကြိတ်၊ မင်းသမီးကိုပါးရိုက်နှိပ်စက်ပြီး သောက်မြင်ကတ်စရာကောင်းတဲ့ရယ်သံနဲ့ခွရယ်နေတော့ ဇာတ်စင်အောက်ကပရိသတ်ထဲမှ







www.burmeseclassic.com

www.burmeseclassic.com



လေးဂွနဲ့လှမ်းပစ်ထည့်လိုက်တာ လှူကြမ်းမထိဘဲ မင်းသားကိုသွားထိ တယ်…မင်းသားဆိုတာ မျက်ခုံးသွားမှန်လို့ ခေါက်ခနဲကိုမေ့လဲရော ဗျာ…အဲ့ဒီည မင်းသားကိုအရေးပေါ်ဆေးကုလိုက်ရလို့ ပြဇာတ်လည်း ဆက်မကနိုင်ဘူး…မင်းသားက ပြဇာတ်၊ နောက်ပိုင်းပါတာဝန်ယူထား တဲ့သူဆိုတော့ မင်းသားမရှိလို့ ပွဲဆက်မကနိုင်ဘူး၊ တိုတိုနဲ့လိုရင်းပြော ရရင် ပွဲပျက်ရောဆိုပါတော့…အခုလည်းကြည့်လေ မင်းသမီးကိုနှိပ် စက်နေတာ ဇာတ်လမ်းအရပါ၊ တကယ်မဟုတ်ပါဘူး…ဒါပေမဲ့ အနုပညာမြတ်ခံကြီးတဲ့ ကျုပ်တို့ညောင်မုတ်ဆိတ်သားတွေရဲ့ အကြောင်းကို ကျုပ်ကကြိုသိနေတယ်…ဒီလိုအခန်းမျိုးဆိုရင် ရွှေ ဇာတ်ကားလို ရွှေဘကြီးခံရတဲ့အခန်းဆို ဖြုတ်တာန်ဖြုတ်၊ ကျော်တာ ကျော်ပစ်ရတယ်…အဲ့ဒီလိုမှမလုပ်ရင် ဝိတ်ကားကို ခဲမိုး၊ တုတ်မိုးရွာ ရော…ဒီလိုပဲ…မင်းသမီးကိုနှိပ်စက်ရပါ့မလား၊ ထွက်လာတဲ့မင်းသား ကကြာတယ်၊ ဒီလှူကြမ်းကိုဂွနဲ့လှမ်းဆော်ပြီး ငါတို့ကယ်တင်မှဖြစ် မယ်ဆိုပြီး ဂွတွေဘာတွေနဲ့လှမ်းပစ်လာမှာစိုးတာနဲ့ ကျုပ်ကဝင်တား တာပါ…မင်းသမီးကိုလည်း ကျုပ်နဲ့တစ်ပါတည်းအထဲပြန်ဝင်ဖို့ခေါ် တာကလဲ မဖြစ်ခင် ကြိုတင်ကာကွယ်ခြင်းဟာ အထိရောက်ဆုံးနည်း





လို့ ဆိုထားတာကလဲ ရှိမဟုတ်လားဗျ…ဒီသဘောပါ…မင်းသား ထွက်လာမှာနောက်ကျနေတယ်၊ တိုင်ဖုံးကြားမှာထွက်လာဖို့ပြင်ပြီးမှ လေနဲ့ဝမ်းနဲ့မကွဲသလိုဖြစ်နေတဲ့မင်းသား…လေမှတ်လို့အားရပါးရလည်း လိုက်တာ ဝမ်းတွေဖြစ်နေပြီး ပေရေနံစော်နေလို့ ဘောင်းဘီလဲရအောင် သူ့အခန်းထဲခဏပြန်လဲနေတယ်…မင်းသမီးနဲ့လှူကြမ်းတွေ ပေးတွေ့ ထားတာ မင်းသားကိုစောင့်ရင်း ကြာရင်လက်လွန်ပုဒ်မတွေဖြစ်လာ မှာစိုးလို့ ကျုပ်က ကြေငြာစရာရှိတာကြေငြာရင်း ပွဲကိုဝင်ထိန်းရတာ ပဲ”

ဦးကြီးသံခဲစကားအဆုံးမှာ ကားလိပ်ကြားကလှမ်းခေါ်နေဟန် တူ၏။ ဦးကြီးသံခဲက ဘာလဲဟုမေးထိုးရင်း ပရိသတ်ကို မိုက်ခွက်ကာပ ထားသည့်လေသံတိုးလေးဖြင့် “ရှူး…ခဏလေးနော်” လုပ်သွားသေး၏။ တိုင်ဖုံးကြားမှာစကားစမြည်ပြောပြီး မိုက်ခွက်အနားပြန်လာကာ

“မင်းသမီး အထဲကိုမလိုက်နဲ့တော့…မင်းသားအခြေအနေ ကောင်းလာပြီ…မကြာခင်ထွက်လာလိမ့်မယ်၊ ပြဇာတ်ဆက်ကကြ… အောက်ကလူတွေကိုလည်း ကျုပ်ကြပ်ကြပ်မှာတယ်နော် မပစ်ကြနဲ့… ဟဲ့ အောင်မလေး…သောက်ချေး…ဟင်…ဘယ်သူလဲကွ ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းဖူးရိုးနဲ့ပစ်တာ…ဟော…ဟာ…ဟာ…ပစ်နေပြီ ဟိုထောင့်
ကောင်တွေအုပ်စုကပစ်တာ…အား…ကြံဆစ်ပိုင်းကြီး ညို့သကျည်
ကိုထိတယ်ဗျ…လုံခြုံရေးတွေ…ဟော့…ငါခေါ်…အောင်မလေးဗျ
မာလကာသီးတွေနဲ့ထုတာ တန်းလိုက်တဲ့လက် နဖူးတည့်တည့်ပဲ
မင်းတို့ငါ့ကိုဈော်ကားတယ်ပေါ့…တွေ့ကြသေးတာပေါ့ အဲ့ဒီထော
ကကောင်တွေ တစ်ယောက်မကျန် ဖမ်းထားကြစမ်း…မွေးမေလေး
အီး…ထန်း…ထန်းသီးကြီးနဲ့ပစ်…အစ်…အစ်…ခွဆုံကိုထိ…အီ
အီး''

ဦးကြီးသံခဲ ခွေခနဲဒူးထောက်ထိုင်ကျသွား၏။ ဂျိုကာလည်း
ပြေးဆင်းရမလို၊ ဆက်ထိုင်ရမလိုနှင့် ဗျာများနေစဉ် မိဂျမ်းက ဂျို
ပခုံးကိုဖိနှိပ်ဆွဲထားပြီး

''အသာနေစမ်းပါ…ဟိုမှာ လုံခြုံရေးတွေကြည့်လုပ်သွား
လိမ့်မယ်…တော်ကြာ ရှင့်ကိုပါဖမ်းတဲ့အုပ်စုထဲရောထည့်သွားဦးမယ်

''ဒီလိုမျိုးကဖြစ်တတ်လို့လား''

''ဖြစ်ခဲ့ပါတယ်…ဖြစ်လေ့ဖြစ်ထတော့ရှိတယ်… ဦးကြီး





ကလဲ ပွဲကြည့်တဲ့လူတွေအရသာပျက်အောင် သူချည့်ပဲဓာတ်စင်ပေါ်
တက်ပြီး ပြောချင်ရာပြောနေတာကိုး''

''အင်း…ဟိုမှာကြည့်စမ်း…ဓာတ်စင်ပေါ်သီလူးက တက်က
နေသလို ဒူးထောက်ထိုင်ကျနေရာက ထခုန်ပြီး တဝုန်းဝုန်းနဲ့ အော်ဟစ်
ကြိမ်းမောင်းနေတာ ဦးကြီးသံခဲမဟုတ်လား''

''ဟုတ်တယ်ကွ…ဒီညတော့ ပွဲပျက်ပြီနဲ့တူတယ်''

ဂျိုကာက ဥက္ကာစကားကို ခေါင်းတဆတ်ဆတ်ငြိတ်ပြရင်း-

''အင်း…ငါ့ကိုချည့်အပြစ်တွေတင်ခဲ့တာ ဦးကြီးခမျာ ကိုယ်
တိုင်ကြုံမှပဲ ကိုယ်ချင်းစာနာတဲ့အသိရှိတော့မှာပဲ…သူကိုယ်၌က
ကောင်းစေချင်လို့တက်ပြောလိုက်တာ နေရာနဲ့အချိန်အခါမရွေးတတ်
တော့ စေတနာတစ်လွဲဖြစ်ပြီး ဝေဒနာပြပွဲဖြစ်သွားရရှာပြီပေါ့''

ထိုညက ပွဲမပျက်သွား။ ဆက်၍ကပြ၏။ အချုပ်ထဲကိုဖြင့်
လူနှစ်ဆယ်လောက်ရောက်သွား၏။ ထိုအထဲမှ စင်ပေါ်လှမ်းပစ်သူ
တွေပါချင်လည်းပါမည်။ မပါချင်လည်းမဝါ။ အများစုက ဟေးလား
ဝါးလားနှင့် ပျော်ချင်ရုံမှအပ ရိုးရိုးသားသားပွဲလာကြည့်ကြသူများသာ။

ပွဲပြီးသည့်နောက်တစ်နေ့မနက်မှာ ရေခဲအိတ်ကပ်နေရရှာသော

www.burmeseclassic.com



ဦးကြီးသံခဲတစ်ယောက် တောက်ခေါက်ပြီး ရင်နာနာနှင့် ပြောလိုက်သံကြီးက ကြားရသူတိုင်း

"ဒီရှေ့လျှောက် စာတ်စင်ပေါ်တက်ရမယ်ဆိုရင် ကန်တော့ဆွမ်းပြင်ပြီး တောင်းပန်ပစ်လိုက်မယ်…ဟင်း…သံခဲသမိုင်းတော့ ရာဇဝင်ရိုင်းပြီပေါ့ကွာ…နဂိုကတည်းက ဘောသမားပါဆိုမှ…ဗန္ဓုခနေ…(အဝှါ)…ဗုံးမှန်ပက်လက်လန်တော့ဖြစ်ရပါပြီ"

"ဦးသံခဲရယ် သမိုင်းကာသမိုင်း ရာဇဝင်ကရာဇဝင်ပါ… ဦးသံခဲပြောမှ ရှုပ်ကုန်ပြီ…နော်တို့အပြစ်မပါဘူးနော်…ဦးသံခဲတို့ ရွာမှာ ခင်ဗျားအရပ်နဲ့ခင်ဗျားစာတ်လိုမျိုးဖြစ်နေပြီးမှဖြစ်ရတာ"

"စာတ်ဆရာကလဲဗျာ…ဒီမှာနာနေရတဲ့အထဲ… ရှိုးတယ်မှပဲ"

စာတ်ဆရာကလည်း နတ်ကတော်မလျှာသံကြီးဖြင့်

"ဟယ်…အဲ့ဒါပြောစရာလား၊ အဲ့ဒါပြောစရာလားလို့"တဲ့ ဆိုပြီး ဦးသံခဲနဖူးထိပ်ကို ကန့်ကလျှဟန်ပန်လုပ်ပြီး လက်သီးဆုပ်ဖြင့် ဖွဖွလေး 'ဒုတ်'ခနဲထုလိုက်၏။ စာတ်ဆရာနှင့် ဦးကြီးသံခဲကို ကြည့်ပြီး ရေခဲအိတ်ကပ်ပေးနေသော အရိုးကျော့ပင် မျက်ရည်ထွက်





အောင်ရယ်၏။ ဂျူကာတို့သုံးယောက်ဆိုလျှင် ခွက်ထိုးခွက်လန်ရယ်ရလွန်း၍ ပိုးလို့ပက်လက်ကိုလန်ရော။

* * *



www.burmeseclassic.com

www.burmeseclassic.com



ဘုရားပွဲပြီးသော်လည်း ဓာတ်အဖွဲ့မှာ သောင်တင်နေလေပြီ။ ပွဲခုနစ်ကူးလာရပြီး ပွဲဆက်မရသေးခင် ယာယီအထိုင်ချနားနေခြင်းမျိုး ဝင်။ သည်တော့ ဦးကြီးသံခဲသည်ပင် စားအိမ်သောက်အိမ်၊ ထောက်ကူပံ့ပိုးရေးအိမ်ပေါ့။ ဓာတ်မင်းသား၊ မင်းသမီးတွေကို မကြာခဏ ထမင်းဖိတ်ကျွေး၏။ ဓာတ်ဆရာကတော့ ဦးသံခဲနှင့် မခွါမခွဲ အိမ်မှာ အမြဲနေလေတော့၏။ မြန်မာလူမျိုးဝိဝိ ညှိသည်ကိုငြိုငြင်လေ့မရှိ။

ပွဲကို ကောင်းကောင်းမကြည့်လိုက်ရသော်လည်း ဥက္ကာနှင့် မခင်မှိုတို့ချစ်ခြင်းက ရင်တွင်းနက်ရှိုင်းသွားစေနိုင်အောင် နီးကပ်ရွေ ထွေးမှုဖြင့် ဖြစ်ပေါ်လာရ၏။ ငပေါ်နှင့် ဂွက်ထော်တို့မှာလည်း အ





ပူးမိ၍ သံယောဇဉ်ကြိုးမှုင်ခြင်း လွှန်တင်လိုက်သလို အကြင်နာပိုသည့် စုံတွဲတစ်တွဲဖြစ်လာကြလေ၏။ ဂျိုကာနှင့်မိဂျမ်းမှာမူ လူရှေ့သူရှေ့မှာ သူစိမ်းတွေနှင့်ပမာတူစွာ နေပြသလောက် လူကွယ်ရာရောက်သည်နှင့် မျိုသိပ်ထားရတာတွေ ရေကာတာကျိုးပေါက်သည့်နှယ် ခွန်းမြွက်သီ သွယ်၊ ဖလှယ်၍မဝ၊ နေ့ညမဟူ တွေ့လိုသူတွေဖြစ်နေကြ၏။ ဆန္ဒကိုသိက္ခာတရားဖြင့်ထိန်း၍သာ မှင်မောင်းမပျက်နေပြနေကြရ၏။

ဖြစ်ချင်တော့ မင်းသမီးနှစ်လက်ကို ဦးကြီးသံခဲက အိမ်မှာ လာနေစေခြင်းက ပြဿနာတစ်ခုရဲ့အစဖြစ်လာရပြန်၏။

ဂျိုကာတို့သုံးယောက်ကို အောက်ထပ်အခန်းပြောင်း။ အပေါ်ထပ်မှာ ဦးကြီးသံခဲနှင့် အရီးကျေဥတို့ကတစ်ခန်း၊ မမတင်နှင့် မမခင်ကတစ်ခန်း၊ မင်းသမီးနှစ်လက်ကတစ်ခန်း၊ အိမ်ပေါ်အတက်အဆင်းအဆင့်ခန်းငယ်လေးမှာ ဓာတ်ဆရာနှင့် ပြဓာတ်မင်းသားတို့နေထိုင်ကြစေ။

ဦးကြီးသံခဲအမိန့်အရ နေထိုင်ကြရသည်ကို မိဂျမ်းကတစ်မျိုး ထင်၏။ ဂွက်ထော်က အမြင်စောင်း၏။ မခင်မှိုက အဆင်တော်လှဲ မှား၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းသမီးက ပြင်တတ်ဆင်တတ် နေတတ်စားတတ်တော့ ဟင်းဟင်း…ကြာရင် နွားသိုးလေးတွေ ကြိုးပြတ်ပါသွားမှာတောင် စိုးရတယ်"

"မိဂျမ်းကလဲကွာ…သူ့ဟာသူနေ ကိုယ့်ဟာကိုယ်နေကြတာပါ၊ စည်းကမ်းရှိပါတယ်…သူတို့ဘာသာသူတို့လည်း တန်ဖိုးထားပြီး နေကြပါတယ်၊ မြူဆွယ်ဖြားယောင်းတာမျိုးမရှိပါဘူး…လုပ်ငန်းသဘောအရလေ့ကျင့်ထားတဲ့ ကြာကြည့်လေးတွေတော့ ရှိတာပေါ့…အဲဒါကလည်း ယောက်ျားတိုင်းကိုကြည့်တတ်တဲ့အကြည့်ပါ…အလုပ်သဘောအရ မပြတ်လေ့ကျင့်ခန်းဆင်းနေရတာနဲ့တူပါတယ်"

"ဟုတ်ပါတယ်…ဟုတ်ပါတယ်…မိဂျမ်းကလဲ ဂျိုကာ့ကိုဘာမှပြောနေတာမဟုတ်ပါဘူးနော်…ဘကြီးသံခဲအိမ်က နွားသိုးတွေကိုပြောနေတာပါ…အဲ့ဒီဟာတွေ တင်ကျွေးထားရလို့ ဘကြီးသံခဲငွေကုန်ကြေးကျများပြီး ငွေလိုလာရင် အဲ့ဒီနွားသိုးတွေရောင်းထုတ်ချင် ရောင်းထုတ်ခံနေရဦးမှာကိုပြောတာပါ…ဘာအခုမှလာပြီး အိုးမလုံ ဆုံမွှန်နေရတာလဲ"

ဂျိုကာ ကိုယ့်ဘာသာကိုယ်သာပြောမိတာ မှားပါတယ်ဟု စိတ်





ထဲကဆိုပြီး နှုတ်ဆိတ်နေလိုက်ရ၏။ ဥက္ကာနှင့်မခင်မှီတို့တွေ့ဖြစ်ကြတော့လည်း-

"မင်းသမီးတွေကလှလား"

"မဆိုးပါဘူး ကြည့်ကောင်းပါတယ်"

"ကြည့်ကောင်းမှာပေါ့ သူတို့ကမင်းသမီးပဲ…ကျွန်မကတော့သူ…သူတို့လို နှုတ်ခမ်းနီးပါးနီလည်း မပြင်တတ်မဆင်တတ်အင်းပေါ့လေ ရှင်တို့ချင်းအနေနီးနေကြတာ ကြာတော့လည်း အိုးချင်းထားအိုးချင်းထိ ကြိုးချင်းထားကြိုးချင်းငြိသွားကြမှာပေါ့…ကျွန်မကတော့ ကျွန်ရစ်ခဲ့ရတဲ့ မယ်ကျွန်ရစ်ကလေးပေါ့"

"အထင်မမှားပါနဲ့ ခင်မှီရယ်…ခင်မှီကလွဲရင် ကျန်တဲ့မိန်းမတွေကို ဖွဲ့နဲ့ဆန်ကွဲလို့ပဲ ထင်တယ်"

"ဒါဆို ကျွန်မက ဖွဲက ဆန်ကွဲလား"

"မဟုတ်ဘူး နှမ်းဖတ် ၂"

"ရှင်ပြောရက်ပြီပေါ့…အဟင့်ဟင့်ဟင့်"

"နောက်တာပါကွာ ခင်မှီလေးကလဲ…မင်းစိတ်မချရရင် နေ့တိုင်း မမတင်တို့ မမခင်တို့ကို လာလုပ်ကိုင်ချက်ပြုတ်ကူညီပေးရင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



စောင့်ကြည့်‥မင်းသမီးတွေကို ကိုယ်စူးစူးစိုက်စိုက်ကြည့်မိရင် ဘာမှ မေးမနေနဲ့ ထမင်းအိုးမွှေတဲ့ယောက်မနဲ့ ကိုယ့်ကိုလာရိုက်ပြီး ဆုံးမ‥‥ ကဲ‥ဘယ်လိုလဲ”

“လူကြားထဲမှာ အဲ့ဒီလိုလုပ်လို့ဖြစ်မလား”

“ဒါဆို အခုလို ကောက်ရိုးပုံမှာချိန်းတွေ့တော့မှ ဗိုက်ကိုလိမ် ဆွဲအပြစ်ပေးပေါ့”

“ခင်မိုက ဘယ်သူ့ကိုမှနာကျင်အောင်မလုပ်တတ်ဘူး‥‥ကိုယ် လည်း နာကျင်တာမခံချင်ဘူး‥ရှင့်ကိုသာစိတ်ချရအောင် ရွှာဦးစေတီ မှာ သစ္စာတိုင်တည်ပြီး သစ္စာဆိုစေချင်တယ်”

“ကဲ‥လာ ‥ထ‥‥အခုပဲသွားဆိုမယ်”

“ညမိုးချုပ်ခါနီး မှောင်ရီဖြိုးဖျမှသွားကြမယ်လေ‥‥အခုသွား ရင် ဘေးလူတွေမြင်ကုန်မှာပေါ့”

ဥက္ကာကသဘောတူလိုက်၏။ သဘောတူသည့်အတိုင်းပင် လိုက်လုပ်ပေး၏။ ခင်မိုဘဝင်ကျသွား၏။ သို့တိုင်‥‥

“ကျွန်မကလွဲရင် ဘယ်သူ့ကိုမှမချစ်ရပါဘူးနော်”ဟု တွင် တွင်မှာတမ်းခြွေနေမြဲ။ ဥက္ကာက ခေါင်းခါပြီး





“ခြစ်ဖို့ရှိရင်ခြစ်ရမှာပဲ‥‥မုန့်ကျွဲသဲလုပ်စားရင်၊ မမတင်တို့က အုန်းသီးကူခြစ်နိုင်းမှာ မခြစ်လို့ဖြစ်မလား‥‥”ဆိုတော့ ခင်မိုရယ်၏။ ဥက္ကာလက်မောင်းကို မနာကျင်အောင်ကိုက်၏။ အထင်လွဲမှားခြင်း သံသယကို ချေဖျက်သင့်သလောက်ချေဖျက်လိုက်နိုင်၏။ ပေါ်နှင့် ငွက်ထော်မှာ ဥက္ကာနှင့်မသန်းဆင့်လှော်ပေး၍ အချိန်တိုအတွင်းမှာ ရင်းနှီးလာကြပြီး ဈေးရောင်းဈေးဝယ်၊ ငွေပေးငွေယူ လက်ကလေး တွေထိတွေ့ရာမှ ဂေါ်ရေးဂေါ်ရာ အစွံထုတ်လာနိုင်ကြသည့်စုံတွဲဖြစ် ၏။

“ခေါင်းဆောင်မင်းသမီး ချောရတာနာခင်ဆိုတာ တင်တုရင်တု တွေဝတ်ထားတာပါ‥‥ပြောလောက်အောင်ကြီးလည်း ကိုယ်လုံးကိုယ် ပေါက်မလှပါဘူး”

“ငွက်ထော်ကို ဘယ်သူပြောလဲ”

“သူတို့ဇာတ်အဖွဲ့ထဲက ယိမ်းသမလေးတွေပြောတာ‥‥ဆိုင် ကို ဈေးလာဝယ်ရင်းနဲ့ ငွက်ထော်နဲ့တောင်ခင်နေကြပြီလေ”

“ဟုတ်လား‥‥အင်း‥‥ဖြစ်နိုင်တယ်”

ဒုတိယခေါင်းဆောင်မင်းသမီး သဲမမက မျက်နှာ မှဲ့ခြောက်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ တင်းတိတ်တွေရှိတယ်…မိတ်ကပ်လူးပြီး သနပ်ခါးဖုံးထားလို့ မျက်နှာလေးကလှတယ်ထင်ရတာ…တကယ်တမ်းကြတော့မလှပါဘူး…ရှင်မယုံရင် ရေချိုးတဲ့အခါ ချောင်းကြည့်ပါလား"

"ပြဿနာတက်အောင်လုပ်နေပြန်ပြီ… အဲဒီလိုသွားကြည့်လို့ ဖြစ်မလား ငွက်ထော်ရဲ့"

"မကြည့်လဲ ရှင်ဗူးကြနေတာမဟုတ်လား…ဒီကတော့ အိမ်ကနေပြီး သူ့ကိုစိတ်မချဖြစ်နေလိုက်ရတာ…သူကတော့ အဲဒီ အကြောင်းပြောလိုက်ရင် သွားသုံးဆယ့်နှစ်ချောင်းပေါ်အောင် ဖြဲပြီး ရယ်ပြုံးနေတော့တာပဲ"

"တစ်အိမ်ထဲနေမိကြတော့လည်း ခေါ်တာပြောတာလောက်တော့ရှိကြတာပေါ့ ငွက်ထော်ရယ်…ကိုယ်တို့က အိမ်ရှင်မှမဟုတ်တာ…မင်းသမီးတွေက ငွက်ထော်ထင်သလို ခပ်ပေါ့ပေါ့နဲ့ အလှ ဖန်းပြီး အတင်းလိုက်မြူဆွယ်မနေကြပါဘူး…သူတို့ဘာသာ ဇာတ်စင်ကိုသွားသွားပြီး အညာဘုရားပွဲတွေမှာကဖို့ ပြဇာတ်အသစ်၊ ဇာတ် ထုပ်အသစ်တွေ အားကြိုးမာန်တက်တိုက်နေရတာရယ်၊ ဇာတ်ဆ ဇာတ်သီချင်းတွေကျက်နေကြရတာရယ်နဲ့ မအားလပ်ကြပါဘူး…ကိုယ်





တို့ကလဲ ငွက်ထော်သိတဲ့အတိုင်းပဲ မြို့ကြီးပြကြီးမှာတောင် အလှအပ တွေတစ်ပုံတစ်ခေါင်းကြီးရှိတာ…အဲဒါတွေအပေါ် တုန်လှုပ်ခဲ့တာ မဟုတ်ဘဲနဲ့ ဒီလောက်အပေါ် တုန်လှုပ်မယ်ထင်ပြီး အလကားသက် သက်မဲ့စိုးရိမ်နေတယ်…ဒီမှာ ဒီကောင်က ငွက်ထော်မှငွက်ထော်ပါပဲ တဲ့ဗျာ…တစ်ခြားဖြတ်ခေါ်ခဲ့ ဘယ်လိုလက်မျိုးကိုမဆို ပုတ်ထုတ်ပစ်မဲ့ လူစားပါ…ယုံစမ်းပါကွာ"

"မြို့သားအပြောကောင်းမှ ကြောက်လှချည်ရဲ့ရှင်"

"တောသူလုံမေ စကားချွေတဲ့နေရာမှာ လိမ္မာတတ်လွန်းလို့ ဒီကကောင်လည်း လန့်နေရပါသတဲ့ဗျာ"

"ဟွန့်"ခနဲ ငွက်ထော်မျက်စောင်းထိုး၏။ ငပေါ်ကလည်း ဟင်းခနဲမျက်နှာပိတ်လွှဲ၏။ ငွက်ထော်က

"ဒီမှာ ကိုမင်းရဲသီဟ"

"ဘာလဲ"

"ငပေါ်ဆိုတဲ့ ရှင့်အကြောင်းတွေ မဟုတ်တရုတ်ပေါ်လာလို့ ကတော့ ငွက်ထော်တဲ့ တစ်ထော်တည်းရှိတယ်မှတ်"

"နှစ်ထော်ရှိရင် ပဲလှော်နဲ့လဲစားလိုက်မယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်နော်...မနောက်နဲ့"

"သဝန်မတိုကြေးနော်"

"ရှင်ကိုယ်ရှင် တာဝန်ယူနိုင်ရင်ပြီးတာပဲ"

"ယူမယ်...သဝန်မတိုနဲ့...အူမတိုနဲ့"

"သေတောင် မတိုဘူး"

"အိုကေ...မနက်ဖြန် အနောက်ရိုးမတောင်တန်းပေါ်တက်ရှခင်းတွေကြည့်ချင်တယ်လို့ မင်းသမီး သမမကပူဆာနေတာ လိုပို့ပေးလိုက်ဦးမယ်...အဖော်တယ်သူမှမပါဘူး...နှစ်ယောက်တည်းကြမှာ"

"ရှင်သွားရဲသွားကြည့်...ငှက်တော်အကြောင်းသိမယ်"

"သဝန်မတိုဘူးဆိုတဲ့သူကလဲ...ကဲ"

"တိုတယ်...တိုတယ် အဲဒါဘာဖြစ်လဲ"

"အဲဒါ သိပ်ချစ်လို့ပေါ့"

"ဟွန့်"

ပေါ်တို့စုံတွဲမှာလည်း မင်းသမီးတွေကြောင့် သံသယဖြအချေအတင်ဖြစ်ချင်နေကြ၏။ ပေါ်က မနည်းညှိထိန်းထားရှ





အခြေအနေတင်းမာမလာခြင်းပင်။ သို့ဖြင့် စာမေးပွဲအောင်စာရင်းတွေထွက်သောနေ့ကို ဆိုက်ရောက်လာ၏။ မြို့ကို ကားနှင့်တက်ပြီး ဖုန်းဆက်တော့ သက်ဆိုင်ရာရုံးစာရေးတွေက မိဘညီအစ်ကိုမောင်နှမတွေသိမှာစိုးပြီး ပေါ်ပေါ်လွင်လွင်လိုက်၍မရ။ နိုးလိုက်လျှင်လည်း တစ်ယောက်မတွေ့၊ တစ်ယောက်တွေ့နှင့် ကြိမ်းသေပေါ်သွားမှာပင်။

မင်းသမီးနှစ်လုက်က လိုက်ချင်သပဆို၍ ကားနှင့်တင်ခေါ်ပြီး နယ်မြို့ကနေ မြို့ပြရှိ အသိသူငယ်ချင်းတစ်ယောက်ဆီ လှမ်းဆက်ကြည့်ကြ၏။ နှစ်ကူချင်းအတူတက်ပြီး အတူမြေပေါ်ဖြစ်နေ၍ ဂျိုကာတို့သုံးယောက် အောင် မအောင်ဆိုတာကိုကြည့်လာခဲ့ပြီး ချက်ချင်းပြန်အကြေပေးနိုင်၏။

ဂျိုကာတို့သုံးယောက်စလုံး အောင်ကြ၏။ မခံချင်စိတ်နှင့် ကြိုးစားခဲ့သဖြင့် ဥက္ကာက သုံးဘာသာဂုဏ်ထူး၊ ပေါ်က နှစ်ဘာသာဂုဏ်ထူး၊ ဂျိုကာက လေးဘာသာဂုဏ်ထူးပါလာ၏။ ပျော်လိုက်သည့်ဖြစ်ချင်း။ မြို့တော်တက်ပြီး လျှောက်လှည့်ကြည့်ကာ စိတ်အပန်းဖြေလိုသော မင်းသမီးတွေနှင့် နယ်မြို့လေးထဲလှည့်ပတ်စားသောက်ကာပျော်ပါးမိ၏။ ညောင်မှတ်ဆိတ်ရွာကို ညတစ်နာရီထိုးခါနီးမှ ပြန်

www.burmeseclassic.com

www.burmeseclassic.com



ရောက်၏။ ကားသံကြား၍ထွက်ကြည့်ကြသည့်လူတွေကို မီးရောင်
မြင်၍ လှမ်းတွေ့နေရ၏။

တမေ့မွဲအောင်ကြောင်း၊ ဂုဏ်ထူးတွေပါကြောင်းကို အော်သော်
ပြောဆို၍ ဦးကြီးသံခဲတို့မိသားစုလည်း ဝမ်းသာမဆုံးဖြစ်ကြ၏။ အိမ်
နီးနားချင်းတွေလည်း ဂျိုကာတို့တစ်သိုက် ဆူနေတာ အိပ်မရသည့်
အတူတူ ဦးကြီးသံခဲရဲ့တန်းလျားစားပွဲမှာ စုဝေးလာထိုင်ပြီး စနည်း
နာကြ၏။ ဦးကြီးအလစ်မှာ ကွမ်းအစ်နှိုက်ယာစားသည့်လူစား၊ ဆေး
နေ့ကြမ်းသောက်သည့်သူသောက်။

ဂျိုကာက မြို့မှဝယ်လာသော ပေါက်စီတွေထုတ်ကျွေး၏။ မြေ
ပဲလှော်တွေဝေပေး၏။ မင်းသမီးတွေကို ဝိုက်ကားအောင်ကျွေးပြီး အဝတ်
အထည်တွေဖုံပေါလအောင်ဝယ်ပေးမိတာကို မင်းသမီးတွေက ကျေးဇူး
တင်ဝမ်းသာမဆုံးကြ။ နံဘေးအိမ်က စပ်စုမတွေရှေ့မှာ အဝတ်အထည်
တွေထုတ်ကြွားပြီး ကိုယ်နှင့်လိုက်မလိုက်ကပ်ကြည့်ကြနှင့် ရယ်သံ
မောသံ၊ အောင်ပွဲခံသံသောသောညံနေသည်မှာ မနက်လေးနာရီထိုး
မှ အိပ်ကြရတော့၏။ ဒါတောင် "ဟော့ဒါက ဦးကြီးသံခဲအတွက်
တိုက်ပုံနဲ့ပုဆိုး၊ ဟော့ဒါက အရီးကျော့အတွက် ဖိနပ်၊ ပဝါ၊ အင်္ကျီ





ထမီ...ဒီဟာက မမတင်အတွက် ပါတိတ်ဝမ်းဆက်...ဒီဟာက
မမခင်အတွက် ဘီဘဲ(လ်)မှ..."စသဖြင့် ကားပေါ်လိုက်ဝယ်ပြီး စုပြုံ
တင်လာသမျှကို ခွဲဝေမ်းချနေရတာနှင့် အမှန်တကယ်အိပ်ဖြစ်လိုက်
သည်မှာ မနက်ငါးနာရီခွဲ။

ဝေလီဝေလင်းအထိ မိုးလင်းအောင်စောင့်နေခဲ့ကြသည့် ဂျိုကာ
တို့သုံးယောက်မှာ လက်ဆောင်အထုပ်သုံးထုပ်ပိုက်ပြီး အိမ်ဦးရာမှ
ထင်ပန်းလွန်း၍ နေရာမှာတင် ခွေခေါက် ရှုံးခဲ ခလော ခလူးသွားကျန်
ကြခြင်းဖြစ်သည်။

ရောက်ရှိလာသောမနက်မှာ ပြဿနာတွေ ထုံနှင့်ထည်နှင့်ကပ်
ပါလာတာကို သုံးယောက်သား လုံးလုံးလျားလျားမတွေးမိခဲ့ကြ။

* * *

စေတနာစာပေ

www.burmeseclassic.com



"မလိုချင်ဘူး…ရှင်တို့ဟာခတွေကိုသွားပေး…သွား… ရှင်တို့ဟာမတွေနဲ့ အားရအောင်ပျော်ပါးခဲ့ပြီးမှ ကျွန်မတို့ကို လက်ဆောင်ပေးပြီး လာနှစ်သိမ့်နေတာ…ကိုယ်ချင်းစာကြည့်စမ်း…ဘယ်လောက်အခံရခက်သလဲ"

"မဟုတ်ပါဘူး မိဂျမ်းရယ်…သူတို့ဘာသာ မြို့လိုက်ချင်လို့ ဦးကြီးသံခဲဆီခွင့်ပန်ကြတာ ဦးကြီးက တင်ခေါ်သွားနိုင်းလို့ တင်ခေါ်သွားရတာပါကွာ"

"ဪ ဦးကြီးနိုင်းတိုင်းလုပ်တယ်ပေါ့…ဦးကြီးက အငှါစားနိုင်းရင် ရှင်လိုက်စားမလား…ကဲ…ပြောလေ…မပြောနိုင်တော့ဘူးမဟုတ်လား…အဲ့ဒါပဲ…မဖြစ်သာလို့ တင်ခေါ်သွားရတယ်ဆိုရင်လည်း ဘာလို့ လက်ဆောင်ဝယ်ပေးစရာလိုမလဲ…ဘာဆိုင်လို့လဲ၊





းညည်းစားလဲမဟုတ်တဲ့နဲ့…ပေးတဲ့လူကပေးသင့်သလား…ယူတဲ့သရော ယူသင့်သလား…မဆိုင်ရင်မဆိုင်သလိုနေတတ်ရမှာပေါ့"

"ဒါက ဒီလိုရှိတယ်လေး…ကိုယ်တို့ကလဲ ဂုဏ်ထူးတွေနဲ့င်တော့ အပျော်လွန်ပြီး မြူးနေတာ…တခမ်းပွဲအောင်တဲ့လူတိုပါက်တဲ့လူတို့ဆိုရင် ငေးမင်နေကြတဲ့လူတွေက ဘာဝယ်ကျွေးမလဲ၊င်ပေးမလဲနဲ့မေးတတ်ကြတယ်လေ…ချောရတာနဲ့ သဲမမကလည်းလိုမေးကြတော့ ပျော်နေကြတဲ့ကိုယ်တို့ကလည်း သူတို့လိုချင်တာင်ပေးမိကြတာပါ"

"ဪ…သူတို့လိုချင်တာကြတော့ သေသေချာချာ ကားနဲ့…မေးမြန်းပြီးမှ စိတ်ကြိုက်ဝယ်ပေးတယ်ပေါ့…ရည်စားအရင်က်ခေါက်ကြတော့ ဝယ်ချင်တာဝယ်လာတဲ့လက်ဆောင်ကို ကြိုက်သ်မကြိုက်ကြိုက်ယူရမယ်လို့ဆိုလိုတဲ့သဘောပေါ့"

"အဲ့ဒီလိုလုံးဝမဟုတ်ပါဘူး မိဂျမ်းရယ်…စိတ်ညစ်တယ်…ပြောရင်းနဲ့ပိုရှုပ်လာပြီ"

"ရှုပ်အောင်တမင်လုပ်နေတာ ရှင်တို့…ရှင်တို့"

ဗီဒီယိုရုံမှာ နေ့ကားပြနေစဉ် ရုံပေါက်စောင့်နေသော မိဂျမ်း



www.burmeseclassic.com

www.burmeseclassic.com



နှင်းသည့်နေရာမှာ ခမောက်ကြီးဆောင်း၊ ရုပ်ဖျက်ပြီး ဗီဒီယိုလာကြည့်သူလိုလို၊ ဘာလိုလိုနှင့် စကားကျိတ်ပြောရင်း သိုသိုသိပ်သိပ် စကားများပြီး စိတ်ညစ်နေရသော ဂျိုကာရဲ့အဖြစ်။

ဗွက်တော်တို့မုန့်ဆိုင်မှာလည်း ငပေါ်တစ်ယောက် မုန့်ဝယ်သလိုလို ဘာလိုလိုနှင့် လူအလစ်မှာ ဗွက်တော်ကိုလက်ဆောင်ထုပ်ကြီး ထုတ်ထုတ်ပေးနေ၏။ ဗွက်တော်က လက်မခံ။ တစ်ခါဆိုလျှင် ခွဲယူပြီး ဆိုင်ပေါက်ရှေ့ပစ်လို့ လူတွေမမြင်ခင် ပြေးကောက်ထားရပြန်သည့်ငပေါ်။ အတော်လေးချွေးပြန်အောင်ချော့မော့နေရ၏။

"ဘုရားစူး…မိုးကြိုးပစ်…ကျိန်ပြရပါတယ်…ဗွက်တော်ထင်သလို တစ်ခုမှမဟုတ်ပါဘူး"

ဗွက်တော်ကလည်း ချိန်ခွင့်ထဲ တွေ့ရာကောက်ထည့် ချိန်ချင်ဟန်ဆောင်ပြီး အံကြိတ်ထားသောလေသံတိုးတိုးဖြင့်–

"ဘာမဟုတ်ရမှာလဲ…ဒီမနက် မိုးလင်းတာနဲ့ ရှင်တို့သတင်းက တစ်ရွာလုံးကိုပြန့်နေပြီ…ညကညနေ့ညနေက ဟိုဟာမတွေ ရှင်တို့ကားနဲ့တင်ခေါ်သွားတယ်ဆိုကတည်းက စိတ်ထဲတနုံ့နုံ့ဖြစ်နေတာ…မိကျွန်းနဲ့ခင်မှီတောင် ဆိုင်ပိတ်ခါနီးရောက်ချလာတယ်…ဒီတစ်ခါတော့





အပြတ်ဖြတ်ကြမယ်လို့ တိုင်ပင်ပြီးသား ဖြတ်တယ်ရှင်…အဲ့ဒီဟာမတွေကြောင့်ဆိုရင် ရှင်တို့ကို ကျွန်မတို့က ဆယ်သက်ဆယ်ကမ္ဘာဖြတ်ရဲ ဖြတ်ရဲတယ်…နားလည်လား"

"ဗွက်တော်ရယ်… ရင်ကွဲနာကျသေအောင်လုပ်နေတာလား"

"သေပေါ့…"

"မိန်းမမရသေးလို့ မသေရဲသေးပါဘူး"

"အဲ့ဒီမင်းသမီးနှစ်ယောက်ထဲက ကြိုက်တဲ့လူကိုသွားယူ"

"မယူဘူး ဗွက်တော်ကိုပဲယူမယ်…ဗွက်တော်ကိုပဲရအောင်ယူမယ်…ဗွက်တော်မှဗွက်တော်ပဲ"

ငပေါ် စွတ်တင်နေစဉ် ဗွက်တော်အမေကြီး ဆိုင်ရှေ့ပေါက်က လှည့်ဝင်လာပြီး ငပေါ့်အနားမှာရပ်ကာ–

"ဟေ့…သူငယ်…ဘာကိုယူမယ်ပြောနေတာလဲ"

"ဪ…ဝဲလော့်ကိုပဲယူမယ်လို့ပြောနေတာပါ…"

"ရောင်းလိုက်လေသမီးရယ်…ဘယ်လောက်သားလဲ ချိန်ပေးလိုက်"

ပြောပြီး အိမ်ထဲဝင်သွား၏။ ဗွက်တော်က ခပ်တည်တည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



"အချိန်ဘယ်လောက်သားယူမှာလဲ"

"တစ်ထောင့်ငါးရာ"

"သွားသေပါလား"

"ဖွက်ထော်လိုက်ခဲ့"

"ဘာလို့လိုက်ရမှာလဲ…ရှင့်ဆီက မင်းသမီးနဲ့ထွက်နေပြီ"

"အား မှားပြီးရင်းဆက်မှားနေပါလားကွ…ဘယ်လိုမှကို ရှင်း
ခဲ့လို့မရပါလား"

ငပေါ် အခက်တွေ့နေသလို ဥက္ကာတစ်ယောက်မှာလည်း မခင်မို
ရလာခဲ့သည့် ရှာဦးကျောင်းရေကန်နားမှာ-

"ကိုယ်သစ္စာဆိုထားတဲ့လူပါ… ကိုယ်အမှန်အတိုင်းရှင်းပြပြီး
ပြီ…ခင်မိုမယုံရင် ချောရတနာနဲ့ သဲမမကို ကိုယ်တိုင်ကိုယ်ကြ
ဦတ်မေးကြည့်ပါကွာ…သစ္စာထပ်ဆိုပြရမယ်ဆိုလည်း ဆိုမယ်…
ဦယ် ဘုရားကိုမညာရဲပါဘူး၊ ဘုရားကိုညာတဲ့လူဟာ ဒုက္ခအကြီး
ကျယ်ရောက်ရတတ်ပါတယ်"

မခင်မိုက ရေအပြည့်ခပ်ထည့်ပြီးထားသော ရေအိုးကိုမရွက်
သး။ ဥက္ကာစကားကို တွေတွေဝေဝေစဉ်းစားနေ၏။ ဥက္ကာက ခင်မို့





သက်ထဲမှ ပုံစံပျက်နေသော ခေါင်းဖြီးစုတ်လေးကို သေသေချာချာ
ပြန်ပြင်ခွေပတ်ပေးလိုက်ပြီး…မျှော်လင့်ချက်ကြီးမားသောလေသံဖြင့်-

"ကိုယ်ကိုယုံတယ်မဟုတ်လား၊ ယုံစမ်းပါခင်မိုရယ်…ယုံရင်
ဒီလက်ဆောင်လေးကိုယူသွားပါကွာ"

"ဟင့်အင်း…ကျွန်မမယူရဲဘူး… ညထဲက ကျွန်မတို့သုံး
ယောက်တိုင်ပင်ထားကြတာ…မပြတ်သားတဲ့လူကို ကျွန်တို့နှစ်ယောက်
ာ ဝိုင်းပြီးပါးချကြမယ်လို့ ပြောဆိုထားကြတာ"

"ဒါဆို ကိုယ့်ကိုမယုံကြည်တော့ဘူးပေါ့"

"ကျွန်မက ချိုင့်နွမ်းပါးသူပါ…ရှင့်ကိုယုံပါတယ် ဒါပေမဲ့
ကျွန်မ လက်ဆောင်ကိုယူလိုက်ရင် အပြစ်ပေးခံရလိမ့်မယ်"

"ကိုယ်ကာကွယ်ပေးမယ်"

"ဘယ်လိုလုပ်ပြီး ရနိုင်မှာလဲဥက္ကာရယ်"

ဥက္ကာ ဘယ်လိုပြောပြော ခင်မိုကတော့ ခေါင်းခါပြီး ဥက္ကာ
ငြ်မပေးဘဲ အချိန်ဆွဲသည့်ရေအိုးကို သူမဘာသာသူမရွက်ကာ
ပြန်သွားလေတော့သည်။ ခွေးပြီး သုံးယောက်သား ဦးကြီးသံခဲ
ဲ့ရှေ့ကွပ်ပျစ်မှာ လဒဝမ်းလျှောသည့်ရုပ်တွေနှင့် မှိုင်မှိုင်မောမော



www.burmeseclassic.com

www.burmeseclassic.com



ကြီးဖြစ်နေကြတာ ဖြတ်သွားဖြတ်လာရွာသားတွေ အားလုံးမြင်ကြ၏။

မနေ့ညက သူတို့လောက်ပျော်နေကြတာ သူတို့ဖြစ်နေပြီး

ဒီညနေ သူတို့လောက်စိတ်ညစ်နေကြတာ သူတို့ဖြစ်နေကြပြန်၏။ ရွာထဲက စပ်စုဝေဖန်ရေးအဖွဲ့ထဲမှ ထင်မြင်တဲ့ပြန်သိက

"မြို့သားတွေ အပြောင်းအလဲမြန်ချက်ကတော့ ကမ်းကိုကုန်ရောပဲ" တဲ့။

* * *





နောက်တစ်နေ့မနက်ခင်းမှာ ရွာဆီသို့ ကောင်းသတင်းဆိုရမလား၊ မကောင်းသတင်းဆိုရမလား၊ ဒွိဟအတွေးပွားစရာသတင်း နှစ်ခုရောက်လာ၏။ ပထမသတင်းမှာ စတော်အဖွဲ့ အထက်အညာပွဲစဉ်တွေတက်ကတို့ မနက်ဖြန် ချက်ချင်းခရီးထွက်ရန်အတွက် ပွဲစားဦးပါနမှ ကိုယ်စားလှယ်ရောက်ရှိလာပြီး အကြောင်းကြားခြင်းဖြစ်၏။ ကားတွေ အမြန်စီစဉ်ကုန်ကြ၏။ အထုပ်အပိုးတွေပြင်ဆင်ကုန်ကြ၏။ ညတွင်းချင်း ခရီးထွက်ကြမည်။ လမ်းမှာနားနားနေနေခရီးသွားပြီး ကမ္ဗ ဒေသကို အချိန်မီရောက်စေလိုသည့်စတော်ဆရာရဲ့ဆန္ဒအစဉ်။



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယသတင်းတစ်ပုဒ်မှာ ဥက္ကာတို့အိမ်မှ လူယုံရောက်လ
ခြင်းဖြစ်၏။ ဖေဖေါ်မိဘတွေ ပြန်ပေါင်းကြမည်ဟု ကတိခံပြီး ဥက္က
ကိုစာရေးမှာလိုက်ခြင်းဖြစ်၏။ လိပ်စာကို ဥက္ကာပျောက်သွား၍ လို
စုံစမ်းရာမှ သူငယ်ချင်းဖြစ်သူ ဂျိုကာနှင့်လိုက်သွားကြောင်းသိရ
ဂျိုကာ့အိမ်သွားရာမှ ဂျိုကာ့မိဘတွေက လမ်းညွှန်လိုက်ခြင်းဖြစ်
ဂျိုကာမိဘတွေက စိတ်ဆိုးပြီး ဂျိုကာ့ကိုပစ်ထားသလို ယာယီဥပေ
မြူနေလိုက်ကြ၏။ စာမေးပွဲအောင်စာရင်းမှာ ဂုဏ်ထူးနှင့်အောင်
သိရမှ လူကိုယ်တိုင်လာခေါ်ဖို့ပြင်ဆင်နေကြ၏။ ဂျိုကာ့မိဘ
ရောက်မလာခင် ဥက္ကာအိမ်မှ လူယုံက ကြိုတင်ရောက်ချလာခြင်း
ဖေဖေါ်အိမ်မှာလည်း ဥက္ကာနည်းတူ စုံစမ်းရာမှ ဂျိုကာတို့
မှာ သုံးဦးဆိုင်မိဘတွေတွေ့ဆုံတိုင်ပင်ဖြစ်ပြီး လူကြုံကြိုလွှတ်လို
ခြင်းဖြစ်၏။ နောက်မှ ခေါ်၍မလာကြလျှင် အားလုံးလိုက်ကြမည်
သည်။ ဖေဖေါ်အိမ်မှမိဘတွေကိုယ်စား အုပ်ထိန်းနေရသော ဦး
လင်မယားက လိုက်လံဆောင်ရွက်နေကြရခြင်းဖြစ်၏။
ရောက်ရှိလာသောသတင်းနှစ်ခုက ရွာထဲကို တောမီးပမာ
ပိုင်းအတွင်း ပျံ့နှံ့သွားတော့၏။ သက်ဆိုင်သူမရှောတွေကြားသိ





မှာ မလွဲကေန်။ သို့တိုင် တို့ပြန်မှုအရိပ်အယောင်မျှပင်မမြင်ရ။

မင်းသမီးနှစ်လက်က ဂျိုကာတို့သုံးယောက်ကို နှုတ်ဆက်ကြ၏။ မမတင်တို့မှတစ်ဆင့် ဂျိုကာတို့ပြဿနာကိုသိကြားထားပုံလည်းရ၏။

"ရှင်တို့ဘာမှစိတ်မပူကြပါနဲ့…ကျွန်မတို့နှစ်ယောက်လုံး ရှင်တို့ရဲ့ သက်ဆိုင်သူတွေကို တစ်အိမ်တက်ဆင်းလိုက်လံရှင်းပြပြီးမှ ဒီညပွဲခွင်ဆက်ကူးသွားကြမှာပါ"

ဂျိုကာတို့သုံးယောက်လည်း မင်းသမီးတွေမြေရှင်းချက်ကောင်းမှုကြောင့် သက်ဆိုင်ရာချစ်သူတွေဆီမှ တုံ့ပြန်လာမည့်အရိပ်အယောင်ကို ညဖက်အထိစောင့်မျှော်ကြည့်မိကြ၏။

စာတက်အားကြီးလည်းထွက်သွားလေပြီ။ ချစ်ခင်ရသူ စာတင်သားတွေပြန်သွား၍ အလွမ်းဝေယားကြီးဖြစ်ကျန်ရစ်ရသူက ဦးကြီးသိခဲ။

ဂျိုကာတို့တိုကြည့်ပြီး မမတင်နှင့် မမခင်တို့စိတ်မကောင်းဖြစ်ကာ ရွာထဲကို ညဖက်ကြီးထွက်သွားကြ၏။ ညဆယ်နာရီလောက်ပြန်လာသည့်အခါ မမတင်လက်ထဲမှာ စာတစ်စောင်၊ မမခင်လက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ စာတစ်စောင်ပါလာ၏။ မမတင်က ဥက္ကာကိုပေးပြီး မမခင်က
ငပေါ်ကိုပေး၏။ ဂျိကာ့အတွက် လက်ခါပြ၏။

"မိဂျမ်း ဘာပြောလိုက်သေးလဲ မမတင်နဲ့ မမခင်"

"မိဂျမ်းကတော့ သေခန်းဖြတ်ပဲတဲ့ ငါမောင်ရေ"

"ဂျာ"

ဝမ်းနည်းစိတ်ဖြင့် 'ဂျာ' လို့ဝင် ဗိဗိသာသာပြန်ထူးနိုင်သည့်အား
အင်မရှိတော့။ ဥက္ကာက စာကိုဖက်ကြည့်ပြီး ငပေါ်ကိုလှမ်းမေး၏

"လာမိုးရိုင်းတဲ့စာပဲမဟုတ်လား"

"အေး ဟုတ်တယ်...ခင်းသမီးတွေဝင်ရှင်းပြသွားလို့ ဓွတ်
တော်ရော မခင်မှိုပါနားလည်သွားကြတယ်...အဲ့ဒီလိုရှင်းပြတာကြော
ဝဲ ဓွက်တော်အိမ်ကရော မခင်မှိုအိမ်ကပါ သိကုန်ကြတယ်...တစ်ရွာ
သားတောင်မဟုတ်ဘူး တစ်မြို့သားကို သူတို့သမီးတွေနဲ့ မပေးစား
နိုင်ကြဘူးတဲ့...အဲ့ဒါ ငါရဲ့ဓွက်တော်ကိုတော့ ဆင်စလုတ်ရွာက
သူဌေးသား ကိုစုတ်ကြီးနဲ့ပေးစားဖို့ လူကြီးချင်းသွေးနွေးတိုင်ပင်နေ
ကြတယ်တဲ့"

"မင်းလိုပါပဲကွာ...မခင်မှိုကိုလည်း အလှမ်းကျယ်ပြီး အလယ်





လပ်မှာကြောက်လို့တဲ့ သူ့အမေက ချောင်းနားရွာက ကိုယ်ပိုင်ငွဲရှိတ်
ကလေးမောင်းပြီး အလုပ်ကိုလက်ကြောတင်းအောင်လုပ်တတ်ကိုင်
တတ် စုဆောင်းတတ်တဲ့ ကိုဘောကြီးခေါ် အောင်သူကြီးနဲ့ပေးစား
မယ်လို့ သူ့ဆွေမျိုးတွေ အိမ်ပေါ်ခေါ်ပြီး တိုးတိုးတိတ်တိတ်ပြောနေ
ကြတယ်တဲ့လေ"

မမတင်နှင့် မမခင်က တစ်ယောက်မျက်နှာတစ်ယောက်ကြည့်
၏။ ပြီးမှ

"မောင်လေးတို့ ဘယ်လိုဆက်လုပ်ကြမယ်စိတ်ကူးလဲ"

ဥက္ကာက-

"ဒီကို နောက်တစ်ခေါက်လာဖို့မလွယ်ဘူး...အိမ်ကလည်း
ပြန်ခေါ်နေပြီ၊ ဒီကပြန်တာနဲ့ တစ်ခါတည်းမိုးပြေးတော့မယ်ဗျာ"

"အဲ့ဒါကောင်းတယ်...ကျွန်တော်လည်း ဓွက်တော်ကို လက်
လွှတ်ဆုံးရှုံးမခံနိုင်ဘူး၊ တစ်ပါတည်းမြို့ကိုခိုးပြေးမယ်...နောက်မှ လူ
ကြီးစုံရာနဲ့ပြန်အပ်ပြီး လက်ထပ်ယူမယ်...ကျွန်တော်တို့ကို မမတင်
နဲ့ မမခင်ပဲ ကူညီပေးပါဦး"

ဂျိကာက-



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ဖြစ်မလဲ မင်းတို့ရှေ့ရေးက တိုးတက်လမ်းတွေအများကြီးရှိသေးတယ်...ငါတို့ပညာတတ်ဘွဲ့ရပြီး ကိုယ့်အိုးကိုယ့်အိမ်ထူထောင်နိုင်မှ အိမ်ထောင်ပြုဖို့စဉ်းစားသင့်တယ်...မင်းတို့ကို မိဘတွေလက်ခံတာ အောင်မြင်တဲ့သားတွေအဖြစ်နဲ့လက်ခံတာ...ဆွယ်တာန်းလေးအောင်ရုံနဲ့ မိန်းမတန်းယူလာတဲ့သားတွေအဖြစ်နဲ့ လက်ခံနေကြမှာမဟုတ်ဘူး...အသွန့်ဇျိုးမခံချင်ကြစမ်းပါနဲ့ကွာ"

ဥက္ကာက ငပေါ်ကိုကြည့်လိုက်၏။ ငပေါ်က-

"မင်းရဲ့မိဂျမ်းဆီက ဘာမှတုံ့ပြန်မလာလို့ မင်းပျက်ရင် ငါတို့ကိုလည်း ဖျက်မယ်ဆိုတဲ့သဘောလား ဂျိုကာ...လက်မခံဘူးကွာ...နိုးမှာပဲ"

"ပြောမရရင်လည်း မင်းတို့သဘောပဲကွာ...ငါကိုတော့ ပက်ပက်စက်စက်မထင်ကြစမ်းပါနဲ့...မိဂျမ်းနိုးနိုင်းလည်း ငါက မင်းတို့လိုစဉ်းစားဖြစ်မှာမဟုတ်ဘူး"

"ပြောမနေနဲ့ဂျိုကာ၊ အချိန်က သိပ်အရေးကြီးနေပြီ...ရှစ်တယ်ကွာ မနက်ဖြန်ညနိုးမယ်...ဒီစကားကို မင်းနှုတ်လုံပါ၊ မလုံရင် မင်းကို ငါတို့ ရာသက်ပန်မုန်းမယ်...မမတင်တို့ မမခင်တို့လည်း နှုတ်





လုံပေးကြပါဗျာ...ဒီလိုကိစ္စမျိုးဆိုတာ လူသိခံလို့မကောင်းဘူး...လူသိ ည်းလေ လုံခြုံပြီးသုပ်ငန်းအောင်မြင်လေပဲ"

"အေးပါကွယ်...ကိုယ်ချင်းစာပါတယ်...ပါရမီဖြည့်ရမှာ ပေါ့...ဒါမှ အပျိုကြီးလို့အပြောခံရတဲ့ဝဋ်က ကျွတ်မှာမဟုတ်လား၊ ာဲ...ပြော မမတို့ဘာသွားပြောပေးရမလဲ"

"မနက်ဖြန်ည(၁)နာရီ ရွာထိပ်ကညောင်မှတ်ဆိတ်ပင်ကြီးမှာ ာင့်နေမယ်...အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ အရဲစွန့်ပြီးထွက်လာခဲ့ ါ...နိုးပြေးမယ်ဆိုတဲ့အကြောင်းကို ဘယ်သူမှမကြားသိအောင် သတိ ားပြီး ဖွတ်တော်နဲ့မခင်မိုကို ပြောပြပေးပါ"

"မနက်ကြရင် သွားပြောပေးမယ်"ဟု မတင်နှင့် မမခင်က ာတိခံပြီး ညအိပ်ရာဝင်သွား၏။ ဦးကြီးသံခဲမှာ ဘုရားဝတ်ပြုပြီး သွားတာကြာပြီ၊ အရိုးကျေဆို အိပ်မက်ကမ္ဘာမှာ အလည်ရောက် ာကြာပြီ။ ဆောက်တည်ရာမရ လမ်းလျှောက်စဉ်းစားလိုက်၊ တီး တိုင်ပင်လိုက်ဖြစ်နေသော ဥက္ကာနှင့် ငပေါ်ကိုကြည့်ပြီး ဂျိုကာ ထဲမှာ ကြေကွဲမှုစိတ်လှိုင်းတွေ ရိုက်ခတ်လိုက်တိုင်း ဝမ်းနည်းခြင်း နေမထိထိုင်မသာအောင်ဖြစ်ဖြစ်လာရ၏။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးထဲမှာ ခေါင်းမာ၊ အသည်းမာ၊ ခံယူချက်ပျော့သိပ်သည်း မာကြောလွန်းလှတဲ့ မိကျွမ်းရယ်။ အဲ့ဒါပဲကောင်းပါတယ်။ အဲ့ဒီလို ဆုံးဖြတ်ဖြတ်သွားတာပဲကောင်းပါတယ်။ နို့မို့ မိကျွမ်းကသာ လာခိုးနိုင်းနေရင် သူ့မှာတွေဝေနေရဦးမယ်။ ရှေ့ဆက် တက်လမ်းတွေအများကြီးရှိနေချိန်မှာ အိမ်ထောင်ပြုလိုက်ပါက ဦးချိုးခံလိုက်ရသလို အညွန့်ကျိုးသွားနိုင်၏။

ဝမ်းနည်းကြေကွဲစိတ်ကိုဖြေသာနိုင်ရာ အတွေးဖြင့်ဖြေယူပြီး အိပ်ရာဝင်ခဲ့မိ၏။ အိပ်ပျော်အောင်အိပ်ကြည့်သည်။ အိပ်မပျော်။ မိကျွမ်းနှင့် တောင်တွေ့ဆုံ၊ ပြောဆိုခင်မင်၊ ရင်းနှီးချစ်ကြိုက်၊ ပျော်ရွှင်ကြည်နူး၊ စိတ်ညစ်ခဲ့ရတာတွေသာ အမျိုးမျိုးအဖုံဖုံပြန်မြင်ယောင်လာမိ၏။

မိကျွမ်းရယ် ကမ္ဘာကြီးလောက်တောင် မင်းကိုလွမ်းတယ်။

(ဒါပေမဲ့ . . .)

ငါ့ရဲ့ဘဝပေးအခြေအနေအရ ဒီအတိုင်းပဲကောင်းပါတယ်။

* * *





နောက်တစ်နေ့မှာ ညနေ့ကမှ အိပ်ရာဝင်သောဥက္ကာတို့မနီးခင် မတောင်နှင့် မမခင်က ဂျိုကာနှင့် နွားစေင်းကုဝ်ထဲမှာ တိုင်ပင်ဆွေးနွေးဖြစ်၏။ မတောင်နှင့် မမခင်က ဥက္ကာနှင့်ပေါ်ကို အကောင်းဆုံးဖြစ်အောင်ကူညီချင်နေ၏။ နောက်နောင်မှ ပြေလည်အောင်ဖြေရှင်းမည့် အကြောင်းအကျိုးတွေကိုလည်း ချုခင်းဆွေးနွေးဖြစ်၏။ စေတနာရှေ့ထားပြီး တွေးခဲ့လာသောအတွေးတွေက သူ့အလိုလိုမြင့်မားမိုးမော်နေတာကို သတိပြုမိလိုက်၏။ နောက်ဆုံးမှ ဂျိုကာမပါချင်လည်း ပါဝင်ရဖို့ အကြောင်းဖန်လာ၏။ ပါဝင်ဖို့သဘောတူလိုက်၏။

ထိုနေ့တစ်နေ့လုံး ဥက္ကာနှင့်ပေါ်တို့ ကားကိုဂရုတစိုက်ပြင်ဆင်နေကြ၏။ ဦးကြီးသံခဲတို့လင်မယားကိုပင် ခရီးထွက်မည်။ ပြန်မည် ဆိုသည်ကို အသိမပေး။ ထိုသတင်းသာပေးလိုက်လျှင် မိန်းကလေးရှင်



www.burmeseclassic.com

www.burmeseclassic.com



ရဲ့မိဘတွေက လိုရမယ်ရ သုံ့မီးတွေကို ရင်အုပ်ထဲထည့်ပြီး စည်းရ
တားမြစ်ကာ သတိနှင့်စောင့်ကြည့်နေကြပေရှာမည်။ တော်လှန့်လိုက်
သလိုဖြစ်မှာစိုး၍ ရေငုံနှုတ်ပိတ်ထားကြခြင်းဖြစ်သည်။

ညဖက်ရောက်သောအခါ ညတစ်နာရီထိုးအောင် ရင်တထိတ်
ထိတ်၊ အသည်းတယားယားဖြင့် စောင့်နေကြ၏။ လူကြီးတွေလည်း
အိပ်ပြီ၊ လူငယ်တွေ ကလေးတွေရဲ့ အသံဗလံတွေလည်း မကြား
တော့။ တစ်ရွာလုံး အိပ်မောကျနေသည်နှင့် ကားကို ရွာအပြင် ညေ
မှတ်ဆိတ်ပင်ကြီးအောက်ရောက်သည်အထိ တွန်းရွှေ့သွား၏။ သေ
နှစ်နာရီခွဲမှာရောက်၏။ တစ်နာရီထိုးအောင် ရင်တထိတ်ထိတ်နှင့် ရွ
လယ်လမ်းမကို လှမ်းငေးစောင့်မျှော်နေရင်းမှ ဂျိုကာက–

"ပေါ်···မင်းနဲ့ဥက်ထော် ဘယ်လိုငြိသွားတာလဲ···အုံသြ
ပါ"

"ဘာအံ့သြစရာရှိလဲကွာ···ပွဲခင်းထဲမှာပွဲလိုက်ကြည့်ရင်
ခေါင်းပေါ်နှင်းကျလို့ ငါက ချမ်းတယ်···ဥက်ထော်ဘေးနားကပ်ကြ
နေတာကိုး···ငါမေးရိုက်နေလို့ ဥက်ထော်က သူ့စောင်ခြုံထဲ ငါ့
သွင်းပြီး အပူငွေ့ပေးလိုက်တယ်···အဲ့ဒီမှာတင် ကျေးဇူးတင်ပြီး
မိသွားပြီလို့ ဖွင့်ပြောလိုက်တာပေါ့···မနက်နှစ်နာရီခွဲလောက်ကြ





ဥက်ထော်နဲ့မသန်းဆင့်ပဲ အိမ်ပြန်ကြတယ်၊ ငါလိုက်ပြောတာပေါ့···
အဲ့ဒီမှာတင် မသန်းဆင့်ကရှေ့ကသွားတယ်···ငါတို့က နောက်ကလိုက်
တယ်၊ သရဲခြောက်တယ်လို့နာမည်ကြီးခဲ့ဖူးတဲ့ ထန်းပင်ကြီးအကွယ်
ကနေ မသန်းဆင့်က ဝါးခမ်းလှည့်ခြောက်လိုက်တော့ ငါ့ရင်ခွင်ထဲကို
ဥက်ထော်ရောက်လာရောပေါ့···ကြောက်ကြောက်နဲ့ တမ်းဖက်ထား
တယ်လေ···ငါလည်း ပြန်ဖက်ပြီး ငါ့ကိုပြန်ချစ်နိုင်းရတာပေါ့···အဲ့
ဒီတုန်းက မသန်းဆင့်ခြောက်တာမှန်းသိရဲသာနဲ့ ကြောက်လို့ဖက်ထား
တာမဟုတ်ဘူး···ငါကပိပြောပြီး အဖြေကောင်းတော့ ဥက်ထော်ခေါင်း
ညိတ်သွားတာပဲ···အဲ့ဒီကနေ ချစ်သူဖြစ်သွားကြတာပေါ့ကွာ"

"ဩော်···ဒီလိုကိုး···ဟော···ဟိုမှာ လူရိပ်နှစ်ခုလာနေပြီ···
ငါဦးဆောင်လှုပ်ရှားပေးမယ်···ဒီအချိန်မှာ သိပ်အရေးကြီးနေပြီ···
မင်းတို့ ငါခိုင်းတဲ့အတိုင်းလိုက်လုပ်ကြနော်···ပေါ်ကားပေါ်တက်ပြီး
စက်နှိုးဖို့အသင့်ပြင်ထား···ဥဏ္ဏာက နောက်ဖိုင်းကဆွဲပင်ဖို့အသင့်
ဖြင့်···လူရိပ်လူခြေကိုလည်း ကြည့်ထား···ရွာကထွက်လာရင် လမ်း
က တဲလေးတွေ တလင်းထဲကကောက်ရိုးပုံတွေနဲ့ လယ်ကွက်ထဲမှာ
စောင့်နေတဲ့လူတွေထဲမှာ ဥက်ထော်နဲ့ မခင်မှိုတို့အမျိုးတွေ အများဆုံး
ရှိတတ်တယ်···သူတို့အမျိုးတွေပိုင်တဲ့လယ်က အောင်မင်္ဂလာရော



www.burmeseclassic.com

www.burmeseclassic.com



တဲ့အထိအောင် ဟိုနေရာနှစ်ဂေဝါ၊ သုံးဂေဝါ၊ ဒီနေရာ နှစ်ဂေ သုံးဂေ နဲ့ ကားလမ်းဘေးတစ်လျှောက် အဆက်မပြတ်ရှိတယ်ဆိုတာ မမခင်က ပြောပြထားတယ်...ပြီးတော့ ငါတို့နိုးပြေးတာသိရင် ဖွန်ခေါင်းတွေ လယ်ထွန်စက်တွေ၊ ဆိုင်ကယ်(လ်)၊ လယ်ထွန်စက်နဲ့ စပါးသယ်တဲ့ကုန်ကားတွေရှိကြတယ်...လိုက်မယ်ဆို ပုံရိုက်နဲ့ ကွင်းချောင်းအတိုင်းထိုးလိုက်လာနိုင်သေးတယ်...အုပ်စုတောင့်တယ်...မမှီအောင်လိုက်ကြရင် မှီသွားနိုင်တယ်...တို့ကားက စက်အင်အားသာလေမယ့် လမ်းမှာကြန့်ကြာနိုင်တဲ့အခက်အခဲမျိုးစုံအတွက်ပါ ကြိုတွက်ပြီးကဲကောင်းနိုင်အောင်လို့ ကြိုတင်ကာကွယ်တဲ့အနေနဲ့ ဒီကနေ ဘယ်သူမှမသိဘဲထွက်နိုင်အောင် အောင်မင်္ဂလာရောက်တဲ့အထိ စကားလုံးဝမပြောကြနဲ့ ကိုယ့်တာဝန်ကိုယ်ယူ...ငါတို့ကားရဲ့စက်သံက ညက်တော့ ပြောတာကို လေတင်လေညှာဖြတ်တိုက်နေတတ်တဲ့ ကွင်းပြင်ရဲ့အထဲနဲ့ ကြားသိသွားကုန်ကြမှာစိုးလို့ သေသေချာချာပြောပြထားနေရတာပဲ"

အဝတ်တွေခြုံထားသည့် နှာယောက်စလုံးကို ဂျိုကာကပင် ကားပေါ်တင်ခေါ်လိုက်၏။ ဥက္ကာနှင့်ငပေါက အလွမ်းသယ်ချင်ရေ သေး၏။ ဂျိုကာက အမိန့်သံပြင်းပြင်းပေးမှ ကားမီးမဖွင့်ဘဲနှင့် ပေ





စတင်မောင်းနှင်၏၊ ဥက္ကာက လမ်းကြောင်းကိုကူကြည့်ပေး၏။ နောက်ခန်းမှာ အထုပ်အပိုးတစ်ထုပ်စီပါလာပြီး ကြောက်ကြောက်နှင့်ပူးကပ်ထိုင်နေကြသည့် မိန်းမသားနှစ်ယောက်၊ ဂျိုကာက

"ဖွက်ထော်နဲ့မခင်မှီ စကားမပြောကြနဲ့နော်...ဒီနားက လယ်ကွင်းတွေထဲမှာ အန္တရာယ်အချက်ပေးနိုင်တာတွေ မတောင်တို့ပြောပြပြီး ကြိုမှာလိုက်မှာပေါ့"

ခေါင်းတွေ ငြိုင်တူညိတ်ပြ၏။ အာရပ်အမျိုးသမီးတွေလို မျက်နှာနှင့်ဦးခေါင်းပါ လုံခြုံအောင်ဖုံးဖိထားကြ၏။ တာခုံရောက်ပြီး အနောက်ရိုးမရှိ သစ်တုတ်စခန်းသို့သွားသည့် ကားလမ်းပေါ်ရောက်မှ မီးဖွင့်မောင်းရ၏။ အောင်မင်္ဂလာရောက်လာပြီး ရန်ကုန်-မန္တလေး လမ်းမကြီးပေါ် ကားခေါင်းတည့်ကာမောင်းလှာလိုက်၏။ ဥက္ကာက

"ငါတို့စကားပြောလို့ရပြီ မခင်မှီ...မခင်မှီလာလေ ရှေ့ခန်းကိုလာထိုင်"

ငပေါက

"မင်းနောက်ခန်းသွား ဖွက်ထော်ကို ငါ့ဘေးလာထိုင်ခိုင်းမှာပေါ့ကွ"

ဂျိုကာက



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ထိုင်နိုင်းမနေနဲ့ အခုကားပေါ်ပါလာတာ ဇွက်တော်နဲ့ မခင်မိုမဟုတ်ဘူး…ရန်ကုန်ကိုအလည်လိုက်လာကြတဲ့ မမဟင်နဲ့ မမခင်ကွ"

ငပေါ် ကားထိုးရပ်လိုက်၏။ ဥက္ကာက ပြူးကြောင်ကြည့်နေ၏။ ပုံးအုပ်ထားသောအဝတ်တွေလှန်လိုက်ပြီး မမတင်က–

"ငါ့ကောင်တွေကို ကိုယ့်ကောင်အရင်းလိုစေတနာထားလို့ မမှားသင့်တာမမှားရအောင် မမတို့စီစဉ်လိုက်ရတာပါကွယ်…မင်းတို့လေးတွေ ရှေ့ရေးအတွက် ကျိုးမခံကြစမ်းပါနဲ့…မင်းတို့ဘွဲ့ရပညာတတ်အရာရှိကြီးတွေဖြစ်မှ မမတို့ရွာကိုပြန်လာခဲ့…မင်းတို့ရဲ့ချစ်သူတွေ အိမ်ထောင်မပြုသေးဘဲ မင်းတို့ကို စောင့်နေစေရမယ်ဆိုတာ မမတင်အသက်နဲ့လဲပြီး အာမခံတယ်…ဇွက်တော်နဲ့ခင်မိုတို့ရဲ့မိဘတွေက မင်းတို့ရှိလို့ ဖုတ်ပူမီးတိုက် ယောက်ျားပေးစားဖို့စီစဉ်ကြတာကွဲ့…မင်းတို့အခြေအနေတွေ ဘာမှန်းမသိဘဲနဲ့ ကိုယ့်သမီးလေးတွေ အဝေးကိုပါသွားကြမှာစိုးလို့ မိဘစိတ်နဲ့ စီစဉ်မိကြတာပါကွယ်…မင်းတို့မရှိရင် သူတို့မစီစဉ်တော့ဘူး…ဘယ်မိဘကမှ ကိုယ့်သားသမီးကို လူလားမြောက်ပြီလို့မထင်ချင်ကြသေးဘူး…အမျိုး၊ လူမျိုးအနေနဲ့ နေချင်သလောက်နေ၊ အဲ့ဒါမျိုးကိုကြိုက်လေပဲ…ပြီးတော့ မင်းတို့ချစ်သူတွေ





ကိုလည်း မမတင်က အခုလိုပဲပြောဆိုဆုံးမ နားချခဲ့ပြီးပါပြီ…သူတို့လက်ခံကြပါတယ်…မင်းတို့ကို စောင့်နေမယ်တဲ့…ကြားကာလမှာ စာရေးပြီးအပြန်အလှန်ဆက်သွယ်ကြမယ်တဲ့"

မမခင်က

"ဒီလိုမှမစီစဉ်ရင် မင်းတို့ဒုက္ခရောက်လိမ့်မယ်…မင်းတို့မိဘတွေက ဒီလိုမျိုး ဟိုမရောက်ဒီမရောက်အရွယ်နဲ့ မိန်းမခိုးလာရင် မင်းတို့ကို ဘယ်လိုမှကြည်ဖြူကြတော့မှာမဟုတ်ဘူး…သဘောလဲတူကြမှာမဟုတ်ဘူး…ခေါင်းအေးအေးထားစဉ်းစားကြည့်ပေါ့ကွာ"

ငပေါ်နှင့်ဥက္ကာတို့ ငိုင်ကျသွား၏။ နောက်ဆုံးမှာ မမတင်၊ မမခင်နှင့် ဂျိုကာတို့ပူးပေါင်းတိုင်ပင်စီစဉ်သည့်အတိုင်း လက်ခံလိုက်နာကြ၏။ ကားကို ညောင်လေးပင်အထိရောက်အောင်မောင်းလာခဲ့ကြ၏။ လာစဉ်ကလို တက်ကြွရွှင်လန်းခြင်းမရှိကြတော့။ ညသုံးနာရီလောက်မှာ မမတင်နှင့် မမခင်က ညောင်လေးပင်မှာဝင် ကုန်သွင်းဒိုင်အိမ်၌ တည်းခိုကာ အကြွေးငွေရယူပြီး နောက်တစ်နေ့ရထားနှင့် ရန်ကုန်လိုက်ခဲ့မည်ဟု မှာကာ ဆင်းနေကြ၏။

ဥက္ကာနှင့်ငပေါ်က မမခင်တို့ကို အတင်းခေါ်၍ ထမင်းကြော်ဆင်းစား၏။ ထမင်းကြော်စားသည့်နေရာမှာ ကားနောက်ပိုင်းတွင်မှတ်



www.burmeseclassic.com

www.burmeseclassic.com



တိုင်ခန့်ဝေးသည်မှ ကားလှုံစောင့်ထားရန် ဂျိုကာ့ကိုအလှည့်ချ၏။ ပါဆယ်ထုပ်ဝယ်ခဲ့မည်ဟုမှာကြားသွား၏။ ဂျိုကာက ယာဉ်မောင်းနေရာမှာထိုင်ပြီး လိုင်စင်စာအုပ်ဖွင့်ကြည့်နေစဉ်-

အေးစက်သော၊ မာကြောကြောအရာတစ်ခုက ဂျိုကာ့လည်ပင်းကိုလာထောက်၏။ မျက်လုံးထဲမှာ မျက်နက်ဆံလေးလှုပ်ရှားရုံကြည့်လိုက်တော့ ဦးထုပ်ဆောင်းပြီး မျက်နှာကိုအဝတ်စည်းအုပ်ကွယ်ထားသည့် လူတစ်ယောက်။ ဂျိုကာ့ထက်စာလျှင် ခွန်အားဗလငယ်၏။

"မလှုပ်နဲ့နော်၊ လှုပ်တာနဲ့အသေပဲ…အခုချက်ချင်း ကားမောင်း ရန်ကုန်ရောက်တဲ့အထိမရပ်နဲ့"

အသံက မာကြမ်းသော်လည်း စူးရှနေ၏။ ဩရှရှမဟုတ်။ ကြားဖူးနားဝလေသံမျိုးနှင့်ဆင်၏။ အနုကြမ်းစီးခံရပြီအထင်နှင့် ရင်ထိတ်သွားမိ၏။

"မောင်းလို့မဖြစ်ဘူး၊ ကျစ်လှုတွေပါသေးတယ်…သူတို့ကိုစောင့်နေတာ"

"မလိုချင်ဘူး…မောင်းဆိုမောင်း" ဟု ခေါင်းသွားပိုထောက်စိုက်ပြီးပြောလာ၍ ဂျိုကာလည်း ကားကိုမောင်းထွက်လာရ၏။ ညောင်လေးပင်မြို့ကိုလွန်လာပြီးသောအခါ လမ်းမှာခုစ်ချရန် စိတ်ကူးမိ၏။





အလစ်ချောင်းကြည့်လိုက်တော့…အားမနဲ့ ဂျိုကာလန့်အော်ပြီး လမ်းဘေးထိုးကွေ့ကာ ဘရိတ်ဆောင့်နင်းလိုက်မိ၏။

"မိဂျမ်း…မိဂျမ်း" ဟုပြောပြီး အံ့ဩပြူးကြောင်ကြည့်နေမိ၏။ လူဆိုးယောင်ဆောင်ထားရာမှ ဦးထုပ်ချွတ်ပြီး မျက်နှာဖုံးကွယ်ထားသည့်မျက်နှာဖုံးကိုဖြုတ်ကာ ပြုံးပြုံးလေးစိုက်ကြည့်နေသည့် မိဂျမ်းက-

"ကားဆက်မောင်းလေ…မစောမီနဲ့ ကိုဥက္ကာတို့ ရထားနဲ့လိုက်လာကြလိမ့်မယ်…မိဂျမ်းက မနေ့ညဦးပိုင်းကတည်းက ညောင်လေးပင်ကိုကြိုရောက်နေတာ…မနေ့ကကတည်းက မစောင်နဲ့ခင်မိုပြောနေတာတွေအားလုံး ကြားသားပဲ…ခင်မိုတို့က ပေးစားမယ့်လူတကယ်မရှိသေးပါဘူး…မမခင်တို့ပြောသလိုနေပေးလို့ရတယ်…ပေးစားမယ့်လူတကယ်ရှိနေတာက မိဂျမ်းပါ…ဖိုးပေဆိုတဲ့ ဗွက်ထော်ရဲ့အစ်ကိုနဲ့လေ…ဖိုးပေက မိဂျမ်းကိုမရရင် သေပါတော့မယ်ဆိုပြီး လူကြီးတွေနဲ့ အတင်းလာတောင်းလို့ ကြာရင်…ဖိုးပေကို ကြိမ်းသေလက်ထပ်ရတော့မှာ…အိမ်ကလဲ သဘောတူနေတယ်…အဲ့ဒါကြောင့်မနေ့ညနေကတည်းက ညောင်လေးပင်ကိုကြိုထွက်လာခဲ့တာ…ဂျိုကာတို့လာမယ်ဆိုတာကို ကြိမ်းသေသိနေတာပဲ…ဒီကအသိမိတ်ဆွေ မိန်းခလေးနဲ့လာစောင့်နေတာ…တော်သေးတာပေါ့ စိတ်ကူးနဲ့စဉ်းတဲ့

www.burmeseclassic.com



အတိုင်း ထွက်စာတွေဝင်လာလို့...မှိန့်ဆိုရင် လွဲချော်ပြီး အကြီးအကျယ် ဒုက္ခရောက်ကုန်မှာ"

"ကိုယ် ဘယ်လိုများလည်းရမှန်းမသိတော့လောက်အောင် အံ့ဩနေမိတယ်ကွာ"

"ရှင်...မိဂျမ်းကိုတကယ်ချစ်တာရော ဟုတ်ကဲ့လား"

"တကယ်ချစ်ခဲ့တာပါ"

"အဲ့ဒါဆို မိဂျမ်းကို အခုဝဲရအောင်နိုးပြေးမှဖြစ်လိမ့်မယ်... မိဂျမ်းကို ရှင်မခိုးလည်း ဒီမှာတွေ့လား ဖေးမြှောင်...အသက်နဲ့လဲပြီး စီရင်ပစ်မယ်...မိဂျမ်းဘဝမှာ တစ်ယောက်ဆိုတစ်ယောက်ပဲ...ရှင့်မှာလည်း အဲ့ဒီလိုအချစ်မျိုးရှိမယ်ဆိုတာ ယုံလို့ မိန်းကလေးတန်မဲ့ ဒီလို ရွှန့်စားလိုက်ရတာပဲ"

ဂျိုကာက နောက်နောင်မှ လက်ထပ်ချင်၏။ သူ့ဘဝရဲ့ရှေ့တက်သမ်းတွေကို မိဂျမ်းနားလည်အောင်ပြောပြချင်၏။ ဥက္ကာတို့အခြေအနေက ရှေ့တိုးသာ၊ နောက်ဆုတ်သာသေး၏။ ဂျိုကာနှင့်မိဂျမ်းအခြေအနေက ရှေ့တိုးလည်းမရ၊ နောက်ဆုတ်လည်းအခက်။ ဥက္ကာနှင့်ငပေါ်တို့က ဝိုင်းပြီးအပြစ်တင်ပြောလျှင်လည်း ခံလိုက်ရုံသာရှိတော့၏။ မမတင်၊ မခင်တို့ဆူလျှင် ဦးကြီးသံခဲတို့လင်မယား၊ အမေနှင့် အဖေ၊ အဒေါ်





နှင့်ပတ်ဝန်းကျင်တွေပြောချင်သလိုသာပြောလာကြပါစေတော့။ နီးရာဓားကိုကြောက်နေရသည့်ဘဝကို ရောက်နေရပြီပဲ။ မိဂျမ်းက

"မင်းသမီးတွေလာချင်းဖြိုက်တည်းက စိတ်ပြောသွားတယ်...အိမ်ကအမေနဲ့မောင်တွေသိတော့ တစ်မြို့သားနဲ့ အဝေးရောက်သွားမှာသဘောမတူကြဘူး...မိဂျမ်းနဲ့ဂျိုကာ့အကြောင်းကို ဖိုးမေသိသွားတော့ သူ့အိမ်ကမိဘတွေကို အတင်းပူဆာတော့တာပဲ...မိဂျမ်းက ဂျိုကာနဲ့လာတွေ့မယ်တိုင်ပင်မယ်လုပ်တော့ ခင်မိုက မမတင်တို့က လက်ခံမှာမဟုတ်ဘူး...ခင်မိုတို့ကိုတောင် ဒီလိုများချသွားတာပြောလို့ လာမတွေ့တော့ဘူး...ဖိုးမေရန်ကလည်း နီးကပ်နေပြီလေ...မောင်တွေကလဲ ဖိုးမေ ဆိုးပေမဲ့ တစ်ရွာတည်းသားချင်းမို့ သဘောတူကြတယ်၊ အဲ့ဒါနဲ့ မဖြစ်တော့ဘူးဆိုပြီး မိဂျမ်းဘာသာမိဂျမ်း ဆုံးဖြတ်ပြီး ရှင်နဲ့လာဆုံအောင် ကြံစောင့်နေတာ...တကယ်လို့ မမတင်တို့ ဥက္ကာတို့က ဝိုင်းတားရင်လည်း ရှင့်ကို ဒီဓားနဲ့ထောက်ပြီး ပြတ်ပြတ်သားသားပြောမယ်...ရှင်နိုးပြေးမယ်ဆိုရင် သူတို့ဘာမှဝင်ပါလို့မရတော့ဘူး...ရှင်မနိုးပြေးဘူးဆိုရင်တော့"

"ကိုယ့်ကိုဘာလုပ်မှာလဲ မိဂျမ်း"

မိဂျမ်းက ဂျိုကာ့လည်ပင်းကို ဓားနဲ့အသာထောက်လိုက်၏။



www.burmeseclassic.com

ကားကို ရန်ကုန်ဖက်သတ်မောင်းနိုင်း၏။ ပြီးမှ ဂျိုကာ့ကို ပြုံးပြုံး လေးငုံ့စောင်းကြည့်ကာ–

"အဲ့ဒီလိုပဲ စိစဉ်ရတော့မှာပေါ့ . . သဘောပေါက်ပါတယ် နော်"

ဂျိုကာ ရှုံ့မဲ့မဲ့ငိုဟန်ဆောင်သောငိုသံကြီးဖြင့် မိကျွမ်းကိုလှမ်း ဖက်လိုက်ပြီး

"ရှောင်လို့မရနိုင်မှတော့ ပေါ့ဒီကောင်ဂျိုကာကြီး မိန်းမရပြီ ဗျလို့ သဘောပေါက်လိုက်ရတော့မှာပေါ့ ငါ့မိန်းမ မိကျွမ်းရယ် . . လူပျို ဘဝကိုနှုတ်ဆက်ရလို့ ဝမ်းနည်းပြီးငိုမယ် . . အဟဲမဲဟဲဟဲဟဲဟဲ ဟား ဟားဟားဟား ဟီးဟီးဟီး"

စာဖတ်ဝရိသတ်အားလုံး ကိုယ်စိတ်နှစ်ဖြာ
ငြိမ်းချမ်းပြီး ဘဝသာယာ ကြီးပွားတိုးတက်ကြပါစေ

လရောင်ချို



www.burmeseclassic.com